
စိုးမိုးစာပေ

# ဖျား

## မိုးသားအသစ်ရဲ့မျက်နှာ



Digital Art: Idea Kyaw & Wai Yan

# အခန်း (၁)

စကားပြောပြီဆို တစ်စုံတစ်ခုကို ဖျတ်ခနဲ ကောက်ကိုင် ရှေ့မှာ စားပွဲရှိလျှင် တဒေါက်ဒေါက် အသံမြည်အောင် ဟိုရွှေ့ဒီရွှေ့...

မေမေက စကားပြောလျှင် စကားလုံးကို ထိုသို့ စည်းဝါးကိုက် လက်ကပါရမှ ကျေနပ် အားရသူပါ။

ဘာဆိုဘာမှ လက်ကလှုပ်ရှားခွင့် မရဘူး ဆိုလျှင် အနားမှာ ရှိသည့်လူကို တဖတ်ဖတ် ရိုက်မည်။ တွန်းထိုးပုတ်ခတ်၍ ပြောမည်။

ဒါဟာ ထုံထိုင်းထိုင်း အေးစက်စက် မနေတတ်သည့် အမြဲတမ်း စိတ်ပါတက်ကြွနေတာ

တ်သော မေမေ့ လှုပ်ရှားမှုများ ဖြစ်၏။

ခုလည်း အနီးအနားမှာ ဘာမှ မရှိတော့ စောစောက နွှားနို့သောက်ထားခဲ့သည့် ဖန်ခွက်ကို အပေါ်ဝကနေ ဆုပ်ကိုင်၍ စားပွဲပေါ်မှာ ဒေါက်ခနဲ ဒေါက်ခနဲ ...

"ခြံရဲ့ ရှေ့မျက်နှာကို သူနည်းနည်း ပြင်လိမ့်မယ်၊ ဒါ သူဗွားထားတဲ့ အခြမ်းဘက်ဆိုတော့ ပြင်ပါစေလေ ပြီးတော့ ဆေးခန်းဖွင့်မှာ ပဲ ကျက်သရေယုတ်မယ့် ကိစ္စလည်း မဟုတ်ဘူး ၊ မေမေတို့ နည်းနည်း လုပ်ပေးရမှာ က ခြေရင်းနောက်ဖေးမှာ လှေကားလုပ်ပေးမယ်၊ ဒီဘက်နဲ့ ဟိုဘက် ဝင်ထွက်လို့ ရတဲ့ နေရာမှန်သမျှ အားလုံးပိတ်ရမယ်"

ဆုပ်ကိုင်ထားသည့် ဖန်ခွက်ကို ထောင့်ဖြတ်ရွေ့၍ ဒေါက်ခနဲ ချသည် ။

လွှတ်လည်း လွှတ်၍ လက်ယမ်းပေါ်မှာ တ

င်ထားသည့် လက်ဖျားချင်းထပ်၍ ဆုပ်ကိုင်ထားလိုက်သည် ။

"သူတင်မယ့်စပေါ်နဲ့ ရမယ့်လခက နင့်နေတာ မေမေတို့ ဒီလောက်တော့ လုပ်ပေးရမှာပေါ့"

ရှေ့မှာ ရှိသည့် မျက်နှာနှစ်ခုကို ဒေါ်မြတ်ချိုက တစ်လှည့်စီ ကြည့်ရင်း တုံ့ပြန်မည့်စကားတစ်စုံတစ်ရာကို စောင့်နေခဲ့၏။

ကိုကြီးနဲ့ ကိုလေး နာမည်ကိုက ဒါပဲ ဖြစ်သည် ။

ပြီးတော့ သူတို့ နှင့် မလှမ်းမကမ်းမှာ ရပ်နေကြသည့် မေဂျာနှင့် အတာ။

မေဂျာက ကိုကြီးမိန်းမ အတာကတော့ ကိုလေး၏ မိန်းမ ဖြစ်၏။

ဇနီးသည် တွေ မျက်နှာခပ်တင်းတင်းကို ဖျ

တ်ခနဲ လှမ်းကြည့်ကာ ဘာစကားသံမှ မထွက်မိ၊ ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၏။

နောက်ထပ်တစ်ခါ မျက်လုံးရောက်သွားတော့ မေဂျာ့မျက်ဝန်းတို့ က ပို၍ စူးရဲနေကာ ပြော လိုက်လေ ပြောလိုက်ပါလားဟု အားမလိုအားမရ ဒေါသများ ယှက်သိုင်းနေမှန်း အကဲခတ်မိလိုက်ပြီး

"ဒီလိုရှိတယ် မေမေ"

ကိုကြီးကပဲ စကားစ၏။

"ဘယ်လိုရှိတာလဲ ကဲ ပြောစမ်းပါ ... ဘာလဲ မင်းတို့ မိန်းမတွေနဲ့ ရောနှောဆွေးနွေးချင်တာလား ဒါဖြင့်လည်း ခေါ်လိုက်"

စိတ်လှုပ်ရှားသည့်အတိုင်း လက်ကပါသည်။

ရှေ့က ဖန်ခွက်လေး အလကား မနေရရှာဘဲ ဖျတ်ခနဲ ဘေးရောက်သွား၏။

ပြီးတော့ တပ်ထားသည့် မျက်မှန်ကိုချွတ်၍ အင်္ကျီခါးစနှင့် မှန်ကို ပွတ်လိုက်ပြီးမှ ပြန်တပ်သည် ။

"ပြောကြလေ ငါအိမ်ငှားမှာ နဲ့ ပတ်သက်ပြီး မင်းတို့ က အုံဖွဲ့နေစရာ ရှိနေလို့ လား ရှိရင်ပြောပေါ့"

"မေမေ့သားတွေနဲ့ ပဲ ပြောပါ သမီးတို့ က ဘာမှ မပြောဘူး၊ တော်ကြာ တစိမ်းတွေ ပါလာလို့ သွေးကွဲတယ် ဖြစ်ဦးမယ်"

အတာက ကောက်ခနဲ ဝင်ပြောသည် ။

"နေပါဦး ... တစိမ်းဆိုတာ ကျုပ်ပါးစပ်က များ သုံးမိလို့ လား၊ ဒါမှ မဟုတ် တစိမ်းလိုပဲ နေဖို့ မင်းတို့ က ကိုယ့်ကိုယ်ကို ပိုင်းဖြတ်ထားကြတာလား"

"သမီးတို့ က ဘာမှ မပိုင်းဖြတ်ပါဘူး မေမေ … ချွေးမ ယောင်းမ ဖြစ်ရတဲ့ အနေအထား ကို ပြောပြတာပါ ခုလည်း ဘာထူးလဲ၊ မေမေစကားပြောတိုင်း သမီးတို့ ကို အမြဲပုတ်ခတ်တာပဲ"

"အလိုတော် ဒီလောက်ထိ ဖြစ်ကြစရာတွေ ဘာများ ရှိကြလို့ လဲ"

ဒေါ်မြတ်ချို မျက်နှာပျက်ရာသည် ။

သူမ မှာ သားနှစ်ယောက် သမီးတစ်ယောက်သာ ရှိသည် ။ သားတွေ အိမ်ထောင်ကျကုန်ကာ သည် လို မိန်းမတွေနဲ့ ညားသည် ။ ဘယ်လိုပုံစံ စသော ရွေးချယ်မှုဆန်သည့် မျက်လုံးနှင့်လည်း သူမ မကြည့်ခဲ့ပါ။

သားတွေကို မပစ်နိုင်မှ တော့ ချွေးမကိုပါ ကြည်ဖြူခဲ့ရသည် ။

သမီးလေးကဆို အစ်ကို့မိန်းမတွေကို မနှစ်

မျိုခဲ့သည့်တိုင် ဘာတစ်ခွန်းမှ မပြောခဲ့။

"မေမေရယ် မေဂျာက အပေါင်းအသင်းတွေကစုံ ပါးစပ်ကလည်း ရဲ နာမည်မကောင်းဘူး သိလား ... ကိုကြီးတော့ သွားပြီ"

သမီးငယ်က အပြင်မှာ သွားလာနေသူမို့ ယောင်းမတွေ အိမ်ပေါ်ရောက်လာတာနှင့် သတင်းစုံ ရ လာပြီးသား။

"မတာတို့ က တအားဆင်းရဲတာ ကိုလေးကို တိုက်ကြီး ခြံကြီးနဲ့ သူဌေးသားဆိုပြီး အပိုင်တွက်လိုက်တာတဲ့ သူ့အုပ်စုတွေ ခုကျမှ ညည်းညူနေကြတာ ခြုံသံပါနေတာပဲ"

အိမ်မှာ တကယ်တော့ ဟန်ပဲရှိတော့တာ အဆံမရှိတော့။

ကိုမိုး ဆုံးသွားပြီးကတည်းက ပိုင်သမျှ တိုက်ခန်းတွေ တစ်လွှာပြီးတစ်လွှာ ရောင်းပစ်ရသည် ။

ပွဲရုံနှင့် ဆန်စက်တွေ အကုန်ဖြုတ်ပစ်ခဲ့ရ၏ ။

ကိုကြီးကော၊ ကိုလေးကော အဖေ့ ခြေရာကို နင်းနိုင်သူ တစ်ယောက်မှ မရှိ။

ကိုယ်တိုင်ပဲ ညံ့ဖျင်းတာလား ကြိုးစားလိုစိတ်မရှိကြတာလား။

တစ်ခုတော့ သေချာပါသည် ။ ထမင်းဆာလို့ ဖွင့်လိုက်တိုင်း ပန်းကန်ထဲမှာ ထမင်း ရှိနေတတ်တော့ သူတို့ ဘယ်ပူကြမလဲ။

ကြုံလာသမျှ သောကကို ဒိုင်ခံပူပင်နေရတာက သမီးလေးနဲ့ သူမသာ။

ခု မတတ်နိုင်တော့တဲ့ အဆုံး တိုက်ကို သုံးပုံတစ်ပုံ ကန့်၍ ငှားမည်ဆိုတော့ မျက်နှာတွေ ပျက်ကြပြီ။

အပြင်မှာ အမွေခွဲစရာ အိမ်ရာ ပစ္စည်း ဘာ

မှ မရှိတော့တာမို့ ဒီခြံနဲ့ တိုက်ကို မဲနေကြသည်။

ငှားမည်ဆိုတော့ မကျေနပ်ကြတော့။

ဒေါ်မြတ်ချိုက မျက်နှာကို တင်းသည်လည်း မဟုတ် လျှော့သည် လည်း မဟုတ်ဘဲ ချွေးမတွေ ရှိရာကို နောက်ထပ်မကြည့်မိအောင် နေလိုက်၏။

"ကဲ ဝင်မပါချင်တဲ့ သူ နေလို့ ရတယ် ဒီလို ရှိတယ် ဆိုတာကိုပြောစမ်း"

ထိုအခါ ကိုကြီး မျက်နှာမော့လာ၏။

"အမှန်ကတော့ ဒီတိုင်းပဲ နေကြတာ ကောင်းပါတယ် မေမေ။ မေမေကိုယ်တိုင် ဒီတိုက်ကြီး အကျယ်ကြီးပဲ ဆိုပြီး ကျွန်တော်တို့ ကိုတောင် ခွဲထွက်မခိုင်းခဲ့တာပဲ"

"ဟုတ်တယ်လေ ခုလည်း ပေတစ်ရာ့နှစ်ဆ

ယ် ပတ်လည် ကြိုးထဲမှာ နှစ်ထပ်ခွဲလုံးချင်းကြီး သားတို့ မောင်နှမ သုံးယောက်တည်း ဘယ်လို နေနေ အကျယ်ကြီးပါ"

"ပေတစ်ရာ့နှစ်ဆယ်က ခြံပဲမေမေ တိုက်က တစ်ရာ့နှစ်ဆယ် ရှိတာမှ မဟုတ်တာ ပြီးတော့ ကျွန်တော်တို့ မှာ တစိမ်းတွေ ဖက်နေပြီ"

"ကောင်းပြီ ပြောစမ်း ဘာကို ပြောချင်တာလဲ"

"မေမေနဲ့ ညီမလေး ဘေးဝင်ငွေ ရှာတာမို့လို့ အခု အိမ်ငှားတဲ့ ကိစ္စကို ကျွန်တော်တို့ ဘာမှ မပြောလိုပါဘူး တစ်ခုတော့တောင်းဆိုပါရစေ မေမေ"

"ပြော"

ကိုကြီးက ကိုလေးကို မဲဆွယ်သလို ခပ်စွေစွေ လှည့်ကြည့်တော့ ကိုလေးကလည်း မှ င်

သေသေနှင့် ဝင်ပါလာ၏။

"ဒီလို မေမေ အခု ခေါင်းရင်းဘက်ခြမ်းကို မေမေနဲ့ ညီမလေး ငှားပေါ့ ခြေရင်းဘက်က တိုက်လုံးလေးကို ..."

"အလိုတော တိုက်လုံးလေးကိုတော့ မထိပါနဲ့ ၊ အဲဒါ မင်းတို့ အဖေရဲ့ အပန်းဖြေဆောင် ပြီးတော့ မင်းတို့ သုံးယောက်လုံး အဲဒီ အပန်းဖြေဆောင်လေးထဲမှာ စိတ်ကျေကျေနပ်နပ်နဲ့ ကြိုးစားခဲ့ကြ သာယာခဲ့ကြလို့ အခု ဘွဲ့တွေရ ကျောင်းတွေပြီး စီးပွားရေး လုပ်ဖို့လည်း သိပ်ကျယ်ကျယ်ဝန်းဝန်း ရှိတာမှ မဟုတ်ဘဲ ဘာလဲ ငှားချင်သေးလို့ လား"

ကိုလေးက မျက်နှာတစ်ချက် မဲ့သွားကာ

"ဘာလုပ်ခဲ့တဲ့ အခန်းပဲဖြစ်ဖြစ် မေမေရယ် အခု ကျောင်းတွေလည်း ပြီးကုန်ပြီ ဖေဖေလည်း မရှိတော့ဘူး။ သားတို့ မှာ လည်း ညီအစ်

ကို နှစ်ယောက်လုံး အလုပ်လက်မဲ့တွေ မေမေ
တို့ လုပ်တဲ့ အလုပ်ထဲ ဝင်ပါပြန်တော့လည်း စ
ကားတွေ ပြောရဦးမှာ မေမေ့သမီးအကြောင်း
မေမေ သိသားနဲ့ အဲဒါကြောင့်ပြောတာ သား
တို့ လည်း စားသောက်သုံးစွဲဖို့ အဆင်ပြေသွား
အောင်လို့ အဲဒီတိုက်ကလေးကို ငှားလိုက်မယ်
ရတဲ့ စပေါ်နဲ့ လခကို ကိုကြီးနဲ့ သား ခွဲသုံးမှာ
ပါ နှစ်ယောက် တစ်ဝက်စီမျှသွားတာပေါ့ ဒါ
တောင် သားတို့ တိုက်ခန်းငှားလို့ ရမယ့် ငွေက
ဘာမှ ရမှာ မဟုတ်ပါဘူး”

“နေဦးသား ... မင်းတို့ က စားသောက်သုံး
စွဲဖို့ လို့ ပြောရအောင် မင်းတို့ တွေ စားသောက်
ဖို့ ရော သုံးစွဲဖို့ ကော အိမ်မှာ ဘာပူခဲ့ရလို့ လဲ”

“ဒါကတော့ မပြောပါနဲ့ မေမေရယ် သမီး
တို့ လည်း ကိုယ့်ငွေဆိုတာလေးကို ကိုင်သုံးချင်
တာပေါ့ အခုကိစ္စကို ဘက်တိုက်တယ် ကြေးနို

င်းတယ်လို့ မထင်ဘဲ ဖြစ်သင့်တာ တစ်ခုအနေနဲ့ မေမေ ခွင့်ပြုပေးပါ”

မေဂျာက စကားပြောလည်သည် စိတ်ထဲမှာ ရှိတာကို ဖုံးဖိထားတတ်၏။

ဒေါ်မြတ်ချို ပြောမည့် စကားလုံးတွေ အများ အပြား ကျဆုံးသွားခဲ့သည် ။

သို့သော် အိမ်ငှားတင်သည် ဆိုတာက ဘာမှ မသိမကျွမ်းခဲ့ကြသော တစိမ်းတစ်ရံချင်း အတူနေ ဆက်ဆံရမည့် ကိစ္စ။

ဒါ ပေါ့သေးသေး မဟုတ်ပါ။

“အိမ်ငှားဖို့ လူသိပ်အရေးကြီးတယ် မေဂျာ ပြီးတော့ ဒီလို ရပ်ကွက်ထဲမှာ လူစိမ်းတစ်အုပ်စုကို တိုက်ပေါ်ခေါ်တင်ရတာ အလုပ်မဟုတ်ရင် ကိုယ်ပါ ကျောကော့ပြေးရဦးမှာ ”

“အဲဒါလည်း စိတ်ချပါ မေမေ သမီးတို့

လေးယောက်လုံး သေချာစိစစ်ပြီးမှ ငှားဖို့ စီစဉ်တာပါ မေမေနဲ့ မေမေ့သမီး ကျေနပ်ဖို့ ပဲ တစ်ခုပဲလိုတာ”

သမီးလေးကို မေတ္တာရှိလိုက်ကြတာများ တော်ရုံဆို နာမည်ပင် မခေါ်ကြတော့ပါလား။

“အေးလေ မင်းတို့ ဒီလောက်ဆန္ဒရှိနေရင်တော့ ကြည့်လုပ်ကြတာပေါ့ ညလူစုံမှ ပဲ ထပ်ပြောကြမယ်”

ဒေါ်မြတ်ချိုနေရာမှ ထထွက်သွားစဉ် ငြိမ်ငြိမ်လေးနေခဲ့ကြပြီး တအောင့်ကြာသည် နှင့် အတာက နောက်ထဲကို လည်ပင်းရှည်ကြည့်လိုက်ကာ စိတ်ချရပြီဆိုမှ

“ရှီတ်”

“ရှီတ်”

လေးယောက်သား ခပ်ကြိတ်ကြိတ်အော်၍

လက်ဖဝါးတွေ ဖြောင်းခနဲ ဖျန်းခနဲ ရိုက်လိုက်ကြလေသည်။

"ဟား ဟား ဟား ဟား"

"ခစ် ခစ် ခစ် ..."

ခေါင်းချင်းဆိုင်၍ ထိုးကြိတ်စွာ ရယ်လိုက်ကြပြန်သည်။

"ကဲ ကျွန်မပြောဘူးလား မဖြစ်ဘူးဆိုတာ မလုပ်သေးလို့ ပါ ပြောကြည့်လိုက်ဖို့ ကို မီးခံ ထိုးပေးလိုက်ရတာ ဟွန်း ..."

"ဟုတ်ပ မိဘနဲ့ သားသမီးပဲ ပြောရင် ရရမှာ ပေါ့ ကိုလေးတို့ ကိုက ညီမကို ပြန်ကြောက်နေကြတာ"

"အံမာ ကြောက်စရာလား"

"ကြောက်ရင် ကြောက်တယ်ပေါ့ ဝန်ခံစမ်း ပါ မမေ့ကို ကြောက်တာနည်းနည်း ကိုလေး

ညီမ မိစ္ဆာရဲ့ ပါးစပ်ကို ကြောက်တာမဟုတ် လား။ လက်ရှိနဲ့ လက်မဲ့ ဆိုတာနဲ့ ပဲ ဒီအိမ်မှာ သူကလွဲပြီး ဘယ်သူမှ ပိုင်ဆိုင်ခွင့် မရှိတော့တဲ့ အတိုင်း ဟွန်း ဒါဖြစ်သင့်တဲ့ ကိစ္စ ဘာမှ မပြောရဲစရာ မရှိဘူး၊ ခုတော့ ခေါင်းညိတ်သွား ရတာပဲတွေ့လား”

အတာက စကားပြောခြင်းကို ခံတွင်းတွေ့ နေသည့်နှယ်။

ညီအစ်ကိုချင်း စည်းရုံးသလောက် လင်ညီ အစ်မချင်းလည်း သင့်မြတ်ကြသည် ။

အရေးဆို ခေါင်းချင်းဆိုင်၍ တိုင်ပင်သော် လည်း အောင်မြင်ပြီဆို လက်ဝါးချင်းရိုက် လိုချ င်တာရဖို့ က အဓိကသာ။

*

## အခန်း (၂)

တစ်ယောက်နှင့်တစ်ယောက် လက်ဖဝါးချင်းပင် ထပ်ဆုပ်မိခဲ့ကြသေးသည် ။

ဒီထိ သူမ ဘာမှ သတိမရသေး။

ပလာဇာအဝင်ဝမှာ ခြေချမိပြီဆိုမှ

"အယ် သူ့ကို ငါပေးလိုက်တဲ့ စာအုပ်ထဲမှာ မေမေမှာ တဲ့ ဆေးနာမည် ပါသွားပြီ"

နေရာမှ ချာခနဲ ပြန်လှည့်ကာ စလွယ်သိုင်းချိတ်ထားသည့် ဂျင်းအိတ်ပြားလေး၏ ကြိုးကို အားရှိပါးရှိ ဆုပ်၍ ခြေထောက်တွေမှာ အားအပြည့်ထည့်၏။

ထိုစဉ်

"အ"

"ဟာ"

"ခွမ်း"

လူကြားထဲမှာ တစ်ယောက်သောသူနှင့်ပ ခုံးတစ်ဖက်ချင်း ရင်ဘတ်တစ်ခြမ်းချင်း ပစ်စ လက်ခတ် အင့်ခနဲ ပစ်ဆောင့်၏။

အရှိန်နှင့်လူသည် ဟန်ချက်ပျက်လျက် ရှေ့ သို့ ခုန်ပေါက်စိုက်ဆင်းသွားစဉ် ကိုယ့်ရင်ဘတ် နေရာလောက်မှ တဆင့် ရှေ့သို့မြေခရှာသော သော့တွဲလေးခများ မြေပြင်သို့ ချွင်ခနဲ ပစ်ကျအ ပြီး ခြေဦးနှင့် တိုက်ကာ ရှောခနဲ ပြေးထွက်သွား၏

ဒါနှင့်ပင်မရပ်သေး နောက်ထပ်ခြေတစ်လှ မ်းက သော့တွဲလေးကို ထပ်၍ ကန်ထုတ်လိုက်

သလို ဖြစ်သွားသည် ။

"ဟာကွာ တောက်"

သော့တွဲနောက် ပြေးလိုက်သည့်သူမှာ ကုန်းကောက်မည် ပြင်လိုက် ကန်ထုတ်သွားလိုက် နောက်ထပ် ထပ်ကုန်းလိုက် ကန်ထုတ်ပစ်လိုက် ...

"အား ဘာလုပ်တာလဲ"

ပိုးစိုးပက်စက် ယိမ်းယိုင်သွားသည့် သူမလက်ကို ဆောင့်ကိုင် ပစ်လိုက်မှ ထိုခြေထောက်က ရပ်သွားတော့သည် ။

ဒါပေမယ့် နောက်ထပ်လွင့်ထွက်သွားသည့် သော့တွဲကတော့ လူအများ ၏ ခြေကြိုခြေကြားမှာ မရှုမလှ ပျောက်ဆုံးနေခဲ့ပြီ။

"လူကို လွှတ်စမ်းပါ"

"မင်းကို ဆွဲချင်လို့ ဆွဲထားတာ မဟုတ်ဘူး

ဘယ်မှာ လဲ ငါ့သော့”

“ဘယ်သိမလဲ ကိုယ့်လက်ထဲက ပစ္စည်းကိုတောင် ကိုယ့်ဟာကိုယ် မြဲအောင် ကိုင်မထားနိုင်ဘဲနဲ့ ဒီမှာ ကံကောင်းလို့ သွားမကျိုးတာ”

“ကျိုးသင့်တာ မင်းသွားတစ်ချောင်းမှ မကျန်အောင် ကျိုးသင့်တာ”

“အံမာ”

ပြောမယ့်သာပြောတာပါ သူမလည်း သော့ဘယ်ရောက် သွားသလဲ ဆိုတာကို မျက်လုံးကတော့ လိုက်ကြည့်နေမိတာပဲ ဖြစ်၏။

သူပြောတာ လွန်လွန်းလာမှ ဒေါသထောင်းခနဲဖြစ်ကာ မော့ကြည့်လိုက်မိသည် ။

သူမတကယ့်ကို တအံ့တဩ ငေးသွားရသော ဟင်ခနဲ တစ်လုံးက နှုတ်ဖျားမှ ခုန်ဆင်းကြွေကျ၏။

မျက်လုံးထဲမှာ ထင်ရှားစွာ စူးဝင်သွားသည်က ဒေါသကြီးနေသည့် နီမြန်းသော နှုတ်ခမ်းအစုံဖြစ်သည် ။

စိမ်းညို့နေသည့်မျက်ခုံး ထင်းနေသည့် နှာတံနှင့် ညိုသော မျက်ဝန်းတို့ က အပြာရောင်ရိပ်ရိပ်စင်းလျက် သူမမျက်ဝန်းထဲထိ ရောင်စဉ်ဖြာနေသည့်နှယ်။

သို့သော် စက္ကန့်အတော်များများ အတွင်းမှ သူမ မျက်နှာကိုလွှဲလက်ကို ဆောင့်ရုန်းကာ ကိုယ်ကိုပါ မတ်မတ်ပြန်ရပ်၏။

တော်ကြာ ဒေါသအိုးက မာနတွေပါ ထပ်ကြီးသွားဦးမည်။

"လာခဲ့ မင်းငါ့သော့ကို တိုက်ချပစ်တာ ပိုင်းရှာပေး"

"ရှင်ကြီးလက်ကို မဆွဲနဲ့ နော် ဒီတစ်ခါဆိုသည်းမခံဘူး"

သူက ဆောင့်ရှန်းပစ်သည့် သူမကို သမင်လည်ပြန်ကြည့်၍ နှုတ်ခမ်းမဲ့သည် ။

"ဒီမှာ ရုပ်ကို သေချာကြည့်ဦး မင်းလောက်ကို စာမဖွဲ့ဘူး"

"ဖွဲ့ချင်လို့ လည်း မရဘူး ဒီက နုလှကျွတ်ရှနေမှ ဘိုးတော် အရွယ်ကြီးတွေကို စိတ်ကုန်လွန်းလို့ ဟွန်း ဂဂျီချောင် ပွစိပွစိ"

"ဟာ ဟေ့"

သူ့ဒေါသကို ဂရုမစိုက်စွာ သူမတစ်ဘက်လှည့်ကာ သော့ကို ဟိုရှာဒီရှာ ကုန်းကွရှာတော့ သူလည်း သူ့စကားသူ အရှိန်သတ်ကာ ဟိုရှာဒီရှာ ဖြစ်သွား၏။

"တွေ့ပြီ ဘိုးတော် ဒီမှာ "

နှစ်ယောက်လုံးပဲ ပြိုင်တူမြင်လိုက်တာ ဖြစ်သည် ။

ဒါပေမယ့် သူမ ခပ်ကျယ်ကျယ်လေးအော်ကာ ဦးအောင်ပြေးကောက်လိုက်သည် ။

ဒီဘက်ပြန်လှည့်လိုက်တော့ သုန်မှုန်နေသည့် သူ့မျက်နှာကို မြင်လိုက်ရ၏။

မိတ်ကပ်ရောင်ဖျော့ဖျော့ ရှပ်လက်ရှည်ကို နာရီလွတ်ရုံလေး ခေါက်တင်ထားကာ လေးညှင်းရောင် ချည်ချောကွက်စိပ်လေးနှင့် တွဲဝတ်ထားသူပါ။

နောက်လှန်ထားပုံရသော်လည်း ခလယ်ခွဲဆန်ချင်သည့် ဆံပင်က ဂုတ်ထောက်သည် အထိ ရှည်တာကြောင့် သူ့ပုံစံက ရင့်ရော်မသွားဘဲ ကြည့်ကောင်းနေတာပဲ ဖြစ်သည် ။

သူမကတော့ ဂရုမစိုက်စွာ ခပ်တည်တည်လေးကြည့်၍ သော့ကို လက်ဆန့်ပေးလိုက်သည် ။

သူမ၏ နို့စိမ်းရောင် ဘောင်းဘီရှည်ပွပွ တီ

ရှပ်ဖြူပွပွနှင့် ကျောလယ်ခန့်ရှိသော ဆံပင်တွေကို နဖူးမှ စုတင်ကာ နောက်ဘက်ခပ်မြင့်မြင့်မှာ စည်းနှောင်ထားပုံကိုလည်း သူက စေ့စေ့စပ်စပ် ပြန်ကြည့်၏။

သော့ကို မကြည့်ဘဲ လက်ကလှမ်းယူကာ

"မင်းနာမည် ပြောနိုင်မလား"

အလဲ့ တယ်ဟုတ်ပါလား။ မဆိုးဘူး။

ဒီလောက်ထိ ဂရုစိုက်မိသွားအောင် တူးဆွပစ်လိုက်လိုက်နိုင်သည် ပဲ

သူမက မျက်ခုံးလေးတွန့်၍ အဖက်မတန်သလို ပြန်ကြည့်ကာ

"ရှင် အရင်ပြော"

သူ့မျက်နှာမှာ ခပ်ချဉ်ချဉ် လှောင်ပြုံးတစ်ခု ထင်လျက် သော့ကို ချွင်ခနဲ မြှောက်ဆော့၍ ပြန်ဆုပ်ဖမ်းပြီး

"ဘိုးမင်းခေါင်"

"ဟယ် ကောင်းလိုက်တာ"

သူမ လက်ခုပ်ဖျတ်ခနဲတီးကာ အားပါးတရ ချီးမွမ်း၏။

"မှတ်ထားနော် ဒီကနာမည်က သိုက်နန်းရှင်"

သူက သွားတွေမပေါ်အောင် နှုတ်ခမ်းခပ်ဖိဖိနှင့်ပြုံးကာ ချာခနဲ လှည့်ထွက်သွား၏။

ဟွန်း လူလည်ကြီး နေပေ့ါ။

သူ ကိုယ့်ကို စောင်းစောင်းချဉ်သွားမှန်း နှုတ်ဆက်ကြည့်သွားသည့် မျက်ဝန်းများကို မြင်မှသတိထားမိသည် ။

သူ့ကို ဘိုးတော်လို့ ခေါ်လိုက်လို့ နေမှာ ပေ့ါ တကယ်တူနေလို့ နာရတာလား ... အလကားဒေါသတွေ ပေါ်တိုင်းထွက်ထွက်နေတာ။

နောက်တစ်ခါ တွေ့ဖြစ်ရင် မှတ်မှတ်ရရကို ခေါ်ပါဦးမည်။

သူမ ပါးစပ်ထဲရောက်လာသည့် နာမည်လေးကို စိတ်မကောင်းစွာ ပြန်မျိုချရင်း စိတ်မပါသော ခြေလှမ်းတို့ က စောစောကနဲ့ ဘာမှ မဆိုင်။

ရင်ထဲမှ တစ်စုံတစ်ရာအား ထိုသူ ထုတ်နှုတ်ဆွဲယူသွားခဲ့သလို ဘာဆိုင်လဲ အရူးမ။

*

## အခန်း (၃)

"အသချော်"

" လာပြီ"

နားထဲမှာ ခေါ်သံကိုကော ထူးသံကိုပါ ကြားလိုက်သည်။

သောက်မလို့ နှုတ်ခမ်းဖျားထိ တေ့ကပ်ထားမိသည့် ကော်ဖီခါးကို ပြန်ချ၍ ပြတင်းပေါက်ကနေ ချောသည်။

အခန်းထဲက ထွက်ကာ ဂရန်တာဘက်သို့ သွားရန် စိတ်ကူးနှင့် ပန်းရံသမားတွေ အလုပ်ရှုပ်နေကြသည့် နေရာမှ အဖြတ်

စိတ်ထဲမှာ အသင်္ချေဆိုသော နာမည်တစ်ခုကိုသာ အထူးအဆန်း စိတ်ဝင်စားနေခဲ့ခြင်းက သူ့အမှားပါ။

"အမလေး"

"ဟာ"

"ခွမ်း"

ကိုယ်ပေါ်သို့ မည်းခနဲ လူတစ်ကိုယ်လုံးကြီး ပြုတ်ကျလာသလို လက်ထဲက ကော်ဖီပန်းကန် လွတ်ကျသွားသည် ။

ခြေထောက်ပေါ်မှာ ကော်ဖီပူတွေ စိုရွှဲသွား၏။

"ကန်တော့ ကန်တော့နော်"

"မင်း ..."

နှစ်ယောက်လုံး ဖက်လျက်သားနှင့် သူ့ကိုယ်ကို ထိန်းရ ကိုယ့်ကိုယ်ကို ထိန်းရ တော်

တော်နှင့် မတ်မတ် မရပ်နိုင်ဘဲ လဲကျလုလု ဖြစ်ကုန်တော့သည် ။

ခြေခိုင်သည် နှင့် ကောင်မလေးမှန်းလည်း သိကာ သူ တွန်းပစ်လိုက်သည် ။ ကောင်မလေးကလည်း ဆုတ်ရပ်၏။

နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်မိလျှင်

"ဟင်"

"ရှင် ဘိုးတော်"

နှစ်ယောက်လုံး တအံ့တသြကြီး ဖြစ်သွားပြီးမှ သူ့မျက်နှာ ညိုခနဲ မည်းကျသွား၏။

"မင်းက အသချေ်ာလား တွေ့လိုက်ရရင်တော့ တကယ့် ဇရမ်းဇတာပဲ တကယ် တကယ် လက်လန်တယ်"

"ဒီက အပေါ်မှာ အလုပ်လုပ်တဲ့ လူတွေကို

ကြုပ်မတ်နေတာ ဘိုးတော် ဘာဖြစ်လို့ ဒီအော က်က ဖြတ်ဝင်လာလဲ”

“ဟ ဒါသွားလာနေတဲ့ နေရာပဲ မင်းခုန်ချမ ယ်ဆို အောက်ကို ငုံ့ပြူကြည့်ပါဦးလား သေ လောက်မယ့် အန္တရာယ်ရှိနေရင် ဘယ်လိုလုပ် မလဲ”

“မရှိမှန်းသိနေတာပဲ ကိုယ့်အိမ်ကိုယ် ဘယ် နေရာ ဘာရှိတယ် သိတာပေါ့ နေဦး ဟို ဘိုး တော်က ဒေါက်တာ သန့်ဇင်ဆိုတာလားဟင်”

“အဲဒါက ဦးလေးပါ”

“ဩော်”

သူက မျက်နှာတင်းတင်းနှင့် ပုဆိုးမှာ ကော ဖိနပ်မှာ ပါ ပေကျံစိုရွှဲသွားသည့် ကော်ဖီတွေ ကို သပ်ခါချနေသည်။

“ဒီမှာ ဘိုးတော်ကို အသချေ်တောင်းပန်ပါ

တယ် ဆောရီးနော် ပုဆိုးကိုလဲပြီး ထားလိုက်ပါ အသင်္ချေ လျှော်ပေးမယ်”

“မလိုပါဘူး မင်းနဲ့ နောက်ထပ် မဆုံဖို့ ဘဲ ဆုတောင်းတယ်”

သူ တကယ်စိတ်ဆိုးသွားသည် လား။

“နေပါဦး ဘိုးတော်နာမည်က ဘယ်သူလဲ ဟင်”

လှည့်ထွက်သွားပြီးမှ သူက မျက်မှောင်ကု တ်၍ ပြန်လှည့်ကြည့်သည် ။

“အဲဒီတိုင်းပဲခေါ်”

လေသံက မာထန်နေသည် ။ အသင်္ချေ ရင် ထဲမှာ လှိုက်ခနဲ ပူဆင်းသွား၏။

ဒုတိယထိချက်က ပိုပြင်းသွားပါသည် ။

သူ ကိုယ့်အပေါ် မလိုလားခြင်း နောက်ထပ် တစ်ခုနှင့် အထင်မြင်သေးသွားပြန်ပြီ။

ဒါ ကိုယ်တမင်လုပ်ခဲ့တာမှ မဟုတ်တာ။

အသဇ္ဈေကိုယ့်ကိုယ်ကို ပြန်ကြည့်မိသည် ။

မီးခိုးရောင် ရှော့ပင်န်အဟောင်းနှင့် ရှပ်အင်္ကျီပွပွက ဘိလပ်မြေတွေ ပေနေသည့် နေရာတွေမှာ ကွက်လို့

ဒီနေရာမှာ လက်ညှိုးထိုး ဦးဆောင်မည့် သူ သာရှိလျှင် ဟိုးထုတ်ပေါ်အထိ သူမ တက်ကြ ည့် နေဖို့ လိုမလား။

တကယ်ဆို ဒီနေရာမှာ ကိုကိုကြီးနဲ့ ကိုကို လေးတို့ ဦးဆောင်ရမှာ

သူတို့ က အိမ်ငှားရတော့ မုန့်ဖိုးပေးပါ သုံး ဖို့ ပေးပါ။

ဒီမှာ ပြုပြင်ဖို့ ကာရံဖို့ ကျတော့ အနားဘ ယ်သူမှ မကပ်။

အပြင်မှာ ပြေးရလွှားရပြီဆို အသဇ္ဈေ။

အိမ်မှာ ဘယ်နေရာဖြစ်ဖြစ် အသင်္ချေ။

အပြောခံရတော့ မေမေ့သမီးက နေရာတကာ ဆရာကြီးတဲ့

"ဟဲ့ ဘာဖြစ်လာတာလဲ သမီး မျက်နှာလည်း မကောင်းပါလား"

အောက်ထပ် ပြန်ဆင်းလာတော့ မေမေက ချက်ချင်း သတိထားမိ၏။

အသင်္ချေ နောက်မှာ လက်ကိုင်ပဝါနှင့်စုစည်းထားသည့် ဆံပင်တွေကို ဆွဲဖြုတ်ဖြေချလိုက်ကာ လက်တစ်ဖက်နှင့် တမင်တကာ ထိုးဖွပစ်သည် ။

ပြီးတော့ မေမေ့ရှေ့မှာ အိခနဲ ထိုင်ချလိုက်ပြီး

"ဟိုဘက်ခြမ်းငှားတဲ့ အိမ်ငှားတွေက ဘယ်သူတွေလဲ မေမေ ဘယ်နှစ်ယောက်လဲ"

"ဒြော် မေမေ ပြောထားသားနဲ့ ငှားဖို့ ပြော လာတုန်းကတော့ မိသားစုသုံးယောက်ပဲတဲ့ အခု စာချုပ်ပြီးတော့ တစ်ယောက်မပါတော့ဘူး တဲ့ ယောက်ျားနှစ်ယောက်တည်းရယ်"

"ဒေါက်တာ သန့်ဇင်ဆိုတာ မေမေ မြင်ဖူး လားဟင်"

"မြင်ဖူးသားပဲ တစ်နေ့ညက မေမေ သူနဲ့ ပဲ စာချုပ်ခဲ့တာ သမီးက ကွန်ပျူတာ သင်တန်းသွားနေတာကိုး"

"ဘယ်လိုပုံစံလဲဟင်"

"ထောင်ထောင်မောင်းမောင်း ဖြူဖြူပဲ ဒါ ပေမယ့် နည်းနည်း ထိပ်ပြောင်တယ် မျက်မှန် သေးသေးနဲ့ ဥပမိရုပ်ကတော့ တကယ် ကောင်းပါတယ်။ မြင်လိုက်တာနဲ့ ဆရာဝန်ဆို တာကို ချက်ချင်း ခန့်မှန်းမိမယ့်ရုပ်ပဲ ဘာဖြစ် လို့ လဲ သမီး"

အသချော်က စားပွဲပေါ်က ခြင်းကလေးထဲမှာ ထည့်ထားသည့် ဩဇာသီး အတု တစ်လုံးကို လှမ်းယူ၍ လှည့်ပတ်ကြည့် နေသည် ။ ပြီးမှ

“နောက်တစ်ယောက်ကကော”

“လူငယ်ပဲ ဒါပေမယ့် သမီးကိုကိုကြီး အရွယ်လောက်ပဲ ဖြစ်မယ်။ ကောင်လေးက သနား ကမားလေး နာမည်တော့ ပြောပါတယ်။ ခန့်ခန့်လေးပဲ မေမေ မေ့သွားပြီ ပြောပါဦး သမီးရယ် ဘာဖြစ်လို့ လဲ သမီးမကျေနပ်စရာ ဘာ တွေ့ထားလို့ လဲ”

အသချော် ငိုင်နေတော့ ဒေါ်မြတ်စု ပို၍ စိုးရိမ်သွားခဲ့သည် ။

နေရာမှ ထ၍ အသချော်ဘေးမှာ ပြောင်းထိုင်ကာ

“အဲဒါကြောင့် မေမေပြောတာ သမီးက အိ

မ်ငှားကိစ္စကို ဂရုမစိုက်ဘဲ အခု ဘာဖြစ်လို့ လဲ ဟင်”

“ဘာမှ မဖြစ်ပါဘူး မေမေရယ် စိတ်ပျက် လို့ ပါ”

“အို ဘာကိုစိတ်ပျက်တာလဲ … အိမ်ငှား တွေကိုလား”

“ဟုတ်တော့ ဟုတ်တယ် ဒါပေမယ့် မဆိုင် ပါဘူး၊ သမီးကိုက မှားတာ အဲဒီတစ်ယောက်နဲ့ ဒီတစ်ခါပါဆို နှစ်ခါတောင် ဆုံတာ မေမေ နှစ် ခါလုံး အဆင်မပြေဖြစ်ခဲ့တာ”

မေမေ့ကိုဆို ဖြစ်ခဲ့သမျှ မြင်တွေ့သမျှ ပြန်ပြောနေကြမို့ ထိုသူနှင့် ဆုံခဲ့သည် စသည် တို့ ကို ပြန်ပြောဖြစ်သည် ။

မေမေက အံ့ဩသလို ကြည့်နေခဲ့ပြီး သူမ ပြောပြီးတော့မှ သဘောကျစွာ ရယ်၏။

"သမီးရယ် ဒါမသိကြလို့ ဖြစ်ခဲ့ကြတာပဲ ဟာ သူလည်း ဒေါသဖြစ်တုန်းခဏ နေမှာ ပါ နောက်ဆို မြင်တွေ့ ခေါ်ပြောနေကြရတော့မှာ ၊ ပြီးတော့ သူက ကိုယ့်ထက်အကြီး သမီးက ခ င်ချင်ရင် သမီးဘက်ကလျှော့လိုက်ပါ"

"သမီးက သူ့ကို မချေမငံပြောပြီး ဘိုးတော် လို့ ခေါ်လိုက်မိတာ မေမေ"

"နောက် မခေါ်နဲ့ ပေါ့ သမီးရယ် အေးဆေးဖြစ်ကြမှ ထမင်းစားဖိတ်ပြီး မေမေ မိတ်ဆက်ပေးပါဦးမယ် တော်သေးတာပေါ့ သ မီးရယ် ဘာမှ မဟုတ်လောက်တာလေးမို့လို့ မေမေက အားလုံးစီစဉ် ခဲ့ပြီးပြီ သဘောကျကျ မကျကျ စာချုပ်ခဲ့တဲ့ နှစ်ကုန်အောင်တော့ ဆ က်ဆံကြရတော့မှာ သည်းခံပါသမီးရယ် ကိုယ် က အိမ်ရှင် ပြီးတော့ သူတို့ က ပညာတတ်တွေ ပါ၊ အဲဒီကောင်လေးကလည်း အင်ဂျင်နီယာ

ဘွဲ့ရထားတာပဲ သူ့ကိုကြည့်ရတာ အိုးပိုင်အိမ်ပိုင် မရှိကြလို့ မဟုတ်ဘူး ၊ ဒီမှာ လာငှားနေတာ အကြောင်းရှိလို့ ဖြစ်မယ်ထင်တယ်၊ မနက်က ဒီမှာ ဖုန်းလာဆက်တော့ ပြောနေတာတချို့တလေ ကြားလိုက်တယ် သမီးရဲ့ ကောင်လေးရဲ့ အမေ ထင်တယ် ဖုန်းထဲကနေ ပြန်လာဖို့ ဆူနေတာ၊ ကောင်လေးကလည်း ခေါင်းမာတဲ့ ပုံပဲ ဦးလေးနဲ့ နေတာ စိတ်မပူပါနဲ့ မာမိဆိုပြီး ဖုန်းကို ချက်ချင်း ချပစ်လိုက်သည် ။”

အသချော် စိတ်ပျက်သွားသည် ။

ဒီနာမည်လေး သိရဖို့ က ဈေးကြီးလှချေလား ...

သူကတော့ ကိုယ့်နာမည် သိသွားပြီ ကိုယ့်ကျတော့ သူ့နာမည်ကို မသိရ။

“ကဲပါ သမီးရယ် ဘာမဟုတ်တာလေးကို စိတ်ညစ်ခံမနေနဲ့ ၊ သမီး ဘွားဆီက လူကြုံနဲ့ လ

က်ဆောင်တွေရော စာရော ပေးလိုက်တယ်”

“ဟုတ်လား မေမေ ဘာတွေရေးထားလို့ လဲ”

“မေမေ့ အိပ်ရာခေါင်းရင်းမှာ ပြီးတော့ သမီးသွားယူဖတ်လေ၊ အဓိကကတော့ သမီးကို မန္တလေးလွှတ်ဖို့ ရေးထားတာပဲ သားကြီးနဲ့ သားငယ် အိမ်ထောင်တွေ ကျကုန်ကြတဲ့ ကိစ္စကို သူ မကျေနပ်ဘူး၊ အခု သမီးငယ်ကိုတော့ အဲဒီလို ဖြစ်သွားမှာ စိုးပြီး သူ့ဆီလွှတ်ဖို့ ချည်းပဲ ပြောနေတာ .... ကျောင်းကလည်း ပြီးနေပြီ ဆိုတော့ မေမေ ဘာလုပ်ရမှန်း မသိတော့ဘူး .... ဘာကြောင့်ဆိုတာ အကြောင်းပြစရာမှ မရှိတာ”

“မေမေရယ် ကိုကိုကြီးနဲ့ ကိုကိုလေးက သူ့ မိန်းမတွေနဲ့ သူတို့ နေကြတာ မေမေ ပြော လိုက်လေ ဒီသားအမိ နှစ်ယောက်ပဲ ရှိတော့တာ

ခွဲစရာလားလို့ ...”

ဒေါ်မြတ်ချိုက ပြုံးနေပါသည် ။ အသင်္ချေ ပြောတာကို သဘောကျသလို ဖြစ်မိပေမယ့် သူမမှာ အပြစ်ရှိနေတာကိုလည်း တွေးမိ၍ ပါ။

တကယ်ဆို သားနှစ်ယောက်လုံး မိန်းမတွေ ရကြတာ ညံ့ကြပါသည် ။

ဒါဟာ သူမ မကောင်းလို့ ပါဟု မေမေက တပ်အပ်စွပ်စွဲသည် ။

“ချိုချို ညည်းကိုနောက်ထပ် ငါ ဒီစကားတွေ ထပ်မပြောချင်တော့ဘူး။ ငါ့မြေးလေးကို ညည်း မန္တလေးကို ကျောင်းပို့တာနဲ့ ပို့ဖို့ လုပ်ညည်းဟာ စီးပွားရေးကျဆင်းသွားတာနဲ့ စည်းစမ်း စိတ်ဓာတ် အားလုံးကို ဘာမှ မရှိတော့ဘူး ၊ ငါ့မြေးလေးကို ဒီလို မဟုတ်တရုတ် ထပ်ဖြစ်မခံနိုင်ဘူး။ ငါ့ဆီမှာ ပဲ ထားမယ်၊ ငါကိုယ်တိုင် သင့်တင့်ရာနဲ့ လက်ထပ်ပေးမယ် ကလေးကို

ညည်းစီရင်ခွင့် မရှိတော့ဘူး”

စာလည်း ပေးလိုက်သည် ။ စာဖတ်၍ မှ မကြာသေးခင် ဖုန်းလည်း ထပ်ဆက်သည် ။ သမီးကို ပို့ပေးဖို့ ပဲ တတွတ်တွတ် ပြောနေခဲ့တာ ဖြစ်၏။

စာထဲမှာ ပါသမျှ ဖုန်းဆက်၍ ပြောသမျှကို ဒေါ်မြတ်ချို သမီးကို ပြန်မပြောဖြစ်ခဲ့ပါ။ အလိုလိုကာမှ သမီးလေးက သွားချင်တာ မဟုတ်။

“သမီးက သမီးဘွားဆီ ဘာဖြစ်လို့ မသွားချင်ရတာလဲ”

မျက်နှာအိုသွားသည့် အသင်္ချေကို ကြည့်၍ ဒေါ်မြတ်ချိုက ပြုံးနေ၏။

“မေမေကလည်း ဘွားက အရမ်းချုပ်ချယ်တာ သိလား .... စကတ်၊ ဘောင်းဘီ ဘာမှ မဝတ်ရဘူး ... ဆံပင်တောင်မှ မဖြန့်ရဘူး။ ကျစ်ဆံမြီးကျစ် ပြန်ခေါက် ပန်းပန်ပြီဆို သဇင်မှ သ

စ်ခွမှ ဆူးရှိတဲ့ ပန်းက ဘယ်လို မွှေးလွန်းတဲ့ ပန်းက ဘာညာ … ပြီးတော့ အားအားရှိ ဇာတ်တော်ကြီးတွေ ဖတ်ခိုင်း သူ့ခြံက စာရင်းတွေကြည့်ခိုင်း ဘယ်မှ ကို သွားလာရချိန်မရ၊ လှမ်းကြည့်ချိန်မရ … အရမ်း စိတ်ညစ်ဖို့ကောင်းတာ”

သမီးမျက်နှာလေး ရှုံ့မဲ့နေတာ ကြည့်၍ ဒေါ်မြတ်ချို ရယ်မိတော့သည် ။

“ဘာပဲဖြစ်ဖြစ် မေမေတို့ က အခု စီးပွားရေး မကောင်းတော့ဘူး။ သမီးလေး အိမ်ထောင်ကျတဲ့ အခါ ဒါဟာ အားနည်းချက်တစ်ခု အဖြစ်နဲ့ သမီးပဲ မျက်နှာငယ်ရမှာ ဟိုမှာ ဆိုရင် သမီးဘွားက မိုးကုတ်မှာ လည်း ကျောက်တွင်း သူဌေး၊ မန္တလေးမှာ လည်း ရတနာကုန်သည် ပြီးတော့ ခြံလုပ်ငန်းတွေ ဟိုဘက်မှာ လူယုံတွေနဲ့ ထားတာတွေ အများကြီးပဲ သူ့မှာ သမီး

ဖေဖေ တစ်ယောက်ပဲ တစ်ဦးတည်းသောသား အမွေဆက်ခံမယ့်သူက သားတို့ သမီးတို့ ပဲ ရှိတာ အခုဆို သူ့စာရင်းထဲမှာ သားနှစ်ယောက် သိပ်မရှိတော့ဘူး။ သမီးကိုသာ အရလိုချင်နေတာ”

“ဘာဖြစ်လို့ လဲ မေမေ ကိုကိုကြီးတို့ လည်း မြေးပဲ”

“ဟုတ်တယ် ဒါပေမယ့် သူတို့ မင်္ဂလာဆောင်ကြတော့ သမီးဘွား လာတာပဲလေ အဲဒီမှာ မိန်းကလေးတွေကို မြင်တိုင်း သူ့မျက်နှာ မကောင်းဘူး”

“နှစ်ရက်သုံးရက် တစ်ပတ်လောက်နဲ့ ဒီချွေးမတွေ ကောင်းတာ မကောင်းတာ ဘွားက အကဲခတ်နိုင်လို့ လား”

“ခတ်နိုင်လို့ ပေါ့ သမီးရယ် ညည်းချွေးမတွေ မလွယ်ဘူးလို့ မေမေ့ကို စကားတစ်ခွန်းပဲ

ပြောသွားတာ ... အခုကြည့်ပါလား အိမ်မှာ ဘယ်လိုနေကြသလဲ”

ဒါကျတော့လည်း ဟုတ်သားပဲဟု တွေးမိကာ အသချော် ခေါင်းညိတ်မိ၏။

“သမီးဘွားက သိပ်စနစ်ကြီးတာ ဒါကြောင့်လည်း အခု ယောက်ျားဒုက္ခိတ ဖြစ်နေတာတောင် မေမေ့လိုမှ မဟုတ်တာ သူ့စီးပွားဥစ္စာကို သူ ထိန်းချုပ်သွားနိုင်တယ်”

“မေမေ”

“ဟင်”

“မေမေက ချွေးမလည်း ဖြစ်တယ် ဘွားနဲ့လည်း သိပ်တည့်တာ မဟုတ်ဘဲနဲ့ ဘွားကို ဘယ်တော့မှ မကောင်း မပြောဘူးနော်”

“သမီးရယ်”

“ပြီးတော့ ဘွားကို ကွယ်ရာမှာ ကော ရှေ့

တင်မှာ ကော အရမ်းလေးစားတာပဲ ဘွားက တော့ မေမေ့ကို အဲဒီလို ဟုတ်ရဲ့ လားဟင် သမီးမြင်တာတော့ မေမေ့ကိုဆို ဘွားက သိပ်နိုင်တာပဲ”

ဒေါ်မြတ်ချိုက မျက်မှန်ကိုပင့်၍ ပြုံးနေသည်။

မေတ္တာ၏ သဘောကို သမီးနားမလည်သေး၍ ဖြစ်ပါလိမ့်မည်။

“ဖေဖေနဲ့ မေမေ လက်ထပ်တော့ ဖေဖေက ချမ်းသာပြီး မေမေက ဆင်းရဲတာဆို”

“အင်းလေ”

“ဘွားက အဲဒါကြောင့် မေမေ့ကို နှိမ်တာလားဟင်”

“ဟိုတုန်းကတော့ ဟုတ်တာပေါ့”

“ခုဖြင့် မတည့်ဘဲနဲ့ ”

"မတည့်တာက မေမေခုလို ခွဲနေလို့ ပါ သမီးဖေဖေ ဆုံးသွားကတည်းက မေမေ ဟိုမှာ သွားနေရင် သားတို့ သမီးတို့ ခုလို ဘယ်ဆင်းရဲမလဲ"

"ဒါ ဆင်းရဲတယ် မခေါ်ပါဘူး မေမေရယ် သမီးတို့ မှာ စီးဖို့ ကားနဲ့ တိုက်နဲ့ ခြံနဲ့ ရှိပါသေးတယ်"

"သမီးတို့ ဘွားက ဒါလောက်ကို စုတ်ပြတ်မွဲတေ သွားပြီလို့ သတ်မှတ်တာပေါ့ .... ကလောမှာ ဒီလောက်ခြံကြီးနဲ့ တိုက်ကြီးကို သူကကိုဒေါင်လုပ်ပြီး အဆွေးခံထားနိုင်တာကိုး သမီးရဲ့ "

"ဟုတ်လား မေမေ သမီးတောင်မရောက်ဖူးဘူး"

"မေမေတောင် သမီးဖေဖေနဲ့ လိုက်သွားတုန်းက တစ်ခေါက်ပဲ ရောက်ဖူးတာ"

တကယ်က ခိုးရာလိုက်သွားတာပါ .... ထို အချိန်ကတော့ ကိုမိုးဘေးမှာ နေရပေမယ့်လ ည်း မျက်နှာငယ်ခဲ့ရသည် ။

ဒေါ်မေဇင်မိုးသည် စီးပွားဥစ္စာ မာန်တက် နေတာမျိုး မဟုတ်ဘဲ သားကိုပဲ ဘယ်သူနဲ့ မှ တူတယ် တန်တယ် မထင်တာဖြစ်သည် ။

ဒါဟာ အပေါ်ယံမြင်ကြသလို ချမ်းသာလို့ ဆင်းရဲလို့ မဟုတ်ပေ။

သားကို တစိမ်းတစ်ရံက ပိုင်ဆိုင်သွားတာ မျိုးကို လက်မခံနိုင်တာမျိုး ဒေါ်မြတ်ချိုက ဒေါ် မေဇင်မိုး သဘောကို နားလည်သည် နှင့် ဘယ် လိုနေရမည်ဆိုတာကို သိသည် ။

“သား ... မေမေနဲ့ ခြံတွေဆီ သွားကြည့်မ ယ် လိုက်ခဲ့ရမယ်နော် ဆိုတာမျိုး အပြင်ထွက်ကြဖို့ ဖြစ်လာလျှင်”

“သွားတာလာတာလျှော့ အိမ်ထောင်သည်

ဖြစ်နေပြီ အသုံးနဲ့ အဖြုန်းကို ဆင်ခြင်”

မတားသော်လည်း မကြိုက်။

ဒေါ်မြတ်ချိုက အပြုံးမပျက်ခဲ့ပါ။

“ဟုတ်တယ် ကိုမိုး မိဘက ချမ်းသာတယ်ဆိုပေမယ့် ကိုမိုး ပေါ့ပေါ့ မနေနဲ့ နော် အလုပ်ကိုကြိုးစား ချို ယောက်ခမကို အားမကိုးချင်ဘူး”

သူ မပေးချင်သည့်သားကို မြတ်ချိုမယူပါ။

သူတင်းတိုင်း ကိုယ်လျှော့ပေးခဲ့၏။

ယောက်ျားကိုလည်း ပြုစုမပျက် ယောက္ခမကိုလည်း မငြိုငြင်

ချမ်းသာလို့ မျက်နှာရအောင် ဟှာဟှာသလဲအောက်ကျခံတာမျိုးလည်း မဟုတ်ခဲ့ပါ။

မြတ်ချိုက သိပ်လှသည် မဟုတ်ပေမယ့် ဣန္ဒြေရှိသည် ။ ဒူးခေါက် ခွက်ထိရှည်သော ဆံပ

င်ကို ကျစ်ဆံမြစ်ကြီး တစ်ချောင်းတည်း ကျစ်ထား တာမျိုး ရှိသလို တစ်ပတ်လျှိုထုံး ထားခဲ့တာမျိုး ရှိ၏။

မျက်နှာလေးက ကျက်သရေရှိသည် ။ ကိုယ်လုံးကိုယ်ပေါက်က အချိုးကျန၏။ မြတ်ချိုတစ်ကိုယ်လုံးမှာ မကျေနပ်ဖွယ် ဘာမှ မရှိပါ။

ထို့ပြင် သူမအပေါ်ဘာမှ အတိုက်အခံ မပြုမငြိုငြင်ခဲ့သော မြတ်ချိုကို ဒေါ်မေဇင်မိုး မကြည်ဖြူခဲ့တာ ရှိပေမယ့် ကြာတော့လည်း ကိုယ်တစ်ယောက်တည်း နံ့ရံ့နဲ့ ရန်ဖြစ်နေရသလို ဖြစ်ခဲ့သည် ။

ဦးရာကျော်ကတော့ သားနဲ့ ချွေးမကို မြင်ကတည်းက ကျေနပ်ခဲ့သူ ဖြစ်၏။ အစက ဒေါ်မေဇင်မိုးသည် သားနဲ့ ချွေးမကို တွဲလျက် ဘယ်လိုမှ မကြည့်နိုင်ခဲ့နိုင်။

တွဲထွက်လာရင်မကြိုက် ရယ်မောတီတာ

နေတာမျိုးကို မကြားချင်။ သားလေး ကိုယ့်ကို ပွေးကပ်ပူဆာနေကျ ခုတော့ ဒါတွေ မေ့နေပြီ လား။ ချွေးမ မျက်နှာကို မြင်တိုင်း ရင်ထဲမှာ တနုံ့နုံ့။

ဒါပေမယ့် သူမတင်းနေ တည်နေမသမျှ ချွေးမက မျက်နှာပြင်မှာ မပြောင်းလဲပါ။ သား ကို ခွဲထုတ်သွားလျှင် အပြုံးမပျက် ကျန်ခဲ့သည် ။

အတူမသွားနဲ့ ဆိုလည်း မျက်နှာမပျက်၊ အ တူမစားနဲ့ ဆိုလည်း ကျေနပ်ခဲ့သည် ။

သူမအပေါ် မကျေနပ် ငြူစူတာမျိုး မရှိ သားနဲ့ အမေကြား သွေးခွဲစကားမဆို၊ အိမ်မှာ သူမမှ လွဲလျှင် အားလုံး အဖုအထစ်မရှိ ချော မွေ့နေခဲ့သည် သာ၊ ကြာတော့လည်း ဒေါ်မေဇ င်မိုး ကိုယ့်ဒေါသနှင့် သဂန်တိုမှုအတွက် ရှက် တတ်လာခဲ့သည် ။

သားကလည်း ကိုယ့်သားလေးပဲ၊ ချွေးမကို လည်း သမီးတော်ရမှာ ပဲဟု မြင်တတ်လာ၏။ နာမည်တောင် မခေါ်ခဲ့ဘူးဘဲ နာမည်စခေါ်သ ည် ပြီးတော့ သမီး ...

ဒေါ်သဖြစ်ပြီဆို ချိုချို ညည်း စသဖြင့် ပြော တတ်သော်လည်း မြတ်ချိုကို သူမချစ်ခဲ့သည် ။

ချွေးမဖြစ်သူဟာ ပျာပျာသလဲကြီး အောက် သက်ကြေပြ ပူးကပ်ပေါင်းသင်းပြတတ်သူ မ ဟုတ် အနေတည်သည် သည်းခံတတ်သည် ။ သိပ်လိုက်လျောတတ်တာမျိုး မဟုတ်သော်လ ည်း အနိုင်မယူ တတ်သူ။

ထိုအချက်များကြောင့် မြတ်ချို ဒေါ်မေဇင်မိုးကို မေတ္တာဖြင့် အနိုင်ယူခဲ့သည် ။ နောက်တော့ ကိုမိုး တာဝန်ကျသည့် ရန်ကုန် သို့ ပြောင်းရွှေ့ခဲ့ရ၏။

မ န္တလေ းမှ၂ ၁ သားကြီးနဲ့ သားငယ်ကို

မွေးခဲ့ပြီး ရန်ကုန်ပြောင်းတော့ သမီးငယ်ကို ကိုယ်ဝန်နဲ့ ပါလာခဲ့၏။

ဒေါ်မေဇင်မိုးမှာ သူက မွေးတော့လည်း သား သားကထပ်မွေးတော့လည်း သားတွေပဲ မို့ မြေးမလေး လိုချင်နေတုန်း ရန်ကုန်မှာ ဒေါ်မြတ်ချို အသင်္ချေကို မွေးတော့ ချက်ချင်း လာခေါ်သွားသည် ။

ဒီတုန်းကတော့ အမေဖြစ်သူက ဘာမှ မပြောခဲ့ပါ အဖေနှင့် အစ်ကိုနှစ်ယောက်က ဖျတ်ဖျတ်လူး။

"မေမေကလည်း မေမေရယ် ... သားတို့မှာ သမီးလေး ဒီတစ်ယောက်တည်း"

"ဘွား ဘွားနော် ညီမလေးကို မခေါ်ရဘူး မေမေ သားသား ညီမလေးကို မပေးဘူး"

"အမလေး ကြည့်စမ်း ဖြစ်နေလိုက်ကြတာ အမေက ဘာမှ မပြောဘူး သင်းတို့ က ဟော့

ခေါ်ရမှာ ပဲ ဟိုမှာ ကျုပ်က တစ်ယောက်တည်း နေရတာ၊ ဒီမှာ သုံးယောက်တောင် ချိုချို မြေး မလေးကို အမေခေါ်မယ်"

"ခေါ်ပါ မေမေ ကျောင်းကိုတော့ ဒီမှာ ပဲ ထားပါရစေ၊ တစ်လှည့်စီပေ့ါနော်"

"အေး ပြီးရော ..."

အဖြစ်က ဒါပါပဲ သမီးလေးကို ဒေါ်မြတ်ချို နှစ်ဆယ့်တစ်ရက်ပဲ နို့တိုက်လိုက်ရသည် ။ ဒေါ် မေဇင်မိုး လာခေါ်သွားခဲ့၏။

အသင်္ချေကို ဒေါ်မေဇင်မိုး အချစ်ဆုံး။

အတိတ်ကို ပြန်တွေးရင်း ဒေါ်မြတ်ချို သက် ပြင်းချသည် ။

ဟိုတုန်းကတော့ သူမစိတ်ဟာ ခိုင်ကြည်ခဲ့ ပါသည် ။ ကိုမိုး ဆုံးသွားပြီးမှ

"မေမေ"

"ဟင်"

အကြာကြီး ငိုင်ကျသွားသည့် မိခင်ဖြစ်သူ ဘာဖြစ်သွားသည် မှန်း အသချော်သိသည်။

"မေမေ ဖေဖေ့ကို သတိရသွားတာလားဟင် မေမေကလည်း ဖေဖေ့ကို သတိရရင် အမြဲ မျက်ရည်ကျတယ် ကြာပြီပဲ မေမေရယ် မငိုပါနဲ့ တော့ ..."

ဒေါ်မြတ်ချိုသည် မျက်မှန်ကို အသာပင့်၍ မျက်ရည်သုတ်လိုက်၏။

ပြီးတော့ အသချော် လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ

"သမီးရယ် မေမေ မရှိတော့ရင် စိတ်အချရဆုံးလူဟာ သမီးရဲ့ ဘွားပဲ ဒါဟာ မေတ္တာထားနိုင်မယ့် သူကို ပြောတာ စည်းကမ်းနဲ့ အုပ်ထိန်းမှုကျတော့ ဘွားက မေမေ့ထက်တောင် သာပါတယ်။ မိသားစုတစ်စုမှာ စီးပွားရေး

ကျဆင်း လာပြီဆိုရင် မိဘဟာ စီးပွားရေးတစ်ခုကိုပဲ ခေါင်းထဲမှာ ထား စိတ်ညစ် လှုပ်လေမြုပ်လေဖြစ် ကြာတော့ မိဘက အားငယ်လာတယ် သားသမီးတွေအပေါ် ကိုယ့်ဘက်က တာဝန်မဲ့သလို ဝတ္တရားပျက်ကွက်နေသလို သိမ်ငယ် ခံစားလာရပြီး ဆုံးမတဲ့ နေရာမှာ လျော့တိလျော့ရဲ ဖြစ်လာတာပေါ့”

“မေမေ ဘာတွေ ပြောနေတာလဲဟင် ကိုကြီးတို့ နဲ့ ပတ်သက်ပြီး ကြေကွဲနေတာလား ”

ဒေါ်မြတ်ချို ဘာမှ မပြောဘဲ မျက်လွှာချသည်။

“သမီးရဲ့ ဘွားပြောတာ မှန်တယ် သမီး သားနှစ်ယောက်ရဲ့ အိမ်ထောင်ရေးမှာ မေမေ မျက်နှာလွှဲထားသလို ဖြစ်ခဲ့တယ် သူတို့ စိတ်ကြိုက် ကောက်ယူလာတာကို လက်လွှတ်

စပယ် ထိမ်းမြားပေးလိုက်သလိုပေါ့ အဲဒါနဲ့ ပတ်သက်ပြီး တစ်သက်လုံး မေမေ့ကို ချစ်ချစ်ခင်ခင် ဖြစ်လာခဲ့တဲ့ သမီးဘွားရဲ့ လေးစားမှုတွေအားလုံးကို မေမေ ဆုံးရှုံးခဲ့ရတယ် သမီးဆိုတဲ့ အသံပျောက်ပြီး ချိုချိုဆိုတဲ့ ဒေါ်သသံကိုကြားတိုင်း မေမေ ကြေကွဲရတယ် မေမေ တကယ်ပါ သားတို့ ရဲ့ အိမ်ထောင်ရေးမှာ တင်းတင်းကျပ်ကျပ် စီစဉ်ပေးဖို့ ကြိုးစားတိုင်း ကိုယ့်ကိုယ်ကို ...”

“တော်ပါတော့ မေမေရယ် ဒါတွေကို တစ်ကပြန်စလို့ ရမှာ မှ မဟုတ်တော့တာ မေမေကနေရာတကာ စိတ်မာသားနဲ့ ကိုကိုကြီးတို့ နဲ့ ကျရင် မပြတ်မသားနဲ့ သိပ်ပျော့တာပဲ မိဘနဲ့ သားသမီးမှာ မိဘက သိမ်ငယ်စရာ မလိုပါဘူး မေမေ ... ကံကြမ္မာအပြောင်းအလဲကို ဘယ်သူခံနိုင်မှာ လဲ ... ဆင်းရဲကြတာကို ဘယ်သူမှ မလိုချင်ဘူး မေမေက ဒီလိုဖြစ်အောင် မဟုတ်မ

ဟုတ် သုံးဖြုန်းပစ်ခဲ့တာမှ မဟုတ်တာ ခုလို သာ မမေ ကိုယ့်အပြစ်ချည်းပဲ တွေးနေရင် မေမေ့ ချွေးမတွေကပါ မေမေ့ကို ကြာရင်လေး စားမှာ မဟုတ်တော့ဘူး"

"ဟုတ်ပါတယ် ဒါလည်း မှန်ပါတယ် မေမေ ဆိုလိုချင်တာက သမီးရဲ့ ဘွား စည်းကမ်းကြီး တာ ကြပ်မတ်တာကို သမီးလေး ပျော်မွေ့စေချ င်တာ ခု မဟုတ်သေးရင်တောင် နောင်တစ်ချိန် ချိန်တော့ ဘွားဆီမှာ သမီးတစ်လှည့်သွားနေရ မယ် အဲဒီ့ကတိ မေမေ့ကိုပေး"

မေမေ့ကိုတော့ သနားသည် ။ ဒါပေမယ့် အ သင်္ချေ ထိုကတိကို မပေးချင်။ ဘွားကိုကြောက် သည် ။ ဘွားကို ဒါဆိုဒါရယ်။

"သမီး မေမေပြောတာ ကြားလား"

"ကြားပါတယ် မေမေ ဒါပေမယ့် မေမေ ကို ကိုကြီးတို့ ကို အရင် အိမ်ခွဲထုတ်ပေးလိုက်ပါ မ

တာတို့ မဂျာတို့ နဲ့ မေမေ့ကို ထားခဲ့ရမှာ ဆိုရင်တော့ သမီးဘယ်မှ မသွားဘူး၊ သူတို့ က မေမေမပြောတိုင်း ဆင်ကြံကြံနေကြတာ"

အသချော် မျက်နှာလေး မဲ့ရွဲ့နေသည် ။ သူတို့ အကြောင်းပါလာတိုင်း ဘယ်လိုမှ ကို စိတ်ကောင်းဝင်လို့ မရ။

ဟိုတုန်းကဆို ကိုကိုကြီးနဲ့ ကိုကိုလေးတို့က အသချော်ကို အလိုလိုက်ကြသည် ။

ခုကျတော့ အခြေအနေတွေပြောင်းလဲကုန်ပြီ။

အစ်ကိုနှစ်ယောက်လုံးက အသချော်ကိုဆို ရန်သူလို မဟုတ်ပေမယ့် မကျေမလည်။

*

# အခန်း (၄)

"ဟင် ဒီက ဘုရားပန်းတွေကော"

ကိုယ့်တစ်ယောက်တည်းမေးရင်း ချာခနဲ လှည့်ပြေးကာ တစ်စုံတစ်ယောက်ကို လိုက်ရှာမိသည် ။

စောစောက ဒီနားမှာ မဂျာကော မတာကော ရှိနေသည် ။

ရှာတော့ ခေါင်းရင်းတိုက်လုံးလေးနားမှာ လူတွေလည်း ရှုပ်နေသည် ။ သူမတို့ နှစ်ယောက်လည်း တွေ့၏။

ကိုကြီးနဲ့ ကိုလေးမရှိ။

"မတာ"

"ဟင်"

လက်ပိုက်၍ ဟက်ဟက်ပက်ပက် ရယ်နေရာမှ မတာက မခို့တရို့လေး လှည့်ကြည့်သည်။

သူမမျက်နှာမှာ မိတ်ကပ်ကြောင့် အမြဲနီနေတတ်ကာ မျက်ခုံးမွေးဆွဲတာကအစ အနီက ခပ်များများ။

နှုတ်ခမ်းနီအရောင်ကိုကျတော့ ဖြူဖျော့ဖျော့ ပြာလဲ့လဲ့ကို ဆိုးထားသဖြင့် အလွန်အကြည့်ရ ဆိုးပါသည်။

အထူးသဖြင့်မဲ့ရွဲ့ပစ်တတ်သည့်အခါ

"ဘာလဲ အသချေ"

"ဒီက ဝယ်လာတဲ့ ဘုရားပန်းတွေကော"

အားလုံး၏ အကြည့်တွေ အသချေဆီ ရော

က်လာ၏။

ကားပေါ်ကနေ ကစ္စည်းတွေ တင်ချနေကြသည့် လူငယ်နှစ်ယောက်က လက်ဝါးချင်းပွတ်၍ ပြုံးသွားကြသည် ။

အမျိုးသမီးကြီး တစ်ယောက်ကတော့ လှည့်မကြည့်ဘဲ မတာတို့ ရှေ့မှာ ရပ်နေသည့် အလွန်လှသော မိန်းမတစ်ယောက်၏ အကြည့်တို့ က စူးစူးရဲရဲ။

အတာက အသင်္ချေဘက်ကို တည့်တည့်လှည့်ရပ်လိုက်ပြီး

"ဘုရားပန်းလဲဖို့ နင်ဝယ်လာတာလား၊ ဘုရားပန်းတွေက လန်းနေတာပဲဟာ သစ်ခွပန်းတွေက တအားလှတော့ မယ်တော်နတ်နန်းကို တစ်ဂက်လှူလိုက်တယ် တစ်ဂက်ကတော့ ညနေ မေဂျာနဲ့ ငါ ညှော့ခံပွဲ သွားစရာရှိလို့ ပန်ချင်တာနဲ့ ယူထားလိုက်တယ်"

ကြည့်စမ်း

အသင်္ချေ ဒေါသဖြစ်လွန်း၍ အဆုံးအစ ပျောက်ကာ ဘယ်က စဖြစ်ရမှန်းမသိ။

ဘုရားလှူဖို့ ဆိုတာကို သိသည် ။ တမင်ပန် ချင်လို့ နတ်နန်းအကြောင်းပြ၍ ပန်းတွေကို သိမ်းပစ်လိုက်တာ။

"အဲဒီပန်း ဘယ်လောက်ဖိုးလဲ မတာသိ လား"

"ကြီးကျယ်လိုက်တာ အသင်္ချေရယ် စကားပြောတာ လူကြားသူကြား ဆင်ဆင်ခြင်ခြင် ပြောစမ်းပါ အတာတို့ က ပန်းဆိုရင် သစ်ခွမှ ပန်တာ ဘယ်သစ်ခွ ဘယ် လောက်တန်သလဲ ကိုင်ကြည့်ဖို့ မလိုဘူး လှမ်းကြည့်တာနဲ့ သိတယ်၊ နင့်သစ်ခွကို ပန်ဖို့ စိတ်ကူးလိုက်တာကိုက အဖိုးတန်မှန်းသိလို့ ပေါ့။ ဖြစ်မနေပါနဲ့ ငါလည်း တစ်ဂက်လှူထား

တာပါ။ မကျေနပ်ရင် မနက်ဖြန် ပြန်ဝယ်ပေးမယ်"

ပြုံးစိစိမျက်နှာတွေကြားမှာ အသင်္ချေကပဲ စိတ်ပုပ်သမား ဖြစ်ရပြီ။

ဒေါသက ကားပေါ်ကနေ မျက်စိမှိတ်ပြလိုက်သည့် တစ်ယောက်သော သူထံ ဒိုင်းခနဲ ရောက်သွား၏။

"တောက်"

ခါးနှစ်ဖက်ကိုထောက်ပစ်လိုက်တော့ ထိုသူက လိုက်ထောက်ကာ နှာခေါင်းပါ တွန့်ပြ၏။

ဆံပင်က ခပ်ပါပါး ရွှေအိုရောင် လူကပိန်ချင်ချင် ဖြူဖြူနွဲ့နွဲ့။

"သူတို့ က ဒီမှာ နေမယ့် သူတွေလား မတာ"

မတာက ခေါင်းညိတ်ခြင်းကို မျက်ခုံးရော

မျက်လုံးပါဝင့်ကာ မေးဖျားလေးလှဲ၍ မူမူနွဲ့နွဲ့လေး ဆောင်ရွက်သွား၏။

"ဟုတ်တယ် မေမေ့ကို နာမည်တွေပါ ပြောပြထားတာပဲ"

"မေမေပြောတော့ လူကြီးတစ်ယောက် ကလေးနှစ်ယောက်ပဲတဲ့ "

"ဟုတ်တယ်လေ"

ပြော၍ အတာက ပစ္စည်းချပြီးသည် နှင့် အလယ်မှာ ကုန်းကွအလုပ်ရှုပ်နေသည့် အမျိုးသမီးကြီးကို လက်ညှိုးထိုးပြကာ

"အဲဒီအန်တီက ဒေါ်မေမေချစ် သူက ရတီလှိုင်တဲ့ ဟိုကားပေါ်က စပို့ရှပ်ရဲရဲနဲ့ ဆံပင်ဝါဝါလေးနဲ့ ကောင်လေးက ကောင်းစျာန် နင်နဲ့ ဆိုရွယ်တူလောက်ပဲ သားအမိသုံးယောက်လေ သူတို့ က အန်တီချစ်ရဲ့ ကလေးနှစ်ယောက်ပေါ့"

လက်တစ်လုံးနှင့် ကပ်ချသွားပြန်ပြီ။

ရတီလှိုင်ဆိုသော အမျိုးသမီးဟာ မဂ္ဂျာအသက်လောက်တော့ ရှိလိမ့်မည်။ လမ်းသရဲလိုလို ဟိုကောင့်ရုပ်ကလည်း ကြည့်။

နောက်တစ်ချက် လှမ်းကြည့်လိုက်မိလျှင် ကောင်းဈာန်သည် ကားပေါ်က ဖျတ်ခနဲ ခုန်ချလာကာ ချက်ချင်း အနား ရောက်လာ၏။

"မိတ်ဆက်ပေးနေတာမို့လား ကျွန်တော်လည်း ပါတယ်လေ မတာ သူက မတာပြောပြောနေတဲ့ အသင်္ချေ ဆိုတာလား"

သူ့ဟာသူပြောပြီး သူပဲ မိတ်ဆက်၏။

ထိုအုပ်စုဟာ မတာတို့ နှင့်တော့ အတော်ရင်းနှီးကြပုံပါ။

အထူးသဖြင့် မတာနဲ့ ပဲ ဖြစ်လိမ့်မည်။ ထိုအခါကျမှ ရိုင်းပျစွာ လှည့်ထွက်သွားလိုက်ဖို့ စိ

တ်ကူးနေခဲ့သော အသချော် လက်ကို အတာက ဆုပ်ဖမ်းထားလိုက်ပြီး

"ဟုတ်တယ် ဟုတ်တယ် ကိုလေး ညီမလေးလေ၊ ကောင်းစျာန်လိုပဲ ဒီနှစ်ကျောင်းပြီးတာ"

"ဟုတ်လား ဘာနဲ့ ကျောင်းပြီးလဲ တို့ ကိုသိလား"

ရဲလိုက်တဲ့ မျက်နှာ ဖြူစုတ်စုတ်နှင့်

အသချော် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်နှာကို ဖျတ်ခနဲ လွှဲပစ်လိုက်လျှင်

"ဘယ်သိမလဲကွ မင်းကစကော်မှုတက္ကသိုလ်သူက ဓါတုကလျာလေ ...."

"ဟာဗျာ မတာက လုပ်ပြီ"

အသချော် မျက်နှာရဲခနဲ ဖြစ်သွားသည်။

မိန်းမသုံးယောက်၏ ရယ်သံတွေထဲမှာ ရ

တီလို့င် အသံက ပိုကျယ်၏။

သူ့မောင်ကို အဖက်မတန်သလို မပြောမဆို နေလိုက်သည့်အတွက် အလှည့်ကျတော့ အသေထုဖို့ စိတ်ကူးထားလိုက်ပုံရှိ၏။

အသချေ အားလုံးဘက်သို့ မျက်နှာကို ချက်ချင်း ပြန်လှည့်သည် ။

မဲ့ပြုံးနှင့် မာထန်နေသော မျက်နှာမှာ ရက်ရွံ့အားငယ်မှုတို့ စိုးစိမျှ မရှိဘဲ စိန်ခေါ်ကြည့်နှင့် ဖြစ်၏။

*

## အခန်း (၅)

မေမေနဲ့ ကိုလေးတို့ အပြင်ထွက်သွားကြသည် နှင့်အသင်္ချေ ဆေးလက်စ ဆေးဖုံးတွေကို တစ်ဖက်တစ်ချက်ဆွဲကာ နောက်ဖေးလှေခါး ထစ်ကလေးတွေ ထိပ်မှာ ချလိုက်သည်။

မေမေ အပြင်သွားခါနီးဆို ထမီလာထုတ်ပေးပါဦး မေမေ့ဖို့ ပန်းရွေးပေးပါဦး၊ ဘယ်ပဝါခြုံရမလဲ စသော တိုလီထွာလီတွေက ရှုပ်နေတော့သည်။

အသင်္ချေ ကိုယ်တိုင်ကလည်း မေမေ့ကို သူမကိုယ်တိုင် ဂတ်စား ပြင်ဆင်ပေးပြီးမှ ထွက်သွားတာကို နောက်ကနေ တစ်စတစ်ဆုံး လို

က်ကြည့္

ေပ်ာက္သြားၿပီဆိုမွ လုပ္စရာရွိတာ ဆက္လုပ္။

ဒီလိုပဲ အက်င့္ပါေနၿပီျဖစ္သည္ ။

ထို႔ေၾကာင့္ မနက္ကတည္းက မၿပီးႏိုင္ မစီးႏိုင္ ဆေးနေသည္ ဆေးပုံးတွေကို မေမေ ရေချိုးပြီးသည် နှင့် ကျကျနနပစ်ထားခဲ့လိုက်သည် ။

ခုမှ သေသေချာချာ ပြန်ကိုင်ဖို့ နောက်ဖေးတံခါးနားမှာ ထိုင် ဖြစ်၏။

ဒါပြီးလျှင် ရေမိုးချိုးပြီး ဟိုဘက်ခြမ်းကို သွားကြည့်ရဦးမည်။

မျက်နှာစာမှာ ဆေးခန်းဖွင့်ဖို့ ကိစ္စက ခြံဝန်းကို ဘယ်နေ့ဖျက်မှာ လဲ ဘယ်လိုပြင်မှာ လဲ မေးရမည်။

သူတို့ ကလည်း ပြောင်းရွှေ့ကာစမို့ထင်သည် ဆေးခန်းဖွင့်ဖို့ ကိုသိပ်အားသန်ပုံ မရသေးပြီးတော့ ဒေါက်တာက ရန်ကုန်ကပေမယ့် ဟိုတစ်ယောက်ကတော့ ဧည့်သည် ဟု ဆိုသည် ။ ရောက်ကတည်းက ထွက်လိုက်တဲ့ အပြင်။

အသင်္ချေသူရှိသည့်အချိန် အကြောင်းပြကောင်းအောင်နှင့်ကူးသွားဖို့ နေ့စဉ်အကြံတွေထုတ်ရ ကြံစည်ထားရပြီးတော့လည်း လက်လျှော့ရသည် ။

သူက အိမ်မှ မကပ်တာ။

ဒီတစ်ခေါက်တော့ ကြည့်နေပါ။

သူရောက်တာနဲ့ သွားပြီးသားပဲ။

မြင်လျှင်လိုက်ကြည့်ရ ပြေးချောင်းရဆိုလည်း ဟုတ်သည် ။ မမြင်လျှင် မြင်ရအောင် ဆွဲဖွဲ့ထားလိုက်ရုံသာ ခုတော့နံရံကြီးကို လိုသလောက် ဖောက်ဖြဲပစ်လို့ မရ။

ဝေးဝေးနေလေ ပိုချောလေ ... ကြည့်ပြီးရင်းကြည့်ချင်ရင်း အသခ်ျသကၠတမ်းတစ်လျှောက် မြင်ဖူးသမျှ ယောက်ျားတွေထဲမှာ တော့ ထို ယောက်ျား လောက် ချောမော ပြေပြစ်တာမရှိသေး။

ဆေးဖုံးကိုဆေးရင်း အသခ်ျ နှုတ်ခမ်း တွေ ပြုံးချိုနေသည် ။

သူ့မျက်နှာကို ပြန်မြင်မိတိုင်း နှုတ်ခမ်းကို ဘယ်လိုမှ စေ့ပိတ်ထားလို့ မရ။

ကြည်နူးသလိုလို ရင်ဖိုသလိုလို ပြုံးမိတာ ကတော့ အမှန်ပဲ ဖြစ်သည် ။

ဆေးပုံတစ်ပုံ ပြီးသွားတော့ ရေဆိုးတွေကို တစ်ပုံးထဲပြောင်းထည့် ဆက်ဆေး မျက်ဂန်းနှင့်လက်တို့ က ပုံမှန်လှုပ်ရှားနေသလောက် စိတ်ကလည်း သူ့ထံသို့သာ ပုံမှန်ရောက်နေသည် ။

အသချေ သူ့ကို ခင်ချင်သည် ။ ခင်မင်ရင်းနှီးစွာ နေခြင်းဖြင့် သူ့ထံမှ အလိုလိုက်မှုကို လိုချင်မိသည် ။

ဒီတစ်ခါတော့ သူမကပဲ အလျှော့ပေးမည်။

ခေါ်ခေါ် မခေါ်ခေါ် ဖွတ်ခေါ်ဖို့ ဆုံးဖြတ်၏။

ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်သွားကာ နေရာမှ ဖျတ်ခနဲထ၍ ဆေးဖုံးထဲက ရေတွေကို တိုက်၏ ထောင့်သို့ လွှဲပက်ပစ်လိုက်သည် ။

"ဖျန်း"

"ဟာ သွားပြီကွာ"

"ဟယ် ... သူ ...."

မထင်မှတ်ခဲ့ပါ။ အသချေလက်ဖျားလေးတွေ ပါးစပ်ထဲထည့်ကာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည် ။

ခြစ်ချထားသည့် ဆေးသားဖတ်တွေကော

ဆီဝေ့နေသည့်ရေတွေစိုရွှဲကာ သူ့မျက်နှာသည် မီးထွက်မတတ် မျက်လုံးများ နှင့် ဖြစ်၏။

"အသချော်"

"ကို ... ဟို ... ဟို ...အသချော်..."

တောင်းပန်ပါတယ်ဟု မပြောရဲဘဲ စကား က ထစ်အသွား၏။

သူသည် စူးစူးရဲရဲ စိုက်ကြည့်နေပြီးမှ တက် တစ်ချက်ခေါက်၍ ချာခနဲ ပြန်လှည့်သွားသည် ။

"ဦး ... အဲ ... ကို ... ခဏ"

အသချော် နောက်ကနေ ပြေးလိုက်ခဲ့မိသည် ။

ပြောဖို့ စကားက ပါးစပ်ထဲမှာ ပါမလာဘဲ သူ့ရှေ့မှာ လူက ပိတ်ရပ်လိုက်မိလျှင်

"ဖယ်စမ်း ..."

သူက အသချော်ကို လက်မောင်းတစ်ဖက်အား ခပ်ဆောင့်ဆောင့် တွန်းပစ်လိုက်၏။

"မင်းဟာ ဘယ်ရှုထောင့်က ကြည့်လို့မှ အဆင်ပြေတာ မရှိဘူး၊ မိန်းမကောင်း ပီသတာ မရှိဘူး၊ ငါ့ကို ဘယ်တော့မှ လာမတောင်းပန်နဲ့ ... မင်း အထပ်ထပ် အခါခါ တောင်းပန်ရဲတိုင်း ငါက ခွင့်လွှတ်ပေးနေမှာ မဟုတ်ဘူး ..."

သူက ကလေးများ လို ထွီခနဲ တံတွေးထွေးတော့မတတ်။

သူမကိုယ်ကို ရွံရှာသလို ရှောင်ထွက်သွား၏။

ခွင့်မလွှတ်ဘူးတဲ့ လား ကိုကိုရယ် ....

မျက်ဝန်းမှာ ရေပူစမ်းတို့ ဝေ့ခနဲ ပြေးတက်၏။

သူနဲ့ ဆုံတိုင်း ငါဘာဖြစ်လို့ ပျာယာခတ်နေ

ခဲ့တာလဲ။

ငါရဲ့ ပျာယာခတ်မှုတွေ ဘာဖြစ်လို့ သူနဲ့ ကူးစက်ဆက်နွယ် နေရတာလဲ ... တွေ့တိုင်း သူ့ကိုချည်း ဒုက္ခပေးသလို ဖြစ်ခဲ့တာ တမင်တကာမှ မဟုတ်တာ ဒါကို ဘယ်လိုရှင်းပြရမလဲ။

ခွင့်မလွှတ်နိုင်ဘူးဟု သူက ကြေညာသွားခဲ့ပြီပဲ ရက်စက်လိုက်တာ ကိုကိုရယ်၊ ရင်ထဲမှာ ကိုကို ဆိုသည့် နာမ်စားလေးကို မြတ်နိုးစွာ တမ်းတမိသည် ။

သူ့ကို ရင်းနှီးချစ်ခင်ခွင့် မရှိတော့ဘူးလား။

မျက်ရည်စက်တို့ ပေါက်ခနဲ ကြွေဆင်းသွား၏။

ရ င ်ထ ဲမ ၂၁ အူလှိုက်အသည်းလိုက် ပူလောင်ခြင်းက ဘာနဲ့ မှ မတူခဲ့။

*

## အခန်း (၆)

"ကလေးမလေးက သွက်သွက်လက်လက် ချောချောလှလှလေးပါကွာ မင်းကလည်း ကိုယ့်ထက်ငယ်တဲ့ သူပဲ လွန်တာကျူးတာရှိလည်း ခွင့်လွှတ်လိုက်ပါ"

"ခွင့်လွှတ်လို့ ဘယ်လိုမှ မရတော့တာ လေးလေးရ တော့်တော့်ကို ဆိုးသွမ်းတာဖြစ်သမျှ ရုပ်ပျက်ဆင်းပျက်ကြီးပဲ ခုဟာကတော့ အဆိုးဆုံးပဲ နံ့ကနံ့ ဆီတွေက ချွတ်မရနဲ့ ဝတ်စုံတစ်စုံ လွှင့်ကို ပစ်လိုက်ရရော"

"ဒါလေးကိုကွာ"

"နှမျောလို့ မဟုတ်ဘူး ၊ ဒေါ်သထွက်တာ

ဘယ်တော့မှ မမြင်ချင် မတွေ့ချင်အောင် လုံ လောက်သွားတာ အဲဒီဟာလေးကို သည်းခံဖို့ လေးလေး လာမပြောနဲ့ ”

ပြောရင်း လေသံက မာလာခဲ့သည် ။

ရင်ထဲမှာ အဲဒီလောက်ထိ ဖြစ်ခဲ့တာ။

ခြံ ရှေ့မှာ ဆေးခန်းဖွင့်ဖို့ နေရာအတွက် သေချာထိုင်ကြည့်ရင်း အသင်္ချေ ကားမောင်း ဝင်သွားတာတွေ့၍ စပ်မိပြောမိကြခြင်း ဖြစ်သည် ။

အသင်္ချေကို လှမ်းမြင်တော့

“အဲဒီ ကလေးမလေး တော်တော်ချစ်စရာ ကောင်းတာကွ၊ အသားနီနီ မျက်လုံး နက်နက် လေးနဲ့ ဆိုတော့ ဘိုဆန်ပြီး မြန်မာလိုလှတယ်၊ စကားပြောတာ ရယ်တာလည်း ကလေးဆန် တယ် အင်း … ငါ့မိန်းမ တကယ်ဂတ္တရားမ ကျေခဲ့ဘူး။ တကယ်ဆို မသေခင် ဒီလို ချစ်စ

ရာကောင်းတဲ့ သမီးလေးတစ်ယောက် မွေးပေးခဲ့ဖို့ ကောင်းတာ၊ ဘဝမှာ ဆည်းလည်း လေးကျန်ခဲ့တာပေါ့၊ ခုတော့ ငါ့မှာ မင်းတို့လို ဂျစ်ကန်ကန် ပြောမရဆိုမရ ကောင်တွေကိုပဲ အမိအရ ပုဆိုးဆွဲချစ်နေရတာ”

ဦးလေးဖြစ်သူက စိတ်ပျက်သံနှင့် ညည်းသေးသည် ။

ဒီဟာလေးကိုများ တမ်းတမ်းတတ အချဉ်ခံရှိထားသည့်စိတ်နှင့် သူနှုတ်ခမ်းမဲ့ပြီး တစ်ဘက်လှည့်ပစ်တော့ ဦးလေးက မြင်သွား၏။

ထိုမှ စကာ သည် အကြောင်းသို့ရောက်ခဲ့ခြင်း ဖြစ်သည် ။

ဟိုနေ့က နောက်ဆုံးဖြစ်ခဲ့သည့် ပြဿနာအထိ ဦးလေးကို သူ ပြောပြထားပြီးသား။

ဦးသန့်ဇင်က ဆောင့်ကြောင့်ထိုင်နေရာမှ သ ူဘော းမ ၂၁ ယှဉ်ထရပ်၍ တိုက်ကြီးဆီ

လှမ်းကြည့် လိုက်သည်။

"မင်းမာမီ ပေးစားတဲ့ မိန်းမကို မယူချင်ရင် ရန်ကုန်မှာ အခြေချဖို့ ကြိုးစားပါလားကွ ...."

သူ နှုတ်ခမ်းမဲ့၍ ငြိမ်သက်နေလျှင် ...

"ဥပမာကွာ မိန်းမဆိုတာ ကိုယ့်ရင်ကို လှုပ်ခတ်စေဖို့ ပဲ မဟုတ်လား သွက်သွက်လက်လက် နုပျိုတဲ့ အရွယ် လှလှပပ ချစ်စရာလေးမျိုး ပေါ့ ငါသာရွေးပေးရမယ်ဆိုရင် ..."

"လေးလေး ...."

သူ့အသံကြီး ဟိန်းထွက်လာသည် နှင့်ဦးသန့်ဇင် မျက်နှာ ပြုံးယောင်သမ်းလျက် လှည့်လာသည်။

"ဘာလဲ"

"လေးလေး ဘာကိုရည်ရွယ်ပြီး ပြောနေတာလဲ မရဘူးနော်၊ စကားထဲတောင်

ထည့်မပြောနဲ့ မျက်စိထဲမှာ ကော ပါးစပ်ထဲမှာ ကော တကယ်ခါးနေတာ"

"အင်း .... မစရသေးဘူး၊ ဆိုးနေပြီ .... မင်း ကလည်း အဲဒီလို အစွန်းမရောက်ရဘူးကွ၊ ဒါမျိုးကောင်တွေ အထိနာတတ်တယ်"

"တော်ပြီ လေးလေးပဲ ဆက်ကြည့်တော့ ကျွန်တော် သွားပြီ"

သူ ထွက်လာခဲ့သည် ။ အဲဒီ ကောင်မလေး ကို သူ ဘယ်လိုမှ ကြည့်မရပါ။

စတာ နှောက်တာလေးတောင် မကြိုက်။

ပညက်သွားရာ ဓါတ်သက်ပါတဲ့ ဒီစကား တွေနဲ့ စနှောက်သင့်သလား ...

လေးလေးက အဲဒီကောင်မလေးကို တကယ်ချစ်နေတာ

ရှုပ်ရှုပ်ရှက်ရှက်တွေ ပတ်သက်ဖို့ ဖြစ်မလာ

ဘူးလို့ ပြောလို့ ရမလား။

သူ အပေါ်ထပ် ပြန်တက်ခဲ့ရင်း ရှိုးကေ့စ်ပေါ်မှာ တင်ထားသည့် ကင်မရာကိုယူကာ ဝရန်တာဘက် ထွက်လာခဲ့သည် ။

ကင်မရာမှာ ခလုတ်တစ်ခု ချော်နေသဖြင့် ပြုပြင်ရန် ဖြစ်သည် ။ ဝရန်တာဘေးတန်းမှာ တင်ပါးတစ်ခြမ်းမေးထိုင်ကာ နံရံကို ကျောမှီ၍ သူကင်မရာကို သေချာစမ်းကြည့်သည် ။

ဓါတ်ပုံရိုက်တာတော့ သူဝါသနာပါသည် ။ ပြီးတော့ ကိုယ့်အိမ်မှာ ပဲ ကိုယ်ဆေးသည် ။ ပြို င်ပွဲဝင်ဖို့ ဘာညာထိ မဟုတ်ပေမယ့် တစ်ခါတလေ ဓါတ်ပုံကို ပန်းချီပြန်ဆွဲတာမျိုးလည်း ရှိ၏။

တကယ်က သူ့ရည်ရွယ်ချက်ဟာ မျိုးရိုးစဉ်ဆက်အတိုင်း ဆရာဝန်ဖြစ်ဖို့ သာ။ စာမေးပွဲဖြေခါနီးမှာ သူငယ်ချင်းတစ်ယောက် ရန်ဖြစ်

သည့် ရန်ပွဲမှာ သူပါငြိပါပြီး ခေါင်းရိုက်ခံခဲ့ရသည် ။

စာကြည့်ချိန်တွေ လျော့ပါးကာ ဆေးတက္ကသိုလ်နှင့် လွဲခဲ့ရ၏။

စက်မှုတက္ကသိုလ်နဲ့ ပဲ ဘွဲ့ရခဲ့ပြီး ဘာအလုပ်မှ မလုပ်ဘဲ နေခဲ့တာ ခုချိန်ထိ။ မာမီတို့ ကလည်း ဘာမှ မခိုင်းခဲ့ပါ။

စီးပွားရေးလုပ်ငန်းတွေ ရှိပေမယ့် ဦးစီးပါလား၊ ဝင်ကူပါလားဟု မပြောနားပူအောင်ပြောတာ တစ်ခုပဲ ရှိသည် ။ မိန်းမယူဖို့ ...

"မာမ့်သားက လူချောကလေး မိဘကစည်းစိမ်အပြည့်ဆွေသန့်မျိုးသန့် မိန်းကလေးတွေ မျက်စိကျကြမှာ မာမီလုံးဝ စိတ်မချဘူး" ဟု ဆိုကာ ကျောင်းတက်ဖို့ လွှတ်တာတောင် ကိုယ်ရံတွေ အပြည့်နှင့်ဖြစ်သည် ။

နောက်ကလိုက်သူ သတင်းပို့သူတွေ ရှုပ်လို့ ။

လက်ထပ်ပေးဖို့ စိတ်ကြိုက်မိန်းကလေး တွေလည်း ရွေးပါသည် ။

ဒါပေမဲ့ သူကလည်း တာဝန်ကျေစွာ ခေါင်းခါခဲ့မြဲ။

နောက်ဆုံး ဒီတိုင်းတော့ မနေရ။

"ကတိပေးသား သားသဘောကျ ရွေးမယ်ဆိုရင် မာမီ ခွင့်ပြုမယ်။ မျိုးရိုးသန့်ရမယ်၊ အဆင့်အတန်း မနိမ့်ရဘူး၊ ချောပေ့လှပေ့ ဆိုတာမျိုး ဖြစ်ရမယ်။ ပညာတတ်ရမယ်၊ စိတ်ဓါတ်အားဖြင့်မြင့်မြတ်ရမယ်၊ ဘယ့်နှယ်လဲ"

တောင်းလိုက်တဲ့ ကတိတွေ ဘာလိုသေးလို့လဲ။

"ကတိကတော့ နည်းနည်းပဲ သေချာစဉ်း

စားပါဦး၊ မာမီ့ဘက်က အချက်အလက်တွေ စုံ ရဲ့ လားလို့ ”

သူ ရယ်မိသေးသည် ။

“မရယ်နဲ့ သား။ ဒါဖြစ်ကိုဖြစ်ရမယ့်ကိစ္စ ချ မ်းသာဖို့ ဆိုတာ လိုအပ်ပေမယ့်နိမ့်တာမြင့်တာ မာမီ့ဘက်က လျှော့ပေးလို့ ရတယ်။ အမိကက စိတ်ဓါတ်စည်းကမ်း ပါလာဖို့ ပဲ ပြီးတော့ မိဘ မွေးချင်း လုံးဝသန့်ရမယ်”

“မင်း ကတိမပေးဘူးလား၊ မပေးဘူးဆိုရင် သန့်စင်နဲ့ သွားနေဖို့ ကိစ္စ မာမီ ခွင့်မပြုနိုင်ဘူး”

ထိုအခါကျမှ သူကတိပေးခဲ့သည် ။

အဲဒါကျတော့ ကိုယ်ခရီးထွက်ခဲ့တာကပဲ ဖူး စာရှင်ရှာသလိုကြီး။

ဦးလေးကလည်း မိန်းမဆုံးသွားပြီးမှ ထိုတို က်မှာ မနေချင်တော့ဘူးဟု တယူသန်လျှက်

ကိုယ်ပိုင်သည့် ခြံကြီး တိုက်ကြီးကို ပိတ်ကာ တိုက်ခန်းလျှောက်ငှားသည် ။

"ကိုယ်ပိုင်ရှိသားနဲ့ လေးလေးရာ လေးလေးလုပ်တာနဲ့ ကျွန်တော်ပါ အိမ်ခြေရာခြေ မဲ့ရပြီ၊ ဆရာဝန်ကြီးဖြစ်ပြီး အိမ်ပိုင်တောင် မရှိဘူးဆိုတာ လူအထင်သေးဦးမယ်"

"သေးသေးကွာ မသူဇာရဲ့ အရိပ်တွေ ပြည့်နေတဲ့ အရပ်မှာ ငါမနေချင်ဘူး၊ အိမ်မပြောနဲ့ သူနဲ့ သွားလာဖူးတဲ့ နေရာတွေတောင် နောက်ထပ်မသွားဘူး"

"လေးလေးက အသည်းနုတာပါ၊ လူပျိုဖျန်းကလေး ကျနေတာပဲ"

သူကတော့ လေးလေးကို ပြောရဲဆိုရဲ ရှိခဲ့သူမို့ ဒီအတိုင်းပဲ ဝေဖန်သည် ။

"လူပျိုဖျန်းကလေးမှ ချစ်တတ်တာ မဟုတ်ဘူး ကွ၊ မသူဇာနဲ့ ငါက လူပျိုကြီး ၊ အပျိုကြီး

ညားကြတာ ကြီးပေါင်းပေမယ့် သိပ်ချစ်တာ၊ ရင်ထဲမှာ အချစ်ဆိုတာ အမှန်မသိခဲ့ကြသူချင်း အသန့်စင်ဆုံး ချည်နှောင်ခဲ့ကြတာ မင်းယုံလား။”

လေးလေးက ထိုကိစ္စအတွက် အတိုက်အခံပြောကြပြီဆို အသံတွေ အက်ကွဲတုန်ယင် လာသည် အထိ ခံစားတတ်ရှာ၏။

သူ လေးလေးကို ကိုယ်ချင်းစာပေမယ့် မာမီကတော့ ထိုသတင်းကြားသည် နှင့် ဖုန်းတဝွမ်ဝွမ်ဆက် ဒေါသတွေထွက်။

“ဟိုမှာ မနေကြတော့ အခု ဘယ်မှာ နေနေကြလဲ သန့်ဇင်ကို ဖုန်းပေးလိုက်စမ်း၊ ဒီကောင်ငါနဲ့ တွေ့ဦးမယ် မောင်နှမလေး နှစ်ယောက်ပဲရှိတယ်၊ တိုင်တိုင်ပင်ပင်မရှိဘူး။ ကိုယ့်ရာထူးကိုယ့်အသက်အရွယ်နဲ့ ဒီလို ထင်ရာစွတ်လုပ်လို့ ရမလား၊ ဘာလဲ မိန်းမသေတာ သူပါ လို

က်သေတော့မလို့ လား။"

မာမီက ဒေါသထွက်လို့ မဆုံး။

ခုလည်း မကျေနပ်ပါ ... ဒယ်ဒီ ပင်စင်ယူမ ည့်ကိစ္စကြောင့်သာ လိုက်မလာဖြစ်တာ။

"ငါ့တူ မင်းငါ့ကိုချစ်ရင် ဒီလိပ်စာ မမကို တော့ သွားမပေးနဲ့ နော် ငါ ဒီတိုင်းလေး နှစ်နှ စ် သုံးနှစ်လောက် အေးအေးနေပါရစေ"

"ပြီးရင်ကော အဲဒီလောက်ကြာကြာ မာမီ့ ကို ဖုံးလို့ ရမလား"

"ရတယ် မင်းပြန်ဖို့ ပဲ စဉ်းစား မင်း မရှိရင် ပြီးပြီ"

လေးလေးက မာမီ့ဖုန်းဆိုလည်း ဘယ် တော့မှ မကိုင်။

"မင်းဟာမင်း ပညာသုံးနော် ငါ့ကို ဖုန်းကိုင် ဖို့ ပြောလာရင်တော့ ငါ့ငြိမ်းချမ်းမှုကို ငါက

ဘာနဲ့ ပဲ တိုက်ယူရ ယူရ ...” ဟု အပြတ်ပြော ထားသည် ။

ဒီတော့လည်း နေပေါ့ လေးလေးနဲ့ သူနေဖို့ အတွက်က အိမ်ပိုင်ဘဝနဲ့ ဖြစ်ဖြစ် အိမ်ငှားဘဝပဲဖြစ်ဖြစ် ပြဿနာမရှိ။

အဓိကက မာမို့နားပူမှုက ခဏလေး ဖြစ်ဖြစ် ချမ်းသာဖို့ ။

ရန်ကုန်ရောက်မှ သူ ဘယ်မှ လည်း မထွက်ဖြစ်သေး။ ကင်မရာထဲမှာ လည်း ဓါတ်ပုံတစ်ပုံမှ မရှိသေးပါ။

ကျောင်းသားဘဝက နေဖူးခဲ့သော ရန်ကုန်ဟာ ဟိုးအဝေးကြီးမှာ ကျန်ခဲ့သည့် ခြေရာတစ်ခုလို ကိုယ်နဲ့ မနီးစပ်ခဲ့သလိုပါပဲ။

ကေ ၂၃င ်းမ ၂၁ အပေါင်းအသင်းလည်း များများ စားစား မထားခဲ့ရ။

ဟိုဒီ အုပ်စုလိုက် ထွက်ဖို့ သွားဖို့ ဆိုတာ ဝေး။

"ကျောင်းပြီးတာနဲ့ မိန်းမခိုးလာကြတာတွေ အများကြီးပဲ၊ ငါ့သား ဒီလို မဖြစ်စေရဘူး"

မာမီ့ တယူသန်မှုကြောင့် တက္ကသိုလ်ကျောင်းသား ဖြစ်ခဲ့ဖူးတာက လက်ညှိုးထိုးပြရအောင် ရင်ထဲမှာ လွမ်းမောကျန်ခဲ့စရာဘာမှ လည်း မရှိခဲ့။

ကင်မရာကို သေချာပြန်တပ်ပြီး ဦးလေးရှိရာကို လှမ်းမော့ကြည့်လိုက်မိစဉ် မျက်လုံးထောင့်မှာ ချပ်ခနဲဆို ဝင်းလက်သွား၏။

စိတ်က ဟာင်ခနဲဆို မျက်လုံးက ချက်ချင်း ရောက်သွားသည် ။

အသင်္ချေ လက်ထဲမှာ ကင်မရာလေးနဲ့ သူ့ကို ပခုံးလေး တွန့်ပြသည် ။

"မင်း"

ခါးသာသာရှိသော သံပန်းစကာချပ်နှင့်ကာထားသည့် တန်းပေါ်လက်ထောက်ကာ သူလှွားခနဲ ခုန်ကူးလိုက်၏။

လသာဆောင်က တစ်ဆက်တည်းပါ။

သူတို့ ငှားပြီးမှ ဟိုဘက်ဒီဘက် ကန့်ပေးထားတာ ဖြစ်သည် ။

သူ ကူးလာမည်ဟု ထင်ထားပုံမရသော အသ ခေ်ျမှာ ပါးစပ်ကလေး အဟောင်းသားနှင့် ကြောင်ငေးသွားပြီးမှ နောက်ကို ဖျတ်ခနဲ လှည့်ပြေးသည် ။

"ဟေ့ မပြေးနဲ့ နော်"

"ဟင့်အင်း"

ကင်မရာကိုင်ထားသည့် လက်ကိုသူ မိမိရရ ဖမ်းဆုပ်မိလိုက်၏။

အသချော် ကင်မရာကို လက်ကလေး လိမ်ကောက်ပစ်ရင်း ဝှက်ဖို့ ကြိုးစားသည် ။

"လွှတ်လိုက်စမ်း"

"မလွှတ်ဘူး ဖယ်နော် အ ... သေပြီ"

"မနာချင် လွှတ်လိုက်"

"ဟင့်အင်း"

ဓါတ်ပုံလေး ရိုက်မိတာကိုများ ဆတ်ဆတ်ခါ ဖြစ်နေသည့် သူ့ကို အသချော် မကျေနပ် ဂမ်းလည်း နည်းမိသည် ။

မာနစိတ်လေးနှင့်လွှတ်ပေးလိုက်ပါလားဆိုတော့လည်း မလွှတ်ရက်နိုင် ...

"ကိုကိုဖယ်နော် အသချော် အော်လိုက်မှာ "

ရင်ထဲက အသံတွေ အပြင်ကို လျှံထွက်သွား၏။

ကင်မရာကို လိုက်လုနေသည့် သူ့လက်တွေ

အနည်းငယ် နေးကျသွားသည်။

"ဘာလဲ မင်းကိုဘယ်သူက အဲဒီလို ခေါ်ခိုင်းလို့ လဲ ရှုပ်ရှုပ်ယှက်ယှက် လာမလုပ်နဲ့ ကင်မရာပေး"

"မပေးနိုင်ပါဘူး ဒီထဲမှာ ဒို့ပြင်ပုံတွေ ရှိသေးတယ် ကိုကိုဖယ်နော်"

နှစ်ယောက်ကြားကနေ ကင်မရာက ဒေါက်ခနဲ ပြုတ်ကျသွား၏။

သူအမိအရ လိုက်ကောက်သည်။

အသချော်က သူ့ထက်ဦးအောင် အတင်းလိုက်လုလျှင် ဘေးမှာ ကပ်နေသည့် ဝရန်တာသံတန်းနှင့် နဖူး ဒုတ်ခနဲဆောင့်မိ၏။

"အား"

"ဟာ"

အသချော် ငိုက်ကျသွားတော့ သူ လှမ်းပွေ့လို

က်၏။

"ဟော့ ဟောဗျာ သွေးထွက်ပြီ"

သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

နဖူးချိုစောင်း နေရာမှာ သွေးစီးကြောင်းတစ်ခုက ရဲတင်းစွာ လိမ့်ကျလာသည် ။

"ဟော့ ...အသခ်ျ...အသခ်ျ"

ရုတ်တရက် သူ့လက်ထဲမှာ ပျော့ခွေကျသွားသည့်အသခ်ျ မျက်နှာလေးမဲ့ကာ လူးလွန့်လာ၏။

"အား နာလိုက်တာ"

ညည်းညူရင်း လက်က နဖူးဆီရောက်လျှင်

"ဟင်"

လက်ဖဝါးကို ကမန်းကတန်း ကြည့်လိုက်တော့ သွေးတွေ။

"သွေး ... သွေးတွေ"

သူမ ဒီလောက်မက်မောခဲ့တာကို ဤမျှထိ သူတွန့်တိုလှပါလားဟု တွေးမိကာ မျက်ရည်စက်တို့ ခုန်ပေါက်ဆင်းချလာကြသည်။

မုဆိုးဒူးထောက်ထိုင်လျက် ပွေ့ထားသည့် သူ့လက်တွေထဲကနေ ရုန်းထွက်လိုက်ပြီး ကင်မရာကိုကောက်သည်။

"ရော့ ထုတ်ယူပါကိုကို ဖျက်ဆီးပစ်လိုက်ပါ ကိုကို ဒီလောက်မပေးချင်တာကို အသချော် မယူတော့ဘူး"

ရှိုက်ငို၍ အသချော် ထရပ်လိုက်တော့ သူပါလိုက်ရပ်သည်။

မျက်ခုံးစပ်ကို စွန်းထင်းစေပြီးမှ ပါးရိုးပေါ်ထိ ကွေ့ဝိုက်ဆင်းကျသွားသော သွေးစီးကြောင်းနှင့် မျက်နှာလေးကို ကြည့်ကာ သူစိတ်မကောင်းဖြစ်သွားမိ၏။

ကင်မရာကို လက်ထဲအတင်းထည့်ပေးတော့ ကင်မရာကိုမယူဘဲ အသချော် လက်ကောက်ဝတ်လေးကို သူ ဖမ်းဆွဲထားလိုက်သည် ။

“ဓါတ်ပုံရိုက်တယ်ဆိုတာ ကလေးကစားစရာ မဟုတ်ဘူး အသချော် မင်းဘာမသိ ညာမသိ လျှောက်လုပ်မှာ စိုးလို့ တောင်းတာ မင်းဘာလုပ်ဖို့ လဲ”

အသချော်သူ့ကိုမျက်ရည်ပြည့်လွှမ်းနေသော မျက်ဝန်းတို့ ဖြင့်စူးစူးလေးကြည့်သည် ။

“အသချော် နေ့တိုင်းညတိုင်း ကြည့်နေချင်လို့ ...”

တိုးတိုးလေးပြောတော့ သူမျက်နှာပျက်သည် ။

တွန့်ခနဲ ကုတ်ဆင်းသွားသည့် မျက်ခုံးတို့က မလိုလားခြင်းကို သိသာစေသည် ။

သို့သော် သူဘာမှ မပြောဘဲ တစ်ဘက်သို့ ပြန်ကူးသွားခဲ့၏။

အသချော်သည် ပခုံးတက်ဖက်ပေါ် တတော က်တောက် စီးကျနေသော သွေးတို့ ကို ရုတ်တ ရက် အမှတ်မထားမိဘဲ ကင်မရာလေးကို မြ တ်နိုးစွာ ငေးကြည့်နေခဲ့သည် ။

ကိုကို့ကို အသချော် ချစ်လိုက်တာ။

*

## အခန်း (၇)

ပန်းခူးဖို့ လှမ်းလိုက်မိသည့်လက်က ဂင်းခ နဲ့ဖြစ်သွားသည့်မီးရောင်ကြောင့် လှည့်ကြည့် လိုက်မိသည် ။

"ဟင်"

ကြည့်စမ်း သူမ ဝင့်လိုက်တာ မြန်လှချေ လား။

အလွန်ကြည့်မရ အမုန်းဆုံးမျက်နှာနှင့် ထို သူသည် လက်ထဲမှာ ကင်မရာနှင့် စပ်ဖြဲဖြဲ။

"တကယ်လှတယ် ဘယ်လိုမှ ကို မနေနိုင် လို့ ရိုက်လိုက်တာတစ်ပုံတည်း"

မျက်နှာပြောင်ပြောင်နှင့်ပြောပြီး ရှေ့ကို လျှောက်လာသေးသည်။

ထို့ပြင် ပုစွန်ဆီရောင် ဆွယ်တာလက်ရှည်နှင့် ဆံပင်တွေ ဖားလျားဖြန့်ချထားသည့် အသချော်ကို စူးစူးရဲရဲ စိုက်ကြည့်၏။

"ဘာဆုတောင်းတွေနဲ့ ဒီလောက်လှနေတာလဲ အသချော်တကယ်လှလို့ ချီးမွမ်းတာပါ ဝတ်ထားတာလေးနဲ့ အသားရောင်ကခွဲလို့ ကို မရဘူး သိပ်လှတဲ့ ပုစွန်ဆီရောင် နှင်းဆီပွင့်ချပ်လေးလိုပဲ"

"တော်စမ်း နင့်ကိုဘယ်သူက ခွင့်ပြုလို့ ဓါတ်ပုံရိုက်တာလဲ ခုထုတ်ပစ်"

"လိုချင်လို့ ခိုးယူထားရတာ ဘာဖြစ်လို့ လွှင့်ပစ်ရမှာ လဲ ဒါမှ နေ့နေ့ညည ကြည့်လို့ ရမှာ ဓါတ်ပုံလေးပဲကွာ ဖြစ်နေလိုက်တာဟွန့်"

"တောက် ... တော်တော် ရှုံ့စရာကောင်းတဲ့

မျက်နှာ"

"အဲဒီလောက်တော့ မဟုတ်လောက်ပါဘူး ကွာ သူငယ်ချင်းတွေက ပြောကြတယ် ကိုယ့်ကို အာဇာနည်နဲ့ တူတယ်တဲ့ "

"ထွီ"

အသခ်ျေ ဆံပင်ဖျားလေးတွေ ဝေ့ခနဲခါသွားသည် အထိ လှည့်ထွက်ခဲ့သည် ။

ကောင်းစျာန်က အူယားဖားလျား ပြေးလိုက်လာကာ

"အသခ်ျေ ခဏလေးပါ မင်းမကြိုက်တာတို့ မပြောတော့ဘူး ခဏလေး စကားကောင်းပြောစမ်းပါ"

"အံမာ လူပါးဝလို့ ဟဲ့ကောင် နင် ငါ့ရှေ့က ဖယ်နော်"

"ဟား ပြောပုံက ရင့်လိုက်တာကွာ နည်းန

ည်းလေး ဒေါသလျှော့ပါလား”

အသခ်ျေကလည်း မရပ်။

ဒေါသဖြစ်ဖြစ်နှင့် ခြေလှမ်းမြန်မြန် လျှောက်နေသလောက် ကောင်းစျာန်က နောက်ပြန်လျှောက်ကာ မျက်နှာကိုကြည့်၍ လိုက်နေ၏။

“အသခ်ျေ”

“နင် ဖယ်နော်”

အသခ်ျေ စိတ်တစ်ချက်လွတ်ကာ ကောင်းစျာန်ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။ ဖြစ်စေချင်သည် က သင်း နောက်ပြန်ဖင်ထိုင်လဲကာ ပုံပျက်ပန်းပျက် ဖြစ်သွားစေဖို့ ဖြစ်၏။

ဒါပေမဲ့ ကောင်းစျာန်က အသခ်ျေ လက်ကောက်ဝတ်ကို ဖတ်ခနဲ ဖမ်းဆုပ်ကာ သူ့ကိုယ်သူ ထိန်းလိုက်၏။

အဆွဲခံလိုက်ရသည့်အရှိန်နှင့် အသခ်ျေရှေ့

ကို ငိုက်ပါသွားပြီး ရင်ဘတ်ချင်း ထိကပ်မတ တ် ကတိမ်းကပါး ဖြစ်သွား၏။

"လူရမ်းကား ငါ့လက်ကိုလွှတ်စမ်း"

မျက်လုံးထဲမှာ မီးပွင့်သွားသည် ။ လက်တ စ်ဖက်က ရိပ်ခနဲ လွင့်တက်သွား၏။

"ဟာ ... မင်း"

ကောင်းစျာန် မျက်နှာတစ်ခြမ်းရဲသွားကာ အသချော့ ရှေ့သို့ တိုးကပ်လိုက်စဉ်

"ဟာ ... ဟော့ ... ဟော့ နောက်ဆုတ်စမ်း ဒီ လိုမရိုင်းနဲ့ လေ"

တကယ်က ကားလမ်းနှင့်ခြံထဲ အဝေးကြီး ပါ။

ကိုကြီးတအားလှမ်းအော်၍ သာ ကြားရ တာဖြစ်သည် ။

ကောင်းစျာန်ကလည်း ထိုအကွာအဝေးကို

အခွင့်ကောင်းယူ၍ ရမ်းကားဖို့ ကြိုးစားဆဲ ကိုကြီး ပေါ်တီကိုအောက်ပင် ကားမဝင်နိုင်ဘဲ ဗရမ်းဗတာ ဆောင့်ရပ်ကာ ကားပေါ်ကနေ ပြေးဆင်းလာသည်။

“ကိုကိုကြီး”

ဒေါ်သန့်နှင့် လုပ်မိတုန်းက လုပ်လိုက်သည်။

ယောက်ျားလေးဘက်က တကယ်ကြမ်း တော့မလို ဖြစ်လာတော့ အသင်္ချေထိတ်လန့်ထူ ပူသွားမိဆဲ ကိုကြီးပြေးလာတာဂမ်းသာအားရ ဖြစ်သွားခဲ့၏။

“ကောင်းချာန် မင်းဘာလုပ်တာလဲကွ”

ကောင်းချာန်က နီရဲနေသော ပါးတစ်ဖက် ကိုစမ်း၍ အေးစက်စက် ပြုံးသည်။

“ဘာမှ မဖြစ်ပါဘူး ကိုကြီး သူဒေါ်သကြီး တတ်တာကို နားလည်အောင် ဆွေးနွေးမလို့ ”

"ကိုကိုကြီး သူ ညီမလေးကို အတင်းအကျ ပ် နှောင့်ယှက်နေလို့ ညီမလေး ..."

ကိုကြီး မျက်နှာနီလာသည် ။

အခြေအနေကိုကြည့်၍ ဘယ်လိုအသွားအပြန်တွေ ဖြစ်ခဲ့ပြီး ဘာတွေ ဆက်ဖြစ်ဖွယ်ရှိနေမှန်း နားလည်သွားသည် ။

ကောင်းစျာန်ရပ်ကိုက အစ်ကိုရှေ့မှာ ပင် ဂျ စ်ကန်ကန်ရှုတင်းတင်း

"ဘာပဲဖြစ်ဖြစ်ကွာ တစ်ခြံတည်း နေကြတဲ့ သူတွေ နောက်လည်း မြင်တွေ့သွားကြရမှာ မိ န်းကလေးတစ်ယောက်ကို ဣန္ဒြေပျက်လောက် အောင်တော့ မနှောင့်ယှက်ပါနဲ့ "

"ကျွန်တော်နှောင့်ယှက်တာ မဟုတ်ဘူး ကိုကြီး တစ်ခြံတည်းနေကြတဲ့ သူချင်းမို့လို့ ခင် မင်ချင်လို့ စကားလာပြောတာကို ကိုကြီးညီမ ကရိုက်တာ"

"အေးလေ ရိုက်လောက်အောင် ဖြစ်ကြရတယ်ဆိုကတည်းက နှစ်ဖက်စလုံး မကောင်းတော့ဘူးပေါ့"

ကောင်းချာန်ကလည်း ကိုကြီးသူ့ကိုပဲ မကျေမနပ်ဖြစ်နေတာကိုရိပ်မိသည်။

ပါးရိုးကို အောက်မေးဖျားလှူပ်ရွှံ့၍ အကျည်းတန်အောင်တွန့်မဲ့ကာ

"ကျွန်တော့်ဘက်ကတော့ ပြဿနာမရှိပါဘူး ဒါသင်ခန်းစာပေါ့ နောက်တစ်ကြိမ် ကိုယ်ကလက်ဦးဖို့ ကြိုးစားရုံပဲ"

"ဟင် ... မင်း ..."

"ကိုကြီး ကိုကြီးနေဦး ဘာဖြစ်ကြတာလဲ"

မတာ အသံပြာအောင် လှမ်းအော်ကာ ခလုတ်တိုက်မတတ်ပြေးလာ၏။ ထို့နောက် မဂျာပါလာသည်။

နောက်က ပါလာသူတွေက ရတီလှိုင်နှင့် ဒေါ်မေမေချစ်၊

တစ်ပြုံတစ်မကြီး ဖြစ်လာသည့် ပြဿနာက မိသားစုနှစ်စု ဆုံရှင်းဖို့ ထိ ဖြစ်လာခဲ့သည် ။

အရေးအခင်း ကြုံတော့မှ ဆွေမျိုးနီးစပ်တော်ပါသည် ဆိုသောအဖြစ်က ပေါ်လာခဲ့ပြီး မတာက ကောင်းစျာန်ဘက်ကနေ ကာကွယ်ပြောနေ၏။

"တကယ်ဆို ကိုယ်ကအိမ်ရှင်ပဲ ကိုကြီးရယ် ပြီးတော့ ဟိုက ကိုယ့်ညီမနဲ့ ရွယ်တူ ထိုးမယ်ကြိတ်မယ်နဲ့ ဖြစ်ကြတာကောင်းလား"

ခယ်မက ဝေဖန်တော့ ကိုကြီးမခံချင်။

မှီထိုင်နေရာကနေ ဆတ်ခနဲ မတ်သွား၏။

"ထိုးမယ်ကြိတ်မယ် မဟုတ်ဘူး ထိုးကိုထိုး

ချလိုက်ချင်တာ ညည်းတူဆိုတဲ့ ကောင် ဘယ်လောက်စော်ကားမော်ကား ပြောလဲသိလား”

“ဒါကတော့ လူပျိုနဲ့ အပျိုပဲ ကိုကြီးရဲ့ ...”

“နေဦး ဗျာနက ဘာပြောလို့ လဲ ဂျာကြားတာတော့ ကို့ညီမက ပါးရိုက်လိုက်တာဆို”

မေဂျာက ဝင်ပါလာပြန်သည်။

ယောက်ျားဖြစ်သူကို မလိုလား၍ တော့မဟုတ် အသင်္ချေ ကို ကြည့်မရလို့ သာ ဖြစ်သည်။ မတာက မိန်းကလေးပါးစပ်ပီပီ ပြဿနာကို ကိုယ်ဆိုလိုချင်သည့် ဘက်ပါအောင် လှလှပပလေး ဆွဲယူသွား၏။

မေဂျာက ဒါလည်း ဟုတ်သားပဲ ဟူသော မျက်လုံးနှင့်ယောက်ျားကို ကြည့်၏။

“ဒါတော့ ဟုတ်တယ်ကို သူတို့ ပြောင်းလာတာလည်း မကြာသေးဘူး ကိုကအကြီးဖြစ်ပြီး

သည်းမခံသလို ဖြစ်သွားတာပေါ့”

ကိုကြီး ဒေါသဖြစ်သွားသည် ။

ခုချိန်ထိ ဘာမှ မပြောသေးဘဲ မိန်းမဘက်ကလိုလို အစ်ကိုဘက်ကလိုလို ငြိမ်သက်ကြည့်နေသော ကိုလေးကိုပါ စူးစူးရဲရဲ ကြည့်လိုက်၏ ။

“ဟုတ်တယ် ရိုင်းတယ် မင်းကကော ဘာပြောချင်သေးလဲ မင်းမိန်းမရဲ့ ဆွေမျိုးကို ငါကစော်ကားသလို ဖြစ်တယ် ငါရိုင်းတယ် အဲဒါ ဘာပြောမလဲ ...”

ကိုလေး မျက်ခုံးနှစ်ဖက် မြင့်သွားကာ ကိုကြီးကို ပြူးကြည့်၏။

“ မဟုတ်ဘူး လေ ကိုကြီး ကျွန်တော် ဒီပြဿနာကို ဘာမှ မသိလို့ ဒီတိုင်းကြည့်နေတာ ဘယ်သူ့ဘက်ကမှ မပါသေးဘူး ကိုကြီးက ဘယ့်နှယ်ဒေါသ ထွက်နေတာလဲ”

"ထွက်တယ် ငါ့ညီမလေးကို ဣန္ဒြေပျက်အောင် စတာတော့ငါသည်းမခံနိုင်ဘူး ဒါ ညီမလေးက တိုင်ပြောတာ မဟုတ်ဘူး ငါမြင်တာငါကြားတာ ငါ့ရှေ့မှာ တောင် နောက်တစ်ခါဆို ဘယ်လိုကြိုးစားမယ် ဘယ်လိုပညာပေးမယ်နဲ့ ကြိမ်းနေသေးတယ်"

"ဟင်"

ကိုလေး မတာကို ဆတ်ခနဲ လှည့်ကြည့်၏။

မတာ မျက်နှာပျက်သွားကာ ချက်ချင်း ပြန်ပြင်လိုက်သည် ။

"ဒါကတော့ သူခံထားရတာကိုး ရှက်ရမ်းရမ်းတာ ဖြစ်မှာ ပေါ့ အိမ်မှာ အသချေ အငယ်ဆုံးဖြစ်သလို ဈာန်ကလည်း သူ့အိမ်မှာ ဗိုလ်ပဲ"

" မဟုတ်ဘူး လေ သူ့ဟာသူအိမ်မှာ ဗိုလ်ဖြစ်ဖြစ် သူပုန်ဖြစ်ဖြစ် ဒါ သူ့အိမ်မှ မဟုတ်တာ"

ကိုလေးက မျက်မှောင်ကုတ်၍ ဝင်ပြောသည်။

"ငါပြောချင်တာ အဲဒါပဲ ဘယ့်နှယ်ကွာ အိမ်ရှင်နဲ့ အိမ်ငှား သူက သိမ်ငယ်စိတ်နဲ့ တောင်းစည်းကမ်းပိုထားရဦးမှာ အိမ်ရှင်ရဲ့ သမီးပျိုကိုစော်ကားမော်ကား ငါ့ရှေ့မှာ ညီမလေးကို ဆွဲတော့မလို လွဲတော့မလို လိုက်ဖြစ်နေတာ"

"ဟုတ်လား"

ခုမှ သိသော ကိုလေး ရှူးရှူးရှားရှား ထ ဖြစ်၏။

ဟိုတုန်းကဆို ဒီညီမလေးဟာ အစ်ကိုနှစ်ယောက်၏ လက်ထဲမှာ ပုခက်စီးနေခဲ့သည့် ကလေး။

သူတို့ တွေ မိန်းမရကုန်မှ သူ့ခမျာ ဘေးရောက်သွားခဲ့ရှာသည်။

ညီမလေးကို သူတို့ မေတ်တာမပျက်ပါ ဒါ ပေမယ့်ကိုယ့်ဇနီးတွေနဲ့ မသင့်မြတ်တာ များ လာတော့လည်း ဒေါသတွေပါ များ လာသည် ။

ဒီကောင်မလေး သိပ်ရှုပ်တာဆိုသည့် အမြ င်တွေ ဖြစ်လာခဲ့၏။

ဒါက မိန်းမတွေနှင့်ပတ်သက်သည့်အပိုင်း။

တစိမ်းယောကျာ်းလေး တစ်ယောက်နှင့် ညီမလေး ခုလို ဒုက္ခရောက်နေတာမျိုးကျတော့ အသည်းဆိတ်တာထက်နာသည် ။

ညီမလေးကို သနားမိသည် ။ အစ်ကိုတွေရှိ ပါလျက်နှင့် ငါတို့ ဂရုမစိုက်သလိုနေခဲ့လို့ ညီမ လေး စော်ကားခံရတာ ရင်နာစိတ်က ထုနှင့်ထ ည်နှင့် ဖြစ်၏။

ညီအစ်ကိုနှစ်ယောက်၏ မျက်နှာပေါ်မှာ ဘ ယ်တုန်းကမှ မမြင်ခဲ့ဘူးသော ဒေါသများကိုမြ င်လျှင် မေဂျာနှင့်အတာ တစ်ယောက်ကိုတစ်

ယောက်ကြည့်လိုက်မိကြသည် ။

ဒီယောက်ျားတွေဟာ အမြဲတမ်း ကိုယ်ပြော သလို ကိုယ့်စိတ်တိုင်းကျပဲ ဖြစ်ပေးခဲ့ကြတာ။

ဘာတွေဖြစ်ကုန်ပြီလဲ။

ကိုလေးက အံကြိတ်လျက် အတော့်ကိုကြည့် သည် ။

"အဲဒါစော်ကားတာကွ ဒါမျိုးမရဘူး မင်းတူ ကိုသတိပေးထား ဒါမျိုးနောက်ထပ်ကြားရရင် မလွယ်ဘူး"

ကြိမ်းဝါး၍ ဆတ်ခနဲ ထရပ်သည် ။

"ကိုကြီးက ခုမှ မြင်တာ ဒီကောင့်ပုံစံ သိပ် မဟုတ်ဘူး ဆိုတာ ကျွန်တော် အကဲခတ်မိတ ယ် ဒါပေမယ့် ဒီလောက်ရိုင်းမယ် မထင်ဘူး ဒီ ကိစ္စ မေမေသိသွားပြီလား မေမေသိရင် မလွ ယ်ဘူး"

ထိုမျှထိတော့ အတာသည်းမခံနိုင်တော့။

နေရာမှ ဝုန်းခနဲ ထရပ်လိုက်၏။

"မေမေသိတော့လည်း ဖြစ်တာကို ပြောပြရုံပဲကိုလေး ဒါဘာဖြစ်သွားနိုင်လဲ အတာလုပ်ခဲ့တုန်းက ကိုယ့်သဘောနဲ့ ကိုယ်လုပ်ခဲ့တာ မဟုတ်ဘူး အားလုံးကို တိုင်ပင်ပြီးမှ လုပ်တာ ကိုလေးပဲ ဦးဆောင်ပေးတာ ခုကျမှ အတော့ဆွေမျိုး အတော့အပြစ်ဖြစ်ကုန်ရောလား ဆွေမျိုးမို့ အလကားတင်ထားတာ မဟုတ်ဘူး သူတို့ လည်း သူများ ပေးသလို ပေးနေတာပဲ ရည်းစားစကား ပြောရင်တောင် ဒါလူပျိုနဲ့ အပျိုဘာမဟုတ်တာလေးကို ကိုလေးတို့ ဆတ်ဆတ်ခါဖြစ်နေကြတော့ အတာ ဘာလုပ်ပေးရမလဲ"

ကိုလေးကလည်း ဒေါသကို မလျှော့ဘဲ အတော့ပခုံးကိုဆွဲလှည့် ပစ်လိုက်သည် ။

"ဆတ်ဆတ်ခါတာက ညီမလေးကြောင့် တစ်ခုတည်း မဟုတ်ဘူး အတာ မင်းတူက ကိုကြီးကို မလေးမစား ပြောသွားတာ အစ်ကို တွေရှိနေတဲ့ မိန်းကလေးတစ်ယောက်ကို ဒီနေ့ ဒီလို စော်ကားလို့ ရသွားရင် နောက်တစ်ခါ ဒီ့ ထက်ဆိုးတော့မှာ "

"အဲဒါ အတာဘာလုပ်ပေးရမလဲ"

"ငါပြောဖို့ မလိုဘူး အဲဒါ မင်းစဉ်းစား"

"ရတယ် ကိုလေး"

အတာကလည်း ချာခနဲ လှည့်ထွက်သွားသည်။

မေဂျာက အတာ့နောက်ကို ပြေးလိုက်တော့ မလိုလို ထရပ်ပြီးမှ

"အတာ့ကို ကိုလေး အဲ့ဒီလောက်ထိ ပြောဖို့ မကောင်းဘူး သူတို့ ကို ခေါ်တင်ခဲ့တာ ကိုလေး

တို့ အားလုံး သဘောတူခဲ့တာပဲ”

မျက်နှာထိ မျက်နှာထားနှင့်ဝေဖန်သည် ။

သူမ မျက်နှာမှာ ထိုအဖြစ်အတွက် ဝင်ရောက်ပြောဆိုလိုသည့် စကားတွေ တစ်လုံးကြီး ဖြစ်နေသည့်နှယ်။

ကိုလေးက မေဂျာကို ဖျတ်ခနဲ လှည့်ကြည့်၏။

“ဟုတ်တယ် ဒါပေမယ့် သဘောတူတာ မဟုတ်ဘူး သဘောတူပေးခဲ့တာ သူ့ဆွေမျိုးတွေပဲ ဆိုတဲ့ အသိနဲ့ မေမေတို့ ကိုတောင် အသိပေးရုံပဲပေးပြီး သူစိတ်ချမ်းသာအောင် လိုက်လျောပေးခဲ့တာ လူဆိုတာ ဒူးနေရာဒူး တော်နေရာတော် မသိတဲ့ သူ အလကားပဲ .... ဒါကို ကျွန်တော်က မိန်းမကို အလိုလိုက် သူ့ဆွေမျိုးတွေကို သည်းခံရနဲ့ နှမကိုပါ ထိုးကျွေးပေးထားရမှာ လား ဒီမှာ မဂျာ ကျွန်

တော်တို့ မှာ ဒီညီမလေးကို တစ်သက်လုံး လက်ဝါးပေါ်တင်ပြီး ဖူးဖူးမှုတ်ထားခဲ့တာ အိမ်ထောင်တွေကျကုန်တော့မှ
အနေတွေစိမ်းကုန်ကြတာ မစောင့်ရှောက်နိုင်တာရှိချင်ရှိမယ် စော်ကားတော့ မခံနိုင်ဘူး"

"ဒါကတော့ ညီ ညီမကြောင့် မိန်းမနဲ့ အတိုက်အခံလုပ်တယ်ဆိုတာ သဘာဝမကျပါဘူးရှင် ဇနီးမယားဆိုတာ ကိုယ့်တစ်မျက်နှာနဲ့ ကိုယ့်အရပ်မှာ လာပြီးခိုနားနေရတာ တစ်မျက်နှာကိုပဲ ငဲ့သင့်တာပေါ့"

"မေဂျာ"

ကိုကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ သူမပါလို့ မရတော့ပါ။ မေဂျာက သူ့မိန်းမ။

"ဒီကိစ္စ မင်းအနေသာကြီး ဘာဖြစ်လို့ ဝင်ပါတာလဲ မေဂျာ"

"ပါရမှာ ပဲကို အတာတိုင်ပင်တဲ့ အထဲမှာ

ဂျာက အဓိကပါခဲ့တာ ပြီးတော့ သူ့ဆွေမျိုးတွေ မျက်နှာမငယ်ရအောင် စပေါ်အပြည့်တင်နိုင်ဖို့ လည်း အတာပဲ ကူညီခဲ့တာ ဒါတွေ လင်မယား ချင်းတောင် သိမှာ မဟုတ်ဘူး အတာက သူ့ငွေ နဲ့ သူ ယောက်ျားနဲ့ ဆွေမျိုးကြားမှာ "

"ဘာလို့ မသိရမှာ လဲ ကျွန်တော်အားလုံး သိတယ် ယောက်ျားဆီကငွေကို ရသလောက် ယူ ဟိုကငွေလို့ ပြော ငွေအပ်ပြီးတော့ သူပဲယူ သုံးတာ မေမေတို့ ဒီငွေကို မြင်တောင် မမြင်လို က်ဘူး ကိုယ့်ငွေနဲ့ ကိုယ့်ကို တစ်ပတ်ရိုက်နေ တာ တမင်မသိချင်ယောင်ဆောင်နေတာ"

ကိုလေးက မကျေမချမ်း ဝင်ပြောသည် ။

အိမ်ကိစ္စလုပ်ခဲ့တာ မေမေတို့ သိခဲ့တာပဲရှိ သည် ။ စာချုပ်တော့လည်း ရှေ့နေရှေ့ရပ် မပြောနဲ့ မေမေတို့ ပင်မပါ။

ငွေချပေးတာ ဘယ်နှစ်သိန်းမှန်းမသိ ဘယ်

နှစ်အုပ်မှန်းမသိ

ဟိုကချပေး အတာကကောက် ပြီးတော့ သူမပဲ စီမံခန့်ခွဲရေးတွေလုပ်ပြီး ကိုကြီးတို့ ကို ဘယ်လောက်ပေးပြီးပြီ ဘယ်လောက်ယူမယ် ဘာညာ တွေလုပ်။

ကိုကြီးကကော ချိုသည် ခါးသည် ဘာများ ပြောခဲ့လို့ လဲ။

မဂျာလည်း နေရာတကာမှာ သွက်လွန်းထက်လွန်းပြီး အတာနှင့် ပက်သက်လျှင် သူတို့ ချင်းတော့ ပြီးနေကြတာပဲ ဖြစ်သည် ။

ခုလည်း အတော့ကိုထိတော့ သူမက အသားဆိတ်လိုက်သည့်အတိုင်း။

မျက်ဝန်းချင်းဆုံတော့ မဂျာက ကိုလေးကို မရှုံ့မတွန့်ပြန်စိုက်ကြည့်၏။

"ခုဖြစ်ကြတာလည်း ကိုနဲ့ သက်ဆိုင်တာပဲ

ကိုလေး မကျေနပ်ရင်တောင် ညီမအတွက်နဲ့ ကိုယ့်မိန်းမကိုကိုယ် ဒီလောက်ရင့်ရင့်သီးသီး မပြောသင့်ဘူး”

“မေဂျာ မင်း မပါနဲ့ လို့ ငါပြောနေတယ် လေ ...”

ကိုကြီး ဝင်တားပြန်သည်။

“ပါရမှာ ပဲကို အတော့်ကိုပြောသမျှ ဂျာ့ကိုထိ နေသလိုပဲ ဂျာတို့ က ဒီမှာ တစိမ်းချင်း အတူ တူ ညီအစ်မတွေလိုနေတာ”

အခြေအနေတွေက မထင်မှတ်ဘဲ ဂရုတ်း သုန်းကား ဖြစ်ဖွယ်တွေ ရှိလာပြန်သည်။

“ကျွန်တော်က လင်မယားချင်းပြဿနာ ရှာ နေတာ မဟုတ်ဘူး ဟိုပြဿနာကို ရှင်းဖို့ ပြော နေတာ သူတောင်မှ သူ့ဆွေမျိုးထိလို့ နာသေး တာ ကျွန်တော်တို့ ကနမ”

ကိုလေး ဘာမှ ဆက်မပြောချင်တော့သလို လက်သီးဆုပ်၍ ချာခနဲ လှည့်ထွက်သွား၏။

ကိုကြီးကလည်း မိန်းမဖြစ်သူကို စိတ်ပျက်စွာကြည့်ကာ

"ကို"

မေဂျာက ကိုကြီးကို အသွားမခံဘဲ လက်ကို လှမ်းဆွဲလိုက်၏။

"ကိုကကော ကို့ညီမနဲ့ ပတ်သက်ပြီး ဂျာတို့ကို စိတ်ခုနေတာပဲလား"

"ဟ ဘာဆိုင်လို့ လဲ"

ကိုကြီးဘာနဲ့ နှိုင်းရမှန်း မသိနိုင်သော စိတ်ပျက်ခြင်းဖြင့် မေဂျာ့ လက်ကို ဖယ်ချပစ်လိုက်သည် ။

"မတာနဲ့ ငါ ရင်ဆိုင်ပြောတယ်ဆိုရင် ကြားလို့ ကောင်းသေးတယ် မင်းက ဘာဆိုင်လို့ ကို

ယ့်ယောက်ျားကို ပြဿနာလုပ်နေရတာလဲ ဒီမှာ ဂျာ မိန်းမကို ချစ်တာကသပ်သပ် နှမကို စောင့်ရှောက်ဖို့ က သပ်သပ်နော် အဲဒါကိုမင်း နားလည် ငါ့အလိုလိုက်ခဲ့တာ မင်းကိုချစ်လို့ ကန်းလို့ မဟုတ်ဘူး မင်းရှေ့မှာ လေးဘက်ထောက်ပြီး ကျောခင်းပေးချင်ပေးမယ် အဲဒါ မင်းပင်ပန်းမှာ စိုးလို့ နွားလို့ တော့ မထင်လိုက်နဲ့ ...”

ကိုကြီး အပြတ်ပြောပြီး နေရာမှ လှည့်ထွက်သွား၏။

မေဂျာ နှုတ်ခမ်းလေးဖိပိတ်၍ ရပ်ကျန်ခဲ့လေသည် ။

*

## အခန်း (၈)

ထမင်းစားပွဲမှာ သားအမိနှစ်ယောက် ထိုင်နေရင်း ထမင်းဟင်းတွေကိုလည်း မကိုင်ဖြစ်သေး စကားလည်း မပြောဖြစ်ဘဲ ထမင်းပွဲကတိတ်တဆိတ် ခြောက်သွေ့နေခဲ့သည် ။

ခါတိုင်းလည်း သားအမိနှစ်ယောက် အတူတူပဲ စားဖြစ်ကာ ကိုကြီးတို့ ကိုလေးတို့ လင်မယားတွေက သပ်သပ်စားကြသဖြင့် ဒီစားပွဲမှာပဲ စားတာပေမယ့် ဆုံဖြစ်တယ်မရှိ။

နောက်တော့လည်း မဆုံဖြစ်တာ မဟုတ်တော့ဘဲ မဆုံဖြစ်အောင်တမင်ကွေ့ရှောင်နေကြသလို ဖြစ်လာခဲ့သည် ။

"ကိုကြီးတို့ စားပြီးသွားပြီလား မေမေ" ဟု မေးလျှင်တောင်

"စားကြမှာ ပေါ့သမီးရယ် သူတို့ မိန်းမတွေနဲ့ အတူစားကြမှာ ပဲ လွတ်လွတ်လပ်လပ် နေပါစေ နောင်ဆို သူတို့ အိမ်ခွဲကြရင် မေမေတို့ ဒီလိုပဲ ကျန်ခဲ့ရမှာ သမီးပါထပ်ခွဲရင် မေမေက ထပ်ကျန်ရဦးမယ် ခုတည်းက နေတတ်အောင် အကျင့်လုပ်"

ဒေါ်မြတ်ချိုက သမီးလေး ဝမ်းလည်း မနည်းရအောင် သိလည်း သိရအောင် မပြုံးချင်ပေမယ့် ပေါ့ပါးသလိုလေး ပြုံး၍ ပြောခဲ့သည် ။

ထို့နောက်မှာ မိသားစုဆုံဖြစ်အောင် မျှော်လင့်ထားတာမျိုးလည်း သိပ်မရှိတော့ဘဲ ကိုကြီးတို့ နဲ့ မဆုံဖြစ် မပြောဖြစ်တာတွေ များလာခဲ့သည် ။ ဆုံဖြစ်တော့လည်း သူတို့

မိန်းမများ နှင့်ပတ်သက်သည့် ကိုယ့်ကိုတမင် တိုက်ခိုက်လိုသော အကြောင်းရင်းများကြောင့် ပြေပြေလည်လည်ဆိုတာ မရှိသလောက်ပင်။

ခုတော့ ထူးလည်း ထူးဆန်းနေသည် ။ ကြ ည်နူးဖို့ လည်းကောင်းသည် ။ စိတ်မကောင်း လည်း ဖြစ်ရ၏။

ကိုလေးနဲ့ မတာတို့ ပဋိပက်ခတွေ ကြီးထွားနေသည် တဲ့

ထိုစဉ်မှာ ပင် ထမင်းစားခန်း၏ ခန်းဆီးစ လေး ရုတ်ဖယ်သွားကာ ကိုကြီးမျက်နှာ ဘွားခ နဲ ပေါ်လာသည် ။

"ကိုကိုကြီး"

အသချေ နေရာမှ ထရပ်လိုက်မိသည် ။

"သားကြီး လာလေ"

ဒေါ်မြတ်ချို ခေါ်ဆဲမှာ ပဲ နောက်မှ ကိုလေး

ပါ လိုက်ဝင်လာတာ မြင်လိုက်ရ၏။

"ကိုကိုလေး"

အသချေ အစ်ကိုနှစ်ယောက်ရှေ့ ပြေးသွားကာ မျက်နှာတွေကို စိုးရိမ်တကြီး လိုက်ကြည့်၏။ ကိုကြီးကော ကိုလေးပါ မျက်နှာမကောင်းကြပါ။

ဒါပေမယ့်အခန်းထဲဝင်လာသည် နှင့် မျက်နှာပေါ်က ကောက်ကြောင်းတို့ ကို အတတ်နိုင်ဆုံး ဖြေချထားခဲ့ကြ၏။

"မေမေ ခေါ်တယ်ဆို"

ကိုကြီးက စကားစပြီး စားပွဲဆီ လျှောက်သွား၏။

ကိုလေး လျှောက်လာတော့အသချေ ကိုလေးလက်ကို ဆွဲထားလိုက်ကာ

"ကိုကိုလေး"

ကိုလေးက မထူးဘဲ ပြန်ကြည့်၏။

"မတာ ဒီကနေ ထွက်သွားတော့မှာ ဆို"

ပြုံကျတော့မည့်မိုးနှယ် ကိုလေးမျက်နှာညို့ ခနဲ ဖြစ်သွားပြီး ခေါင်းငုံ့ပစ်လိုက်၏။

"အဲဒါ ညီမလေးကြောင့် ဖြစ်ရတာပါ အိမ်ဌားတွေလည်း နေပါစေတော့ မတာကိုလ ည်း ညီမလေး တောင်းပန်ပေးပါ့မယ် ကိုကို လေး အရမ်းစိတ်ညစ် မခံပါနဲ့ "

ဒီလိုလူတွေကို တောင်းပန်လျှင် နောက်ဆို ရင်လေးဖွယ်တွေ ရှိပါသည် ။ ဒါပေမဲ့အသချေ ကိုကိုလေး ရင်ကွဲပက်လက် ဖြစ်ကျန်ခဲ့မှာ ကို မကြည့်ရက်။

မတာကို ကိုကိုလေး တအားချစ်တာ သူမ သိသည် ။

ဒီမိန်းမပြောလျှင် ပြီးသည် မျက်နှာတစ်ချ

က်မှ အညိုးမခံခဲ့။

မေမေနဲ့ သူမကိုတောင် မျက်နှာထားနှင့် ဝေဖန်ပြောဆိုရဲလောက်အောင် နေရာပေးခဲ့သော မိန်းမ တစ်ယောက်ကို ဒူးမထောက်လိုပေမယ့် ကိုကိုလေး ကြိတ်မှိတ်မျိုချနေသည့် သံပူလုံးကိုတော့ သူမ မကြည့်ရက်စွာ မရအရ ပြန်ဆွဲထုတ်ပါမည်။

"မလိုတော့ဘူး ညီမလေး ပြိုင်ပွဲဆိုတာ နိုင်ဖို့ ပြိုင်တာ အရှုံးပေးဖို့ မဟုတ်ဘူး ကိုကိုလေးက ညီမ သူကဆွေမျိုး သူ့ဘက်ကအဖျား ကိုကိုလေးမှာ ကအရင်း မဆီမဆိုင်ကြီး တိုက်ခိုက်လာတာကို ကိုကိုလေး အလျှော့မပေးနိုင်ဘူး သူတောင် သူ့ဆွေမျိုးကို ကာကွယ်ချင်ရင် ကိုကိုလေးက ညီမကို မကာကွယ်ရဘူးလား ဒါသူဆုံးဖြတ်တာ"

ကိုကိုလေး မျက်နှာကိုမော့ကြည့်ကာ ကြ

ည်နူးပီတိဖြင့်မျက်ရည်တွေဝေ့တက်လာမိသ
ည် ။ အကြင်နာတရားတွေ အပြည့်ရှိနေသေး
တာကို မြင်ခဲ့ပါပြီ။

ဒါပေမဲ့အသနိုး မယူရက်ပါ။

ဖြစ်သွားပြီး မကြည်မလင် မှိုင်တွေခံစား
နေရမှ ထွေးထုတ်လို့ မရ မျိုမချနိုင် ဖြစ်ရသ
ည် ။

"မေမေ ခေါ်တာလည်း အဲဒါပြောမလို့ ပဲ
သား ... သားကြီးရဲ့ မိန်းမကလည်း အတာဆ
င်းသွားတာနဲ့ ကျန်ခဲ့ရင်တောင် မကြည်မလင်
ဖြစ်ခဲ့မှာ ပဲ ဒီတော့ မာနတွေ ထားမနေကြနဲ့
အကျယ်အကျယ် မဖြစ်ခင် တိုးသာဆုတ်သာ
အောင် ပြောကြဆိုကြ မေမေတို့ ကို ဘာမှ ထ
ည့်မတွက်ပါနဲ့ သားတို့ ကို တစ်နွယ်တစ်စင်
ထောင်မသွားစေချင်တာ ခွဲဝေပေးရမှာ စိုးလို့
မဟုတ်ဘူး ဒီလိုပဲ စည်းစည်းလုံးလုံးနေသွားချ

င်လို့ ပါ”

“ကျွန်တော်တို့ သိပါတယ် မေမေ”

ကိုကြီးက စားပွဲမှာ ထိုင်ချလိုက်ပြီး ဝန်ခံသည်။

“သားတို့ သိဖို့ ထက် သူတို့ နားလည်စေချင်တာ အခု နားမလည်သေးလို့ တစ်ယောက်နဲ့ တစ်ယောက် သည်းခံမခံချင်ကြတဲ့ မာနတွေ ထွက်လာတာပေါ့ သူတို့ မနေနိုင်လို့ အိမ်ခွဲမယ် သွားမယ် လာမယ်ဆို မေမေက သားတွေကို ပေးလိုက်ရမှာ မိဘနဲ့ ဇနီး မိဘက နိုင်တယ်ဆိုတာ မရှိသလောက်ပဲ သားရယ် မေမေကလည်း အနိုင်ယူချင်တာ မဟုတ်ဘူး သဘာဝတရားကို လက်ခံတယ် ဒါပေမဲ့ဒီသမီးလေးကြောင့် မောင်နှမတွေ စည်းလုံးစေချင်တာမျိုးပါ အချိန်တန်တဲ့ အခါ ခွဲထွက်ကြ ထူထောင်ကြဖို့ မေမေ ခွင့်ပြုမယ် ခုချိန်မှာ တော့

မင်းတို့ ညီမလေးနားမှာ ပဲ နေကြပါဦး”

“နေပါမှာ မေမေ အခု ကျွန်တော်တို့ ဆုံးဖြတ်ကြတာ ညီမလေး အတွက်ပါပဲ”

ကိုကြီးကပဲ ဝင်ပြောသည် ။

ကိုလေးသည် အသချော် ပခုံးကလေးကို ဖက်၍ မချိပြုံးနှင့်ရပ်နေဆဲ။

မေမေက ကိုလေးတို့ ကို လှမ်းကြည့်၍ သက်ပြင်းချ၏။

“ညီမလေးအတွက် ငဲ့တယ်ဆိုရင် မိန်းကလေးတွေကို သင့်တင့်တဲ့ နည်းနဲ့ အလျှော့ပေးလိုက်ကြပါ သားတို့ ခုချိန်မှာ ဒေါသဆိပ်တက်နေလို့ ဆုံးဖြတ်နိုင်ခဲ့ပေမယ့် ဘဝကို ပုံပြီးချစ်ခဲ့ကြတဲ့ ဇနီးတွေအပေါ်ကြာလေ မပြတ်နိုင်လေဖြစ်လာကြမှာ ပြတ်လည်း မပြတ်သင့်ဘူး သူတို့ ရဲ့ စိတ်ဓာတ်အယူအဆ မေမေတို့ အ ပေ ါမ ၂၁ ဘယ်လိုပဲရှိရှိ

တစ်သက်လုံးပေါင်းကြရမှာ က သားတို့ ချင်း သူတို့ သားတို့ အပေး ဂရုစိုက်နားလည်ရင်ရပြီ အဆင်ပြေအောင် နေလိုက်ကြပါကွယ် အိမ်ငှားတွေကိုလည်း သူတို့ မှာ လူကြီးတွေပါ တာပဲနော် ဒီလိုမဖြစ်စေဖို့ သတိပေးပြောပြ ထားလိုက်ပေါ့"

"မရဘူးမေမေ သူ့ဆွေမျိုးကိုလည်း သူက ကျွန်တော်နဲ့ ထိပ်တိုက်ဆွေးနွေးစေတာ မဟုတ်ဘူး ။ ကျွန်တော် ဟိုကိုရှင်းချင်တာ သူနဲ့ ချည်းရှင်းနေရတယ် ဟိုကိုဖြစ်မယ့် ဒေါသက သူ့ဆီရောက်နေရမှ တော့ သူတမင်စိန်ခေါ် ရန်လုပ်နေတာ မဟုတ်ဘူး လား။ ဒါမျိုးကို ကိုယ်က ပြန်တောင်းပန်ရင် တစ်သက်လုံး ခေါင်းနင်းသွားတော့မှာ နေပစေ ဝမ်းနည်းစရာဘာမှ မရှိဘူး"

ကိုလေးက အသင်္ချေပါးပေါ်က မျက်ရည်ကို

သုတ်ပေးကာ ပခုံးလေးကို ဖက်၍ ထမင်းစားပွဲဆီ ခေါ်လာ၏။

နေရာတကျ ထိုင်လိုက်ကြပြီးမှ

“ပြည်ကိုက်နေတာ သိလျက်နဲ့ အပ်နဲ့ တွဲရမှာ ကြောက်နေရင် လိုက်စားသွားမှာ ပဲ မေမေဘာမှ ပူမနေနဲ့ မိန်းမနဲ့ ကွဲလို့ လွမ်းဖျားလွမ်းနာကျသေသွားတဲ့ မသာမျိုးရှိရင် အဲဒီလိုကောင်မျိုး ကျွန်တော်မဖြစ်စေရဘူး …”

“ဟုတ်တယ် မေမေ ဂျာကလည်း ဆန်ဒပြနေတယ် နေပါစေ သူတို့ ပစ်မှတ်က ညီမလေးကို မလိုလားတဲ့ ပစ်မှတ်တစ်ခုတည်းပေါ်မှာ ထင်ရှားနေတာ ဘာမှ အလျှော့ပေးဖို့ မရှိဘူး သူလည်း မကျေနပ်ရင် တစ်ခါတည်းသွားပါစေ”

ကိုကြီးက ပန်းကန်ထဲကို ထမင်းတွေခပ်ထည့်ရင်း မာမာပဲပြောသည် ။

တမင်စိတ်ချမ်းသာအောင် နေပြတာလား ဂရုမစိုက်တာတကယ်လား။

"အတာက တကယ်သွားတော့မလို့ တဲ့ လား သား"

"ပြောနေတာပဲ
အခုအိမ်ငှားတွေဆင်းသွားပြီ သူလည်း မြင်နေတာပဲ"

"သားရယ် မင်းချော့မော့လာတာကို မျှော်လင့်နေတာဖြစ်မှာ ပေါ့ လင်နဲ့ မယားဆိုတာ"

"နေပါစေတော့ မေမေရာ သူ့အကြောင်း ကျွန်တော်အသိဆုံး သိပ်အနိုင်လိုချင်တဲ့ မိန်းမ လွှမ်းရတာတောင် မတန်ဘူး"

ထမင်းဝိုင်းက စားသောက်သံလေးတွေ တစ်စွန်းတစ်စနှင့် ပြန်လည်အသက်ဝင်လာ၏။ သို့သော် ဖွန်းခရင်းကိုင်ကာ မျက်လွှာလေးချ၍ ငေးငိုင်နေဆဲရှိသူက အသခေျို ။

ကိုလေးက သူ့ပန်းကန်ထဲ ဟင်းပုံထည့်မလို့ လှမ်းခပ်နေရင်း အသင်္ချေ ငိုင်နေတာကို စောင်းငဲ့ကြည့်သည် ။

ထို့နောက် သူ့ပန်းကန်ထဲခပ်ယူသည့်ဟင်းကို အသင်္ချေပန်းကန်ထဲ လှမ်းထည့်ပေးလိုက်၏။

အသင်္ချေဖျတ်ခနဲမော့ကြည့်တော့ ကိုလေးကပြုံး၍ ခေါင်းလေးကို ဖိပွတ်လိုက်ပြီး

"စား"

ဟု ပြောကာ အသင်္ချေခပ်လျော့လျော့ကိုင်ထားသည့်ဇွန်းကို သူက ထပ်အုပ်ကိုင်၍ တမင်ခပ်ပေး၏။

အသင်္ချေ နှုတ်ခမ်းလေး ပြုံးသွားသည် ။

ပြည့်တက်လာသော မျက်ရည်စက်တို့ လွင့်ကျမလာမီလက်ခုံလေးနဲ့ သုတ်ကာ ဇွန်းခရင်း

ကို ပြန်ကိုင်မိ၏။

ထို့နောက်မှာ တော့ အားလုံးပြောဆိုပြီးရ ယ်မိကြလျက် မိသားစုလေးသည် ဟိုတုန်းက အတိုင်းပဲဖြစ်လေသည် ။

*

## အခန်း (၉)

"ကိုကို"

နောက်ကနေ ကပ်ခေါ်လိုက်သံကြောင့်သူ လှည့်ကြည့်လိုက်မိသည် ။

ဘာလဲဆိုသော သိချင်စိတ်က အသချော်ကို မြင်လိုက်တော့ မျက်မှောင်ကုတ်ပြီးသား ဖြစ်သွား၏။

အသချော်က သူ့နားမှာ ကပ်ပါလာကာ

"ကိုကို ဘယ်သွားမလို့ လဲဟင်"

"ဒီနားပဲ"

သူ တိုတိုတုတ်တုတ်ပြောပြီး ဆက်လျှော

က်ခဲ့သည္ ။

ပလက္ေဖာင္းေပၚမွာ ရွားရင့္ေရာင္ ခ်ည္ေခ်ာပုဆိုးကြက္စိပ္ႏွင့္ စပို႔ရွပ္အနီေရာင္ပြပြကို ၀တ္ထားသည့္ သူ႔ပုံစံက ထင္းေနသည္ ။

ေခ်ာသည့္မ်က္ႏွာက အနီေရာင္ထဲမွာ ဘယ္လိုၾကည့္ေကာင္းမွန္းမသိ။

အသေခ်ာ ကိုကို႔ကို ေမာ့ေငးရင္းေျပးလိုက္ေနရ၏။

လက္ထဲမွာ ပိုက္ထားသည့္ ေခါက္ထီးျပဳတ္က် ပိုက္ဆံအိတ္ျပဳတ္က် တစ္ခုက် တစ္ခါင့္ေကာက္ ပိုက္ထားသည့္ လက္ထဲမွာ ျပန္ညွပ္စီထည့္ၿပီးေတာ့ ကိုကို႔ေနာက္ ျပန္ေပးလိုက္။

ေျခသလုံးေလာက္ စကတ္က်ပ္က်ပ္က သိပ္လွ်ောက္လို႔ မေကာင္းဘဲ ေဒါက္ဖိနပ္ႏွင့္ ခလုတ္တိုက္မလိုျဖစ္ရတာ အခါခါ ...

သူမ ပုံစံကို ငုံ့ကြည့်သွားသူတိုင်း သူ့ကိုပါ လှမ်းကြည့်သွားကြတာမို့ လျှောက်နေရင်း မျက်နှာပူလာမိ၏။

ထို့ကြောင့် လမ်းဘေးမှာ အသာကပ်ရပ်လိုက်ရသည် ။

"နေပါဦး ခင်းဗျားက ဘယ်ကိုလဲ"

"ဟင် ဟို"

အသချော် လက်ညှိုးလေး ဟိုဒီလိုက်ညွှန်ပြီးမှ

"ကိုကိုသွားနေတဲ့ ဘက်ကိုပဲလေ အဟဲ ဟိုစပီကင်သင်တန်းက ပြန်လာတာ ကိုကိုက ဘယ်သွားမှာ လဲဟင်"

"မင်း မသွားတဲ့ အရပ်မျက်နှာဘက်ကို အခုပဲ ပြန်လှည့်တော့မှာ "

"ကိုကို ပြန်မှာ မဟုတ်လား အသချော်က

ကားမပါလို့ ပါ”

“ဒါဆို ကားငှားပေးလိုက်မယ် မင်းပြန်တော့”

“ရပါတယ် ကိုကို အသချောင် မှာ ပိုက်ဆံပါပါတယ်”

အသချောင် ပြော၍ ကားလမ်းဘက်ကို ဆင်းသွားသည် ။

ဒီလိုကျတော့လည်း သူ ထွက်မသွားနိုင်။

နေရာမှ မခွာဖြစ်ဘဲ သူမ ကားတားဖို့ စောင့်နေသည် ကို ရပ်ကြည့်နေမိသည် ။

နက်ပြာရောင် ကိုယ်ကျပ်စကတ် ကပ်ကပ်လေးနှင့် ဆံပင်တွေကို နားရွက်နှစ်ဖက်နားမှ ခပ်မြင့်မြင့်စည်းတင်ထားသည့်အသချောင်ပုံစံလေးက နောက်ကကြည့်တော့ ငေးကြည့်နေချင်စရာလေး ဖြစ်၏။

မျက်နှာလေးကလည်း ပြောယူရလောက်အောင်ချောပါသည် ။

တစ်ကိုယ်လုံးဟာ ပြစ်မျိုးမှ မထင် ဆိုတာမျိုး။

ဒါပေမဲ့ စတွေ့ကတည်းက 'ဟင်' ခနဲ ဖြစ်ခဲ့ရသည့် ဒီကောင်မလေးပုံစံကို သူမကြိုက်။ ကိုယ့်အပေါ် ပြောရဲဆိုရဲတာကိုလည်း အထင်ကြီးလို့ မရ။

ဒါပေမဲ့တွေထဲမှာ ဒီကောင်မလေးကို ကြည့်လို့ မရသော်လည်း နောက်ထပ် ဒါပေမဲ့ တစ်ခုက သူကျော်ခိုင်းမနေနိုင်ခဲ့တာပဲ ဖြစ်၏။

မျက်စိအောက်မှာ ကြည့်နေစဉ် အသချော့ရှေ့သို့ ကားလေးတစ်စီး ထိုးရပ်လာ၏။ သို့သော် အငှားကားမဟုတ်။

"အသချော့"

"ဟင် နင်"

အသချော် ကောင်းချစ်ကို မြင်သည် နှင့် နောက်ဆုတ်ဖို့ ကြိုးစား၏။

ကားတံခါးဖွင့်ခနဲပွင့်လာကာ ကောင်းချစ်က ခြေနှစ်ဖက်လုံးမြေပေါ်မချရသေးခင် အသချော် လက်ကလေးကို လှမ်းဆွဲလိုက်ပြီးဖြစ်ရာ

"အို ဘာလုပ်တာလဲ လွှတ်"

"တို့ နဲ့ ခဏလေးလိုက်ခဲ့ပါ မင်းကိုဘာမှ မလုပ်ဘူး စကားနည်းနည်းပြောပြီး ပြန်ပို့ပေးမှာ "

"မလိုက်ဘူး ဘာလို့ လိုက်ရမှာ လဲ"

အသချော် သူ့လက်ကို ဆောင့်ခါရုန်းပစ်၏။

ဘယ်လိုမှ ပြုတ်ကျမသွားသည့်အပြင် ကောင်းချစ်က အသချော်ကို ကားထဲဆွဲသွင်းဖို့

ကြိုးစား၏။

"ကောင်းစျာန် နင် လွှတ်နော် ... ငါအော်လိုက်မှာ "

"အော်လေ မကြောက်လို့ ကားတင်ပြေးတာပဲ"

"ဟော့ ...."

နေရာက ကားရှင်းသည်၊ လူသိပ်မများ ။

မြင်သည့် လူကလည်း သမီးရည်းစားလိုလို လင်မယားလိုလိုနှင့်သာ ကြည့်သွားကြ၏။

သူ ဒေါသထောင်းခနဲ ဖြစ်သွားကာ လမ်းပေါ်ပြေးဆင်းခဲ့မိ၏။

"လွှတ်လိုက်စမ်း၊ ဒါဘာလုပ်တာလဲ"

သူ အသချော်လက်ကို ဆောင့်ဆွဲလိုက်တာတောင် ထိုပုဂ္ဂိုလ်လေးက လွှတ်မပေး၊ မျက်နှာသည် အေးစက်မာကျောနေရုံမက အသချော် မ

ပါလျှင် ဤနေရာမှ ခွာမည့်ပုံမပေါ်။

သူ့ဒေါသက ပိုတိုးသွား၏။

အသချော် လက်ကို ဆုပ်ကိုင်ထားသည့် ကောင်းစျာန်လက်ပေါ်မှ ထပ်ဆုပ်ကိုင်ကာ အားစိုက်၍ ဆွဲလှန်ပစ်လိုက်သည် ။

သူ ကိုင်လိုက်တာ ဗရမ်းဗတာ မဟုတ်။

ကောင်းစျာန်က မျက်နှာမဲ့ခနဲ ဖြစ်သွားကာ လက်ကိုလွှတ်ပေးလိုက်၏။

သူ အသချော် ကို နောက်ဘက်ဆွဲပို့လိုက်ပြီး

"မြို့လယ်ခေါင်မှာ မင်းအတင့်ရဲလှချေလား ... ဒါ ဥပဒေမဲ့နိုင်ငံ မဟုတ်ဘူး ကွ"

"ဥပဒေက ကျုပ်ကိုထိမှာ ခင်ဗျားပူစရာ မလိုပါဘူး သူနဲ့ ကျုပ် ရှင်းစရာရှိတယ်"

"သူကမှ မရှင်းချင်ဘဲ မင်းလမ်းကိုမင်းသွား ပါ"

"ကိုယ့်လမ်းကိုယ်သွားရမှာ က ခင်ဗျား ..."

ကောင်းချာန်က ကားတံခါးကို ဆောင့်ပိတ်ကာ ရှေ့တိုးလာ၏။

"မောင်လေး နေဦး"

ကားထဲမှာ လူရှိနေသေးမှန်း သတိမထားမိခဲ့သော သူတို့ နှစ်ယောက်လုံး အသံလာရာကို လှမ်းကြည့်လိုက်မိကြ၏။

သူ့မျက်ခုံးတွေ စုံကျုံ့သွားသည် ။

"ရတီ"

"ဒီဂရီ နေကောင်းတယ်နော်"

ရတီလှိုင်က ကားပေါ်ကနေ လှလှပပလေး ဆင်း၍ တံခါးကို သာသာလေး ပြန်ဖိပိတ်လိုက်၏။

ပါးချိုင့်လေးတစ်ဖက်နှင့် အလွန်လှပသော မျက်နှာဖြစ်သော်လည်း အသချော်ကို လှမ်းကြ

ည့်လိုက်သော မျက်ဝန်းများကတော့ စူးရဲပြင်းထန်လှသည် ။

ပြီးတော့ သူ့ကို ပြန်ကြည့်၍

"အသင်္ချေ နဲ့ ဒီဂရီက ဘယ်လိုပတ်သက်နေလဲဟင်"

ဒီဂရီ့ကိုမေးတော့ အသံသည် ချိုသာနူးညံ့ခြင်းတွေအပြည့်၊

"တို့ က သူ့တိုက်မှာ ငှားနေတာ"

"ဟင် ... ဘယ်လို ... ဟိုဘက်ခြမ်းမှာ ငှားနေတာ ဒီဂရီဟုတ်လား ... အို ဘယ်လိုဖြစ်ကုန်တာလဲ ...မန္တလေးက သူဌေးကရန်ကုန်မှာ လာငှားနေတယ်"

မလိုအပ်ဘဲ ကိုယ့်အကြောင်းတွေ ပြောလာသဖြင့် ဒီဂရီမျက်နှာကို တည်တင်းထားလိုက်မိသည် ။

ရတီလှိုင်နဲ့ သူက တက္ကသိုလ်မှာ တုန်းက မချစ်ဖြစ်ခဲ့ကြသော အတွဲလေးတစ်တွဲ ဖြစ်ခဲ့ဖူးသည် ။

ရတီက ပြုံးအလှပိုင်ရှင်ဟု နာမည်ကျော်ခဲ့သော အလှဘုရင်မလေး။

သူမ၏ ပါးချိုင့်လေးတစ်ဖက်က လမင်းတာရာ သာသလိုဟု ပင် တင်စားခဲ့ကြတာဖြစ်သည် ။

သူနဲ့ ဆုံတော့ ရတီလှိုင်မှာ ချစ်သူရှိနေပြီ။

သူ ရတီလှိုင်ကို ချစ်ဖို့ မကြိုးစားခဲ့ပေမယ့် စိတ်ဝင်စားခဲ့၏။

ရတီလှိုင်က မျက်နှာများ ခဲ့ဖူးသလောက် သူ့ကိုလည်း သဘောကျသည် လက်ရှိလူကိုလည်း တွဲပြီးဖြစ်နေ၏။

ဒီလိုနဲ့ ပဲ သူနဲ့ တွဲဖြစ်သည် ။ သူတွဲနေတုန်း

ထိုသတင်းကို မာမီကြားသွားသည် ။

ကျောင်းထုတ်ဖို့ တွေဘာတွေ ဖြစ်လာတုန်း ရတီလှိုင်ကျောင်းကနေ ပျောက်သွားခဲ့သည် ။

ယောက်ျားရသွားသလိုလို

ကျောင်းထွက်သွားပြီလိုလို။

ဒုတိယနှစ်မှာ ပဲ ဇာတ်လမ်းက ပြီးဆုံးသွား ခဲ့သည် ။

ပြီးတော့ ပုံစံက ဒီလူရမ်းကားလေးရဲ့ အစ်မဖြစ်နေပုံပါ။

"သူက မင်းမောင်လား"

ဒီဂရီ စမေးလိုက်တော့ သူမ ခေါင်းညိတ်၏ ။

"ဟုတ်တယ် သူတို့ မှာ ဇာတ်လမ်းတွေရှိတယ် ဒီဂရီ ခုလည်း အိမ်မှာ ပြဿနာဖြစ်လို့ မောင်လေးက လွင့်နေရှာတာ သူ့ကြောင့်ပဲလေ ဒါ

မရှင်းလို့ မဖြစ်ဘူး ဒီဂရိနဲ့ လည်း ဘာမှ မဆိုင်ဘူးဆိုတော့ ခဏဘေးဖယ် နေလိုက်ပါ"

"အို ... ဘာဇာတ်လမ်းမှ မရှိခဲ့ဘူး သူလာစခဲ့တာ အသင်္ချေ ဘာမှ မသိဘူး အလကား လူရမ်းကား"

အသင်္ချေ က ခါးခါးသီး ထပြောလျှင် ရတီလှိုင့် မျက်နှာဖွေးခနဲ ဖြစ်သွား၏။

"အေး ဘယ်သူရမ်းကားတာပဲဖြစ်ဖြစ် မင်းစခဲ့တာပဲ မင်းကြောင့် တစ်အိမ်လုံး ပြဿနာတွေ တက်ခဲ့ကြရတာ ဒီမှာ သူလည်း မိသားစုနဲ့ မနေရဘဲ ဟိုလွင့်ဒီလွင့်လွင့်နေရတယ် အဲဒါ မင်းတို့ ချင်းရှင်း တို့ လည်း ပါမှာ ပါ မောင်လေးပူဆာလွန်းလို့ လိုက်လာပေးတာ မင်းတို့ဆွေးနွေးပြီးရင် တို့ ကိုယ်တိုင်ပြန်ပို့ပေးမှာ "

"အို ဘာမှ မဆိုင်တာကို"

အသားလွတ်ကြီးပါလား ကိုယ်နဲ့ လည်း

ဘာမှ မသိခဲ့ မခင်ခဲ့ဘဲ သူရမ်းကားလို့ ပြဿနာဖြစ်ရတဲ့ ကိစ္စ ကိုကို့ရှေ့မှာ ဘာလိုလိုထင်စရာစကားတွေ လာပြောနေသည်။

"ယောကျ်ားတစ်ယောက်ကို လိုတစ်မျိုး မလိုတစ်မျိုးခွာချင်လို့ မရဘူး သူများ ရှုံးအောင်မင်းပညာတွေသုံးပြီးမှ လက်မပြန့်လေ"

သူမသည် အသချော် ကိုပြောပြီး ဒီဂရီဘက်ငဲ့ကြည့်ကာ

"ရတီပါတာပဲ ဒီဂရီ အိမ်ရှင်မို့ တာဝန်မကင်းဘူးထင်ရင်လည်း စိတ်ချလက်ချပြန်ပါ ရတီကိုယ်တိုင် သူတို့ ရဲ့ အိမ်ငှားပဲ အိမ်ရှင်နဲ့ မျက်နှာပျက်အောင်လုပ်ပါ့မလား"

ဒါဆို ခြေရင်းဘက်က တိုက်လုံးလေးဆိုတာမှာ ငှားနေတာ ရတီတို့ ပေါ့ သူ့စိတ်ထဲတွေဝေသွားကာ အသချော် ကို ကြည့်လိုက်၏။

" မဟုတ်ဘူး ကိုကို အသချော် နဲ့ ဒီလူဘာမှ

မဆိုင်ဘူး မလိုက်ဘူး မလိုက်ဘူး”

အသခင်ျ ထွက်ပြေးမလို လုပ်တော့ သူလက်ကို ဖမ်းဆုပ်ထားလိုက်၏။

အံကြိတ်ရပ်နေသည့်လူရွယ်နှင့်ရတီလှိုင်ကို ကြည့်ကာ

“သူမလိုက်ချင်တာကိုတော့ ဇွတ်မခေါ်နဲ့ ရတီတို့ က ဖျန်ဖြေတဲ့ သဘောနဲ့ ပြောတာ သူကကလေး မဟုတ်ဘူး ”

“ဒီမှာ ... ခင်ဗျား”

“နေဦး”

ကောင်းဗျာန် ရှေ့ဖျတ်ခနဲတက်၏။

ရတီလှိုင်က ရင်ဘတ်ကို တွန်းထားလိုက်သည် ။

“ဆန္ဒမစောနဲ့ မောင်လေး ဆွေးနွေးဖို့ အချိန်တွေ ရှိပါသေးတယ်”

သူကပြောရင်း အသချော် ကို စေ့စေ့ကြည့်သည် ။

မျက်ဝန်းထဲမှာ ရေးဖွဲ့ထားသော မှန်းတီးကောက်ကျစ်သည့်အလင်္ကာတစ်ပုဒ်ကကို အသချော်ကတော့ မြင်နေပါသည် ။

"မင်း အိမ်ကျ ဒါကိုသေချာပြောလိုက်ဦး ဒါရိုက်တာက မေဂျာလေ ပွဲကစိုပြေသွားတာပေါ့ ဟိုတစ်နေ့ကလို"

ရတီလှိုင် ခနိုးခနဲ့ ပြောကာ ကားပေါ်ပြန်တက်သည် ။

ကောင်းချာန်က တက်ခေါက်၍ သတိပေးသွားတာ

မေဂျာ ဒါရိုက်တာဆိုတော့ ကိုကိုကြီးနှင့်ငြိမည်။

မကြာခင်ကမှ ပြဿနာမငြိမ်းနိုင်သေးဘဲ

ဒီတစ်ခါထပ်ဖြစ်မှာ စိုးမှာ ပဲဆိုသည့် ထင်မြင်ချက်နှင့် ရတီလှိုင်က အပိုင်တွက်၏။

အသင်္ချေ သူ့အစ်ကိုကြီးကို တိုင်မပြောရဲဘူးလို့ တွက်ပြီးသားဖြစ်မှာ ပါ။

တကယ်လည်း သူမ တိုင်မှာ မို့လို့ လား။

“လာခဲ့”

ဒီဂရီက သူမလက်ကလေးကို ဆတ်ခနဲ ဆောင့်ဆွဲကာရှေ့ဆက် လှမ်း၏။

မညင်သာပေမယ့်အသင်္ချေ ပျော်သွားခဲ့၏။

ကိုကိုကသာ ခေါ်ပါလျှင် ...

*

## အခန်း (၁၀)

ထမင်းပွဲက အားလုံးစုံလင်ကာ စားပွဲတစ်ဝိုင်းလုံး ပြည့်နေသည် ။

မေဂျာတို့ မတာတို့ မပါဘဲ ကိုကြီးနဲ့ ကိုလေးကော အသချော်နဲ့ ဒေါ်မြတ်ချိုအပြင် ဒေါက်တာ သန့်ဇင်နှင့် ဒီဂရီပါ ပါသည် ။

"စားနော် ဒေါက်တာ အားမနာပါနဲ့ ဒီကလူလေးလည်း အားရပါးရစားပါကွယ် အိမ်ရှင်နဲ့ အိမ်ငှားဆိုပေမယ့် အန်တီက မိသားစုတွေလိုပဲ ရင်းနှီးခင်ခင်မင်မင် ဖြစ်ချင်တာ ဒီမှာလေ သူက သားကြီး ကိုကြီးပေါ့ သူက သားငယ် ကိုလေးတဲ့ သမီးငယ်ကိုတော့ သိမှာ ပါ အ

သခင်ျော့ "

ဒေါ်မြတ်ချိုက သားတို့ ကိုပါ မိတ်ဆက်ပေးသည် ။

ထမင်းစားကြရင်း ပြုံး၍ ရည်မွန်စွာခေါင်းညိတ်ပြလိုက်သော ဒီဂရီကို နာမည်နှင့်တွဲ၍ ကြည့်မိကာ ကိုကြီးမျက်လုံးမခွာဖြစ်။

နာမည်ကလည်း ဆန်း လူကလည်း လူချောတစ်ယောက် ဖြစ်၏။

ယောကျ်ားချင်းပင် အားကျချင်အောင် ကြည့်ကောင်းနေသည် ။

ထိုစဉ်ချွင်ခနဲ အသံတစ်ချက်ကြောင့်အားလုံးလှည့်ကြည့်လိုက်မိ၏။

"အပွန်း ကန်တော့ ကိုကိုကန်တော့ အန်ကယ် ကန်တော့နော် ... ချော်သွားလို့ "

အသခင်ျော့တို့ လုပ်ပြီ။

တောင်းပန်တာတောင် ကိုကိုလို့ ခေါ်တာ ဒီဂရိ့ကိုအရင်။

ဒီဂရီ မျက်မှောင်မသိမသာတွန့်လျက် ထမင်းငုံ့စားနေ၏။

ကိုကြီး မျက်နှာပူသွားသည် ။

ကြီးတဲ့ သူမို့ ညီမငယ် မျက်ဝန်းထဲက လှို့ဝှက်တာတွေကို ဖတ်လိုက်မိ၏။

ဟင်းခတ်တာတောင် တမေ့တမောငေး၍ ဖွန်းလွတ်ကျတဲ့ အဖြစ်ပါလား။

မေမေလည်း ရိပ်မိပုံပေါ်ကာ မျက်နှာနီသွားခဲ့၏။

ကိုလေး သူ့ကို ဖျတ်ခနဲ ငဲ့ကြည့်ပြီး ထမင်းငုံ့စားနေ၏။

ဒေါက်တာ သန့်ဇင်ကတော့ ချစ်စနိုးမျက်ဝန်းများ နှင့်ကြည့်ကာ ရယ်မောနေသည် ။ တစ်

ချက်မှ ထပ်မော့မလာသော ဒီဂရီ၏ နက်မှောင် စိမ်းညို့သော မျက်ခုံးတို့ နှင့် နှာတံချွန်ချွန်ကို ခပ်ငုံ့ငုံ့အနေအထားအတိုင်း မကြာခဏလှမ်းကြည့်ဖြစ်ရင်း ညီမလေးက ကိုကိုဆိုတော့ အတော်များ ရင်းနှီးနေကြလို့ လားဟု ကိုကြီး တွေးမိ၏။

ဒါပေမဲ့ ဒီဂရီ့ပုံစံကတော့ ပြိုငြင်ဟန်နဲ့ ပါလား။

"အန်တီကလေ ခုလို မိတ်ဆက်လက်ဆုံပွဲလေးလုပ်ဖို့ စိတ်ကူးနေတာကြာပြီ ဒေါက်တာတို့ ဘက်က အလုပ်များ နေကြမှန်းသိလို့ စောင့်နေတာ"

ဒေါ်မြတ်ချိုက ဒီဂရီကို ပြောလိုက် ဦးသန့်ဇင်ဘက်ကို လှည့်လိုက်။

"ရပါတယ်ဗျာ မိတ်ဆုံစားပွဲမလုပ်လည်း မိတ်ဆွေတွေပါပဲ ဟောဒီသမီးလေးနဲ့ ဆို ရင်းနှီး

နေတာကြာလှပေါ့ တစ်ဘက်နဲ့ တစ်ဘက် မကူးလူးဖြစ်တာပါ ဒါနဲ့ မောင် ကိုကြီးတို့ ကဘာလုပ်ကြတာလဲကွယ်"

"ဗျာ"

ထမင်းနဲ့ ဟင်းကို ရောမွှေရင်း သူ့ကိုမေးလိုက်တော့ ကိုကြီး ဖျတ်ခနဲမော့သည်။

"ကျွန်တော်လား အဟွန်း ... ခုထိတော့ အလုပ်မယ်မယ်ရရမရှိသေးပါဘူး ဒါပေမဲ့ အခုဘိလိယက်နဲ့ ကာရာအိုကေခန်းမ တစ်ခုဖွင့်ဖို့ ညီနဲ့ ကျွန်တော် တိုင်ပင်ထားပါတယ် ဖြစ်နိုင်ရင်လေးတစ်ခုပါရှေ့မှာ တွဲထားလိုက်မယ်"

"အေး ဒါလည်းကောင်းပါတယ် လူငယ်ဆိုတာ အမြဲကြိုးစားနေရတယ်ကွ ဒါမှ တိုးတက်တာ ဘွဲ့တစ်ခုရထားတာ ခြေတစ်ဖက်ပဲရှိသေးတယ် နောက်ခြေတစ်ဖက်က မိမိရဲ့ လုံ့လကြိုးစားမှု"

ထမင်းစားရင်း ဦးသန့်ဇင်က ဆုံးမနေသည်။

ဒေါ်မြတ်ချိုက ဒီဂရီ အရည်အချင်းကို သိချင်တာဖြစ်သည်။

ထိုစဉ်မှာ ပဲ ဦးသန့်ဇင်က ထည့်ပြောလာခဲ့၏။

"သူဆိုရင်လည်း ဒီလိုပဲ မိဘတွေက ဆရာဝန်တွေချည်းပဲ သားသမီးတွေလည်း ဆရာဝန်ပဲ သူကအခြေအနေတစ်ခုကြောင့် အမှတ်ကျသွားတာနဲ့ ဆေးလိုင်းမဝင်ဘူး အင်ဂျင်နီယာဘွဲ့ရထားပြီး စိတ်လေနေတာ ဒါပေမယ့် သူကဝန်ထမ်းလစာနဲ့ မလုပ်ချင်ရင်တောင် မိဘလုပ်ငန်းတွေအများကြီးရှိတယ် အန်ကယ်ကကြွားတာ မဟုတ်ပါဘူးနော် ...မိဘပစ္စည်းဆိုတာလည်း ကိုယ့်အောင်မြင်မှုမှ မဟုတ်တာ ကိုယ်ကြိုးစားမှ ကိုယ်အောင်မြင်တယ်လို့ ခေါ်

တာ အန်ကယ်တို့လိုချင်တာက ကိုယ့်အတွက် လည်း ကြိုးစား မိဘကိုလည်း ထောက်ပံ့ ဒါမင်္ဂလာပဲ”

ဦးသန့်စင် သူတို့ မိသားစု၏ အနေအထား ကို သိရှိနေပုံပေါ်ပါသည်။

ညီအစ်ကိုနှစ်ယောက်ကို အလုပ်ကြိုးစား၍ မိဘကို ထောက်ပံ့ဖို့ ပြောတာဖြစ်သည်။

သူတို့ နားလည်သည့် စိတ်ထဲမှာ ရှက်သလို လို မျက်နှာပူသလိုလို ဖြစ်သွားပေမယ့် စိတ်ဆိုးခဲ့တာတော့ မဟုတ်။

ဒီဂရီတို့ နှစ်ယောက်က ဘာဖြစ်လို့ ဒီမှာ လာငှားနေကြပါလိမ့်ဟူသော အတွေးက ချက် ချင်းဝင်၏။

လက်ဖဝါးစောင်းတွင် နီမြန်းနေသော ဒီဂရီ့လက်တွင် မွေးညင်းတချို့ဖုံးလျက် မောင်းကွင်းလက်စွပ် ပါးလေးတစ်ကွင်းနှင့် သိန်းကျော်

တန်နာရီတစ်လုံး ရှိသည်။

သူတို့ မြင်သမျှမှာ တော့ ဘောင်းဘီရှည်ဂုတ်တာ မမြင်ခဲ့သလောက်ပါပဲ သို့သော် သူ့ပုံစံသူ့ဟန်က ထင်းနေအောင်ပေါ်သည်။

ညီမလေး သဘောကျနေတာ ဒီတစ်ယောက်ပဲဖြစ်မှာ ပါ။

ထိုအတွေးက ကိုယ်စီမှာ ဖြစ်မိသလားမသိ။

ကိုကြီးနဲ့ ကိုလေးတစ်ယောက်ကိုတစ်ယောက် မသိမသာကြည့်လိုက်မိကြတာ ပြိုင်တာ ထမင်းဝိုင်းမှာ မေမေနဲ့ ဦးသန့်ဇင်ပဲ ဒိုင်ခံစကားပြောကာ သူတို့ တစ်တွေကတော့ တိတ်နေခဲ့ကြ၏။

ဒါတောင် သူတို့ မှာ ညီမလေးက ဒီဂရီ့ကို ဖျတ်ခနဲ ဖျတ်ခနဲခိုးကြည့်ရင်း ငေးနေတာလည်း ရှိသေးသည်။

ခိုးပြေးတာလည်း မြင်ရ၏။

ဒီဂရီကတော့ ရှိုက်မက်မက် စားသောက်နေတာမျိုးလည်း မဟုတ်ဘဲ ပုံမှန်အတိုင်းရှိနေလျက်နှင့် မျက်နှာတစ်ချက်မှ မမော့။

ဘယ်ကိုမှ လည်း မျက်လုံးတစ်ချက်မဂင့်။

နောက်ဆုံး ပန်းကန်ထဲမှာ ရှိနေသည့် ဟင်းကိုသာစားကာ ဘယ်ပန်းကန်ဆီကိုမှ လက်မလှမ်း မျက်လုံးကမရောက်။

သူ့ပုံစံသည် လူအများ ထဲမှာ မနေတတ်၍ ရှက်ရွံ့နေတာမျိုးလည်း လုံးဂမဟုတ်ပါ။

အားလုံးထဲမှာ သီးခြားစွာရှိလျက် ဘယ်သူ့ကိုမှ အဖက်မလုပ်ချင်တော့တာမျိုး တကယ်ဒီလိုပဲလား သူတို့ စိတ်ထင်တာလား။

ဒီဂရီကတော့ အနည်းမျှ မော့မလာခဲ့ပါ။

*

## အခန်း (၁၁)

အခန်းရှေ့မှာ ခြေစုံရပ်၍ နားစွင့်လိုက်တော့ အထဲမှာ ဘာလှုပ်ရှားသံမှ မကြားရ။

"ဒါ ဘာလုပ်နေတာလဲ"

နောက်က အသံကြောင့်ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည် ။

ဒီဂရီက ဝရန်တာကနေ ရုတ်လာပုံရသည့် အကျီတွေကို လက်မောင်းမှာ တင်လျက်ရပ်နေ၏။

"ကိုကိုက အပြင်မှာ ကိုး ... ဒီမှာ လေ ကြာဖံချက် လာပို့တာ"

အသဉ္စျေက ချိုင့်လေးမြှောက်ပြသည်။

"ကိုကိုက ကြာဇံချက်ကို ငါးဖယ်နိုင်နိုင်နဲ့ ကြိုက်တယ်ဆို ဟိုနေ့က အန်ကယ်နဲ့ ပြောနေတာကြားလို့ ..."

"ဟုတ်တယ် ဒါပေမဲ့ မာမီချက်တဲ့ ကြာဇံချက်ကလွဲပြီး အပြင်ကဟာ ငါဘာမှ မစားဘူး စေတနာရှိရင်လည်း အထဲမှာ သွားလှယ်ထားခဲ့ လေးလေးစားလိမ့်မယ်"

"ကိုကိုကလည်း နည်းနည်းတော့စားပါ အသဉ္စျေ ကိုယ်တိုင် ချက်လာခဲ့တာ"

သူ့မျက်နှာတင်းကာ ရှော့ပင်နှင့်ခါးတိုတီရှပ်လေး ဝတ်ထားသည့် အသဉ္စျေကို ဆံဖျားက နေ ခြေဖျားထိ တစ်စတစ်ဆုံးကြည့်၏။

"လူကြားကောင်းအောင် ပြောနေတာလား မင်းပုံစံက မီးဖိုထဲ ဝင်တတ်တဲ့ ပုံလည်း မရှိပါဘူး"

အသချော်က ဟက်ခနဲရယ်၍ မျက်နှာလေးကို မော့သည်။

"ညာစရာလား ကိုကိုရယ် မယုံရင်ကြည့်နေ တစ်နေ့လောက် ကိုကိုတို့ ကို လာချက်ပြဦးမယ်"

သူ နှုတ်ခမ်းတစ်ဖက် ညွတ်သွားရုံလေးမဲ့ကာ အခန်းတံခါးတွန်းဖွင့်လိုက်သည်။

တစ်ကြိမ်နှစ်ကြိမ် ဝင်ထွက်ဖူးသည် မို့ အသချော်က ထမင်းစားခန်းထဲဝင်ကာ ချိုင့်ကို ကိုယ့်ဟာကိုယ်ပဲ လှယ်လိုက်သည်။

အိမ်ကြီးက အတော်ကြီးမားကာ အလယ်ကန့်လိုက်သော်လည်း တခြမ်းစီမှာ အဆောင်ဆောင် အခန်းခန်းက သူ့ပုံစံအတိုင်း စနစ်တကျ ရှိပါသည်။

ဦးစားပေးစနစ်ဖြင့် အောက်ထပ်က ရေချိုးခန်းကို ဒီဂရီတို့ ကို သုံးစေကာ အပေါ်ထပ်က

ရေချိုးခန်းမှာ အသင်္ချေ တို့ ချိုးကြသည် ။

ဒါပဲမျှတ ယူလိုက်ရတာဖြစ်ကာ ကျန်တာ ဘာမှ အခက်အခဲမရှိ။

သူတို့ သတ်မှတ်ထားသည့် ထမင်းစားခန်း ဆိုတာလေးမှာ အိုးခွက်ပန်းကန်လည်း သိပ်မ ရှိ။

ချက်ပြုတ်စားကြပုံလည်း မပေါ်။

အားလုံးသည် သုံးစွဲထားသည့် ပုံစံမဟုတ် ဘဲ အသစ်အတိုင်းသာ ဖြစ်၏။

"ဟော ... သမီးရောက်နေသလား ဘာလာ ပို့တာလဲ"

အသင်္ချေချိုင့်ဆွဲ၍ ပြန်ထွက်လာတော့ ဦး သန့်ဇင် အပြင်က ပြန်လာတာနှင့် တွေ့၏။

"ကြာဇံချက်လာပို့တာ အန်ကယ် .... အန် ကယ်တို့ ထမင်းအပြင်မှာ ပဲ စားကြတာလား

ဟင် တစ်ခါမှ ချက်မစားဘူးလား”

ဦးသန့်ဇင်က ဘာမှ ပြန်လှည့်မပြောသည့် ဒီဂရီကျောပြင်ကို တစ်ချက်လှမ်းကြည့်ကာ ပြုံး၍ ခေါင်းညိတ်လိုက်၏။

“ချက်စားဖို့ တော့ အစီအစဉ်ရှိပါတယ် သမီးရယ် ခုတော့ ဒီအတိုင်းပဲ အဆင်ပြေနေသေးတယ်လေ”

“ဒီတိုင်းစားတော့ ညမနက်ဘယ်လောက်ကုန်လဲဟင်”

ကွန်ပျူတာစားပွဲမှာ ထိုင်ပြီးကာမှ ဒီဂရီက သမင်လည်ပြန်လှည့်ကြည့်၏။

“ဘာလဲ မင်း ထမင်းရောင်းချင်လို့ လား”

“ဟုတ်တယ်”

အသခ်ျေက ချိုင့်ကို ပေါင်ပေါ်တင်၍ ဆိုဖာပေါ်မှာ ထိုင်ချလိုက်သည် ။

ဦးသန့်ဇင်ကလည်း သူမရှေ့က ဆိုဖာမှာ ဝင်ထိုင်သည်။

"အန်ကယ် သမီးတို့ ဆီမှာ ထမင်းချိုင့်ယူပါလားဟင် ဟင်းသုံးမျိုးလောက် အမြဲပါမယ် ဆိုင်မှာ ထက်ကောင်းစေရမယ် ဈေးမများ ရဘူး"

"မင်း နေရာမှားနေပြီ"

ဒီဂရီက လှောင်ရိပ်နှင့်ကြည့်၍ ဟိုဘက်ပြန်လှည့်သွား၏။

"ဟား ဟား ဟား ...."

ဦးသန့်ဇင်က ရယ်နေသည်။

"ညည်း အစ်ကိုကိုပဲ စည်းရုံးပါဦး သူက အပြင်အစားအစာဆို သိပ်နှစ်သက်တာ မရှိဘူး ခုလည်း ထမင်းကို ဟုတ်တိပတ်တိ စားတယ်မှ မရှိတာ"

"ဒါနဲ့ များ ကိုကိုက ဘာဖြစ်လို့ အန်ကယ်နဲ့

လာနေတာလဲ မာမီနဲ့ ပဲနေပေါ့"

"ဟော့ မစပ်စုနဲ့ လေ"

"ကိုကိုကချေးထူတာကိုး လွတ်လွတ်လပ်လပ် နေချင်တဲ့ သူဆိုတာ ဖြစ်သလိုစား ကြုံသလို အိပ်တတ်ရမယ် ကိုကို့ပုံစံ ကြည့်ရတာ"

"အသချော်"

ဒီဂရီ မျက်နှာကော လူပါ ဖျတ်ခနဲ လှည့်လာ၏။

"မင်းကို ခင်မင်ကြည့်ဖို့ ကြိုးစားတိုင်း အဲဒါတွေပဲ စိတ်ပျက်တာ"

" အသချော်ကတော့ ကိုကို့ကို ခင်ပါတယ်"

လူငယ်နှစ်ယောက်ကိုကြည့်ကာ ဦးသန့်ဇင်က ပြုံးနေ၏။

ဒီကောင်မလေး ဒီဘက်ကို ခဏလေးရောက်လာလျှင် ခဏလေး ပျော်ဖို့ ကောင်းသည် ။

တကကယ့်ဆည်းလည်း လေးလိုပါပဲ။

ပြီးတော့ ရောက်လာတာနဲ့ အမြင်မတော်လျှင် ဝင်ရှင်းသွား လှဲ့ကျင်းသွား လုပ်ပေးကိုင်ပေးရတာကိုလည်း ဂုဏ်ဖော်သွားတာမျိုးမရှိ။

တမင်သိသာအောင် မိန်းမပီသပြတာမျိုးလည်း မဟုတ်။

ဒီဂရီနှင့် စကားနိုင်လုရင်း ရယ်မောရင်း လက်လှုပ်ရှားသွားတာမျိုး။

နေတော့ ဆံပင်နှစ်ဖက်ခွဲ ကြက်တောင်စီးလေးနှင့်ရှော့ပင်နှင့်

ကိုယ့်ဘက်ပဲလာလာ သူ့ဘက်မှာ ပဲနေနေ တစ်ချက်မှ ဒူးလှုပ်ပေါင်လှုပ် နားနေတာမျိုးမတွေ့ …

တစ်ခါတလေ တိုက်နံ့ရံတွေ ဆေးသုတ်တာကအစ မော့ကြည့်လိုက်လျှင် ဒီကောင်မ

လေး အပြင်ပြေး ဈေးဝယ်ချက်ပြုတ် ပန်းပင်ရေလောင်းတော့လည်း သူမ။

ဒီအိမ်မှာ သားအမိနှစ်ယောက်တည်း ရှိနေသလိုပါပဲ။

ဟိုညီအစ်ကိုနှစ်ယောက်ကို တစ်ခါတစ်ရံမှသာ ခြံကြီးထဲမှာ ကုလားထိုင်တွေချ အအေးပုလင်းတွေထောင်၍ ထိုင်နေတတ်တာတွေ့ခဲ့သည် ။

ဒါကြောင့်လည်း ထမင်းစားဖိတ်တဲ့ နေ့က ပြောခဲ့တာပါ။

မိဘအမွေဆိုတာ ဖြုန်းတီးသင့်သည့်အရာမဟုတ်။

ဒီခြံဝန်းကြီးထဲက မိသားစုဟာ အထည်ကြီးပျက်လို့ ပြောရလောက်အောင် ကျဆင်းမှုမရှိသေးပါ။

ဂိုဒေါင်ထဲမှာ သိန်းထောင်ကျော်တန်ကား တွေ နှစ်စီးရှိသေးသည် ။

တိုက်ကြီးထဲမှာ ခေတ်မီအဖိုးတန် ပရိဘောဂပစ္စည်းတွေအပြည့်နှင့် ဖိတ်ဖိတ်လက်နေသေးသည် ။

တစ်ခုတော့ရှိပါသည် ။ မမက်လို့ မဝတ်တာလား မရှိတာလားတော့မသိ။ ဒေါ်မြတ်ချို ကိုယ်ပေါ်မှာ လက်ဝတ်ရတနာတွေ သူ့နေရာနဲ့သူ ခန့်ခန့်ထည်ထည် ဝတ်ထားနိုင်ပေမယ့် အသင်္ချေကိုယ်ပေါ်မှာ ရွှေဆို လက်စပ်ပါးလေး တစ်ကွင်းသာရှိသည် ။

အဝတ်ဆိုလည်း သိပ်လှလှပပ ခေတ်ဆန်ဆန် ဝတ်စားသွားလာတာမျိုး သိပ်မရှိ၊ ဘာမှ လိမ်းဖြီးဖို့ မလိုဘဲ လှနေတတ်၍ လားမသိ။

မျက်နှာမှာ လည်း ပြင်တာဆင်တာ ဘယ်သောအခါမှ မရှိခဲ့။

ဆံပင်ရှည်လေးတွေကို နှစ်ဖက်ခွဲ၍ စည်းထားတာမျိုး နောက်မှာ အားလုံးစုစည်း၍ တစ်မျိုး တစ်ခါတလေ ဖားလျားချထား၍ လည်းနေသည် ။

သူမ ပုံစံလေးက အလှအပကိုလည်း မိန်းကလေးပီသစွာ နှစ်သက်ခုံပင်နေပုံမျိုးမရှိ။ ဒါပေမဲ့ သူမ ချစ်တတ်လေသည် ။

ဒီဂရီ့ကို ဒီမိန်းကလေး တစ်ဖက်သက် မြတ်နိုးနေရှာတာ ဦးသန့်ဇင် သိသည် ။

ဒါဟာ သိပ်တော့ အကဲခတ်ဖို့ မလိုတဲ့ ကိစ္စပါ။

ရိုးသားပွင့်လင်းစွာ သည်းခံလိုက်လျောတတ်တာလေးတွေက ဖုံးဖုံးဖိဖိ သိပ်မရှိ။ သူကတော့ ချစ်စရာကောင်းသည့် ပုံစံလေးဟု ပဲ မြင်ပါသည် ။

ဒီဂရီကတော့ ထိုပုံစံကိုပဲ ရှုံ့မဲ့ကဲ့ရဲ့ သည် ။

"လေးလေး အဲဒီကောင်မလေးကို သိပ်အရေးမပေးနဲ့ နေတာထိုင်တာ သိပ်ကလက်တာ အဲဒီလို ဆင်ဆင်ခြင်ခြင် မရှိတာမျိုး ကျွန်တော်မုန်းတယ် မလွှဲမရှောင်သာတဲ့ နေရာမျိုးဆို ချောင်ပိတ်ရိုက်သလိုပဲ ဒီကောင်မလေး သိပ်ဒုက္ခပေးတာ ..."

အသင်္ချေ သူ့အိမ်မှာ ယောင်းမတွေနဲ့ စီခနဲအသံထွက် လာပြီဆို ဒီဂရီ နှုတ်ခမ်းမဲ့သည် ။ သူမကလည်း သူမကလည်း သူ့ရှေ့ကျကာမှ ခလုတ်တိုက်တာ ဒူးပြဲတာ ဖြစ်လည်း ဖြစ်နိုင်လွန်းသည် ။

ထိုအခါမျိုးဆို ဒီဂရီက ပြေးထူဖို့ ဝေးလို့ မျက်ရည်ထပ်ကျအောင် ပြောတတ်သေးသည် ။

"မင်း ကိုယ့်ကိုယ်ကို ဒီလောက်လေးတောင်မှ မထိန်းသိမ်းတတ်တာ မိဘကိုယ်လက်တွဲကူပြီး ရှေ့ဘယ်လို ရုန်းကန်

မလဲ အစ်ကိုတွေတော့ မပြောနဲ့ မိန်းကလေးဖြစ်တဲ့ မင်းတောင်မှ ဒီလို ခပ်ပေါ့ပေါ့နေသေးတာ မိဘဘယ်လိုလုပ် ခေါင်းထူနိုင်တော့မှာလဲ”

“ကိုကိုရယ် စိတ်ဓါတ်စာရိတ်တကို သူ့အပြုအမူ အနေအထိုင်နဲ့ ချည်း ဆုံးဖြတ်လို့ မရပါဘူး အသင်္ချေ ကိုကို့ရှေ့ကျမှ အဲဒီလိုတွေ ဖြစ်ဖြစ်ကုန်တာသိလား”

“လုပ်မနေစမ်းပါနဲ့ မင်းကိုယ်မှာ ဒီပုံစံတွေ ချည်းပဲ”

ဒီဂရီပြောဆိုပုံမှာ သည်းခံတတ်ပါသည် ဆိုသော မိန်းကလေးတောင် တစ်ခါတလေ မျက်ရည်ဝဲ၍ ပြန်ပြောရသည်။

ဒါပေမဲ့ သူမ ခမျှား ကြာကြာလည်း မနေနိုင်ရှာ။

“သမီးတို့ က တိုက်ကြီးကို ခုလို ပြုပြင်ကာ

ရုံပြီး တစ်ဂက်ခြမ်းငှားထားတော့ ကိုယ်နေရတာ ကျဉ်းတယ် အရင်ပုံစံလည်း ပျက်တယ် မဖြစ်မနေငှားမှ ဖြစ်ရလောက်အောင် လိုအပ်နေတာမျိုးလည်း မဟုတ်ဘူး ထင်တယ် .... ဘာဖြစ်လို့ လဲ”

ရင်းနှီးလာတော့ ဦးသန့်ဇင်က တည့်တည့်မေးခဲ့သည် ။

အသင်္ချေက စပ်စုတယ်လို့ ထင်သည့်အကြည့်မျိုးနှင့်မကြည့်ခဲ့ပါ။

“လိုအပ်မနေဘူးလို့ အန်ကယ်က ဘာဖြစ်လို့ ထင်တာလဲဟင်”

သူမကပဲ ပြန်မေးပါသေးသည် ။

“သမီးတို့ တိုက်ကြီးက သိပ်ကိုသားနားခမ်းနားနေလို့ ပေါ့ ကျယ်တယ် ခန့်တယ် ပြည့်စုံနေတယ် ဒီလိုနေရာမျိုးကို ပိုင်ဆိုင်ခဲ့တဲ့ သူဟာ ရုတ်တရက်အဖြစ်မဆိုးနိုင်ဘူးလို့ ခ

နဲ့မှန်းတာပေါ့”

ထိုသို့ပြောလျှင် အသချော်မျက်နှာလေးက တွေးငေးသွားလျက်

“ဟုတ်ပါတယ် ရှတ်တရက် မဟုတ်ဘူး ကြာပြီပဲ အန်ကယ်ရယ် ဖေဖေဆုံးသွားပြီး မေမေလည်း ကျန်းမာရေးချို့တဲ့ သမီးတို့ ရဲ့ ပညာသင်စရိတ်တွေနဲ့ ပြီးတော့ ကိုကိုကြီးတို့ က ပညာတစ်ပိုင်းတစ်စနဲ့ လက်ထပ်ခဲ့ကြတာလေ ဒီလောက်ဖြစ်စရာအကြောင်းမရှိဘူးလို့ ထင်ရပေမယ့်တကယ့်ကို ဖြစ်ခဲ့တာပါ အစက အခိုင်အမာရှိခဲ့တော့ ရှိတဲ့ ပစ္စည်းတော့ မပြုတ်ဘူး ဒါပေမယ့် ငွေကတော့ တကယ်လိုပါတယ် မေမေကိုယ်တိုင်က ကိုကိုကြီးတို့ ကို အိမ်ထောင်သည် ရယ်လို့ ခွဲထွက်သွားမှာ ကို သိပ်စိုးရိမ်တာ သမီးတို့ မောင်နှမကို မကွဲမကွာ ဒီတိုက်ကြီးထဲမှာ ရှိနေစေချင်တာလေ

အဲဒါကြောင့် သဘောထားချင်း မတိုက်ဆိုင်ကြလို့ ပြဿနာဖြစ်ရတိုင်း မေမေကပဲလျှော့ပေးတယ်”

ချွေးမတွေဖြစ်စေချင်သမျှ လိုက်လျောရတယ် အထွက်နဲ့ အဝင်မမျှတော့ စီးပွားရေးဆိုတာ ဒီတိုင်းဖြစ်လာမှာ ပါပဲ မေမေ့ကို သမီးကူညီဖို့ အကြိမ်ကြိမ်ကြိုးစားပါတယ် မေမေကလုံးဝလက်မခံဘူး ဘယ်မှာ မှ ဘာအလုပ်မှ ထွက်လုပ်ခွင့်မရဘူး ဒါကြောင့် ပုံမှန်ဝင်ငွေလည်း ရ ဣန္ဒြေလည်း မပျက်ရအောင် တိုက်ကိုခြမ်းပြီး ငှားလိုက်တာပါ”

“အဲဒီအခါ လူဆိုးလူကောင်းဆိုတာ ဖြစ်ချင်ရာဖြစ်လာမှာ ပဲ ကိုယ့်အိမ်ပေါ် လူဆိုးရောက်လာရင် ဘယ်လိုလုပ်မလဲ”

“အခု အန်ကယ်တို့ က မဆိုးဘူးလေ ...”

အသချော်စကားကြောင့် သူပြုံးမိခဲ့သေးသ

ည် ။

သူသတင်း သဲ့သဲ့ကြားပါသေးသည် ။ ဒေါ်မြတ်ချိုသည် မိုးကုတ်သူဌေးကြီးများ ၏ ချွေးမတစ်ယောက်ဖြစ်ကာ ရန်ကုန်မှာ ဤမျှ အခြေပျက်လုလုဖြစ်ရသည် အထိ နေရတာ တောင် ယောက္ခမဆီပြန်သွားဖို့ စိတ်မကူးခဲ့သူ ။

သူမသည် စိတ်ဓါတ်မာကျောကာ ဦးဆော င်နိုင်စွမ်းသည့်မိခင်အရည်အချင်းပြည့်ဝချင်မှ ပြည့်လိမ့်မည်။

သို့သော် မာနကြီးတာကတော့ သိသာပါသ ည် ။

နောက်ဆုံး ဒီဘဝ ဒီအခြေအနေနှင့် ဘယ်လို မှ ရုန်းကန်ကြိုးစားလို့ မှ ရပ်တည်ဖို့ မဖြစ်နိုင် တော့ရင်တောင် ကလေးတွေသာ ပြန်ပို့ချင်ပို့မ ည်။

သူမကိုယ်တိုင် ဘယ်တော့မှ ဦးညွတ်ခေါင်းကျိုးသွားမည်မဟုတ်။

"အဲဒီတိုက်ကြီးက ဒေါ်မြတ်ချိုဆိုတာ တကယ်မာနကြီးတဲ့ မိန်းမကြီးဗျ သူ့ယောက်ျားမတွေက တကယ့်ဒိတ်ဒိတ်ကျဲ သူဌေး စီးပွားသာကျတာ မာနကမချဘူး မိုးကုတ်ကအဘွားကြီး ခဏခဏ ရောက်လာတယ် ကလေးတွေကိုခေါ်တယ် သူ့ကိုပါ လိုက်ခဲ့ဖို့ ခေါ်တာ လုံးဝမလိုက်ဘူး ကလေးတွေကိုလည်း မထည့်ဘူး သူကော ဘယ်လောက်ချမ်းသာသလဲမသိဘူး ခုထိအေးအေးပဲ"

ဒီတိုက်ကို ငှားဖို့ ရည်ရွယ်ကတည်းက ဦးသန့်ဇင်က မေးမြန်းစုံစမ်းခဲ့ပြီးသား။

အိမ်ရှင်က အိမ်ငှားရွေးသလို အိမ်ငှားကလည်း ရွေးရတာပဲ။

သူ အရမ်းကာရော လုပ်ခဲ့တာမဟုတ်။

ပြီးတော့ ကိုယ့်တူက ကိုယ်နဲ့ လာနေမည်။ ကိုယ့်အတွက်ထက် သူ့အတွက်က အရေးကြီးသည် ။

ခုကျတော့ ကိုယ်ကနေပျော်သည် ဟု ယူဆသည် ။ သူက ရှုံ့မဲ့နေ၏။

ဘာပဲဖြစ်ဖြစ် ဦးသန့်ဇင် အသချော်ဆိုသည့် မိန်းကလေးကို မေတ္တာမပျက်။

*

## အခန်း (၁၂)

"ကိုကို ... ကိုကိုရေ နေဦး"

ခြံထဲကနေစိတ်ကူးလေးနဲ့ တက်လာစဉ် ကို့ကို့ကားမောင်းထွက်သွားတာမြင်သဖြင့်အ သချေ ဟန်မဆောင်နိုင်ဘဲ သီထားသည့် ပန်းကုံးနှစ်ကုံးကိုဆွဲရင်း တအားပြေးသွားသည်။

ခြံကြီးကတော့အကျယ်ကြီး ခြံထဲကနေတိုက်ဆီ ပြန်ပြေးပြီဆို မောအောင်ပြေးရသည်။

ဒီဂရီက ကားရှိန်ကိုအရှိတ်သတ်ထားပြီး စောင့်နေသည်။

အသချေ ပန်းအိုးတွေကို ကျော်ခွကာ လွှားခနဲ ပျံခနဲပြေးလာစဉ်မလွတ်တာနှင့် အဖျားခ

တ်၍ ခလုတ်တိုက်လိုတိုက် ဟပ်ထိုးလဲမလို ဖြစ်နေတာကို ဒီဂရီကြည့်နေခဲ့သည် ။ ဒီဂရီ့မှာ လှမ်းပဲတားရတော့မလိုလို ကားပေါ်ကပဲ ပြေးဆင်းပြီး တွဲရတော့မလိုလို။

ကိုယ်ကဟာတ်ခနဲဖြစ်သွားမိလိုက် စတီယာရင်ကိုတင်းခနဲဆုတ်မိလိုက်၏။

"ဒီကောင်မလေး မြင်လိုက်ရရင် ဒီပုံချည်းပဲ"

ဟု ဂရုဏာဒေါသနှင့် တွေးမိရင်း မျက်နှာကအလိုလိုတင်းပြီးသားဖြစ်ခဲ့ရသည် ။

"ဟဲ ... ဟဲ ကိုကို ရှော့"

ကားနားရောက်တော့ သူမှန်ချထားသည့် တံခါးမှာ ကိုယ်ရောလက်ရောပစ်ကျ ရင်ဘတ်က ဖုတ်လိုက်ဖုတ်လိုက်ဖြစ်လျက်

"ရှော့ ကိုကို"

ဖြူဖွေးလှပနေသည့် ဇွန်ပန်းကုံးကလေး တစ်ကုံးကိုလှမ်းပေး၏။

"ကိုကို တစ်ကုံးယူသွား အသင်္ချေ တစ်ကုံး ယူထားပြီးဘုရားလှူမယ်"

"ဒါလေးပေးဖို့ ကို ဒီလောက်ပြေးလာရသ လား"

"ပေးချင်လို့ ပေါ့ကိုကိုရယ် ဒီနေ့ခြံထဲ အကြာကြီးဆင်းပြီးပန်းခူး ပန်းသီရင်းကိုကို့အ တွက်ပါ စိတ်ကူးထားတာ ... ကိုကိုက သူများ မလာရသေးဘဲ
စောစောစီးစီးထွက်လာတာကိုး"

ခါးကုန်း၍ မှန်နားမှာ မျက်နှာကပ်ထားသဖြင့်ဖားလျားချထားသည့် ဆံပင်တွေကမျက်နှာကို အုပ်လုနီးပါးထိ နဖူး ထိပ်မှ နေ၍ ပါးနှစ်ဖက်ပေါ်မှာ အုပ်ထွေးကျ နေသည် ။

ဒါကိုမျက်နှာလေးမော့၍ ဆက်ခနဲခါထုတ်လိုက်၊

နားရွက်နောက်သိမ်းညှပ်ပစ်လိုက်၊ တစ်ယောက်တည်းရှုပ်ရှုပ်ထွေးထွေးဖြစ်နေ၏။

"ဒီပန်းတွေလမ်းဆုံရောက်ရင် ပြေးလှားလိုက်ရောင်းနေတာအများကြီးပဲ ဒါအတွက်နဲ့ ဒူးပြဲ နဖူးကွဲဖြစ်ကုန်တော့ တန်လား"

"ကိုကိုရယ်"

အသချေ်မျက်နှာလေးပျက်သွားရှာသည် ။

တန်သလားပဲရှိရသေးတယ်ကိုကိုရယ်။

ကိုကို့ ကိုအသချေ်က တန်ကြေးဖြတ်ပြီး ပေးယူနေခဲ့တာမှ မဟုတ်တာ ရင်ထဲမှာ ခံစားသွားရပေမယ့် ကိုကိုလှမ်းယူလိုက်တော့ အသချေ် ပျော်သွား၏။

"ချိတ် လိုက်လေကိုကို ခေါက်တုတ်လေးချိ

တ်နော် ဒါမှ ဝဲဝဲလေးလွှဲနေမှာ ပန်းနုံ့လေးတွေ မွှေးတိုင်း အသင်္ချေ ပေးထားတာကို သတိရ"

ဒီဂရီကားမောင်းထွက်သွားသည် အထိ အသင်္ချေ ထိုနေရာမှ ရပ်ကြည့်ငေးနေဆဲ။ ကားလေးပျောက်သွားမှ ပြန်လှည့်လာခဲ့လျှင်

"သူများ တွေလို နောက်ပိုးပိုးတာ မဟုတ်ဘူး အတာရဲ့ ရှေ့ကပဲ ပြောင်ပြောင်ပိုးတာ"

"တစ်ယောက်ကလည်း ချောတာကိုး မဂျာရယ် ဒါပေမဲ့ ဘယ်လောက်ချောချော အတာတို့ဆိုရင်တော့ ဒီလိုမျိုးကိုယ့်ကို ဂရုမစိုက်တဲ့ သူကို အရှက်မရှိ အငမ်းမရ ပိုးပမ်းမနေပါဘူး"

အသင်္ချေ တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည် ။

လှည့်ကြည့်လိုက်တော့ တိုက်၏ တစ်ဘက်ထောင့်နားမှာ ရပ်နေကြသည့်မဂျာနှင့်အတာ စောစောကသူမတို့ ကို အသင်္ချေ

ဂရုမထားမိခဲ့ပါ။

သူတို့ ကတော့ အားလုံးကိုမြင်ကာ ရှုံ့မဲ့ကဲ့ရဲ့ နေလိမ့်မည်။

ခြေလှမ်းတို့ က တိုက်ပေါ်ကိုမဟုတ်တော့ဘဲ ထိုဆီသို့ရွေ့လျားသွား၏။

"ဒီမှာ မတာတို့ ဘယ်သူ့ကိုပြောတာလဲ"

"ဩော် ... အပျွန်း"

အသချေ ဆက်ဆက်ထိမခံတတ်တာကိုသိထားသည် ။

ဒီလိုပဲအနားရောက်လာမှာ ကို တွက်ထားမိပုံနှင့်မတာကမခိုးခန့်မျက်နှာနှင့်လှည့်ကြည့်၍ ဂရုမစိုက်စွာပြုံးသည် ။

"အမြင်မတော်တာကိုပြောတာလေ ဘယ်သူပဲဖြစ်ဖြစ် ပတ်ဂန်းကျင်ဆိုတာရှိတယ် အမြင်မတော်အောင်နေရင် အပြောခံရမှာ ပဲ"

"အမြင့်မတော်စရာ အသင်္ချေ ကဘာလုပ် နေလို့ လဲ လူမြင်သူမြင် သွားလာတာကို အမြ င့်မတော်နေရင် ကွယ်ရာမှာ ထင်သလိုနေ ဖြစ် ချင်တာကိုရအောင်လုပ်တတ်တဲ့ သူကျတော့ ဘာပြောမလဲ အဲဒါကျတော့ မမြင်ရလို့ အမြင့် တော်နေသလား"

အတော့မျက်နှာရဲခနဲ ဖြစ်သွားသည်။

အရှိုက်ကို တည့်တည့်ထိသွားပြီမို့ မျက်လုံး စုံမှာ စူးလက် သွားသည်။

အသင်္ချေကလည်း အစ်ကိုတစ်ယောက်လုံး ကို မသထာ မကြည်ဖြူစွာ ပေးခဲ့ရတာမို့ ထိုအကြိတ်အခဲက ရင်ထဲတွင် အမြဲရှိနေသည် ။

အောက်တန်းကျတယ်ပြောပြော၊ အဆင့်အ တန်းမရှိဘူးဆိုဆို သူပြောရင်လိုက်ပြောမှာ ပဲ။

ကိုယ့်ကိုနာအောင်ပြောရင် သူ့ကိုလည်း ထိ

အောင်ပြောရမည်။

"ဒီမှာ အသချော် ..."

အတာ့မျက်နှာမှာ ခနဲ့ ပြုံးတွေ မဲ့ပြုံးတွေ မရှိတော့။

"မခိုးတတ်ရင် ပျာတယ်တဲ့ အဲဒါမှတ်ထား သူခိုးလည်း ခိုးရဲမှ သူခိုးဖြစ်တာ၊ သူခိုးကို အထင်သေးတတ်ရင် ကိုယ်ခိုးဖို့ မကြိုးစားရဘူး ကိုယ်လည်း သူလိုပဲ ဆိုရင်တော့ သူများကို မကဲ့ရဲ့ နဲ့ လေ ... ငါသူ့လောက်မတတ်သေးပါလားလို့ မှတ်"

အတာက တည့်တည့်ပြန်ဆော်သည် ။

အသချော် ဟင်ခနဲဖြစ်ကာ သူ့မစကားကို ဘာသာပြန်နေရသေးသည် ။

အတာက လက်ပိုက်လိုက်ပြီး အသချော် ရှုပ်ထွေးသွားတာကိုကြည့်ကာ လှလှပပရယ်သည်

။

"ငါတို့ က လိုချင်တာကိုယူတာ နင်ပြောသလိုပြောစရာဖြစ်ခဲ့ရင်တောင် မရခဲ့တာမရှိဘူး ... နင့်အဖြစ်ကတော့ စိတ်မကောင်းစရာပဲ"

အသချော် ဆက်ခနဲဖြစ်သွား၏။

"မခိုးတတ်တော့ ပျာနေတာလေ အဟွန်း ... ဖြစ်နိုင်ချေရှိ မရှိကိုလည်း ပြန်တွက်ပေါ့။ နင်ပျာယာခတ်နေတာ ဘာလိုင်းကြီး ငါတို့ နဲ့ တစိမ်းပေမယ့် နင့်မှာ အစ်ကိုတွေ ရှိသေးတယ် ... နင့်ကြောင့်အားလုံးရောပြီး အထင်မြင်သေးစရာတွေ ဖြစ်ကုန်ရင် မိဘပါသိက္ခာကျမှာ အဲဒီတော့ ငါ့ကိုယ်မှာ အမြင်မတော်တာ ဘာလဲဆိုတာပြန်စဉ်းစား"

"ပြောချင်လို့ ကြည့်နေရင် ပြောစရာတွေ့မှာ ပဲ အသချော် မလိမ္မာရင် ဆုံးမမယ့်သူတွေရှိတယ် မတာတို့ ပြောဖို့ မလိုဘူး ဒီ

နေ ရာမှာ အမြင်မတော်ရင် ဟိုနေရာသွားနေ လိုက်၊ ငါ့လောက်ပညာ မရင့်သေးပါလားဆိုပြီး သနားရင်လည်း ကွယ် ရာကျမှ သက်ပြင်းချ တကယ်ပါဝန်ခံတယ် အ သင်္ချေက မတာလောက်မတော်ဘူး ..”

“နှင်”

ပြောပြီးအနိုင်နဲ့ ပိုင်းဖို့ လှည့်အထွက်မှာ အ တာကလက်မောင်းကို အတင်းဆွဲလိုက်၏။ မေ ဂျာက ရှေ့ကပိတ်ရပ်လိုက်ပြီး

“ကိုယ်က မဟုတ်တာလုပ်ပြီး ခံပြောလိုက် တာ ကတ်ကတ်လန်နေတာပဲ ဟွန်း အမေလုပ် သူကပြောတော့ မိသားစုစိတ်ဓါတ်တဲ့ ၊ ကြီးတဲ့ လူက ဆုံးမတာကို ဆုံးမတာလို့ မှ မမြင်တာ ဒါမိသားစု စိတ်ဓါတ်လား ... အစ်ကိုတွေကတ စ်မျိုး မပေးချင်ကြတော့ မိသားစုစိတ်ဓါတ်နဲ့ နေတဲ့ ခံစရာရှိတော့ သည်းမခံနိုင်လို့ ထဖြစ်ရ

င် တစိမ်းက တစိမ်းလိုပဲတဲ့ တော်တော်တရား ကျဖို့ ကောင်းတဲ့ သားအမိတွေ”

“မေဂျာ မေမေ့ကိုဆွဲမထည့်နဲ့ နော်”

“အားလုံးကိုပြောတာ ပြောချင်လို့ ပြောတာ နင့်အမေ မဆိုးမလို့ ပြောနေတာ ကဲဘာလုပ်ချင်လဲ”

“ရှင် ... ရှင်ကြီး တော်နော်”

အသချော် လက်သီးနှစ်ဖက်ဆုပ်ကာ အသား ဆတ်ဆတ်တုန်နေ၏။

အစကတည်းက မနှစ်သက်ခဲ့ပေမယ့် ကိုကိုကြီးချစ်သောဇနီးမို့ အရိုအသေ မပျက်ခဲ့တာ ။

ဘုဘောက်ကျခဲ့ဖူးတာရှိသည် ။ ... မမိုက် ဘူးတဲ့ ။

သူမစိန်ခေါ်နေပေမဲ့လည်း

ကိုကိုကြီးမျက်နှာနှင့် အသင်္ချေရှေ့ကိုမတိုးနိုင်ဘဲရှိ၏။

သို့သော် မတာဆွဲထားသည့် လက်ကိုတော့ အားနှင့် နောက်ပြန်ဆောင့်တိုက်ပစ်လိုက်မိသည် ။

"အား"

မတာနောက်ပြန်လဲကျသွားသည် ။

"ဟာ .... ဘာဖြစ်ကုန်တာလဲအတာ"

ကိုကိုလေး တိုက်ထဲကပြေးထွက်လာသည် ။ နောက်မှာ မေမေ

ကိုကိုလေးက မတာကိုပြေးထူရင်း အသင်္ချေကို ဒေါသမျက်လုံးနှင့် စူးရဲစွာကြည့်၏။ ဟိုတစ်ခါပြဿနာဖြစ်ကြစဉ်က မတာသွားမယ် လာမယ်ဖြစ်သွားပြီးနောက်တော့ အိမ်ငှားတွေလည်း မဆင်းဖြစ် မတာလ

ည်း ထွက်မသွားဘဲ ကောင်းချောန်ကိုသာ သူ့အဒေါ်အိမ်ဆိုတာမှာ သွားနေစေခဲ့၏။

ထိုအခါ သူ့မိန်းမသည်းခံလိုက်တာကို မရရှိစဖူးမို့ ကိုကိုလေးသည် နောက်ပိုင်းမှာ မိန်းမကို အရေးပေး အလိုလိုက်တာ ဟိုတုန်းကထက် ပိုခဲ့၏။ ခုတစ်ခါ ထပ်ဖြစ်ကြတော့ ကိုကိုလေး အသချော်ကို မဲတင်းပါပြီ။

"နင်ဘယ်လိုလုပ်လိုက်တာပဲ အသချော် … တစ်ယောက်နဲ့ တစ်ယောက် ကိုယ်ထိလက်ရောက် ဖြစ်စရာလိုသလား … ပြီးတော့ နင်က အငယ်"

" မဟုတ်ဘူး ကိုကိုလေး ညီမလေးကို"

"ပြောလိုက်ပါ မညာတတ်ရင် စောစောကပြောသလိုပဲပြောလိုက်"

မေဂျာ က အသချော်စကားမဆုံးခင် ဖြတ်ပြောလိုက်၏။ ပြီးတော့ ဘယ်ဘက်က ဖြ

န်ဖြေရမှန်းမသိဖြစ်နေသေးသည့် မေမေ့ကိုပါ ဝေ့ကြည့်လိုက်ပြီး

"ယောကျ်ားတစ်ယောက်ကို မရမနေ ခိုးယူတာတို့ ... ဆုံးမစရာမလိုဘူး၊ ထင်သလိုနေမယ်ဆိုတာတွေလေ"

မီးလောင်ရာလေပင့်၏။

ကိုကိုလေး၏ ဒေါသများက နောက်စေ့မှာ ဘုကြီးထွက်လာသည့် မတာကို မြင်တော့ ပို၍ ဆိုးဝါးသွား၏။

နံ့ရုံနဲ့ နောက်စေ့ ဆောင့်တိုက်မိသည် ထင်သည် ။

အသင်္ချေပြစ်မှုက သေဒဏ်ထိုက်နေပြီလား ။

"အသင်္ချေ နင်ဟာ ငါမပြောချင်လို့ ကြည့်နေတာသိလား .... မေဂျာနဲ့ အတာဆိုရင် ကို

ယ့်အစ်မလို သဘောထားဖို့ မကြိုးစားဘူး ... အမြရန်လိုနေတာ ဘယ်သူလွန်လွန် ဘယ်လို ဆိုးဆိုး နင်ငါတို့ မျက်နှာတွေကို ထောက်ရင် သည်းခံဖို့ ကောင်းတယ်"

ဆတ်ခနဲထ လာပြီး အနားမှာ ကပ်ကြိမ်းသည်။

"သည်းမခံတာက မခံနိုင်အောင်ပြောနေလို့ပါ ကိုကိုလေး ဘာမှ မကြားဘဲနဲ့ ညီမလေးကို ချည်းဖိမဆူပါနဲ့ "

"အံမာ ငါ့ကိုခံအော်ပြန်ပြီ"

မေမေက မောင်နှမနှစ်ယောက်ကြားမှာ ရပ်ကာ အသင်္ချေကို ကျောနောက်မှာ ထားလိုက်၏

"ဘာတွေဖြစ်ကြလို့ လဲ ဘယ်သူဆုံးမတာကို ဘယ်သူကမခံတာလဲ"

မေမေမေးတော့ မဂျာကပဲ မဲ့မဲ့ရွဲ့ရွဲ့။

"မေမေ့သမီးလေ ဟိုဘက်ကအိမ်ငှား ဒီဂရီဆိုတဲ့ ပုဂ္ဂိုလ်လေးကို ပျာယာခတ်နေတာ ဘယ်လိုမှ မြင်မကောင်းလို့ ပြောတော့ တစ်ခွန်းမှ မခံဘူး"

"အို"

မေဂျာက အသံကျယ်ကျယ်နှင့်ပြောတော့ မေမေကော ကိုကိုလေးပါ မျက်နှာတွေရဲတွတ်ကုန်ကြ၏။

ဖြစ်နိုင်ချေရှိခဲ့တာတွေကို တွေးမိကာ ရတ်တရက်စကားလုံးကမထွက်။

"တိုးတိုးသက်သာပြောကြစမ်းပါကွယ်၊ ဟိုကကြားသွားရင်မကောင်းဘူး"

မေမေ့အသံတွေတုန်နေရှာ၏။

ကိုကိုလေး၏ ရှက်ဒေါသနှင့်မျက်ဝန်းများ

က အသင်္ချေထံရောက်လာသည် ။

"အဲဒါ ဘာမှ မဆိုင်ဘူး ညီမလေး ဘုရားပန်းသီရင်း ကိုကို့ကိုမြင်လို့ ပိုနေတဲ့ ပန်းကုံးသွားပေးတာ အစကတည်းကခင်နေကြတဲ့ ဥစ္စာ ဘာဖြစ်သွားလို့ လဲ"

"ခင်နေတာ နင်ပါအသင်္ချေ ဟိုကမရောချင်တာ အသိသာကြီး နင်တစ်ဘက်သတ်ဖြစ်နေတာက အားလုံးသိကျွာကျစရာ ဖြစ်နေတာ"

"မဂျာ အဲဒီလိုအော်ကြီးဟစ်ကျယ်မပြောပါနဲ့ ဗျာ ဟိုဘက်ကလည်း ဂုဏ်သိက္ခာရှိသေးတယ်"

ကိုကိုလေး မျက်နှာပျက်ပျက်နှင့်တားသည် ။

အခြေအနေကိုသူ သုံးသပ်မိသည် ။

ညီမလေးအနေအထိုင်မတတ်တာလည်း ရှိလိမ့်မည် ဒါပေမဲ့ပြောတဲ့ လူက ပို၍ ပက်စက်လွန်းသည် ။

ကိုယ့်ညီမပြောစရာလုပ်တာကို ဒေါသဖြစ်သလို ပြောတဲ့ သူတွေကိုလည်း မကျေနပ်ပါ။

ပြီးတော့ မေမေ့ကိုလည်း သနားသည် ။

သူအတော့လက်ကိုဆွဲ၍ တိုက်ထဲဝင်ဖို့ ခြေလှမ်းပြင်၏။ သူမကတစ်မျိုး ဆွဲထားသည့်လက်ကိုဆောင့်ရုန်းပြီး မေမေ့ရှေ့မှာ ရပ်လိုက်၏ ။

"မေမေ စိတ်ညစ်တယ်မှတ်လား ညစ်ရမှာပဲမေမေ ယောက္ခမက ယောက္ခမ၊ ယောင်းမကယောင်းမပဲ မိဘက ညီမဖြစ်လာမှာ မဟုတ်ဘူး ... သမီးတို့ ကလည်း ဒီ့ထက်ပိုသည်းခံပေးမှာ မဟုတ်ဘူး ။

အဲဒီတော့ နားအေးပါးအေးဖြစ်ကုနအောင်

သမီးတို့ ကို အိမ်ခွဲပေးပါ။ မေမေသားတွေက မေမေ့ကို ပြောမထွက်ကြတာ အားလုံးပဲမနေ ချင်ကြတော့ဘူး"

"အတာ"

ကိုကိုလေး အတာ့လက်ကိုဆုပ်ခါလိုက်ပေမယ့် အတာကမရပ်

"သား"

ဒေါ်မြတ်ချို
သားမျက်နှာကိုအားကိုးမဲ့စွာကြည့်၏။ ကိုလေး မျက်နှာပျက်ပျက်နှင့်

"မေမေ ... ကျ ... ကျွန်တော်"

"ပြောမထွက်ဘူးဆိုတဲ့ သူတွေကို ထပ်မမေးပါနဲ့ မေမေ ... သူ့အိုးနဲ့ သူ့အိမ်ဆိုတာဖြစ်သင့်တဲ့ ကိစ္စတွေပါ ... သမီးတို့ ကိုလည်း သူစိမ်းလိုပဲမြင်ပါ မိသားစုလို မမြင်ပါနဲ့ တော့ ဒီ

နေရာမှာ ဟန်ဆောင်မှုတွေနဲ့ ထပ်ပြီး ရစ်ပတ်နေရင် ဒီလိုပဲခဏခဏဖြစ်မှာ ပဲ သည်းခံနေရင်ကောင်းတယ် ထဖြစ်ကြတော့ တစိမ်းပီသတယ်ဖြစ်လာမယ် ဒေါ့ကြောင့်ပြောတာ သမီးတို့ကိုအိမ်ခွဲပေးပါ"

"ဟုတ်တယ်မေမေ သမီးလည်း ဒီအတိုင်းပဲ ... ဒီမှာ ရန်ဖြစ်လိုက် ရွဲ့လိုက်၊ စောင်းလိုက်နဲ့ မနေချင်တော့ဘူး ကိုကလည်း မေမေ့ကိုသနားပြီး မပြောတာ ဘာပဲဖြစ်ဖြစ် မိဘဆိုတာ သားသမီးကို အမွေပေးနိုင်ကြတာပဲ သမီးတို့ ရင်းနှီးနေထိုင်ဖို့ မေမေစီစဉ်ပေးပါ"

ဒေါ်မြတ်ချို မျက်လွှာချလျက်မေးဆတ်၍ ခေါင်းညိတ်လိုက်သည်။

ထိန်းထားလို့ မရတော့ဘူးဆိုလည်း ခေါင်းညိတ်ရုံပဲရှိပါတော့သည်။

ဒီလိုဖွင့်ဟတောင်းခံလာတာကိုမှ မလိုက်

လျောလျှင် ပြောတတ်ဆိုတတ်လွန်းသည့် ဒီပါး စပ်မျိုးတွေကို ရှေ့လျှောက်ဒီ့ထက်ရင်ဆိုင်ရ တော့မည်။

"ကောင်းပြီလေ ... မေမေစီစဉ်ပေးပါ့မယ် ... ဒါပေမဲ့ မေမေ့မှာ ဒီတိုက်ကြီးပဲရှိတာ စဉ်း စားစီစဉ်ချိန်တော့ပေးကြပါ ..."

ထိုမျှသာပြော၍ ပါးစပ်တပြင်ပြင်ဖြစ်နေသ ည့် အသချော်လက်ကလေးကိုဆွဲကာ အိမ်ထဲဝင် လာခဲ့မိသည် ။

ဒေါ်မြတ်ချိုမျက်ဝန်းမှာ မျက်ရည်ဝေနေခဲ့ ၏။

*

# အခန်း (၁၃)

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာ လဲကို .... အိမ်မှာ ကားနှစ်စီးရှိနေတယ် မီးခံသေတ္တာထဲမှာ စိန်တစ်ဆင်စာ၊ ပတ္တမြားတစ်ဆင်စာရှိတယ်၊ မြေလက်ကောက်တွေ၊ ဘယက်တွေ ဒါတွေကဘာတွေလဲ"

"ဟ ... မင်းပြောတာအများကြီးပဲ တကယ်က အဲဒါတွေချကြည့်ရင်ဘာမှ မရှိဘူး ဒီလိုတိုက်တာအိမ်ယာနဲ့ နေနိုင်ပြီး ဒီလောက်မှ ဆောင်မထားနိုင်ရင် ဘယ်လိုလုပ်ဂင်ဆံ့တော့မှာ လဲ ညီမလေးနဲ့ မေမေ့အတွက်ပြန်ကြည့်ဦး"

အတာက အိပ်ရာထက်ကနေ ကိုယ်ကိုတမ

င်လှုပ်ခါ၍ ဝုန်းခနဲထရပ်လိုက်သည် ။ နောက်စေ့မှာ ပေါက်ပြဲမသွားပေမယ့် ဘုကိုရစ်ပတ်၍ ပတ်တီးကို ထူပြိန်းနေအောင် တမင်ပတ်စည်းထားသည် ။

နဖူးပြင်မှာ ဖိကပ်လေးလံနေတိုင်းနာတတ်၏။ ဒါမှ ပြောချင်ရာ ပြောလို့ ရမည်။

"ဘယ်သူ့အတွက်မှ မကြည့်နိုင်ဘူး ကိုလေး ကြည့်လာခဲ့ရတာ ဘယ်နှစ်နှစ်ရှိပြီလဲ ... အတာယောကျ်ားယူတာ ယောကျ်ားကိုချစ်လို့ အားကိုးချင်လို့ နှစ်ယောက်တည်းတိုင်းပြည်ထူထောင်ပြီး ကြည်နူးချင်လို့ ခုတော့ အိမ်ထောင်ကျပြီးဆိုကတည်းက စိတ်ညစ်လိုက်တာ ဒီနေ့ထိ ရန်ဖြစ်ရ အမုန်းခံရ"

"ဟုတ်ပါတယ် ငါပြောတာက မင်းအိမ်ခွဲချင်တာကို အပြစ်ပြောတာ မဟုတ်ဘူး ... ကားတစ်စီးနဲ့ သိန်းနှစ်ရာဆိုတာ မင်းမို့ပြောရက်တ

ယ် မေမေက မိုးဆိုးမ ညီမလေးက ဘာမှ လုပ်ကိုင်တတ်တာ မဟုတ်ဘူး ”

“အဲဒါတွေက သူတို့ အပိုင်းလေ ပိုက်ဆံချေးတဲ့ သူက ပြန်တောင်းချင်ရင် ဒီလူပြန်ဆပ်နိုင်ပါ့မလား ... ထမင်းနပ်မှန်ရဲ့လားလို့ ထည့်စဉ်းစားမှာ မဟုတ်ဘူး ... ချေးတဲ့ လူကလည်း ကြွေးယူတုန်းကရှိမှ ပြန်ဆပ်မယ်ဆိုပြီး ယူတာလား စားစရာမရှိ လျော်စရာရှိ ယူတတ်ရင် ပေးတတ်ရမည် သူများ သားသမီးကို ကိုယ့်သားက ယူထားမှ တော့ ဘာပြန်ပေးရမယ်ဆိုတာ သူသိရမှာ ပေါ့”

“အတာ မင်းစကားပြောတာ ရင့်သီးလွန်းတယ်”

“မရင့်သီးဘူး ကိုလေး ဒါအမှန်အတိုင်းပဲ ကိုလေး မေမေက သူ့ဆီမှာ အလုံးအရပ်လျော့သွားမှာ ကိုကြောက်ပြီး ခွဲထုတ်မပေးချင်တာ”

"ဒါ မဟုတ်ဘူး မေမေ့မှာ မရှိတော့တာ မောင်နှမတွေ ကွဲမသွားစေချင်တာ"

အတာက ကိုလေးရပ်နေတဲ့ နေရာအထိ တလှားလှားရောက်လာကာ

"မောင်နှမတွေ တစ်သက်လုံးနေသွားလို့ ရလား ကိုလေး သဘာဝတရားဆိုတာကိုမေ့ထားလို့ ရလား တစ်အိမ်လုံးအလုပ်မရှိအကိုင်မရှိနဲ့ … ဒီလိုသာနေသွားကြရင် ရှေ့လျှောက်ဒီ့ထက်မွဲပြီး ဒီ့ထက်ပိုခက်ဦးမယ် မှန်တာပြောတော့ နားဝင်ဆိုးသတဲ့ အတာကတော့ ပြောရမှာ ပဲ အခုချိန်ကစပြီး ကိုယ့်အားကိုယ်ကိုးပြီးကြိုးစားချင်တယ် အဲဒါ ကိုလေး ကြိုးစားပေး … ဒါမှ မဟုတ်လို့ ဒီမှာ ပဲနေရမယ် ဆိုရင်တော့ နောက်ဆို ဒီ့ထက်ပိုဆိုးကုန်မှာ အတာ့ဘက်က သည်းခံဖို့ လုံးဝ စိတ်မကူးတော့ဘူး"

" မဟုတ်ဘူး ငါပြောတာက မင်းတို့ အခုဖြ

စ်ချင်နေတာ ချက်ချင်းကြီး မေမေ့ဘယ်လိုစိစ ဉ်ပေးနိုင်မှာ လဲ ... မင်းတောင်းသလို မဂျာက လည်း တောင်းမှာ ပဲ”

“တောင်းတောင်းလေ သူလည်း ရသင့်တာ ပဲ ကိုလေးတို့ ကိုက အမေနဲ့ နှမကို သိတတ်လွ န်းတာ ဦးစိုးမိုး ဒေါ်မြတ်ချို့ဆိုတာ တကယ့်သူ ဌေးတွေပါ အခုလည်း ဟောဒီတိုက်ကြီးခြံကြီး နဲ့ စီးပွားကျတယ် ဆိုတာတောင် တော်ရုံသူ ဌေးလောက်ကို ယှဉ်နိုင်သေးတယ် သားသမီး တွေ ဒီလောက်လေးပေးတာ ဘာမှ မဟုတ် သေးဘူး”

ကိုလေး စိတ်ဓာတ်ကျသွားပါ၏။

မိန်းမကိုလည်း နားချမရ မေမေ့ကိုလည်း မမြင်ရက်နိုင်။

ကားတစ်စီးနှင့် သိန်းနှစ်ရာတင်မက ... ဒီခြံနဲ့ တိုက်ကြီးထဲမှာ လည်း ဝေစုပါနေမည်

ဆိုတော့ လွန်လွန်းနေပြီ။

မပေးလျှင်လည်း ပြဿနာရှာနေမှာ ပဲဟု ကြေညာပြီးပြီ။

မဂျာကတော့ ကိုကြီးကိုလည်း တိုင်ပင်မနေဘဲ မေမေ့ကို တိုက်ရိုက်တက်ပြောတော့သည် ။

အခြေအနေတွေက မထင်မှတ်ဘဲ ရှုပ်ထွေးကုန်၏။

*

## အခန်း (၁၄)

အခန်း၀မှာ ရပ်၍ တံခါးခေါက်ဖို့ လက်ရွယ်လိုက်သည် နှင့် တံခါးကရှပ်ခနဲပွင့်သွားကာ အသချေ လက်မောင်းလေးကို ဆောင့်ဆွဲသွင်းယူလိုက်၏။

ပြီးတော့ တံခါးက ချပ်ခနဲ ပြန်ပိတ်သွားကာ

"အသချေ"

ဒေါသကြောင့် ကိုကို့မျက်နှာက နီနေတာထက်ပိုမိုကာ ညိုပုတ်ပုတ်ဖြစ်နေ၏။

တံခါးကို ဆောင့်ပိတ်ပြီး အသချေ ပခုံးလေးနှစ်ဖက်ကို နံရံမှာ ဖိကပ်ကိုင်လိုက်ပြီး

"မင်း ... မင်းကြောင့် အားလုံးပြောစရာ တွေဖြစ်ကုန်ပြီ ဘာမှ မဟုတ်တာမရှိဘဲနဲ့ ငါ့ သိက္ခာတစ်ပြားဖိုးမှ မကျန်တော့ဘူး .... အခု မင်းဘာလာလုပ်တာလဲ ဒီအခန်းကို ဘာလာ ထပ်လုပ်တာလဲ ဒီအခန်းကို ဘာလာထပ်လုပ် တာလဲ"

"အသချော် ဘာလုပ်လို့ ကိုကို ... ဘာအပြစ် လုပ်မိလို့ လဲ"

"ဘာ ... ဘာအပြစ်လုပ်မိသလဲ ဟုတ်လား
"

ဒေါသဖြစ်တိုင်း ဖိဆုပ်၍ ဆောင့်ခါနေသဖြ င့် အသချော်ပခုံးသားလေးတွေ နာကျင်လာကာ မျက်ရည်တွေဝေ့ လာခဲ့သည် ။

ကိုကို့လက်တွေကို ဖယ်ချပေမယ့်မရ။

ကျောပြင်သည် နံရံမှာ ကပ်မိလျက်

အနည်းငယ်မျှပင် လှုပ်လို့ မရ။

ကိုကို ဘာဖြစ်လာတယ်ဆိုတာကို အသေချာ တွက်မိသည် ။

ဒါပေမဲ့ ပြဿနာကပြီးသွားပါပြီ ကိုကြီးတို့ကို မေမေရှင်းပေးလိုက်လို့ လည်း အိမ်မှာ ဘယ်သူမှ မရှိကြတော့။

ထိုပြဿနာတွေဖြစ်နေစဉ်မှာ ခါတ်ပုံရိုက်ခရီးထွက်သွားသည် ဆိုသော ကိုကိုအိမ်မှာ မရှိ။ နေ့လည်ကမှ ပြန်ရောက်ခဲ့သည် ။

ကိုကိုအနားယူပြီးလောက်မယ့် အချိန်ထိအောင့်အင်းစောင့်နေပြီးမှ သူမဒီဘက်ကူးလာခဲ့တာဖြစ်သည် ။

မဟုတ်လျှင် စိတ်မကြည်တိုင်း ကိုကိုအော်ငေါက်တတ်လို့ ခုကျတော့ စိတ်မကြည်လို့ ဟုတ်ဟန်မတူဘဲ ဟိုကစ္စနှင့် ပတ်သက်သော တစ်စုံတစ်ရာ ကိုကို့နားထဲရောက်ပြီထင်သည် ။

ဒါဖြစ်နိုင်ပါ့မလား။ ဤမျှမြန်မြန် ကူးစက်မလွယ်ဘူးထင်နေမိဆဲ။

ဒီဂရီက အသင်္ချေမျက်နှာမှ ပါးကွက်လေးနှစ်ဖက်ကို စူးစိုက်ကြည့်၏။

ဘာမှ မလိမ်းတတ် မပြင်တတ်ခဲ့ဘဲ အခုသူရောက်ပြီဆိုတာသိလို့ ပြင်ဆင်ရောက်လာတာ ဒါတွေကြောင့် ဒီလိုတွေ အပြောခံရတာ။

သူမြို့ပေါ်ရောက်တယ်ဆို ကားကမီးပွိုင့်မှာ ရပ်နေသည် ။

စကားသံကြောင့် ငဲ့ကြည့်လိုက်တော့ သူ့ဘေးက ကားပေါ်မှာ မေဂျာဆိုသော မိန်းမနှင့် အမျိုးသမီး အုပ်စုတွေ ကားပေါ်မှာ အပြည့်။

"ချောသားပဲ"

"အဲဒါကြောင့် နေမှာ ပေါ့ဟယ် ဟိုကဆတ်ဆလူးလေးက ဖွတ်လိုက်နေတာ"

"ဖွတ်လိုက်တယ် မပြောနဲ့ နော် နင့်ယောက်မလေးက တအားလှတာ ဘယ်ယောက်ျား ကြာကြာတောင့်ခံနိုင်မှာ လဲ"

"အေးလေနော့ .... ယောက်ျားတွေကို အထင်မကြီးနဲ့ ရရင်ယူမှာ ပဲ"

သူ့လက်ထဲမှာ ဆုပ်ထားသည့် စတီယာရင်သာ ဖန်သားကြွေခွက်တစ်ခုဆိုလျှင် ကြေမွမလားမသိ။

ထိုမျှအထိ သူလက်သီးဆုပ်၍ အံကြိတ်ထားခဲ့သည် ။

မေဂျာဆိုသော မိန်းကဆို မေးဆတ်ကဲ့ရဲ့နေတာ တကယ့်ကို တည့်တည့်ကြီး ပခုံးပုတ်၍ သွားဆွဲထိုးရအောင်က မိန်းမနဲ့ ယောကျ်ား

"အသချေ"

သူအံကြိတ်သံနှင့်ခေါ်၍ အသချေ

နာကျင်ရှုံ့မဲ့နေတာ မြင်လေ ပို၍ ဖိညှစ်ကိုင်ပစ်မိလေ။

သူ့လက်တို့ သည် ပခုံးသားလေးတို့ တွင် နစ်မြုပ်တော့မတတ်။

"မင်းကို ငါစကားပြောချင်စိတ် တော်တော်ကုန်သွားပြီ တကယ် မင်းယောက်မနဲ့ မင်းဖြစ်တဲ့ အကြောင်းတွေက ငါ ဒီကျမှ သိရတာ ဒါပေမဲ့ ငါ့ကိုစော်ကားခဲ့တာကတော့ လမ်းမပေါ်မှာ အဲဒါ မင်းကြောင့် မင်းဒီကို ဘာလာလုပ်တာလဲ နောက်ကိုမလာနဲ့ ဘယ်တော့မှ မလာနဲ့ ...သွား ..."

လက်ကိုဆောင့်လွှတ်သလို အသင်္ချေပခုံးလေးကိုပါ တွန်းပစ်သည် ။ အသင်္ချေ ရှက်တာရော ဒေါသများ ပါ စုပြုံကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည် ။

ဘယ်လောက်တွန်းလွှတ်နေနေ

ကိုကို့ရှေ့မှာ ပဲ ပေကပ်ရပ်နေမိလျက် ...

"အဲဒီလောက် ရင့်ရင့်သီးသီးမပြောပါနဲ့ ကိုကို၊ အပြောခံရတာက အသချေပါ ... ကိုကိုက မပတ်သက်မဆက်ဆံချင်တဲ့ သအဖြစ် သန့်သန့်ခန့်ခန့်ကြီး ကျန်ခဲ့ရတာ"

"မကျန်ချင်ဘူး ခန့်လည်း မခန့်ချင်ဘူး ယောကျ်ားပေမယ့် မင်းတို့လိုပဲ သိက္ခာတရား ဆိုတာ ရှိတယ် ရရင်ယူမှာ ပဲဆိုတဲ့ ကောင်မျိုးထဲမှာ ငါ မပါဘူး ... မင်းဘာကိုလိုချင်တာလဲ ဘာဖြစ်လို့ လဲ ငါတစ်ယောက်တည်းရှိတဲ့ အချိန်လည်း မရှောင် အခန်းထဲလည်း မရှောင် ဝင်ထွက်ရဲနေတာလဲ မင်းရဲ့ ရဲတင်းမှုတွေ ဘယ်လောက်အန္တရာယ်ကြီးတယ်ဆိုတာကော သိရဲ့လား"

"ကိုကို"

"နေပါ ... မခေါ်စမ်းပါနဲ့ ... ဒီမှာ အသချေ

ငါ့နေရာမှာ ရမ်းကားတဲ့ ကောင်တစ်ယောက် ဆိုရင် မင်းဘာဖြစ်သွားမယ်ထင်လဲ”

အသချော် အခန်းတံခါးဆီသို့ ခြေတစ်လှမ်း ဆုတ်၏။

ဤမျှ ရင့်သီးစွာ ပြောထွက်ရက်သည့် ကို ကို့ကို မော့ငေးရင်း မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်လာ၏။

“မင်းရဲ့ ရဲတင်းမှုတွေ ရပ်တန့်သွားအောင် လို့ ငါလုပ်ရတော့မယ် အသချော် ... ယောကျ်ား ဆိုတဲ့ သတ္တဝါဟာ ဘာလဲဆိုတာ မင်းသိလား”

“ဟင့်အင်း”

အသချော်တံခါးဘက်ကိုလှည့်ပြေးလျှင် ဒီဂရီ စွေ့ခနဲဖက်ထားလိုက်သည် ။ ထို့နောက်

“ကိုကို ရက်စက်တယ်”

ရှိုက်သံတို့ နှင့်သူမပျောက်ကွယ်သည် အထိ

ဒီဂရီရပ်ကြည့်နေခဲ့သည် ။ ကိုယ့်ကိုယ် ဘာဖြစ်သွားမှန်းလည်း မသိလိုက်။

မင်းဒီလိုကောင် မဟုတ်ဘူး ဆို အသင်္ချေကို မင်း ဘာဖြစ်လို့ စော်ကားတာလဲ။ မဟုတ်ဘူး သူ့အစက ဒီလိုစိတ်ကူးမျိုးမရှိခဲ့ဘူး။

တံခါးကိုဖျတ်ခနဲ ဆွဲဖွင့်ကာ အသင်္ချေ ထွက်သွားရာကို ထွက်ကြည့်လိုက်မိသည် ။ ငါမှားပြီဆိုသော အသိဖြင့် တံခါးနားမှာ တောင့်တင်းစွာ ရပ်နေမိ၏။

*

## အခန်း (၁၅)

"နေကောင်းရဲ့ လား ဒီဂရီ"

"ကောင်းတယ် လေးလေး"

"ဒါဆို လိုက်ခဲ့လေ ... နေ့လည်ကလည်း ဘယ်မှ မထွက်ဘူး"

သူခေါင်းခါလိုက်သည် ဝရန်တာတန်းတို့မှာ လက်ထောက်ရပ်ရင်း လေးလေးကိုပင် လှည့်မကြည့်ခဲ့မိ။

"လေးလေးပဲသွားပါ ကျွန်တော်နဲ့ လည်းသိတာမှ မဟုတ်တာ အပြင်ထွက်ချင်စိတ်လည်း မရှိလို့ "

“အေးလေ မင်းလည်း ခရီးပန်းလာတာပဲ နားပေါ့ …. ဒါဆို လေးလေးသွားမယ် အပြန် နောက်ကျချင်ကျမှာ မျှော်မနေနဲ့ ကွာ”

လေးလေးကြည့်လား မကြည့်လားမသိ သူ ခေါင်းပဲညိတ်ပြလိုက်မိသည် ။

နှစ်ရက်ဆိုသောကာလဟာ အလွန်မှန်းတီး ဖွယ် ကြာရှည်လှသည် ။

တစ်နေ့နှစ်ခေါက်မျှရောက်လာတတ်သော အသင်္ချေ လုံးဝရောက်မလာခဲ့ပါ။ သူ့မှာ ထိုအပြစ်ကြောင့် ထိုင်လို့ မရ ထနေတော့လ ည်း ဂနာမငြိမ်နိုင်။

“မလုပ်နဲ့ … ကိုကို … ဟင့်အင်း … ဟင့်အ င်း”

နားထဲမှာ ကြားနေသည့် ထိုသံကြားတိုင်း ရင်ထဲမှာ လှုပ်ခါသွား၏။ ထိုင်နေမိလျှင် ထရပ် မိသည် ။ ရပ်နေရာမှ လမ်းလျှောက်မိ၏။

သူ့တစ်သက်နှင့်တစ်ကိုယ်မှာ မှ လွဲ၍ တစိမ်းဘယ်မိန်းမတစ်ယောက်ကိုမှ လက်ကလေးမျှပင် မကိုင်ခဲ့ဘူး ...

ကိုယ်ကိုယ်တိုင်ဘယ်လိုမှ စိတ်ကူးဆုံးဖြတ်ခဲ့တာမဟုတ်ဘဲ အသဒ္ဓေျကို သူအတင်းအကျပ် ချုပ်နှောင်ဖက်တွယ်၍ နမ်းရှိုက်ခဲ့သည် ။

ထိုအချိန်မှာ ဒေါသတွေပါခဲ့သလား သူမကို ထိခိုက်နာကျင်စေသည့် စိတ်သက်သက်နဲ့လား မရေရာပါ။

သို့သော် သူရင်တွေ ခုန်နေခဲ့သည် ။ အနမ်းများ ၏ ထိတွေ့မှုနောက်မှာ သူအကြားအမြင်အားလုံးသည် တလှပ်လှပ်တုန်လှုပ်သွားသောနှလုံးခုန်နှုန်းအတိုင်း ခုန်ပေါက်ပြေးလွှားနေခဲ့တာ အားလုံးကို မေ့နေခဲ့၏။

ဒါဆို ငါ မရိုးသားစွာ စော်ကားခဲ့မိတာလား ။

မဟုတ်ပါဘူး … ရိုးသားသည် ဖြစ်စေ မရိုးသားသည် ဖြစ်စေ မိန်းကလေးတစ်ယောက်ကို ငါဒီလို နိုင်ထက်စည်းနင်း မပြုသင့်ဘူး။ ဒေါသတွေ အငြိုးတွေနဲ့ ပိုမပြုသင့်ဘူး။ နောင်တတွေ အထပ်ထပ်ရခဲ့သည် ။

အသချော်ကို သူတွေ့ချင်နေမိသည် ။

ဘာပဲဖြစ်ဖြစ် သူတောင်းပန်ရမှ စိတ်ချမ်းသာနိုင်မည်မို့ အသချော်ရောကမ လာလေ နေလို့ မရလေ။

တစ်ယောက်တည်း ထိုအပြစ်ကိုတွေးမိတိုင်း ရင်ထဲမှာ ကတုန်ကယင်ဖြစ်သွားခဲ့တာကိုလည်း မကျေနပ်။

သူ ဂရန်တာဝမှာ ဟိုဒီလျှောက်ရင်း ဆံပင်တွေထဲကိုလက်သွင်း၍ ထိုးဖွနေမိသည် ။ နှစ်ရက်လုံးလုံး အသချော်ကို သူလုံးဝ မမြင်ခဲ့ပါ။

သူမ အတော့်ကို စိတ်ဆိုးသွားခဲ့ပြီလား …

ဒါမှ မဟုတ် ကြောက်သွားတာလား တကယ်ဆို အသင်္ချေဟာ လူကုံထံ မိကောင်းဖခင် သားသမီးလေး။

ကိုယ့်အပေါ် မရိုးသားစွာ ရှိနေခဲ့မှန်းသိကာ သူအထင်မြင်သေးခဲ့တာ ဖြစ်သည် ။

သူ့ရင်ခွင်ထဲမှာ သွေးပျက်လဲကျတော့မတတ် ငြင်းဆန်ရုန်းကန်နေခဲ့တာလေးကို သတိရနေလေ သနားမိလေ။

ထိုစဉ်က အသင်္ချေကိုသူ သနားညှာတာစွာ ချမ်းသာပေးခဲ့ပါလား။

"ဟား"

ရင်ထဲမှာ မွန်းကျပ်ကာ မျက်နှာမော့၍ သက်ပြင်းချမိသည် ။

အဲဒါငါ့ကြောင့် ငါမကောင်းလို့ ။

သူ ဘယ်လိုမှ မနေနိုင်တော့ဘဲ လက်ကနာ

ရီကို ကြည့်လိုက်တော့ ညနေခြောက်နာရီတိ
တိ။

တံခါးပြန်စေ့ခဲ့ပြီး အောက်ထပ်ကို ဆင်း
လာခဲ့သည် ။

နှစ်ဘက်ခြားပေးထားသည့် ဘာဂျာတံခါး
ကို ကိုယ့်ဘာသာဖွင့်၍ သူကူးလာခဲ့မိ၏။

ဒီအိမ်မှာ နေလာခဲ့သမျှ ခုလိုကူးလာဖို့ နေ
နေသာသာ ဘယ်သူ့ကိုမှ ပင် စကားဟက်ဟ
က်ပက်ပက် သိပ်မပြောဖြစ်ခဲ့ပါ။

ခုတော့ အိမ်မှာ လူတွေလျော့ကုန်တာလ
ည်း သိကာ သူကိုယ်တိုင် ဘယ်လိုမှ မနေတတ်
တော့သဖြင့် လာခဲ့မိခြင်းဖြစ်သည် ။

"ဟော ... လူလေးပါလား မလာစဖူး ကိစ္စ
အထူးများ ရှိလို့ လားကွယ်"

ဒေါ်မြတ်ချိုသည် နို့စိမ်းရောင်ပါတိတ်နှင့်

ဇာအထူလက်ရှည်ရင်စေ့ကို ဂျတ်ထားကာ စားပွဲပေါ်မှာ ရှိနေသော သေတ္တာငယ်လေးထဲမှ ပဝါရောင်စုံတွေကို ရွေးနေတာ ဖြစ်၏။

အပြင်တစ်နေရာရာကို သွားတော့မည့်ပုံပါ။

"လာ လူလေး ... ထိုင်"

"မထိုင်တော့ပါဘူး အန်တီ ... အသင်္ချေကောဟင် ... သူ ဟိုနေ့က မုန့်တီဝင်ချက်ပေးတော့ ငါးဖယ်ဆုပ်ညှပ်ဖို့ ကျွန်တော်ကတ်ကြေးလေး ထုတ်ပေးလိုက်တဲ့ဟာ ဘယ်မှာ သိမ်းထားခဲ့လဲ မေးချင်လို့ "

"ဩော် မင်းညီမလား ခုလေးတင်ပဲ ခြံထဲဆင်းသွားတာ နေမကောင်းလို့ လေ နှစ်ရက်ရှိပြီ ဘယ်မှ မသွားဘူး ... အခုကျမှ အန်တီ အပြင်လိုက်ခဲ့ဖို့ ဇွတ်ခေါ်ထုတ်ရတယ် ဒါတောင် မေမေပြီးရင် ခေါ်လိုက်နော်ဆိုပြီး ခြံထဲဆင်းသွား

ပါရော”

“ဟုတ်လား ကျွန်တော် ခဏလိုက်သွားမယ် နော်”

“သွားလေ လူလေးရဲ့ သွားမေးပါ”

ခြောက်နာရီ ဆိုပေမယ့် ခြံထဲမှာ မှောင်ရိပ်ကလွှမ်းမိုးစပြုပါပြီ။ ခြံကြီးကကျယ်လွန်း၍ သူဗွန်ပန်းရုံရှိသည့်ဘက်မှ မှန်းလျှောက်ခဲ့သည် ။ ပြီးတော့ ရှိပါ့မလားဟု တွေးမိကာ ဘယ်ကိုလိုက်ရှာရမှန်းမသိ ဖြစ်နေဆဲ နားထဲမှာ ရှိုက်သံလေးတစ်ချက် တိုးဝင်လာ၏။

သူဖျတ်ခနဲလှည့်ကြည့်၍ နားစွင့်လိုက်တော့ ဗွန်ပန်းရုံဘက်ကပဲ ဖြစ်၏။

ထိုနေရာသို့ သူချက်ချင်းရောက်သွားသည် ။

တွေ့ပါပြီ ... အသခင်ျသည် ရင်စေ့လက်ပြ

တ်အနီရောင်လေးကိုဝတ်လျက် ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသည် ။

ဖွေးနုသော လက်မောင်းစွန်းလေးတစ်ဖက်ကို နောက်နေလှမ်းမြင်ရ၏။ နေမကောင်းဘူးဆိုတာ သူ့ကိုပဲ အကြောင်းပြတာဖြစ်မှာ ပါ။

သူခြေသံမကြားအောင် တမင်လျှောက်တာမဟုတ်ဘဲ ခြေလှမ်းတို့ က သူ့အလိုလိုနွေးကျသွားခဲ့တာ ဖြစ်၏။

အသချော်က သစ်သားခုံခပ်ကျဉ်းကျဉ်းလေးထက်မှာ ထိုင်၍ ငိုနေတာ ပခုံးလေးပင် တစ်ချက် တစ်ချက် တုန်နေ၏။

"အသချော်"

သူအနားမှာ ရပ်၍ ခေါ်မှ အသချော်တုန်ခနဲဖြစ်သွားပြီး အလန့်တကြား မော့ကြည့်၏။

ထို့နောက် ဖျတ်ခနဲထရပ်လိုက်သည် ။ မယုံနိုင်သော အံ့သြ၍ ကြေကွဲသော မျက်ဝန်းများသည် ခဏလေးအတွင်း တရိပ်ရိပ်ပြောင်းလဲသွားကာ ချက်ချင်းလှည့်ပြေးတော့သည် ။

"အသချော် ... ဟေ့"

ဒီဂရီ အမိအရဖမ်းဆွဲထားလိုက်သည် ။

လက်ဖျားလေးကို မမှီ့တမှီဆုပ်မိသော်လည်း တအားဆုပ်ထားမိလိုက်တာမို့ အသချော် သူ့ဘက်ပြန်ပါလာ၏။

"ကိုကို"

အသချော် ပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ကာ မျက်နှာလေးကို စူးစိုက်ကြည့်မိသည် ။

အသချော်မျက်နှာကို အတင်းငုံ့ချဖို့ ကြိုးစားနေ၏။

မင်း ငါ့ကိုစိတ်ဆိုးနေလား အသချော် ... ငါ မင်းကို တောင်းပန်မလို့ အဲဒီနေ့ကတည်းက စောင့်နေခဲ့တာပါ ငါမှားပါတယ် ... အပြောအဆိုတွေ အပြုအမူတွေအားလုံး မှားသွားတယ် တောင်းပန်တယ်ဆိုရင် မင်းကျေနပ်နိုင်ရဲ့လားဟင်

အသချော် ခေါင်းငုံ့နေဆဲ။

"မင်း ငါ့ကြောင့်နေ့တိုင်းငိုနေရတယ်မို့လား ... ငါလည်း ခံစားရတယ် အားလုံးဟာဘာတစ်ခုမှ ကြိုတင်ကြံစည်ထားခဲ့တာ မဟုတ်ဘူး အဲဒါယုံပါ ... အသချော်"

သူအသချော်မေးဖျားလေးကို မော့ယူလိုက်တော့ မျက်နှာလေးပင့်တက်လာသည် ။ ပြီးတော့ မျက်ရည်တွေကို သူသုတ်ပေးမိရင်း ...

"ခါတိုင်းလိုပဲ ပြန်လာနော် မင်းကိုငါ နောက်ထပ် မစော်ကားဘူးလို့ ကတိပေးတယ် ...

လာမှာ လားဟင်”

အသချော် ကိုကို့မျက်နှာကို မော့ငေးရင်း ငိုချင်လာပြန်သည် ။

ငိုချင်သည် နှင့် ထိန်းလို့ မရဘဲ မျက်ရည်က ပြိုက်ခနဲကြွေ၏။

“မငိုပါနဲ့ တော့ကွာ မင်းငါ့ကိုမကျေနပ်ဘူး ဆိုရင်”

အသချော်က သူ့လက်ကို အသာဖယ်ချကာ

“မကျေနပ်တာဘယ်တုန်းကမှ မရှိခဲ့ပါဘူး ကိုကို .... ကိုကို အသချော်ကို ကြိုက်သလောက် ဆူပါ ပြောပါ ဟိုတုန်းကရော အခုရော ကိုကို ဆူတာပြောတာကို ဘယ်တော့မှ စိတ်မဆိုးခဲ့ဘူး ဒါပေမဲ့”

အသချော် မျက်နှာကို ဖျတ်ခနဲငုံ့ချပစ်က

“အဲဒီနည်းမျိုးနဲ့ တော့ အသချော်ကို အပြစ်မ

ပေးပါနဲ့ မရက်စက်ပါနဲ့ ရက်စက်လိုတဲ့ စိတ်နဲ့ ဆိုရင် ပန်းနဲ့ ပေါက်တာလည်း နာတာပါပဲ”

သူရင်ထဲမှာ ပေ့ါသွားသည် ။ အမြဲတမ်း သည်းခံပေးခဲ့သော သအခ၏ စိတ်ဓါတ်လေးကို ဒီတစ်ခါတော့ သူကျေးဇူးအထူးတင်ခဲ့မိသည် ။

ထို့ပြင် ... ဒီအချိန်မှာ ကြည့်မိသော အသခ၏ မျက်နှာလေးဟာ ဘယ်တုန်းကနဲ့မှ မတူဘဲ ပိုလှနေခဲ့သည် ။

မှောင်ရိပ်က ကြီးစိုးသွားပါပြီ။ မမြင်မစမ်း ထဲမှာ ဖွေးနုနုမျက်နှာလေးကို သစူးစိုက်ကြည့်ရင်း အားမရ။

“သမီးရေ”

“ဟော မေမေခေါ်နေပြီ ကိုကို”

သူပြုံး၍ အသခလက်ဖဝါးလေးကို လှမ်းဆုပ်ကာ တင်းခနဲဖျစ်ပြီးမှ လွှတ်၏။

ဒီကောင်မလေးနဲ့ ပြန်ပြီးပြေလည်သွားခဲ့တာကို သူဘာဖြစ်လို့ ဒီလောက်ထိ စိတ်ချမ်းသာသွားရတာလဲ။

*

## အခန်း (၁၆)

တံခါးခေါက်သံကြားတော့ သတင်းစာဖတ်နေသည့် ဦးသန့်ဇင်ကသူ့ဆီလှမ်းကြည့်၏။ သူကတံခါးနဲ့ ဝေးတဲ့ သူပါ။

ဒါပေမဲ့ သူပဲထလာခဲ့၏။

ဒီအိမ်မှာ ကိုယ့်ဆီလာတဲ့ သူ အသင်္ချေတစ်ယောက်ပဲရှိသည် ။

အသင်္ချေဆို ကိုကိုဟု ခေါ်ပြီးမှ တံခါးခေါက်သည် ။

တစ်ခါတလေ ခေါက်ပြီးမှ ခေါ်၏။ ခုလိုမျိုး တံခါးခေါက်ပြီး တိတ်ဆိတ်စွာရပ်နေမှာ မဟုတ်ပါ။

တံခါးကိုဆွဲဖွင့်လိုက်သည် အထိ သူတွေး နေမိတုန်း

"ဟင်"

အံ့ဩ၍ ပါးစပ်မှ ပင် ဟင်ခနဲဖြစ်သွားမိသည်။

ရတီလှိုင်ရယ်ပါ။

အနက်ရောင်ကိုယ်ကျပ်ဂါဝန်တိုလေး ကျပ်ကျပ်ကပ်ကပ်နှင့် နှုတ်ခမ်းနီ ရဲရဲကို ဆိုးထားသည်။

ဆံပင်တွေ အရှည်ကြီးဖြန့်ချထားပေမယ့် မယဉ်ပါ။

ဒါပေမဲ့ ရက်ရက်စက်စက် လှနေပါ၏။

"ရတီ"

"ဟုတ်ပါတယ် ရတီပါ"

ရတီကပြောပြီး အထဲကိုလှမ်းကြည့်လိုက်

သည်။

ဒီဂရီ တံခါးဂကနေ မဖယ်ပါ။ ဝင်ပါထိုင်ပါ ခေါ်ဖို့ လည်း စိတ်မကူး။

"ဘာကိစ္စရှိလို့ လဲ ရတီ"

သူခပ်တည်တည်နဲ့ ပဲမေးသည် ။ ရတီက လည်း အထဲဝင်ဖို့ မတောင်းဆို။

"မနက်ဖြန်မနက် ရတီ့မွေးနေ့လေ ဘုန်းကြီးဆွမ်းကပ်တရားနာ လာဖိတ်တာ ည ပိုင်းမှာ တော့ ခြံထဲမှာ ညစ်ခံပွဲလေးလုပ်မယ် လူတွေမများ ပါဘူး ... အပေါင်းအသင်းလော က်ပဲ ဒေါက်တာကြီးနဲ့ ဒီဂရီလာခဲ့နော်"

ပြောပြီး ဖိတ်စာကဒ်လေးကို သူ့ရှေ့မှာ ထိုး ပေး၏။

သူကဒ်ကိုယူလိုက်သော်လည်း

"တို့ က အဲဒီလိုပွဲတွေ တက်တာဝါသနာ မ

ပါဘူး ရတီ ... မနက်ပိုင်း တရားနာတော့ လေးလေးလာဖြစ်မှာ ပါ”

“ဒီဂရိရယ် ညမလာချင်လည်း နေ့ဘက် တော့လာပါ ဒေါက်တာကြီးနဲ့ လိုက်ခဲ့ပေါ့၊ မ လာလို့ မရဘူးနော် ...”

အဖြေကိုမစောင့်တော့ဘဲ လေးလေးကိုပါ အထူးတလည်လှမ်းဖိတ်ပြီး ရတီပြန်သွား၏

သူ လေးလေးရှေ့မှာ ဖိတ်စာကဒ်လေး ချ ပေးလိုက်တော့ လေးလေးက ကောက်မကိုင် ဘဲ သတင်းစာကို တိမ်းဖယ်ရင်း ငုံ့ကြည့်သည် ။

ပြီးမှ သူ့ကိုပြန်ကြည့်၍

“ဒီမိန်းကလေးက ဒေါ်မြတ်ချိုတို့ ခြေရင်း ဘက်က အိမ်ငှားမဟုတ်လား”

“ဟုတ်တယ် လေးလေး”

"မင်းနဲ့ ဘယ်တုန်းက ဒီလောက်ရင်းနှီးသွားတာလဲ"

"တက္ကသိုလ်မှာ တုန်းက တွဲသွားတွဲလာဖြစ်ခဲ့ဖူးတာ"

"ရည်းစားလား"

"မဟုတ်ပါဘူး"

"မင်းစိတ်ထဲမှာ ရော ဘာမှ မဟုတ်ဘူးလား"

ဒီဂရီက သူကူးထားပြီးသည့် ခါပုံတွေရှိသော စားပွဲမှာ သွားပြန်ထိုင်ကာ

"ဟိုတုန်းကတော့ ပခုံးချင်းယှဉ်လေဆောက်ရတာကိုပဲ ပျော်သလိုလို ကျေနပ်သလိုလိုနဲ့ မာမီကလည်း အတင်းအကျပ်တားနေတော့ တိုးတိုးကြိတ်ကြိတ်လှုပ်ရှားရတာလေးကို သဘောတွေ ကျနေတာမျိုး"

"ရင်ခုန်ခဲ့ဖူးတယ်ပေါ့"

"ရင်ခုန်ရလောက်အောင် မရင်းနှီးဖူးပါဘူး သူကလှတော့တွဲချင်တာပေါ့ သူ့မှာ ရည်းစားရှိတယ် ဒါပေမဲ့ သူကျွန်တော့ကိုလည်း လိုက်လျောတာပဲ"

ဦးသန့်ဇင်မျက်နှာကြီး သူ့ဘက်လှည့်လာသည် ။ စိတ်ဝင်စားခြင်းထက် မလိုလားခြင်းက ပိုကဲသောကြောင့် မျက်ခုံးကြီးနှစ်ဖက်တွန့်ကုတ်ရင်း

"ဆက်ပြောလေ လိုက်လျောတော့ ဘာဖြစ်ကုန်လဲ"

"ဘာမှ မဖြစ်ဘူး ဘာဖြစ်ဖို့ ရှိလို့ လဲ လှလို့စိတ်ဝင်စားတာနဲ့ ပဲ ရင်ခုန်စရာလား လေးလေးရ ဒီနေ့ထိ ကျွန်တော် ရင်ခုန်ရလောက်တဲ့သူ မရှိသေးဘူး"

ပြောပြီးမှ သူ့မျက်နှာ ဖျတ်ခနဲနွေးသွားခဲ့၏

။

မျက်ရည်ရစ်ဝိုင်းသော မျက်ဝန်းလေးတစ်စုံကို သတိရကာ မလုံမလဲနှင့် သူမျက်နှာလွှဲပစ်လိုက်သည် ။

စောစောက စကားမှာ မှသားပါသွားခဲ့ပြီလား

မဟုတ်ဘူး ငါရင်ခုန်ခဲ့တာ စိမ်းသက်တဲ့ အထိအတွေ့ကြောင့်ပါ။

ဘယ်သူမှ မစွပ်စွဲပါဘဲ ကိုယ့်ကိုယ်ကို သန့်စင်ဖို့ ကြိုးစားမိ၏။ ဘယ်သူမှ မသိဘဲလည်း ရင်ခုန်သံက ဒိတ်ခနဲမြည်လေသည် ။

"ဒီဂရီ"

"ဗျာ"

ကိုယ့်စိတ်ကူးထဲမှ ခေါ်လိုက်တာမပါသဖြင့် ရုတ်တရက်မို့ ထိတ်ခနဲဖြစ်သွားသည် ။ ဦးသန့်

ဇင်က သူ့နေရာမှ ထလျှောက်လာကာ

"လူတစ်ယောက်ရဲ့ စိတ်နေသဘောထား ကို မျက်လုံးထဲမှာ ရှာလို့ ရတယ်ကွ အခုခဏ လေးပဲ မြင်လိုက်ရပေမယ့် ဒီမိန်းကလေး မျက် လုံးတွေကို ငါသဘောပေါက်သွားသလိုပဲ မင်း ရှောင်သင့်တယ်"

"အစကတည်းက ရှေ့မတိုးခဲ့တာ လေး လေးကလည်း ခုကျမှ ဘာမှ ရှေ့ဆက်ဖို့ ကိုမရှိ ဘူး"

"သူတို့ ကဘာလဲ"

"မသိဘူးလေ"

"ငါပြောတာက"

"မပြောနဲ့ တော့လေးလေး ကျွန်တော်ဘာမှ မသိဘူး သူ့နာမည် ရတီလိုင်ကျောင်းမှာ ခြော က်လလောက် ဆုံဖူးတယ် တွဲသွားတွဲလာထိ ခ

င်မင်ခဲ့တာက တစ်လကျော်ကျော်လောက်နောက်တော့ သူပျောက်သွားတယ်”

“ကျောင်းမပြီးခင်လား”

“ဟုတ်တယ်”

“ရည်းစားနဲ့ လိုက်ပြေးတာနေမှာ ပေါ့”

“အဲဒီလိုလည်း ပြောကြတာပဲ”

“မင်းဘယ်လိုနေလဲ”

သူလေးလေးကို ဖျတ်ခနဲမော့ကြည့်ပြီး မချို မချဉ် ပြုံးမိသည် ။

ပြီးတော့ ဆံပင်တစ်ချက်ဖွပစ်ပြီး ရယ်သည် ။

“လေးလေးက ဘာဖြစ်လို့ ဒါကိုပဲ လှည့်ပတ်မေးနေတာလဲ သူလိုက်ပြေးတော့ရော ကျွန်တော်က ဘာဖြစ်စရာရှိလို့ လဲ”

“ခုမှ ဒီစကားပြောနိုင်တာမျိုးလားကွာ ဟို

တုန်းကတော့ နည်းနည်းပါးပါး”

“မဟုတ်ခဲ့ပါဘူးဆို လေးလေးကလုပ်ပြီ”

ဦးသန့်ဇင်က ကျေနပ်သွားသလိုရှိသော်လည်း စိတ်မချသေးသည့် မျက်ဝန်းများ နှင့် ငုံ့မိုးကြည့်နေသေးသည် ။

“အခု တစ်ဝိုင်းတည်းတစ်ခြံတည်း အတူလာနေဖြစ်ကြတော့ ငါစိတ်ပူတယ် ဒီဂရီ .. မင်းက မပါဘူးဆိုတာ ငါရိပ်မိပါတယ် ဒါပေမဲ့ ဒီမိန်းကလေးမျက်လုံးတွေမှာ အဆိပ်ရှိတယ်ကွ ... မတော်တဆနဲ့ တမင်တကာမှာ မတော်တဆဆိုရင် သူရှောင်ကိုယ်ရှောင်နဲ့ မထိခိုက်နိုင်ဘူး တမင်တကာကျတော့ ရှောင်လို့ မရဘူး သတိမဲ့နေတဲ့ လူခံရတာပဲ လေးလေးပြောတာ မင်း သဘောပေါက်ရဲ့ လား”

“ဟုတ်ကဲ့ ပေါက်ပါတယ်”

“ပြီးတော့ မင်းမာမီက သူများ နဲ့ တူတာ မ

ဟုတ်ဘူး ဒါဆိုဒါ သိပ်တယူသန့်တာ သူကလူတစ်ယောက်ရဲ့ အဆင့်အတန်းကို စည်းစိမ်ဥစ္စာနဲ့ တိုင်းတာ မဟုတ်ဘူး ... စိတ်ဓာတ်၊ စာရိတ္တနဲ့ တိုင်းချင်တာ ဒါလွယ်တာမှ မဟုတ်တာ ... ဒီတော့ သူ့စိတ်တိုင်းကျဖြစ်ဖို့ ဆိုတာ မလွယ်ဘူး ... မင်းကို သူစိတ်တိုင်းကျတာနဲ့ ပဲ ပေးစားမယ်ဆိုတဲ့ မာနကခေါင်ခိုက်နေတာ ... ပြီးတော့ မင်းကို စည်းစိမ်ဥစ္စာမက်ပြီး ချူမှာ စိုးတယ် .... ရုပ်ချောတာကိုသဘောကျပြီး ပိုင်းဝိုင်းလည်နေမှာ စိုးတယ် မင်းစဉ်းစားကြည့်စမ်း ... ယောကျ်ားတစ်ယောက်မှာ ချောတယ်၊ ထောတယ် ဆိုရင် ပေါ်ပြူလာဖြစ်ပြီ ဒါကိုလက်မခံနိုင်လို့ ဖြစ်မလား ဘယ်သူမှ မကြိုက်ရဘူးဆိုရင် ထုပ်ပိုးသိမ်းဆည်းထားချင်လို့ ရမလား ...”

ပြောပြီး ဦးသန့်ဇင်က သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ ဒါတွေဟာ တစ်ဦးတည်းသော သားလေးမို့ ထားစရာ မရှိဖြစ်နေတာပဲကွ မိခင်တစ်ယောက်ရဲ့ မေတ္တာပေါ့ကွာ ခုဆိုငါကလည်း သားသမီး အိမ်ထောင်မရှိနဲ့ ငါတို့ မောင်နှမပိုင်ဆိုင်သမျှ မင်းပဲ အမွေစား အမွေခံရှိတာ"

"မခံချင်ပါဘူး လေးလေးရာ လေးလေးက အလတ်ကြီးရှိသေးတာ နောက်တစ်ယောက် ထပ်ယူလိုက်ပေါ့"

"ခွေးသူခိုးလေး ဦးလေးလုပ်သူကို မိန်းမယူဖို့ လာပြောသေးတယ် အခုမင်းတင်မကဘူး ... ငါ့ကိုပါ မင်းမာမီက မိန်းမထပ်ယူရင် သူစိတ်တိုင်းကျဖြစ်မှ တဲ့ ... ကဲ"

"ဟား ... ဟား .... ဟား"

ဒီဂရီ ဟက်ဟက်ပက်ပက်ထရယ်တော့ ဦးသန့်ဇင် ပြုံးပြုံးကြီးဖြစ်သွား၏။

"မင်းအခု ငါ့ဆီမှာ ရှိတော့ကော စိတ်ချလို့

ထားတယ်မှတ်လို့ လား ...
ငါဘယ်ပြောင်းသွားမှန်းမသိလို့ ဒီကြားထဲ
ဆေးရုံပါပြောင်းလိုက်တော့ မျက်ခြေပြတ်သွား
တာပေါ့ မင်းဖုန်းဆက်တုန်းက ဘယ်မှာ မှန်းမ
သိလိုက်လို့ ဇွေ့ဇွေ့ခုန် ကျန်ခဲ့မှာ သေချာတယ်
”

သူ မာမီ့ကို သတိရသွားတော့ စိတ်မကောင်းဖြစ်မိပါသည် ။

ထွက်လာတုန်းက မာမီသဘောကျပြောဆိုခဲ့တာ ရှိပေမယ့် ဒီရောက်တော့ သူပုန်းနေခဲ့သည် ။

လူတစ်ယောက်အတွက် အရွယ်ရောက်လာတာနဲ့ အိမ်ထောင်ပြုဖို့ သာ အဓိကလား။

လွတ်လပ်ပျော်ရွှင်ဖို့ ကြီးပွားတိုးတက်ဖို့ ဒါတွေအတွက် ကြိုးစားခွင့်မရှိတော့ဘူးလား။

ဒီကိစ္စအတွက်နဲ့ သူမာမီနဲ့ အချီအချပြောဆို

ခဲ့ဖူးသည်။

"မရှိဘူးဟေ့ မရှိဘူး ... လွတ်လပ်ဖို့ ကြိုးစားစရာလား လွတ်လပ်တာဟာ လူငယ်တွေအတွက် မှားတာပဲ ကြီးပွားတိုးတက်ဖို့ ဆိုတာကော သားကိုယ်သား ဘာကြိုးစားဖို့ လိုသလဲ ဘွဲ့ရပြီးပြီ မိဘလုပ်ငန်းတွေမှ အများကြီး မိုးကုတ်မှာ မင်းဒယ်ဒီလုပ်ငန်းတွေရှိတယ် ဒီပြင်ခြံလုပ်ငန်းတွေကော အားလုံးအလုပ်သမားတွေနဲ့ လူယုံနဲ့ လွှဲထားရတာ ... ဒါတွေ သားနောက်တော့ တိုးတက်ပွားများ လာအောင်ကြိုးစားရမှာ ပဲ အခုလွတ်လွတ်လပ်လပ်နေခွင့်ပေးထားတာ ထပ်ပြီး လွတ်လပ်ချင်သေးလား ... ဒီထက်ကော ဘာကြိုးစားချင်လဲ တမင်တကာကို လူစွမ်းကောင်း ထပ်လုပ်ချင်တာဆိုရင်တော့ ဘာလုပ်ချင်သေးလဲပြော ... တစ်နိုင်ငံလုံးရှိသေးတယ် ဘယ်မှာ ဘာလုပ်ငန်းထူထောင်မလဲ"

မာမီဒေါ်သထွက်တော့ သူငြိမ်နေခဲ့ရသည် ။

လုပ်ငန်းတွေက တကယ်လည်း အားလုံးပဲ တိုးတက်ကြီးကျယ်မှုရှိနေသည် ။ ကျဆင်းနေဆဲ လုပ်ငန်းဆိုတာမရှိ။

ထပ်ပွားဦးမည်ဆို ကိုယ်ကမိဘကို အရှုံးတိုက်ချင်သလိုဖြစ်နိုင်သည် ။

ထိုထက်ဆိုးသည် က မိန်းမပေးစားဖို့ ပဲ အားသန်နေခြင်းနှင့် သူ့အပေါင်းအသင်းကအစ စိတ်တိုင်းကျသည် မရှိခဲ့တာကိုပင်။

"အပေါင်းအသင်းကအစ မာမီပါရတာ သားစိတ်မညစ်နဲ့ လေ မိန်းကလေး အပေါင်းအသင်းမှားရင် ပျက်စီးသလို ယောက်ျားလေးလည်း အရေးကြီးတယ် ... ငါ့ယောက်ျားပဲဆိုပြီး နေလို့ မရဘူး"

ထိုအရာများကြောင့် သူမာမီရှေ့မှာ နေရ

တာ စိတ်ကျဉ်းကျပ်ခဲ့သည် ။ လေးလေးဆီရောက်တော့ မာမီ့ဆီပြန်ရမှာ ကြောက်သွား၏ ။

သားအမိမျက်နှာချင်းဆိုင်ပြီဆို သူမာမီနဲ့ အမြဲအတိုက်အခံပြောရသည် ။

မာမီဒေါသထွက်ပြီဆို သူငြိမ်နေခဲ့ရ၏။

ဒီမှာ ကျတော့ သူ့စိတ်ချမ်းသာမှုတွေကို အပြည့်အဝခံစားနိုင်ခဲ့၏။

လေးလေးကလည်း ဟန်ကြီးပန်ကြီး နေတတ်တဲ့ သူမဟုတ်။

သူ့ကို ဦးလေးလိုကော ညီအစ်ကိုလိုပါ တရင်းတနှီး ပေါင်းသင်းသည် ။

လေးလေးကို သူမပြောရဲတာ ဘာမှမရှိ။ လေးလေးက နားလည်တတ်တဲ့ သူ၊ မတော်တာကိုလည်း ဆုံးမသည် ....

အမှားပြောလည်း နားလည်မှုနှင့် လက်ခံနား ထောင်သည်။

ပြီးမှ ဒါမကောင်းဘူး ဒီလိုလုပ်ဆိုတာမျိုး သူလိုချင်တာလည်း ဒါပဲဖြစ်သည်။

"မင်း အဲဒီကိုသွားမှာ လား"

သူတွေးနေတုန်း ဦးသန့်ဇင်က ကောက်ခါင်ခါမေးသည်။

"လေးလေးပဲသွားပါ"

ဘာမေးတာမှန်းသူသိသည်။ ဦးသန့်ဇင်က သူ့အဖြေကို သဘောမကျသလို တစ်ချက်တော့ တွေသွားသေးသည်။

"ငါသွားလည်း မင်းဆီ သူရောက်လာမှာ ပဲ လို့ ငါထင်တယ်"

"ကျွန်တော့်မှာ သွားစရာရှိသေးတယ်"

ဦးသန့်ဇင် ကျေနပ်သွားကာ ဆတ်ခနဲ ခေါ

င်းညိတ်၏။

“ကောင်းတယ်”

*

## အခန်း (၁၇)

ကင်မရာကို တစ်စစီဖြုတ်၍ သူ အလင်းမှောင် အခန်းလေးကို စစ်သည် ။

ဘေးမှာ ချထားသည့် တစ်လုံးက အထဲမှာ နဂ္ဂတစ်ရှိနေသည် ။ ဓါတ်ပုံမပြည့်သေးပါ သူ့မှာ ကင်မရာချည်းပဲ သုံးလုံးရှိသည် ။ ဓါတ်ပုံရိုက်တာ ဝါသနာပါသလို သူ့လက်ထဲမှာ ရှိသည့်ပစ္စည်းဆို နည်းနည်းလေးမှ ချို့ယွင်းတာမကြိုက်သည် မို့ နေ့ဘက်သွားလာ ကိုင်တွယ်ပြီး အိမ်ပြန်ရောက်သည် နှင့် ချို့ယွင်းချက်ကိုရှာသည် ။

အလွန်သေးငယ်သည့် ပစ်စည်းလေးတွေ

ကို လိမ့်ပျောက်သွားမှာ ကို စိုးကာ သံလိုက်တုံးနှင့် လိုက်တို့ နေဆဲ လက်တစ်လုံးခန့်ဟနေသည့် တံခါးက ရုပ်ခနဲ ပွင့်သွား၏။

"အမေ့"

"ဒိုး ... ဒိုး"

"ဟာ ..."

သူ့အလျင်အမြန် လှုပ်ရှားဖို့ ကြိုးစားလိုက်ပေမယ့် ဘယ်ဟာကိုမှ ဆွဲချိန်သိမ်းချိန်မရလိုက်တော့ပါ။ အလွန်ကြီးမားသော မာလကာသီးကြီးများ သည် သူနှင့်ပစ္စည်းများ စုဝေးရှိနေသည့် ကြမ်းပြင်ပေါ်သို့ တစ်လုံးပြီးတစ်လုံး တပျော်တပါးကြီး ခုန်ပေါက်ဆင်းချလာကြ၏။

"ဟော့တော် ... အမလေး ... အဲ ... အဲ ... လုပ်ပါဦး ကိုကို"

အသနျှေပါပဲ မယ်မင်းကြီးမ လုပ်ချလိုက်ပြ

နိပြီ။

မာလကာသီးတွေကို ခြင်းလေးဘာလေးနဲ့ ထည့်မလာဘဲ ရင်ခွင်ထဲမှာ ထပ်ဆင့်ပွေ့ပိုက် လာသောအခါ

"ကိုကို"

ပါးစပ်က ကိုကိုဆိုတာ မနားတမ်းခေါ်လျက် အသခေ၍ကြမ်းပေါ်မှာ မာလကာသီးလိုက်ဖမ်းရင်း လေးဘက်ထောက်ပြေးနေသည် ။

ကိုကိုဟု ခေါ်နေသည် က လုပ်ပါဦး ... ကူပါဦးဆိုတာမျိုးပါ။

ဒါပေမဲ့ ဒီဂရီ သံလိုက်ကိုကိုင်ကာ တင်ပလလင်ခွေထိုင်နေရာမှ နည်းနည်းမှ မလှုပ်ခဲ့။ တိုးတိုက်ချသွားခဲ့သော မာလကာသီးတို့ ၏ တိုက်စစ်ကမထင်မှတ်သော အရပ်မျက်နှာမှ ရုတ်တရက်ကြီးဖြစ်သွားခဲ့ရာ ကြမ်းပေါ်မှာ တယုတယသေသေချာချာ ပုံချထားခဲ့သမျှ ဘာပ

စွည်းမှ သူ့အတိုင်းမရှိတော့။

မာလကာသီးတို့ အပေါ် အရှုံးကြီးရှုံးခဲ့သော ဒေါ်သတို့ က သူမထံမှာ ပေါက်ကွဲဖွယ်ရှိနေခဲ့၏။

"ကိုကို"

သူမဖြေရှင်းရတော့မည်။

ပြန်ကြည့်လိုက်တော့ မာလကာသီးတို့ က အနီးနားမှာ တစ်လုံးမှ မရှိတော့ဘဲ စားပွဲအောက်မှ တစ်လုံး၊ ဗီရိုအောက်မှာ ၊ ဘေးမှာ ၊ ရှိုးကေ့ရှေ့မှာ တစ်လုံးစီး တချို့ နှစ်လုံးပူးတချို့။

"ကိုကို အဲဒါလေ ... အဲဒါ ကိုကိုနဲ့ အန်ကယ့်အတွက် အသင်္ချေ ယူလာတာ အစက ထည့်ယူလာစရာ ရှာသေးတယ် ... အန်ကယ်ဆေးရုံ မသွားခင်စားသွားရအောင် ကမန်းကတမ်း ထလာလိုက်တော့"

"ဆက်ပြောလေ ဒီအခန်းထဲကို ကျွန်းပြန်ဝ င်လာတာက မင်းဘောလုံးကန်လာလို့ လား"

"မဟုတ်ပါဘူး ကိုကိုရယ် လက်နဲ့ ရင်ဘတ် ကပ်ပွေ့လာတော့ မာလကာသီးတွေက လှုပ် လှုပ် လှုပ်လှုပ်နဲ့ ... အဲဒါ တံခါးကိုတံတောင်နဲ့ တွန်းဖွင့်လိုက်တာနဲ့ ... ကျ ... ကျ"

"အင်း ... ကျကုန်ရော ... အဲဒါမင်း ပျာ လောင်ခတ်ပြီး ဟိုလိုက်ဖမ်း ဒီလိုက်ဖမ်းလုပ် တော့ တစ်လုံးကနေ အကုန်ကျကုန်ရော"

"ကိုကိုဆူမှာ စိုးလို့ လန့်ဖျန့်ပြီး မှားကုန် တာကိုကိုရဲ့ "

"ဩော် တော်သေးတာပေါ့ ဆူမှာ စိုးလို့ တောက် ငါမပြောလိုက်ချင်ဘူး စိုးမျှား မစိုးရင် ငါ့ခေါင်းကိုပါ ထည့်ကန်သွားမလား မသိဘူး"

"ကိုကိုကလည်း "

"ဘာကိုကိုကလည်း ... လဲ"

အသင်္ချေနှုတ်ခမ်းစူနေပေမယ့်မျက်လွှာချ ထားသည်။

လက်ဖဝါးနှစ်ဖက်ပူး၍ လက်ချောင်းလေး တွေချင်း ချိတ်ဆက်ပွတ်လိမ်နေ၏။

ဟိုတစ်နေ့က သနားစရာမျက်နှာလေးနဲ့ တော့ တခြားစီပါ။

သူ့မှာ တစ်စစီ စင်ထွက်ပျောက်ပျက်ကုန် သော ပစ်စည်းအသေးအမွှားလေးတွေကို ဘ ယ်ဟာကို ဘယ်လိုစကောက်ရမှန်းမသိတော့ ဘဲ ဒေါသက အိတ်သွန်ဖာမှောက် ဖြစ်လာခဲ့သ ည်။

"မင်းကို မြင်လိုက်တွေ့လိုက်ရရင် ရင်အေး စရာတစ်ခုမှ မရှိဘူး ... ပြောတော့ ငါကပဲ မ ညှာမတာဖြစ်ဦးမယ်"

တက်တစ်ချက် ထပ်ခေါက်မိသည် ။

သူကိုယ်တိုင် သံလိုက်တုံးနှင့်ပစ္စည်းတွေဆီ လိုက်ကပ်နေရတာ လေးဘက်သွားတော့မတတ် ဖြစ်နေပြီ။

"အသင်္ချေလိုက်ကောက်ပေးမယ် ကိုကို"

သူ့ဘေးမှာ အသင်္ချေဆောင့်ကြောင့်လေး လာထိုင်တော့ မျက်နှာထားနှင့်မော့ကြည့်လိုက်မိသည် ။

"မကောက်နဲ့ မလိုဘူး ... မင်း အသီးတွေ မင်းလိုက်ကောက်ပြီးရင် ပြန်ယူသွားတော့"

"ဟင် ... ပြန်ယူသွားရမယ်"

"ယူသွားပေါ့ .... ပြန့်ကျဲနေတဲ့ မင်းဟာတွေကို ဘယ်သူက စားရဦးမှာ လဲ"

"ပြန်ဆေးကြောလိုက်ရင် ဘာမှ မဖြစ်ပါဘူး ကိုကိုရယ် ... ပြီးတော့"

"အေး ... စားလို့ ရရင် မင်းပြန်စား ... သွားကွာ ငါဒီ့ထက်စိတ်တိုလာရင် မင်းကိုလက်သီးစာ ကျွေးမိတော့မယ်"

"ဘာလဲကွ ... မင်းမစားရင် ငါစားမှာ ပေါ့ အခွံနဲ့ ပစ္စည်းပဲ ဆေးကြောလိုက်ရင်ရတဲ့ ဟာ စေတနာရှိလို့ ပေးတာ သူများ စိတ်ဆင်းရဲ အောင်မလုပ်နဲ့ "

ဦးသန့်ဇင်က ဆေးအိတ်ကိုဆွဲလျက် အပြင်ကို ထွက်လာသည်။

"အန်ကယ် အန်ကယ်စားမှာ မဟုတ်လား ဟင် ...အသင်္ချေအန်ကယ့်ကို မီအောင် ကမန်းကတန်း ပြေးလာခဲ့တာ မေမေ့မိတ်ဆွေလက်ဆောင်လာပေးတာလေ ခြင်းကြီးနဲ့ အပြည့်ပဲ"

"အေး ... စားတာပေါ့ကွယ် ဆေးကြောပြီး စားပွဲပေါ်မှာ တင်ခဲ့လိုက် အပြန်ကျမှ စားတော့မယ် အန်ကယ် အချိန်နီးနေပြီကွ"

ဒါပေမဲ့ သနားတာထက် ကြည့်မရတာပိုနေသည် ။

ဒီကောင်မလေး လှသည် ချစ်စရာကောင်းပါသည် ။

သို့သော် အဲဒီလို ပျာလောင်ခတ်တာကို သူ အထင်ကြီးလို့ မရနိုင်ဘဲ ဖြစ်နေမိသည် ။ ဣန္ဒြေသိက္ခာလေးနဲ့ သာဆို ဘာမှ ပြောစရာမရှိနိုင်သည့် ကောင်မလေးဖြစ်မည် ... ခုတော့

သူ့နှုတ်ခမ်းတွန့်ခနဲဖြစ်ကာ မျက်နှာလွှဲသည် ။

ဦးသန့်ဇင်က တံခါးဝရောက်မှ ပြန်လှည့်ကာ

"ဪ ... သမီးညကျ ဒီဘက်ကူးလာခဲ့ဦး အန်ကယ်ကြေးအိုးဝယ်လာခဲ့မယ် လာသောက်မယ်မို့လား"

"သောက်မှာ ပေါ့"

မငြင်းဘူး စိတ်ထဲကပြော၍ လေးလေးကို အပြစ်တင်ချင်သည့်မျက်လုံးနှင့်မော့ကြည့်မိသည် ။

လေးလေးက ပြုံးသွား၏။

ဒီကောင်မလေးကိုဆို လေးလေးက အမြဲ ဖာဖာထေးထေး။

သူ့ပစ္စည်းတွေပြန်စု၍ အလုပ်စဖို့ ကြိုးစားရသည် ။

"ကိုကို"

လာပြန်ပြီ။

သူလှည့်ကြည့်လိုက်တော့ စားပွဲပေါ်က ဖန်ပန်းကန်ကလေးထဲမှာ မာလကာသီးတွေကို ထပ်ဆင့်တင်ထားပြီးပြီ။

ခုလိုတော့လည်း ဂင်းအိရှုန်းပြောင်နေ

သော မာလကာသီးတွေက စားချင်စဖွယ်ပါ။ အသင်္ချေမျက်နှာကိုတစ်ချက်ငဲ့ကြည့်ပြီး မျက်နှာလွှဲလိုက်သည် ။

ဒီကောင်မလေးနဲ့ မရောနှောဖို့ သူဆုံးဖြတ်ထားခဲ့သည် ။

"ကိုကို"

"ဟ ဘာဖြစ်နေလဲ ငါမင်းရှေ့မှာ ထိုင်နေတာ"

"ကိုကိုက ထူးမှ မထူးဘဲ"

ပြောပြီး အသင်္ချေက ပြုံးလိုက်သည် မျက်နှာချိုသွေးသည့်အပြုံး ...

"ဟိုဘက်က ကင်မရာက ကောင်းတယ်မို့လားဟင်"

"ဘာလုပ်မလို့ လဲ"

"အသင်္ချေကို ဓာတ်ပုံတစ်ပုံလောက် ရိုက်

ပေးပါလား”

“ရိုက်မပေးနိုင်ဘူး”

“ဘာဖြစ်လို့ လဲဟင်”

“မရိုက်ချင်လို့ ...”

“ကိုကိုက ဝါသနာအရ ရိုက်နေတာမဟုတ်လား”

“ဘာကြောင့်ပဲရိုက်ရိုက် ငါမိန်းမပုံတွေမရိုက်ဘူး”

“ဒါဆိုဘာပုံတွေလဲ”

“အသချေ”

သူ ကိုင်ထားသည့်ဂက်အူလှည့်လေးကို ဆုပ်ထားရင်း လှည့်အော်သည် ။

“မင်းကို ငါ ညာတာချင်တဲ့ စိတ်လေး မွေးထားခဲ့တယ် ... အဲဒါ မင်းဘက်ကလည်း အချိုးပြင်မှ ဖြစ်လိမ့်မယ် ... ငါ့ဒေါသတွေ ထ

ပ်ဖြစ်လာအောင်နေလေ မင်းနဲ့ ငါ ဝေးလေပဲ ကင်းကင်းနေ ပုံမှန်ဆက်ဆံ၊ နေရာတကာ ပတ်သက်ဖို့ မကြိုးစားနဲ့ ၊ ငါက မင်းလို ရှုပ်ပျာပျာပုံစံမျိုးနဲ့ မိန်းကလေးဆို သိပ်ကြည့်ရတာ မဟုတ်ဘူး ”

“ရှုပ်ပျာပျာ”

အသချော် မျက်နှာလေးပျက်နေပါပြီ၊ သူမကြည့်မိအောင် မျက်နှာလွှဲထားခဲ့သည် ။ နာသွားလို့ ဘယ်တော့မှ မလာလည်း ရှိပစေတော့ ကိုယ့်ကြောင့်မဟုတ်ရင်ပြီးရော။

ဒါမှ မဟုတ်လို့ ပြုပြင်မယ်ဆိုလည်း ဒါမင်္ဂလာ။

“အသချော်က ကိုကို့မျက်လုံးထဲမှာ အဲ့သလောက်ဖြစ်နေသလားဟင်”

“ပိုဆိုးတာပေါ့ .... မင်းကို ငါ့ မာမီ့ရှေ့ခေါ်သွားချင်တယ် မာမီ့အမြင်နဲ့ ဆို မင်းဟာ ဘယ်

လိုပုံစံပေါက်နေလဲဆိုတာ သိသွားလိမ့်မယ်”

“ကိုကိုရယ်”

အသခ်ေျမျက်နှာလေး ချက်ချင်းကြီး ညှိုးကျသွားသည်။

“အသခ်ေျနေထိုင်သွားလာခဲ့သမျှ မာယာမပါပါဘူးကိုကို ရှပ်ပျာပျာဆိုတဲ့ စကားကို နားထောင်ကောင်းကောင်း နဲ့ ထောင်နေခဲ့ပြီး ကိုယ့်ကိုအပြောခံနေရတယ်ဆိုတာ ဂုဏ်ယူစရာမဟုတ်မှန်း သိပါတယ် ပြီးတော့လေ အသခ်ေျဘယ်တစိမ်းယောကျ်ားတစ်ယောက်ကိုမှ ကိုကို့ကို ခင်သလောက် မခင်ခဲ့ပါဘူး ... ကိုကို့အပေါ် ဒီလို ပြောဆိုဆက်ဆံနေတာကို ကြည့်ပြီး အသခ်ေျကို အထင်အမြင်မသေးပါနဲ့ မေမေကလည်း ကိုကိုနဲ့ အန်ကယ်တို့ ရဲ့ အဆင့်အတန်း စိတ်ဓါတ်ကို ယုံကြည် ထားခဲ့တာပါ ဘယ်သူဘယ်လိုပဲထင်ထင် ကိုကိုအထင်သေးမှာ ကို

အသင်္ချေကြောက်တာ”

သူမမျက်ရည်တွေပြည့်ဝိုင်းနေပြန်ပြီ။

မကြည့်မိအောင်နေကာမှ မြင်လိုက်ရသည် … မျက်ရည်ကို မမြင်ဘူး၍ လား ဒီမျက်ရည်ကိုမှ မမြင်ရက်တာလား။

အသင်္ချေမျက်ရည်ကျတာမြင်တိုင်း သူ့ရင်ထဲမှာ ဘယ်လိုမှ မနေတတ် ဆုပ်ကိုင်ထားမိသည့် ဝက်အူလှည့်ချောင်းလေးကို ကြမ်းပြင်ပေါ် အသာချလိုက်ပြီးမှ ပြန်ကောက်မိသည် ။ ပြီးတော့ ပြန်ချကာ မတ်တပ်ရပ်လိုက်သည့်အသင်္ချေကို သူမော့ကြည့်သည် ။

“ဘာလဲ စိတ်ကောက်သွားပြန်ပြီလား”

မျက်မှောင်ကုတ်၍ ရပ်ကိုတင်ထားရပေမယ့် ပါးစပ်က ဟန်မဆောင်ခဲ့။

စိတ်ဆိုးသွားပြီး မလာလည်း ကောင်းတာပဲဟု စောစောက တွေးခဲ့တာတွေက ဘယ်ဆီပြေးလွင့်ကုန်မှန်းမသိ။

သူမ မျက်စိအောက်ကနေ ရှိက်ငိုထွက်ပြေးသွားမှာ ကို သူလက်မခံနိုင်ခဲ့ပါ။

အသချော်က မျက်ရည်တွေ ပြိုကျမလာအောင် ထိန်းချုပ်ထားပုံမျိုးနှင့် နှုတ်ခမ်းလေးခပ်ဖိဖိကိုက်လျက် နောက်တစ်လှမ်းဆုတ်၍ ငုံ့ကြည့်၏။

"စိတ်မကောက်ပါဘူး ကိုကို စိတ်ကောက်တယ်ဆိုတာ ကိုယ့်ကိုအလိုလိုက် ခွင့်လွှတ်နေတဲ့ သူအပေါ် ဆိုးနွဲ့တာမျိုးပါ ... ကိုကို့ကို အသချော် မဆိုးရဲပါဘူး"

"မဆိုးရဲရင် နောက်မဆိုးနဲ့ တော့ ...ပြန်ထိုင်"

"ဟင့်အင်း"

သူမခေါင်းခါလိုက်တာမြင်လျှင် ဒီဂရီက လက်ဖဝါးလေးကို ဖမ်းဆုပ်ထားလိုက်ပြီး

"ထိုင်ဆိုထိုင်"

ဖိဆွဲချလိုက်တော့ အသင်္ချေ ဒူးတုတ်လျက်လေး ထိုင်ကျသွား၏။

ဒီဂရီက လက်ကိုမလွှတ်သေးဘဲ မျက်ရည်ကြောင်းလေး တစ်ဖက်ပြိုကျလာရှာသည့်အသင်္ချေ မျက်နှာလေးကို ငုံ့ကြည့်၍

"ဟွန်း ပြောတော့ ကလေးလိုလို ခွေးလေးလိုလိုနဲ့ စကားက တတ်လိုက်တာဘယ်သူမှ လိုက်မမီဘူး ... ပိတ်ထုလိုက်ရရင် သေဦးမယ် "

အသင်္ချေ မျက်နှာလေးပြုံးယောင်သမ်းကာ သူ့ကိုငေးကြည့်နေပုံက မယုံနိုင်စွာ ဖြစ်၏။

*

## အခန်း (၁၈)

မနက်စောစော ဘုရားပန်းကပ်ဖို့ ရော ကိုကိုတို့ အတွက်ပါ ဇွန်ပန်းဖူးလေးတွေကို သီနေရင်း ညက မေမေပြောခဲ့တာတွေကို သတိရနေမိ၏။

"အသွားအလာ အနေအထိုင် ဆင်ခြင်ဖို့တော့လိုပြီ သမီး ... ဟိုမှာ က ယောက်ျားလေးတွေနေကြတာ သူတို့ သိက္ခာ သမာဓိ ဘယ်လောက်ရှိရှိ ကိုယ်က ဘယ်လောက်ရိုးရိုး ပတ်ဝန်းကျင် အမြင်မှာ က မတော်ဘူး"

"ဘယ်ပတ်ဝန်းကျင်က ပြောနေလို့ လဲမေမေ ... သမီးကူးတာသွားတာ ဘယ်သူမြင်လို့

လဲ"

"ဘယ်သူရှိမှာ လဲ သမီးရယ် ခြေရင်းက အိမ်ငှားတွေပေါ့ မတာတို့ ပြောင်းသွားတာတောင် သူတို့ ချန်နေခဲ့တာကြည့် ပေါ့သေးသေးဟာတွေ မဟုတ်ဘူး ... သားအမိနှစ်ယောက်လုံး အိမ်ငှားဆိုပေမယ့် မျက်နှာတွေက မေမေတို့ ထက်မာတယ် ... အတာကိုကို သူတို့ နဲ့ တမင် စည်းဝါးရိုက်ပြီး ထားသွားတာလို့ မေမေထင်တယ်"

"ဘာလုပ်ဖို့ လဲ"

"မေမေတို့ မကြိုက်သမျှ ဂရုမစိုက်စွာ နေဖို့ပေါ့ ... တစ်နှစ်စာချုပ်ချုပ်ထားတာက ရှိတာကိုး"

"အဲဒါလည်း သူတို့ ချင်းလုပ်ကြတာပဲမေမေ ... မေမေ့လက်မှတ်လည်း မပါဘူး ... အဲဒီငွေလည်း သမီးတို့ မသုံးခဲ့ရဘူး"

"ဒါက ဥပဒေနဲ့ ပြောကြေးဆို မေမေတို့ ဘက်က အနေသာကြီးပေါ့ ဒါပေမဲ့ သားသမီးလုပ်ထားတဲ့ ကိစ္စ မေမေကအတည်ပြုမပေးလို့ မရဘူး ကောင်းကောင်း ဆိုးဆိုး စာချုပ်ပြည့်အောင်တော့ နေခွင့်ပြုရမှာ ပဲ မေမေပူတာက သူ့မောင်ဆိုတဲ့ ဟိုကောင်လေး ပြန်ရောက်လာမှာ ကို ရောက်လာရင် ကိုယ်ဘာမှ တတ်နိုင်မှ မဟုတ်ဘူး လေ ... သားတွေ ကိုယ်တိုင်က တောင် ကိုယ့်ကိုခွာပြီး မိန်းမတွေ နောက် ပါသွားကြပြီ ... သမီးပြောချင်တာ အဲဒါပေါ့ ... မနက်က မေမေ့ကို အုန်းနို့ခေါက်ဆွဲလာပို့တုန်း သမီးအဲဒီဘက်က ပြန်လာတာတွေ့တော့ ရတီလှိုင်က ခနဲ့ သွားသေးတယ်"

"ဟင် ... ဟုတ်လား မေမေ ... ဘာတဲ့ လဲ"

"အစ်ကိုတွေမရှိတော့ပေမယ့် အသချော်က အပြီးမပျက်ဘူးနော်တဲ့ သူ့မှာ ပျင်းချိန်တောင်

ရှိပါ့မလားပဲ ဘာညာနဲ့ ဖြေရှင်းမရတဲ့ စကား လုံးတွေပေါ့"

သူ့ကျတော့ ကိုကို့ကို အလစ်ချောင်းနေတာ များ ဟု စိတ်ထဲက ပြောနေမိသေးသည် ။

တစ်နေ့က ကိုကိုအပြင်ထွက်တော့ သူမ နောက်ကလိုက်ထွက်သည် ။

ခြေထောက်နဲ့ ကား ခြံဝမှာ ဆုံဖို့ ဆိုတာ တော်တော်ခဲ့ယဉ်းမယ့်ကိစ္စ ပြီးတော့ ကိုကိုထွ က်လာတာ နေ့ခင်းကြောင်တောင်ကြီး။

သူမက ကားမပါဘဲထွက်လာတာ ဘယ်သွားမှာ လဲ ... ဟွန်း ကိုယ့်အတွေးနဲ့ ကို ယ် မဲ့ရွဲ့ကာ ပန်းရိုးလေးထဲအပ်စိုက်လိုက်လျှင် လက်ချောင်းထိပ်မှ စူးခနဲဖြစ်သွား၏။

"အ"

လူက တွန့်ခနဲဖြစ်သွားပြီး လက်ကိုပြန်ရု

တ်လိုက်မိစဉ် မျက်စိရှေ့မှာ အရိပ်တစ်ခုကျ ရောက်လာသဖြင့် မော့ကြည့်လိုက်မိ၏။

"ဟင်"

ရတီလှိုင် ... အသက်ရှူည်ပါဦးမည်။

သူမအကြောင်းတွေးမိရင် အပ်တောင်စူးမိရတဲ့ အဖြစ်ကို သိရဲ့လား။

"ရော့ .."

သူမက ကိုင်လာသည့် တစ်စုံတစ်ရာကို အသင်္ချေ့ရှေ့မှာ ထိုးပေး၏။

ကင်မရာ ... ဒါ ကိုကိုကိုင်နေကျ ကင်မရာ ပါလား။

အသင်္ချေ ထိန်းချုပ်မရနိုင်အောင် မျက်စိမျက်နှာပျက်သွားခဲ့လျှင် သူမမျက်နှာကိုသာ စူးစိုက်ကြည့်နေခဲ့သော ရတီလှိုင်က လှလှပပလေး ပြုံးလိုက်၏။

ကျောပြင်ထက်မှာ ဝဲဆင်းနေသော ဆံပင်တွေကို ပခုံးလေးပါန္တဲ့သွားအောင် လွှဲယမ်းပစ်လိုက်ပြီး

"ဒီဂရီ့ ကင်မရာလေ ညနေကသွားပေးတာ လူမတွေ့လို့ မင်းယူထားလိုက်စမ်းပါ ... မိုးချုပ်နေတော့ တို့ ထပ်မသွားချင်ဘူး မင်းကတော့ သွားနေကျပဲ ... သွားပေးပေးနော် ... နေ့လည်က သူနဲ့ တို့ ဓါတ်ပုံတွေ လည်ရိုက်ကြရင်း တို့ ဆီပါလာတာ"

မျက်နှာရှေ့တိုးပေးလာသဖြင့် ပန်းကုံးကိုချ၍ ယူလိုက်ရသည် ။

ရင်ထဲတွင် မခံရပ်နိုင်သော ဝေဒနာကြောင့် လက်တို့ တုန်လာတာ ထိန်းမရ။

ရတီလှိုင် ဟက်ခနဲရယ်၏။

"ဒီဂရီက ဒိတ်ဒိတ်ကျဲသူဌေးကွ မင်းတို့ အိမ်မှာ လာငှားနေတယ်ဆိုပြီး အဆင့်အတန်းတူ

တယ် မှတ်နေမှာ ဆိုးလို့ ပြောတာ သူ့မိဘက အထည်ကြီးပျက်မိန်းကလေးမျိုးမပြောနဲ့ အဆင့်အတန်းတူ တကယ့်သူဌေးတွေကိုတောင် ဇကာတင်ရွေးယူနေတာ သူနဲ့ တို့ တက္ကသိုလ်မှာ ဆုံတာလေ သူပရိုပိုစ့်လုပ်တော့ တို့ မှာ က ချစ်သူရှိနေပြီ ရင်းနှီးလိုက်တာလို့ မင်းထင်မှာ စိုးလို့ ပြောပြတာပါ .... ဟိုတုန်းက တည်းက တို့ ကငြင်းခဲ့ရတာကို သိစေချင်တာ ... အဟွန်း ... အထင်မလွဲနဲ့ ဦး ... ရော့ ပေး ပေးနော်"

သူမဘာမှ ပြန်မပြောနိုင်ခင် ရတီလှိုင် ချာခနဲလှည့်ထွက်သွား၏။

စူးရှသောရေမွှေးနံ့က ဧည့်ခန်းတစ်ခုလုံးမှာ ပျံ့လွင့်ကျန်ခဲ့၏။

"မိုးချုပ်နေပြီဆိုတော့ မသွားချင်တော့ဘူး"

"မင်းကတော့ သွားနေကျလေ ..."

"သူပရိပို့စ်လုပ်တော့ တို့ မှာ ချစ်သူရှိနေပြီ"

"တို့ ကခြင်းခဲ့တာကို သိစေချင်တာ"

"အဆင့်အတန်းတူတယ်မှတ်နေမှာ စိုးလို့ "

"ဒီဂရီက ဒိတ်ဒိတ်ကျဲသူငွေး"

"ဒီဂရီက ဒိတ်ဒိတ်ကျဲသူငွေး"

နှုတ်ခမ်းကိုနာကျင်လာအောင် ဖိကိုက်ထားမိလျက် မျက်ရည်တို့ က သစ္စာမဲ့သည် ။ တားဆီးချုပ်နှောင်ထားခြင်းကို ချိုးဖျက်၍ လျှောသက်လာခဲ့၏။

နေရာမှ ဖျတ်ခနဲထရပ်လိုက်လျှင် ပေါင်နှင့် ပွတ်ဆွဲသလိုဖြစ်သွားကာ ငှက်ပျောဖတ်လေး ခင်းထည့်သည့် ဖွန်ပန်းဖူးတွေ ကြမ်းပြင်ပေါ် သို့ ပြုတ်ကျသွားကုန်သည် ။

သူမနှလုံးသားတို့ လည်း ထိုသို့ကြွေလုကြွေ ခင်။

သိက္ခာ မာန နှလုံးသားကြေကွဲခြင်း စသော ခံစားချက်တို့ ပေါင်းစုကာ သူမ အင့်ခနဲပင် ရှိုက်သံမထွက်နိုင်ဘဲ ရင်ထဲမှာ တစ်ဆို့နာကျင်လာ၏။

ခြေလှမ်းတို့ သည် ကိုကို့အခန်းရှေ့မှာ ရပ်မိပြီးဖြစ်သော်လည်း တံခါးကို ပခုံးစောင်းလေးနဲ့ မှီထားရသည် ။

ကိုကို့ကို ခေါ်ဖို့ အသံကမထွက်။

ခံစားရလွန်းတော့ နာကျည်းခြင်းသို့ ကူးစက်၏။

ကိုယ့်အပေါ်ကျတော့ နေရာတကာမှာ ကိုကိုရက်စက်သည် ။

ဓါတ်ပုံလေးတစ်ပုံလောက်ရိုက်ပေးပါဆိုတာတောင် ဂရုမစိုက်။

ရတီလှိုင်နဲ့ ကျတော့ ဓါတ်ပုံတွေ

လည်ရိုက်ကြသတဲ့ ။

ဒါဆို ဒီထဲမှာ ဒီမိန်းမဓါတ်ပုံတွေ ရှိနေပြီ ပေ့ါ ... စုံတွဲပုံတွေလား

"ဒေါက်ဒေါက်"

"ကိုကို"

ခေါ်လိုက်ပြီး ခဏလေးမှာ ပဲ တံခါးလာဖွင့် သည် ။

"ဘာလုပ်မလို့ လဲ"

စိတ်ရှုပ်ထွေးနေသည့် မျက်နှာနှင့် သူမကို စူးစိုက်ကြည့်၏။

ပြီးတော့ ဖြေတာကိုမစောင့်ဘဲ ပြန်လှည့်ဝင်သွားသည် ။

အသချေ်လက်ထဲက ကင်မရာကို သူမမြင် သေးပါ။

ဝေ့ကြည့်လိုက်တော့ ဧည့်ခန်းမှာ အန်က

ယ်သန့်ဇင်မရှိ။

ပြန်မရောက်သေးတာလား ... အထဲမှာလား။

အသင်္ချေရပ်နေရာမှ ရှေ့ကိုနည်းနည်းမှ မတိုးဘဲ

"ကိုကိုချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ဆီက လူကြုံပါးလိုက်လို့ လာပို့တာပါ"

ဟင် ...

ဒီဂရီ ပြန်လှည့်ကြည့်ပုံက ကမန်းကတန်းကြီး။

ထိုအခါကျမှ ကင်မရာကိုမြင်၏။ ချက်ချင်းပြန်လှည်လာသည် ။

"မင်းကို ရတီပေးလိုက်တာလား"

စိတ်လှုပ်ရှားပုံတွေဖြစ်နေသော ကိုကို့ကိုကြည့်၍ ကင်မရာကို ဆွဲယူလိုက်မှာ

စိုးကာ လက်ကိုတွဲလောင်းချပစ်မိသည်။

"ဒီထဲမှာ ပါနေတဲ့ ဓါတ်ပုံတွေရဲ့ ပိုင်ရှင်က ဒီခြံထဲမှာ ပဲ နေနေတာပါ ကိုကို ... ကိုကို ဒီလောက်စိတ်လှုပ်ရှားနေဖို့ မလိုပါဘူး"

"မင်းဘာတွေ လာပြောနေတာလဲ ... ပေးစမ် ... ကင်မရာ ဒီမှာ စိတ်ရှုပ်နေရတဲ့ အထဲ"

"ဟင့်အင်း"

သူလှမ်းဆွဲတော့ အသင်္ချေလက်ကို လွှဲရှောင်ပစ်သည်။

"အသင်္ချေကိုကျတော့ ဓါတ်ပုံတစ်ပုံလောက်ရိုက်ပေးပါဆိုတာ မိန်းမပုံတွေ မရိုက်ဘူးတဲ့ "

"အခုကော ဘယ်သူကရိုက်နေလို့ လည်း အသင်္ချေမင်းငဲ့ကို ဇယားလာမရှုပ်နဲ့ နော် .... အဲဒီထဲမှာ အရေးကြီးတဲ့ ပုံ နှစ်ပုံပါနေလို့ ငါ

ဒေါသထွက်နေတာ ... ပေး”

“ဩော် ... ဟုတ်လား မပေးနိုင်ဘူးကိုကို အဲဒီပုံနှစ်ပုံ ကိုကို မယူရဘူး ... အသင်္ချေကျ တော့ ချိုးချိုးဖွဲ့ဖွဲ့ပြောပြီး သူများကိုတော့ အရေးတယူ အသင်္ချေမကျေနပ်ဘူး ... အဲဒီမိန်းမပုံကို ကိုကို လုံးဝ မရစေရဘူး ... ကဲ ကဲ”

“ဟာ ... ဟော့ ... မလုပ်နဲ့ .... အသင်္ချေ”

အသင်္ချေကို သူဘယ်လိုမှ မဆွဲလိုက်နိုင်ပါ။

ကင်မရာကို ဆိုးဆိုးဆတ်ဆတ်ဆွဲဖွင့်ကာ အထဲက နဂ္ဂတစ်ကို ဆွဲထုတ်ပစ်လိုက်၏။

ဒီဂရီ့မျက်လုံးတွေ ဒေါသကြောင့် ပြာခနဲဖြစ်သွား၏။

ဒီလောက်ရဲတင်းတဲ့ ကောင်မလေး ...

“မင်း ... မင်းကွာ”

“အား”

စူးခနဲတက်ဆောင့်သွားသည့် ဒေါသနောက်မှာ အသချော်လွင့်စင်လဲကျသွား၏။

"ဒီဂရီ မင်း ... မင်းဘာယ်လိုလုပ်လိုက်တာလဲ"

ရေချိုးပြီးထွက်လာသည့် ဦးသန့်ဇင်မှာ လွင့်ကျနေသော ကင်မရာနှင့် ဖလင်လိပ်များ ပက်ခနဲလန်ကျသွားသည့် အသချော်။

ဆူညံသံများကြောင့် သူပြေးထွက်လာသော်လည်း နောက်ကျသွားခဲ့ပြီကိုသိကာ မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွား၏။

စိတ်ရှိလက်ရှိ ရိုက်ချလိုက်ပြီးမှ ဒီဂရီ ကိုယ့်ကိုယ်ကိုမယုံနိုင်စွာ ကြောင်အအဖြစ်သွား၏။

အသချော်သည် သူ့ခြေရင်းခပ်လှမ်းလှမ်းမှာ ခွေခေါက် ငြိမ်သက်နေ၏။

"သမီး .... အသချော် ... သမီး"

ဦးသန့်ဇင် ပြေးပွေ့၍ လှုပ်ခေါ်သည် ။ ခေါ်လို့ မရတော့ ကျုံးပွေ့ကာ ဆိုဖါပေါ်မှာ သေချာချ၏။

ကျောလယ်ထိရှည်သော နက်မှောင်သည့် ဆံကေသာ တို့ သည် ခေါင်းအောက်မှာ မနေဘဲ ဆိုဖက်ထက်မှာ ဖရိုဖရဲပြိုကျနေကြ၏။

ဦးသန့်ဇင် ဆေးတွေပြေးယူကာ စမ်းသပ်လှုပ်ရှားနေသမျှ သူငေးကြည့်နေမိ၏။

"အသေချော"

သူ့ အသချော်ခေါင်းလေးနားမှာ ဒူးထောက်ထိုင်ချလိုက်မိစဉ် ဦးသန့်ဇင် အပြင်ထွက်သွား၏။ ဒေါ်မြတ်ချိုကို သွားခေါ်တာဖြစ်မည်။

သူ့အမေသိသွားရင် ဘာပြောမလဲ .... ဒီဂရီ ရင်ထဲမှာ ဘာမှ မရှိ။

အသချော်လက်ဖဝါးလေးကို လက်တစ်ဖက်

က ထွေးဆုပ်ကာ နဖူးဆံစလေးများကို တစ်ဖ
က်က သပ်တင်ပေးမိစဉ် မျက်ဝန်းမှာ မျက်ရ
ည်တွေ စို့စွတ်လာခဲ့၏။

မှားပြန်ပြီဆိုသောအသိကို သူ မတွေးရဲ။

*

## အခန်း (၁၉)

"ကျွန်တော့်ကို ခဏလေး တွေ့ခွင့်ပေးပါအန်တီ ... သူကျေနပ်နဲ့ အထိ ကျွန်တော်တောင်းပန်ပါ့မယ် သူလုံးဝ ခွင့်မလွှတ်နိုင်ဘူးဆိုရင် ဒီကနေချက်ချင်းထွက်သွားပေးမှာ ပါ ခဏလေး တွေ့ပါရစေ"

ဒီဂရီ အနူးအညွတ်တောင်းပန်သော်လည်း ဒေါ်မြတ်ချိုက အခန်းရှေ့ကနေ ဖယ်မပေးပါ။ သူမမျက်နှာမှာ ဒေါသမာန်ဟု န်ကြီးနေတာ မဟုတ်သော်လည်း ပြောချင်သလောက်မပြောမိအောင် ထိန်းချုပ်ထားရပုံမျိုးနှင့် အေးခဲတည်တံ့နေ၏။

"အန်တီက တားဆီးနေတာ မဟုတ်ဘူး ... ဒီဂရီ သူကမတွေ့ချင်တာ မင်းရောက်လာရင် သူထွက်သွားမယ်လို့ ပြောနေတော့ အန်တီ မင်းကိုပဲ တားရမှာ ပဲ"

ဒေါ်မြတ်ချို ကြိတ်မှိတ်မျိုချနေရသည့် ပင့်သက်တို့ နှင့်ရော၍

"မင်းတို့ ချင်း ဘယ်လိုအငြိုးရှိနေကြတာကို အန်တီသေချာ မသိပါဘူး .... ဒါပေမဲ့ နှစ်ဖက်မျှကြည့်မယ်ဆိုရင် သမီးအနေအထိုင်မတတ်တာတွေလည်း ရှိပါတယ် ... ဒါကြောင့် သမီးခုလိုဖြစ်တာမှာ အန်တီတစ်ဘက်သက် မမုန်းမိအောင် ကြိုးစားနိုင်တယ် ... သူလက်မခံတာတော့ စည်းရုံးမပေးနိုင်ဘူး ... တစ်ခုပဲမေတ္တာရပ်ခံချင်တယ် မင်းဒီကို နောက်ထပ်မလာပါနဲ့ တော့"

ပြီးပါပြီ။

ယောက်ျားတန်မယ့် သူမျက်ရည်ကျခဲ့သည် ။

အိပ်ချင်စားချင်စိတ်တို့ ဝေးကွာသွားသော အခါ သူအိပ်ရာပေါ်မှာ သို့မဟုတ် ဆိုဖာပေါ်မှ လျော့ရဲပုံကျနေကာ အတိတ်မေ့သလို ဖြစ်လာခဲ့သည် ။

ထိုအခါ ဦးသန့်ဇင် ဂရုဏာဒေါသနှင့် ဆူလေသည် ။

"အဲဒါ နိုင်မှန်းသိလို့ နိုင်ချင်တဲ့ စိတ်ပဲ တစ်ဖက်က သည်းခံတာကို သည်းခံတာမှန်း မသိလောက်အောင် မင်းအထင်မြင်သေးခဲ့တာ ဖြစ်ပြီးတော့မှ နောင်တမရရဘူးကွ ယောက်ျားပဲ"

" မဟုတ်ဘူး လေးလေး နိုင်ချင်တာ မဟုတ်ဘူး ဒေါသမထိန်းနိုင်ဖြစ်သွားခဲ့တာ ခဏလေးပါ အဲဒီခဏလေးမှာ မှားခဲ့တာ တကယ်

က ကင်မရာထဲက ဘယ်မိန်းမပုံမှ မပါဘူး အ ထဲမှာ သိပ် အရေးကြီးတဲ့ ဓါတ်ပုံတွေပါနေလို့ ”

“ဘာပုံတွေမို့လို့ လဲ”

“ဒယ်ဒီ့ကို တစ်ပတ်ရိုက်သွားတဲ့ မိုးကုတ် က ကျောက်ကွင်း သူဌေးတစ်ယောက်နဲ့ ပတ်သ က်တာတွေပါ အဲ့ဒီပုံတွေ အမှတ်တမဲ့ရခဲ့ပြီး အပြန်ကျတော့ ရတီ ကားတားစီးတယ် လမ်း မှာ ချခိုင်းလို့ ချပေးခဲ့တယ် ကင်မရာကိုယူသွားတာ ကျွန်တော်လုံးဝမသိ လိုက်ဘူး ပျောက်ပြီဆိုပြီး ဘာမှ စဉ်းစားမရဖြ စ်နေတုန်း သူကထင်ရာတွေ လျှောက်ပြောပြီး နဂ္ဂတစ်ကို ဆွဲထုတ်ပစ်လိုက်တာ”

“အဲဒီပုံက အသက်လောက်အရေးကြီးနေ သလား ဒီဂရီ ဒီလျှို့ဝှက်ချက်ကို မရမကရှာဖို့ မင်းရန်ကုန်ကိုရောက်လာတာလား”

သူဘာမှ မပြောနိုင်။

"အခု မင်းထွက်တဲ့ ဒေါ်သကြောင့် သူ့ခများ ဘယ်ဘက်နားအုံကွဲသွားရှာတယ် ဒီမှာ စစ်ကြည့်ကတည်းက နားတစ်ခုခုဖြစ်ပြီဆိုတာ ငါတွက်မိတယ် ... မင်းလုပ်ရပ်ဟာ အတော့်ကို မဖွယ်မရာဖြစ်ခဲ့တာ ဒီဂရီ ဒါပေမဲ့ ဖြစ်ပြီးတာက ဘာမှ လုပ်လို့ မရတော့ဘူး အမှားတွေကို တစ်ခုပြီး တစ်ခုကျူးလွန်ဖို့ မင်းမကြိုးစားနဲ့ .... သူ့ကိုဘယ်လိုနည်းနဲ့ တောင်းပန်နိုင် မလဲစဉ်းစား မရရင်လည်း မှားတော့ မှောက်အိပ်ပေါ့ကွ နောင်တကို ဘဂနဲ့ လဲဖို့ ကြိုးစားတာ ယောကျ်ား မဟုတ်ဘူး "

ဘာပဲပြောကြပါစေ သူမျက်ရည်ကျခဲ့သည် ။

အသချေကို ထိုမျှထိ နာကျင်ထိခိုက်အောင် သူဘာဖြစ်လို့ ကျူးလွန်ခဲ့မိတာပဲ ...

အခြေအနေအားလုံးဟာ ဘာတစ်ခုမှ အဖတ်ဆယ်မရခဲ့ပါ။

အသင်္ချေက ဆေးရုံတင်လိုက်ရပြီး ဘယ်ဘက်နားတစ်ဖက်လုံး ပျက်စီးသွားပြီဆိုသော သတင်းကို ရင်နင့်ဖွယ် ကြားလိုက်ရ၏။

ထိုအခါ ဒေါ်မြတ်ချို ရောက်လာခဲ့ပြီး ...

"စာချုပ်အတိုင်းပဲ

အေးအေးဆေးဆေးနေကြပါ စာချုပ်စေ့ရင် ပြည့်ရင်ထပ်မငှားတော့ဘူး ဆိုတာပဲပြောပါရစေရှင် ဟိုဘက်က အိမ်ငှားတွေကိုလည်း ဒီအတိုင်းပဲပြောထားတယ် ကျွန်မတို့ သားအမိကတော့ မနက်ဖြန်ခရီးသွားကြတော့မှာ ပဲ စိတ်ထဲမှာ ဘာမှ မထားကြဘဲ လွတ်လွတ်လပ်လပ်နေကြပါ .... အားလုံးဟာ ကံစီမံရာအတိုင်းလို့ပဲ မှတ်ပါတယ်ရှင်"

"မဟုတ်ပါဘူး ဒေါ်မြတ်ချို ကလေးချင်း

တော့ ခဏဖြစ်ဖြစ် ပေးတွေ့လိုက်ပါဗျာ နှစ်ဖက်စလုံးမှာ ပြောစရာတွေ ရှိနေကြမှာ ပါ"

ဦးသန့်ဇင်တောင်းပန်ပေမယ့် ဒေါ်မြတ်ချို လက်မခံတော့။

"အားလုံးက သမီးရဲ့ ဆန္ဒပေါ် ဒီကိစ္စမှာ အကျယ်တဝင့်မဖြစ်ချင်လို့ သမီးဘာကြောင့် ဖြစ်တယ်ဆိုတာ သူ့အစ်ကိုတွေတောင် မသိကြပါဘူး ... ဒီလောက်ထိ အမုန်းတွေဖြစ်ခဲ့ကြပြီးမှ တွေ့ဖို့ လည်း မလိုတော့ဘူးထင်ပါတယ် .... သမီးလေးကို ကျွန်မ သနားသောအားဖြင့် သူချမ်းသာဖို့ ကိုပဲ ဦးစားပေးစေချင်တယ် ပြီးတော့ ဒီအိမ်ခြံဟာ အမွေဆိုင်ပစ္စည်းပါ သူတို့မောင်နှမကို ခွဲစိတ်ပေးရမှာ ဖြစ်တဲ့ အတွက် အိမ်ငှားတွေရှင်းတာနဲ့ ရောင်းပစ်ရမှာ "

ဒေါ်မြတ်ချို အားလုံးကို အစဖျောက်သွားတော့ဖို့ ကြိုးစားလိုက်မှန်း သူတို့ သိပါသည် ။

နောက်တစ်နေ့ ကိုကြီးက ကားနှင့်ရောက်လာပြီး ဒေါ်မြတ်ချိုနှင့် အသချော်ကို စောင့်ခေါ်သည် ။ ကိုလေးတို့ က သပ်သပ်လိုက်ပို့ဖို့ ရောက်လာ၏။

နာမကျန်းဖြစ်လာတော့ နှမကိုပွေ့ချီတော့မတတ် အစ်ကိုတွေ ပျာပျာသလဲဖြစ်နေ၏။

သူ့ကြောင့်ဆိုတာသာ သိခဲ့လျှင်။

လူတွေဝင်ထွက်နေကြတာကိုမြင်လျှင် သူဘယ်လိုမှ ထိန်းချုပ်လို့ မရ။

အသချော်ကို ကိုကြီးနဲ့ ဒေါ်မြတ်ချို တွဲထွက်လာတော့ သူဂရန်တာကနေ ခန်းတံခါးဆီပြေးထွက်သည် ။

"ဒီဂရီ"

ဦးသန့်ဇင်က လမ်းတစ်ဝက်ကနေ ဖမ်းဆွဲထား၏။

“မထူးနိုင်မှန်းသိနေကမှ သိက္ခာတွေ နော က်ထပ်ပုံမပေးနဲ့ တော့လူလေး ... အချစ်ကြီးရ င် အမျက်ကြီးတယ်တဲ့ ... အသင်္ချေ ရင်ထဲက နာကျည်းချက်ကို မင်းခုလောလောဆယ် ဘာ နဲ့ မှ ချေဖျက်လို့ ရမှာ မဟုတ်ဘူး ... စိတ်ကိုထိ န်းချုပ်စမ်းပါ”

“ကျွန်တော်”

“ပြီးတော့ သူ့အစ်ကိုတွေ အခုဘာမှ မသိကြဘူး ... မင်းသွားမှ သိကုန်ရင် ပြဿနာ က ဘယ်လိုမှ ရှင်းလို့ ရမှာ မဟုတ်တော့ဘူး”

အသင်္ချေရယ် ...

သူလက်သီးဆုပ်ထားမိသည် ။

မင်း ပေ့ါပျက်ပျက်သွားတာ လာတာကို အ ထင်အမြင်သေးခဲ့တာမှန်တယ်။

ဒါပေမဲ့ မင်းကိုင့်ရင်ထဲမှာ သံယောဇဉ်တွေ

အပြည့်နဲ့ မင်းကိုဆက်ဆံခဲ့တာပါ ကလေးရယ် မင်းငိုရင် မကြည့်ရက်တာ မမြင်ရရင် မနေတတ်တော့တာ အားလုံးဟာ ဘာတွေလဲ ... သူ ဘာမှ ပြောခွင့်မရတော့ပါ။

ရတီနဲ့ ဘာမှ မဟုတ်တဲ့ အကြောင်းတွေလည်း ရှင်းပြခွင့်မရှိတော့။

"ကိုကိုချစ်ခဲ့တဲ့ မိန်းမတစ်ယောက်က လူကြုံပါးလိုက်တာ"

ထိုစကားကိုပြောစဉ် အသဒ္ဓေ မျက်ဝန်းထဲမှာ မျက်ရည်တွေနှင့် ... မျက်နှာလေးသည် ကတုန်ကယင်ပြုံကြတော့မတတ်။

မင်းချစ်နေတာကို သိရက်နဲ့ ကိုယ်ရက်စက်ခဲ့မိတယ် ... မင်းကိုလည်း မပစ်ရက်နိုင်ဘဲ အနိုင်ယူခဲ့တာ ဘယ်လိုမှ သူဖြေလို့ မရပါ။ အသဒ္ဓေ ဘယ်လောက်ထိ မာကျောသွားခဲ့သလဲ မသိသော်လည်း သူ့မှာ ကမ္ဘာပြိုခဲ့ပြီ။

# အခန်း (၂၀)

ပြက္ခဒိန်လှန်ကြည့်၍ တွက်ကြည့်လိုက်တော့ တစ်နှစ်ခြောက်လ ... "တစ်နှစ်နဲ့ တစ်နှစ် ဘာမှ လည်း မဟုတ်ဘဲ ကုန်သွားတယ်" ဟု လူတွေပြောကြသည် ။

သူ့မှာ တော့ ထိုတစ်နှစ်ကျော်ကာလများမှ လောင်ကျွမ်းခဲ့သည့် မီးကရင်ထဲမှာ ရှိသမျှကို ပြာကျသွားစေခဲ့ပြီထင်သည် ။

"ပြက္ခဒိန်ကြည့်ပြီး ဘာလုပ်နေတာလဲသား ဘာလဲ အချိန်တန်လာလို့ မာမီ့ကို တစ်ပတ်ရိုက်ပြီး ခရီးထွက်ချင်လို့ လား"

နောက်မှာ မာမီရောက်လာတာကို သူလှည့်

မကြည့်ဖြစ်။

"သားရယ် သွားချင်ရာသွားနေခဲ့တာ ပြန်ရောက်တာဖြင့် ဘယ်လောက်မှ မကြာသေးဘူး ပြက္ခဒိန်တကြည့်ကြည့်နဲ့ မာမိရင်ပူလိုက်တာ ဘယ်ကိုထွက်ဖို့ များ စိတ်ကူးနေပြန်ပြီလဲ ဟင်"

သူ့ရှေ့မှာ လာရပ်၍ မာမိပြောတော့ နောက်ထပ် သူကျောခိုင်း၍ ရပ်လိုက်မိပြန်သည် ။ မာမိ သူ့ရှေ့ ထပ်ရောက်လာ၏။

"သား"

မာမိမျက်နှာသည် ဟိုတုန်းကလို အမိန့်အာဏာများ နှင့် အတိပြီးသော တင်းမာမှုတွေနှင့် မဟုတ်ဘဲ တောင်းပန်ဟန်များ နှင့် ဖြစ်၏။

"မာမိ ဘာပဲဖြစ်စေချင်ချင် ဘယ်လိုအမိန့်တွေပဲထုတ်ထုတ် သားထင်ရာ လုပ်သွားတဲ့ အခါ ဘာမှ မတတ်နိုင်ခဲ့ပါဘူး ... ဒါပေမဲ့ သားရ

ယ် မိဘကို ဆင်းရဲစေတာ သားမှာ လည်း မင်္ဂလာမရှိဘူး ... မာမိတို့ မှာ လည်း အားကိုးမဲ့ပါတယ် ... ခုဆို သားဒယ်ဒီဘာမှ မလုပ်ကိုင်နိုင်တော့ဘူး။ လုပ်ငန်းတွေက အများကြီး ... သား မာမီ့ကို တစ်ယောက်တည်း ထားခဲ့ဦးမလို့ လားဟင်"

ဒဂရီ ပင့်သက်ရှိုက်ကာ မာမီ့ ပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်မိသည်။

"ကျွန်တော် ဘယ်မှ မသွားပါဘူး မာမီ .... မာမီ့ကိုထားခဲ့ပြီး စွန့်ခွာသွားမျိုးပေါ့ ဒါပေမဲ့ ဆန္ဒရှိတဲ့ အခါ ကျွန်တော်ကို ခရီးထွက်ခွင့်ပြုပါ"

"သားရယ်"

"ကျွန်တော့်ဘဝမှာ အပျော်ဆိုတာ မရှိတော့သလို အဲဒီလို ခြောက်သွေ့နေခဲ့ရတဲ့ ကျွန်တော်ရဲ့ အနာဂတ်အားလုံးကို ပြန်လည် ရှင်သ

န်လာအောင် စွမ်းဆောင်နိုင်တဲ့ သူကို ကျွန်တော် ရှာပါရစေ”

“မတွေ့ချင်လို့ ရှောင်ပုန်းသွားတဲ့ သူကို သားက ဘဂနှစ်ပြီး ရင်းနှီးနေတော့ရော သူက သိမှာ မို့လို့ လား ... စိတ်ကူးမယဉ်ပါနဲ့ သားရယ် ဒီအကြောင်းတွေ သန့်ဇင်ပြောသွားလို့ မာမီအားလုံးသိတယ် သားကကျူးလွန်ခဲ့တယ်ဆိုလို့ မာမီခွင့်လွှတ်ခဲ့တာ သားရဲ့ အိမ်ထောင်ရေးကို မာမီ့ကွယ်ရာမှာ သားဆုံးဖြတ်ခဲ့တဲ့အတိုင်း မာမီက တကယ်တမ်း လိုက်လျောနိုင်ဖို့ မလွယ်သေးဘူး”

“ကျွန်တော့်ကိုလည်း ခွင့်လွှတ်ပါမာမီ မိန်းမတစ်ယောက်ကို ကျွန်တော် ပထမဆုံးချစ်ခဲ့မိတာ သူပဲ ... သူ့ကိုမရရင် ဘယ်မိန်းမကိုမှ ကျွန်တော်မယူဘူး ပြီးတော့ သူ့ကိုကျွန်တော် အကြွေးတင်နေခဲ့တယ်”

"တော်ပြီသား ... သားနဲ့ မာမီ အဲဒီအကြောင်းတွေ ထပ်မဆွေးနွေးတော့ဘူး ... အောက်ထပ်မှာ ကိုအောင်ခက်တို့ ရောက်နေတယ် ... ဆင်းတွေ့လိုက်ဦး"

သူ့အပြတ်ခေါင်းခါသည် မာမီ ဒေါပွသွားခဲ့၏။

"ဟိုက သားပြန်ရောက်တယ်ကြားလို့ တမင်တွေ့ချင်လို့ လာတာ မင်း အဲဒီလို မရိုင်းရဘူး"

"ဘာဆိုင်လို့ လဲ မာမီ ဦးအောင်ခက်က မာမီတို့ ရဲ့ ပါတနာပဲ ... ကျွန်တော်နဲ့ ရင်းနှီးခဲ့ဖူးတာလည်း မဟုတ်ဘူး "

"ဒါက"

"ရှင်းရှင်းပြောပါ မာမီ သူ့သမီးပုဏ္ဏားရိပ်နဲ့ ကျွန်တော့်ကို စေ့စပ်ချင်လို့ မာမီဖိတ်လိုက်တာမဟုတ်လား ဒီနေရာမှာ ပဲ မာမီကြိုက်သလို

ကျွန်တော့်ကို လုပ်သွားပါ ... ကျွန်တော် ဆင်း မတွေ့နိုင်ဘူး"

"သား"

ဒေါ်သဇင်နွယ် မခံမရပ်နိုင်ဖြစ်သွားသော် လည်း ဘာမှ မတတ်နိုင်ခဲ့။ သားသည် မိန်းမ ယူဖို့ ကိစ္စတိုက်တွန်းမရခဲ့သည် မှ လွဲလျှင် အများကြီးအချိုးပြောင်းခဲ့သည် ။ မိုးကုတ်နှင့် မန္တလေးကို ကူးသန်းရင်း ကျောက်တွင်းတွေမှာ ဦးစီးခဲ့သည် ။

တစ်ခါတလေ တောင်ကြီးကခြံတွေဆီသွား ... မိဘလက်ငုတ်လက်ရင်းတွေမို့ မစိမ်းသက် ခဲ့သဖြင့် လုပ်ငန်းထဲ ဝင်လိုက်တာနဲ့ သူကျွမ်း ကျင်နေခဲ့သည် ။

သူသည် အသက်အရွယ်နှင့်မလိုက်အောင် ခက်ထန်မှုကုတ်နေသော်လည်း အလုပ်ကို တော့ ကြိုးစားခဲ့၏။

"သား စိတ်ချမ်းသာသလိုနေပါစေ သဇင်ကလေးမှ မဟုတ်တော့ဘဲကွာ သူ့အိမ်ထောင်ရေးကို သူစိတ်ဝင်စား နှစ်သက်တာနဲ့ ပဲ ဖြစ်ပါစေတော့ ...မင်းငါ့ကို အလေးထားသေးတယ်ဆိုရင် ငါပြောတာကို နားထောင်စမ်းပါ"

အဖေဖြစ်သူခများ ဘာမှ ပင်ပန်းခံလို့ မရခဲ့သော နှလုံးသွေးကြောကျဉ်းသည့် ဝေဒနာနှင့်ခြေတစ်ဖက်က လေဖျန်းသလိုဖြစ်ပြီး ကြာကြာကွေးထားလို့ မရ များများ မလျှောက်နိုင်။

"ငါ့ကိုဒုက္ခိတလို့ သတ်မှတ်ပြီး လူရာမသွင်းချင်တော့ရင် မင်းကြိုက်သလိုလုပ်" တဲ့ ထိုစကားတစ်ခွန်းနဲ့ ပဲ ဒေါ်သဇင်နွယ်သားကို မိန်းမပေးစားဖို့ ထပ်မကြိုးစားဘဲ နေခဲ့ရတော့သည် ။

တကယ်လို့ သာ သားပြောတဲ့ မိန်းကလေး

ဆိုတာကို ပြန်တွေ့သွားခဲ့လျှင် ထိုမိန်းကလေး ဟာ ဘယ်လိုမိန်းကလေးမျိုးဖြစ်မလဲ။

တစ်ခါတစ်ခါ မတွေ့ကြပါစေနဲ့ ဟု ပဲ ဆုတောင်းမိသေးသည် ။

ကိုယ့်စိတ်ကြိုက်မဟုတ်ဘဲ သားသဘောကျရွေးလိုက်တာ ငါးဆယ်ရာခိုင်နှုန်းလောက်က မတော်တရော်ဖြစ်ဖို့ တွေ ရှိနေသည် ။

ဒေါ်သဇင်နွယ် ကိုယ့်အတွက်ကို နားလည်ပါသော်လည်း

*

## အခန်း (၂၁)

"ဟော ... သဇင်ရေ ဒီကိုလာ ... အဖော်မရှိတာနဲ့ အတော်ပဲ"

"အန်တီမိုးပါလား ... လာသား"

ခေါ်တဲ့ လူကခေါ်သည် မာမီကသူ့လက်ကို ဆွဲ၍ ထိုဆီသွား၏။ ဆံထုံးခပ်မြင့်မြင့်မှာ စိန်ဘီးတွေ ဆံထိုးတွေနှင့် လည်ပင်းမှ ဗိုက်လောက်ထိ စိန်ကုံးတစ်ကုံးကို ပြိုးပြက်လက်အောင် ဆွဲထားသော မာမီ့ထက်လည်း အသက်ကြီးပုံရသည့် အမျိုးသမီးကြီးက သူတို့ လာတော့ စားပွဲမှ နေ၍ ပြုံးချိုစွာ ဆီးကြို၏။

"လာ ထိုင်ကြ ညှော့ခံပွဲလာရတာ

အဖော်မပါရင် သိပ်ငေါင်တာပဲကွယ် မြေးမက ခေါ်တာမရဘူးလေ”

“ဟယ် အန်တီမိုး မြေးမလေး ရောက်နေတယ်ဟုတ်လား”

“ဟုတ်ပ”

အမျိုးသမီးကြီးက ပြောပြီး ဒီဂရီ့ကိုလှည့်ကြည့်၏။

“ဒါ သဇင့်သားလား”

“ဟုတ်တယ် အန်တီမိုး ဒီဂရီတဲ့ စက်မှုနဲ့ ဘွဲ့ရထားတယ် သူလည်း ခရီးသွားနေတာ ပြန်ရောက်တာ ဘယ်များကြာသေးလို့ လဲ ဒါဆို အိမ်ကို ထမင်းစားလာဦးမှ ပါ”

ဒေါ်သဇင်နွယ်စကားကိုကြားလျှင် ဒေါ်မေသဇင်မိုး မျက်နှာပျက်သွား၏။ ပြီးတော့မှ အားတုံ့အားနာဖြစ်ပုံနှင့်

အဖော်မပါရင် သိပ်ငေါင်တာပဲကွယ် မြေးမက ခေါ်တာမရဘူးလေ”

“ဟယ် အန်တီမိုး မြေးမလေး ရောက်နေတယ်ဟုတ်လား”

“ဟုတ်ပ”

အမျိုးသမီးကြီးက ပြောပြီး ဒီဂရီ့ကိုလှည့်ကြည့်၏။

“ဒါ သဇင့်သားလား”

“ဟုတ်တယ် အန်တီမိုး ဒီဂရီတဲ့ စက်မှုနဲ့ ဘွဲ့ရထားတယ် သူလည်း ခရီးသွားနေတာ ပြန်ရောက်တာ ဘယ်မျာကြာသေးလို့ လဲ ဒါဆို အိမ်ကို ထမင်းစားလာဦးမှ ပါ”

ဒေါ်သဇင်နှယ်စကားကိုကြားလျှင် ဒေါ်မေသဇင်မိုး မျက်နှာပျက်သွား၏။ ပြီးတော့မှ အားတုံ့အားနာဖြစ်ပုံနှင့်

"မြေးမလေးကလေ မိုးကုတ်က ဦးမြလွင်တို့ သားကြီးနဲ့ စေ့စပ်ပြီးသွားပြီ သဇင်ရယ်"

"ဟင် ဟုတ်လား ... ဒါဆို သဇင်နောက်ကျသွားပြီပေါ့"

မာမီလုပ်ပြန်ပါပြီ ဒီဂရီလက်ဖဝါးနှင့် မျက်နှာကိုတစ်ချက်ပွတ်၍ စိတ်ညစ်ညူးစွာ ထိုင်နေရသည် ။

ထိုကိစ္စနှင့် ပတ်သက်တိုင်း သူ့အတိုက်အခံလုပ်မှာ ပဲဆိုတာ သိရက်နဲ့ ဘာကြောင့်များ ထပ်တလဲလဲကြိုးစားနေရတာလဲ

တစ်ဖက်က စေ့စပ်ပြီးသွားပြီဆိုတာကိုပဲ ခံပြင်းရမည့်အစား သူ့ဝမ်းသာသွားမိ၏။ မွေးနေ့ဧည့်ခံပွဲကပြန်လာတော့ ကိုယ်ကမမေးရဘဲ ထိုအကြောင်းများကိုပဲ ပြောလာခဲ့၏။

"သူ့မြေးမလေးက သိပ်လှတာသားရဲ့ ရန်ကုန်မှာ အမနဲ့ နေတာလေ ဒီကိုငယ်ငယ်တုန်း

ကပဲလာနေဖူးတာ အညာနေပူပူမှာ ကိုပဲ သူ့မျက်နှာလေးနဲ့ မတန်တာ နုဖတ်ရဲနေတာပဲ ဓါတ်ပုံမြင်ဖူးကတည်းက မာမီက ချွေးမတော်ထားတာ ပြီးတော့ မာမီ့စိတ်ကူးက သားရဲ့ အိမ်ထောင်ဘက်ကို နုနုငယ်ငယ်လှလှလေးပဲ ဖြစ်စေချင်တာ ကိုယ့်လိုရွယ်တူ ခပ်အေးအေးနဲ့ ကိုယ့်ကိုချုပ်ကိုင်သွားမှာ မျိုးက ပျင်းဖို့ကောင်းတယ် မိဘပေးစားလို့ ယူရတာဆိုတော့ စိတ်ပျက်သွားနိုင်တာလည်း ရှိတယ် ငယ်ငယ်လှလှလေးဆိုတော့

သူတီတီတာတာပြောတာနဲ့ ပဲ သံယောဇဉ်ကကြာလေဖြစ်လေပေ့ါ”

မာမီက ဒီလောက်ထိမျှော်တွေးထားတာပါလားဟု တွေးမိတော့လည်း ထိုစေတနာကို အားနာသလိုဖြစ်သွားမိရသည်။

ပြီးတော့ အသချော်ကိုလည်း သတိတရဖြစ်

လာခဲ့၏။

ငယ်ငယ်လှလှလေးပါပဲမာမီ သူဟာကျွန်တော့်ကိုသိပ်ချစ်တဲ့ ကောင်မလေးပါ ... ခုတော့ ဘယ်မှာ မှ ရှာမတွေ့တဲ့ သူဖြစ်ခဲ့ပြီ။

ဒေါ်မြတ်ချိုသည် သတင်းအစအန ဘာမှ မထားခဲ့ဘဲ ခြေရာဖျောက်သွားခဲ့တာ ဖြစ်၏။

သူတို့ လည်း စာချုပ်ကုန်အောင်မနေခဲ့ပါ။

ဒေါ်မြတ်ချိုတို့ သွားပြီး သိပ်မကြာခင်မှာ ပဲ လေးလေးလည်း သူ့အိမ်သူပြန်ရောက်သွားသည် ။

သူလည်း လွင့်ချင်ရာလွင့်ခဲ့သည် ။ အိမ်ပြန်မည်ဟု ပြော၍ လေးလေးကိုထားခဲ့ကာ သူခြေဦးတည့်ရာသွားနေခဲ့၏။

သွားလာရင်း အသချော်ကိုလည်း ရှာမိသည် ။

နောက်ဆုံးမိဘကို သတိရကာ ပြန်လာခဲ့သ
ည် အထိ အသချောက ရင်ထဲမှာ ။

*

# အခန်း (၂၂)

မုန့်ဘူးကို နှစ်ယောက်အတူကိုင်မိကြတော့ ပြိုင်တူမော့ကြည့်မိကြ၏။

"သြော် ... အဘွား"

သူချက်ချင်း မှတ်မိသည် ။ မာမီခေါ်သည့် အန်တီမိုးဆိုသော အမျိုးသမီးကြီး သူပြုံး၍ မုန့်ဘူးကိုလွှတ်ပေးလိုက်သည် ။

"ယူလေမြေးရဲ့ ... ယူပါ ဘွားက ဒီပြင်မုန့်လည်း ကြိုက်ပါတယ်"

"ရပါတယ် အဘွားယူပါ ကျွန်တော်က မိတ်ဆွေလူနာတစ်ယောက်ကို သတင်းမေးသွားဖို့ ဆိုတော့ ဒီပြင်ဟာယူလည်း ရတယ်"

"ဟုတ်လား"

မုန့်တိုက်ထဲမှာ အတူဝယ်ဖြစ်ကြပြီး ပြန်ထွက်ဖို့ လုပ်တော့ ပိုက်ဆံအိတ်နှင့် မုန့်ပုံတွေစုဆွဲကာ ဒေါ်မေဇင်မိုး မနိုင့်တနိုင် ဖြစ်နေသည်။

"အဘွား ... ကားပါလား"

"ပါတယ်မြေး ... မြေးမလေးလိုက်ပို့တာ မဆင်းချင်ဘူးတဲ့ အပြင်မှာ စောင့်နေတယ်"

"ပေးပေး ကားနားအထိ ကျွန်တော် လိုက်ပို့ပေးမယ်"

"အေးကွယ် ... ကျေးဇူးပါပဲ"

ဒေါ်သဇင်မိုး ဒီဂရီဆိုသော ကောင်လေးကို လှည့်ကြည့်ဖြစ်ခဲ့၏။ ကောင်လေးက ချောလိုက်တာဟု တွေးမိရင်း မြေးမလေးနှင့် သဘောတူနေမိသည်။

ခုစေ့စပ်ထားသူက ထက်မြက်စိုး အသားန

ည်းနည်းညိုသည် ။ အရပ်မြင့်ပါသည် ။ သို့သော် ခန့်ခန့်ညားညား ရုပ်သွင်းမရှိဘဲဖြစ်ကာ ချော့ချော့မောမောမဟုတ်။

မြေးမလေးရောက်လာတော့ သူ့အမေက သေချာအပ်နှံသွားသည် ။

တမှိုင်မှိုင်တတွေတွေဖြစ်နေသည့် မြေးကို စိတ်ပြောင်းသွားအောင် လက်ထပ်ပေးဖို့ သူမ ဆုံးဖြတ်ခဲ့၏။

ပြောတော့ မထင်မှတ်စွာ မကြည်မလင်ဘဲ မြေးကခေါင်းညိတ်ရှာသည် ။

မျက်နှာပွင့်သည့် မြေးမလေးကလည်း ရောက်တာမကြာသေးဘဲ စေ့စပ်တောင်းရမ်းလိုသူတွေ ဝိုင်းဝိုင်းလည်နေခဲ့၏။

ထိုအထဲမှာ မှ တကယ့်ဒိတ်ဒိတ်ကြဲကို ဒေါ်မေဇင်မိုး ရွေးလိုက်ခြင်း ဖြစ်သည် ။

ဒေါ်သဇင်နွယ်နဲ့ စကားစရှိဘူးပေမယ့် သားဖြစ်သူကို မြင်လည်း မမြင်ဘူး တကယ့် တည်တည်တံ့တံ့ကြီး ပြောခဲ့ကြတာလည်း မ ဟုတ်သောကြောင့် အမှတ်တမဲ့ခုကျမှ တော့ ဘာမှ မတတ်နိုင်တော့ပါ။

"ရပါပြီ မြေးရယ် ပေးပေး"

ကားနားရောက်တော့ ဒေါ်မေဇင်မိုးက ဒီဂ ရီ့လက်ထဲက အိတ်တွေကိုပြောင်းယူပြီး ကား ထဲကိုငုံ့၍

"မြေး အသင်္ချေဒီမှာ ယူပါဦးကွယ်"

"ဟင်"

ဒီဂရီ ဆတ်ခနဲဖြစ်သွား၏။ နားကြားမှားသွားသည် လား သူမယုံနိုင်စွာကြောင်းငေးသွားစဉ် ကားတံခါး ပိတ်သံ စက်နှိုးသံတို့ ဆက်တိုက်ကြားလိုက်၏ ။

ကြည့်လိုက်ဖို့ စိတ်ကူးကာ နောက်ကျစွာဖြစ်ခဲ့ရင်း ကမန်းကတန်း လိုက်ငုံ့ကြည့်မိတော့

"ဟင် ...အသင်္ချေ"

ငုံ့နေသည့် မျက်နှာလေး ဖျတ်ခနဲမော့လာ၏ ...ထိုစဉ် ကားလေးက ရှောခနဲထွက်လေသည် ။

သူကားနောက်ကပြေးလိုက်၏။ ဒေါ်မေဇင်မိုးရော ကားမောင်းသူပါ လည်ပြန်ကြည့်၏။ သို့သော် အသင်္ချေ မျက်နှာလေးချက်ချင်း ပြန်လှည့်သွားကာ ကားမောင်းသူကို တွန်းထိုးမောင်းခိုင်း၏။

တုံ့ရပ်တော့မလိုဖြစ်ပြီးမှ ကားလေးက သိမ့်ခနဲဆောင့်ခုန်ပြေးသွား၏။

အသင်္ချေရယ်

သူနားလည်ပါပြီ။

အံကြိတ်နေသည့်ကြားက ခံစားချက်တို့ က ရင်ဖွင့်တော့မတတ် ဖြစ်လာသည် ။

အသချော်ဘေးက ကားမောင်းသူက ဒရိုင် ဘာမဟုတ်တာ သေချာပါသည် ။

သန့်ပြန့်ရည်မွန်သော ရုပ်ရည်နှင့် လူက သားသားနားနား

"မြေးမလေးကို စေ့စပ်ပြီးပြီ သဇင်ရယ် ..."

ညှော့ခံပွဲမှာ တုန်းက ဒေါ်မေဇင်မိုးပြောသွား ခဲ့တာ အသချော်ပေါ့ ဒါဆိုသူမဘေးကလူဟာ

*

## အခန်း (၂၃)

တိုက်ဆိုင်မှုတို့ ကို ဒယ်ဒီကော မာမီပါလက်ဖျားခါတော့သည် ။

"ဟုတ်တယ် ကောင်မလေးက ရန်ကုန်မှာသူ့အမေနဲ့ နေတာ ဖြစ်ရလေသားရယ် ကိုယ်ချစ်ခဲ့သူကျမှ လွဲရတယ်လို့ .... ဒါဆိုမိန်းကလေးက ဘယ်ဘက်နားမကောင်းဘူးပေါ့"

သူ့ရင်ထဲမှာ မချိစွာပဲ ခေါင်းညိတ်လိုက်မိသည် ။

ဒယ်ဒီသက်ပြင်းတချချဖြစ်နေခဲ့၏။

"အဲဒါပဲသား ငွေရှိတိုင်းဝယ်လို့ မရဘူးဆိုတာ"

သူ့အဖြစ်ကို မာမီသိတော့ ဒေါ်မေဇင်မိုးထံသို့ ချက်ချင်းဖုန်းကောက်ဆက်သည် ။ နားကိစ်စမပါဘဲ ကလေးချင်းအစကတည်းက မေတ္တာရှိခဲ့ကြတာကစ၍ ဖြစ်နိုင်လျှင် သားနဲ့ သာ စေ့စပ်လက်ထပ်ဖို့ ။

"စိတ်မကောင်းလိုက်တာ သဇင်ရယ် သဇင့် သားနဲ့ သာဆိုရင် အန်တီမိုး ဘာသဘောမတူစရာရှိလဲ ... စေ့စပ်ထားတာကိုလည်း ဖျက်လို့ မဖြစ်တော့ဘူး ပြီးတော့ မြေးလေးကိုမေးတော့ ခါးခါးသီးသီးငြင်းနေတယ် သဇင့်သား ကို သူမသိဘူးတဲ့ "

ကလေးချင်းသိနေကြတာဆိုတာကို အခြေအနေကိုအကဲခတ်ကြည့်ရုံနဲ့ အန်တီမိုးသိပါသည် ။ တစ်စုံတစ်ရာကြောင့် နာကျည်းနေကြတာကိုလည်း ရိပ်မိသည် ။

"သမီး မြေးလေး ... မြေးလေး ဒေါ်သနဲ့ မ

ဆုံးဖြတ်နဲ့ နော် ဒီဂရီနဲ့ ငြိခဲ့ကြတာရှိရင် ဘွား ကိုပြောပြ နောက်ကျမှ မြေးတစ်သက်လုံး စိတ်ဆင်းရဲသွားရမှာ စိုးလို့ ပြောတာ အခုစေ့စပ်ထားတာက ဘွားတို့ သဘောနဲ့ တောင်းပေမယ့် မြေးအနေနဲ့ လုပ်ပိုင်ခွင့်တွေရှိသေးတယ်"

သူမ လမ်းဖွင့်ပေးခဲ့သေးသည် ။

အသင်္ချေက ခေါင်းခါနေသည် မှ လွဲ၍ ဒီဂရီဆိုတာကို နာမည်တောင်မှ ထည့်မခေါ်။

ထိုအကြောင်းများကို ကြားကာ ဒီဂရီမခံချင်စိတ်တို့ ဖြစ်လာ၏။

ကွေကွင်းခဲ့ရတဲ့ အချိန်ဟာ သိပ်ကြာခဲ့သည် မဟုတ်သော်လည်း သေလုမတတ်ခံစားခဲ့ရတာ ကိုယ့်ဘာသာသိသည် ။

ခုချိန်ထိလည်း သူမမှ လွဲ၍ ဘယ်မိန်းမကိုမှ သူ့ခေါင်းထဲ ရင်ထဲမှာ မရှိ။

ခုလိုမြင်နေရကာမှ ဆုံးရှုံးခံလိုက်ရတော့မှာ လား။

"ဘယ်ကိုလဲသား"

သူဆုံးဖြတ်ချက်ချကာ ကားသော့ထယူတော့ မာမီပျာပျာသလဲ ဖြစ်သွား၏။

"သား မာမီမေးတာဖြေလေ"

"ကျွန်တော် အသင်္ချေနဲ့ ခဏတွေ့ချင်တယ် မာမီ ... သူပြောတာကို ကြားချင်တယ်"

"အို ... လူမသိတာကို သိအောင်မလုပ်နဲ့ သား ... ဘာမှ ဖြစ်လာနိုင်တော့မှာ မဟုတ်တာကို သိက္ခာကျခံပြီး မကြိုးစားနဲ့ မာမီ့သား အတွက် မိန်းမ ဒီလောက်မရှားဘူး"

" မဟုတ်ဘူး မာမီ ကျွန်တော်ချစ်နိုင်တာက အဲဒီတစ်ယောက်ပဲရှိတာ"

"မချစ်ရဘူး တော်ပြီသား ... မာမီတို့ က ဂု

ကာ်နဲဒြပ်နဲ့ နေနေရတာ အဲဒီလောက်ထိ မာမိမ ပေးဆပ်နိုင်ဘူး”

“ခဏလေးခွင့်ပြုပါမာမီ မဟုတ်ရင် ကျွန် တော်ဘယ်လိုမှ နေလို့ ရမှာ မဟုတ်ဘူး ”

ဒီဂရီ ဖွတ်ထွက်လာခဲ့သည် ။

ကားလေးက သူတစ်ခါ မာမ့်ကိုလိုက်ပို့ခဲ့ဖူး သည့်စိန်မဏ္ဍိုင်ခြံကြီးဆီသို့ တရိပ်ရိပ်ပြေးနေ ၏။

ဒေါ်သဇင်မိုးသည် သူ့ကားရပ်လိုက်သည် နှ င့် လှမ်းမြင်သည် ။ အံ့ဩဟန်နှင့် သူ့ကားရပ် လိုက်သည် နှင့် လှမ်းမြင်သည် ။

အံ့ဩဟန်နှင့်ကြည့်နေပြီးမှ ကျောနောက် က လှေကားကို သမင်လည်ပြန်ကြည့်လိုက်၏ ။

“အဘွား ...ကျွန်တော်သူနဲ့ ခဏလေးတွေ့

ပါရစေ ...သူ့ကိုကျွန်တော်လိုက်ရှာခဲ့တာ သူဒီကိုရောက်နေကတည်းကပါ အဘွားရယ် ကျွန်တော်တောင်းပန်ပါတယ် တွေ့ခွင့်ပြုပါ"

"ဩော် ... လူလေးရယ် အဘွားက လူလေးတို့ ချင်း ဘာကိုပတ်သက်ခဲ့လို့ ဘယ်လိုဖြတ်တောက် နေခဲ့တယ်ဆိုတာ ဘာမှ မသိတာ မဟုတ်ဘူး တစ်ခုပြောချင်တာက မင်းကိုတော့ မြေးက ခါးခါးသီးသီးမုန်းနေတာပဲ"

"မုန်းတာမဟုတ်ပါဘူး ဘွားရယ် .... သူကျွန်တော့်ကို အထင်လွဲနေတာပါ ... အဲဒါ ကျွန်တော်ရှင်းပြချင်လို့ ပါ ပြီးရင်သူသွားဆို ကျွန်တော်သွားပါ့မယ်"

ဒေါ်သခင်မိုး ဘာလုပ်ရမှန်း မသိတော့ပါ မြေးကလည်း ခေါင်းတွင် တွင် ခါနေသည် ။

ပြီးတော့ စေ့စပ်ထားသည့် မိန်းကလေး။

ဒီနေ့လည်း သူတို့ ဘုရားဖူးအတူသွားကြမ

လို့ ပြင်ဆင်နေတာ ဖြစ်သည်။

တော်ကြာကိုယ်ကတွေ့ခိုင်းလိုက်လို့ ဟိုက ရောက်လာလျှင် ပြဿနာကမသေး။

သို့သော် ဒေါ်သဇင်မိုးတွေးနေတုန်းမှာ ပဲ လှေခါးပေါ်က အရိပ်ကလေးတစ်ရိပ် ရွရွလေး ဆင်းလာခဲ့၏။

ဒီဂရီ့မျက်ဝန်းတို့ ရွှေ့လျားသွားတာ မြင်လို က်လျှင် ဒေါ်သဇင်မိုး မြေးဆင်း လာပြီမှန်းသိ ကာ ထိတ်လန့်သွားခဲ့၏။

"အသင်္ချေ"

ဒီဂရီ ဟာင်ခနဲဖြစ်သွားခဲ့ပါ၏။ အသင်္ချေသ ည် နံ့သာရောင် မြန်မာဆန်ဆန်ဝတ်စုံကလေးဖြင့် တင်ပါး အောက်ကျော်နေသော ဆံပင်တွေကိုဖြန့်ချ ထား၏။

လည်တိုင်မှာ ပလက်တီနမ်ကြိုးပြားလေး တစ်ကုံးကို ခပ်ရှည်ရှည်ဆွဲထားလျက် နှံ့သာခဲလေးပုံချထားသလို တစ်ကိုယ်လုံး ဝင်းဖန့်နုမွတ်နေသည် ။

ဟိုတုန်းကလို အရွယ်ရိုင်းလေး၏ အလှတွေမဟုတ်တော့ပါလား။

ဘယ်လောက်ကြာသေးလို့ လဲ အသချေ်ရယ်။

သူမလှနေတာကို ငေးကြည့်ရင်း ဒီဂရီဆွေးသွားမိသည် ။

သူ့အတွက် အသချေ်ရင်ထဲမှာ သံယောဇဉ်တွေ အချစ်တွေ အားလုံးပြောင်းလဲ ပျောက်ဆုံးကုန်ပြီလား။

ဒေါ်သဇင်မိုး လူနှစ်ယောက်ကို အကဲခတ်ရင်း ဘာမှ လည်း ဝင်မပြော ဘာပြောပေးရမှန်းလည်း မသိသောကြောင့် ဒီတိုင်းနေ၏။

အမှတ်တမဲ့ လှမ်းခဲ့သော ခြေလှမ်းတို့ သ ည် ဧည့်ခန်းမှာ ထိုင်နေသည့် မျက်နှာတစ်ခုကို မြင်လိုက်ရလျှင် တုံ့ခနဲရပ်တန့်သွားခဲ့၏။

ကိုကို ...

ရုတ်ချည်းဖြတ်သန်းသွားသည် က သူမမျ က်ဝန်းမှ အံ့သြခြင်းများ ဖြစ်လိမ့်မည်။.

ထို့နောက် နာကျည်းကြေကွဲသော မိုးသား တို့ တရိပ်ရိပ်ညို့တက်လာကာ မျက်ရည်မိုးအဖြစ် စိမ့်ကျလာ၏။

မမြင်ချင် မတွေ့ချင်၍ ရှောင်ပြေးခဲ့ပြီးမှ ... အသင်္ချေ အံတစ်ချက်ကြိတ်ကာ ချာခနဲလှည့်ပြေး၏။

"အသင်္ချေ"

"ဟဲ့ အို .... ဒီဂရီ ... မင်း ... မင်းဒီလို လုပ် လို့ မရဘူးလေကွယ်"

ဒေါ်သဇင်မိုး တားဆီးသံကိုကြားပါသည် ။

ဒါပေမဲ့ သူဟန်မဆောင်နိုင်ဘဲ လှေခါးရင်းထိ ပြေးလိုက်သွားခဲ့မိသည် ။

ဒေါ်သဇင်မိုး အလန့်တကြား ထရပ်ကာ

"အားလုံးက လွန်ကုန်ပြီပဲကွယ် ... ပြီးတော့ မြေးလေးက ဒီလောက်ခါးခါးသီးသီးဖြစ်နေတာ မင်းမကြိုးစားပါနဲ့ တော့"

"သူ ဘာဖြစ်နေလဲဆိုတာ ကျွန်တော်သိတယ် အဘွား အဲဒါလေးကိုပဲ ပြောချင်တာပါ သူ ...သူကျွန်တော့်ကို သိချစ်ခဲ့တာ အဲဒါ နားလည်ပေးပါ အဘွားရယ် ...ကျွန်တော့်ကို ကြိုးစားခွင့်ပေးပါ စေ့စပ်တာဟာ လက်ထပ်တာ မဟုတ်သေးပါဘူး ... သူသာ ကျေနပ်မယ်ဆိုရင် ကျွန်တော် ဘာဖြစ်ဖြစ် ရင်ဆိုင်ပြီး သူ့ကိုရအောင်ယူမယ်"

ဪ ... မင်းလိုပဲ ဟိုဘက်က မြေးကိုရဖို့

ဘာပဲပုံပေးရ ပုံပေးရ ဖြစ်နေတာပဲ ရင်ထဲမှာ ပြောလိုက်မိရင်း ဒေါ်သဇင်မိုး ခေါင်းကိုသာ ခါနေမိတော့သည် ။

"အသချေ်...အသချေ်... ကိုကို့ကို ခဏလေး တွေ့ခွင့်ပေးပါ ဆင်းခဲ့ပါ အသချေ်ရယ် ... မင်းထင်တာတွေ ဘာမှ မဟုတ်ဘူး ဆိုတာ မင်းလက်ခံနိုင်အောင် ကိုကိုရှင်းပြနိုင်တယ် ... ခဏလေးဖြစ်ဖြစ် ဆင်းလာခဲ့ပါ"

သူအကြာကြီးရပ်နေပြီး အပေါ်ထပ်ကို မော့ကြည့်ရင်းပြောနေသည် ။

မည်သည့်တုံ့ပြန်မှုမှ မရခဲ့ပါ။

"ကိုကိုမှားခဲ့တာတွေကိုလည်း မင်းကျေနပ်တဲ့ အထိ တောင်းပန်မယ် ... ကိုကို့ကို ခဏလောက် စကားလာပြောစမ်းပါ အသချေ်ရယ်"

သူမျက်ရည်ဝေ့လာခဲ့သည် ။ ရှက်ရမှန်းလည်း မသိတော့ပါ။

တိတ်ဆိတ်စွာရပ်ကြည့်နေသည် ။ ဒေါ်မေ ဇင်မိုး မျက်နှာလွှဲသွား၏။

သူနှုတ်ခမ်းစေ့၍ အံတစ်ချက်ကြိတ်သည် ။ သူမ ဆင်းမလာလျှင် လှည့်ပြန်ဖို့ သာရှိပါသည် ။ ဒါပေမဲ့ စိတ်လျှော့လှည့်ပြန်သွားသည် ဟု သူမထင်စေချင်။

"အသင်္ချေ ကိုကိုမင်းကို ဘယ်လိုနည်းနဲ့ မှ လက်လျှော့သွားမှာ မဟုတ်ဘူး နော် အဲဒါ မင်း မှတ်ထားပါ ..."

ခေါင်းငိုက်စိုက်နှင့် ပြန်ခဲ့တာမဟုတ်ပါ။

ခေါင်းမော့ အံကြိတ်၍ ဖြစ်သည် ။ သို့သော် သူမျက်ရည်မကျအောင် မထိန်းနိုင်ခဲ့။

မြင်လိုက်ရတော့ဝေဒနာတို့ က မနေ့တနေ့ ကအတိုင်း အသစ်ပြန်စလာခဲ့၏။

အသင်္ချေကို သူမနားမနေ ရှာဖွေနေခဲ့သော်

လည်း ကိုယ်ရပ်ကိုယ့်ဇာတိဖြစ်သော မန္တလေး ကိုတော့ သတိမရခဲ့ပါလား။

"ကောင်မလေး အဘွားဆိုတာ တကယ့်သူ ဌေးဆိုပဲကွ"

အသခင်းျတို့ အကြောင်း တစ်စွန်းတစ်စ လေးလေးပြောလာတုန်းကလည်း သူ့ အမှတ် တမဲ့ ခုတော့ သူခြေတစ်လှမ်းနောက်ကျခဲ့ပြီ။

*

## အခန်း (၂၄)

မာမီမှာ လိုက်သဖြင့် မင်္ဂလာလက်ဖွဲ့ဝယ်ရန် ကားကို ကုန်တိုက်ဘက်သို့ ကွေ့လိုက်စဉ် သူ့ရှေ့မှာ ပါကင်ယူသွားသည့် ကားတစ်စီးကို သူမြင်လိုက်၏။

ဟင် ...အသခင်္ချို သူ စတီယာရင်ကို တင်းတင်းဆုပ်ထားကာ ခပ်လှမ်းလှမ်းမှာ ကားကိုရပ်လိုက်သည် ။

စူးစိုက်ကြည့်နေဆဲမှာ ပင် ကားထဲက အသားညိုညို ခပ်ချောချော လူတစ်ယောက်ဆင်းလာ၏။

အသခင်္ချို၏ သတို့ သားလောင်း။

ကံကြမ္မာသည် သူ့ကိုမျက်နှာသာပေးခဲ့သည် လား၊ ကံဆိုးစေမည်လားမသိ။ ကားထဲကို ခါးကိုင်း၍ တစ်စုံတစ်ရာငုံ့ပြောကာ ထိုလူအပြုံးလက်စနှင့် ကုန်တိုက်ထဲပြေးဝင်သွား၏။

ကားပေါ်မှာ အသချော် တစ်ယောက်တည်း။

သူ ကားပေါ်မှ ဖျတ်ခနဲဆင်းကာ ထိုကားဆီသို့ကူးသွားခဲ့၏။

"အသချော်"

ခေါ်လည်း ခေါ်ကာ တံခါးကိုဆွဲဖွင့်ပစ်လိုက်သဖြင့် အသချော်မျက်လုံးလေး ဝိုင်းသွား၏။

"ရှင် … ရှင်"

ဒါဟာ သူ့ကံကြမ္မာကို စိတ်ခေါ်လိုက်ခြင်းပါ …အသချော်ကသာ တစ်စုံတစ်ရာ အော်ဟစ်လိုက်လျှင် သူ့ဘဝသွားပြီ။

သို့သော် အသချော်သည် သူဆွဲချလာခဲ့သည့် အတိုင်း တောက်လျှောက်ပါလာကာ ကားပေါ် တက်ခါနီးကျမှ ကိုယ်နှင့်ခံထားကာ

"ရှင် အသချော်ကို ပြန်ပို့မယ်လို့ ကတိပေးပါ ”

လေသံရော မျက်ဝန်းများ ပါ လုံးဝပြောင်း လဲသွားခဲ့သော အသချော်ကို သူဆွေးငေးစွာကြ ည့်၍ ခေါင်းညိတ်လိုက်သည် ။

"တက်ပါ အသချော် မင်းကို ပြန်ပို့ပါ့မယ်"

သူကားကို လူရှင်းသော နေရာရှာရင်း တောင်သမန်အင်းဘက်သို့ ရောက်လာခဲ့၏။

"ဆင်းလေ ... အသချော်"

"မဆင်းချင်ဘူး .... ရှင်ပြောမှာ ကိုပြော ... ဒါပေမဲ့ ခွင့်လွှတ်ပါဆိုတဲ့ စကားကို ဘယ်တော့ မှ မပြောနဲ့ ... မထူးတော့တဲ့ စကားတစ်ခွန်း

ကို ရှင်မာနတွေချပြောနေလည်း အပိုပဲဆိုတာ သိစေချင်လို့ ”

“အသချော်”

သူ အသချော် လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။

အသချော်ကိုယ်လေးတောင့်မတ်သွားကာ အတင်းပြန်ရုန်း၏။ သူအတင်းအကျပ်ဖိဆုပ်ထား၍ ရုန်းမရတော့ ခံပြင်းနာကျည်းမှုများကြောင့် မျက်ရည်မြစ်တို့ လျှံခဲ့၏။

ဒီယောက်ျားတစ်ယောက်ကို တမ်းတမ်းစွဲသည့်စိတ်ကြောင့် မစားနိုင်မအိပ်နိုင်ဖြစ်ခဲ့ဘူးသည် ။ ရက်စက်ကြမ်းတမ်းသော အနမ်းများကို ကြေကွဲခံစားရင်း ကြည်နူး၍ လည်း ရင်ခုန်ခဲ့ရသည် ။

ဘာပြောပြော မနာနိုင်။

ဘယ်လိုပဲ ဆက်ဆံပါစေ ချိုးနှိမ်သည် ဟု မမြင်ခဲ့။

တခြားသော မိန်းမတစ်ယောက်အတွက်နှင့် အရိုက်ခံခဲ့ရသော နေ့မှာ တော့ သူမ၏ ချစ်တတ်ခဲ့သော နှလုံးသားသည် ထိုရိုက်ချက်အောက်မှာ ပိပြားကြေမွသွားခဲ့ပါ၏။

ဓါတ်ပုံကို ဆုံးရှုံးလိုက်ရလို့ ဒေါသကြီးနေသော သူ့မျက်နှာကို ဘယ်အချိန်ထတွေးတွေး မနေ့ကအဖြစ်အပျက်လိုပဲ ပြန်မြင်မိသည် ။

ရင်ထဲမှာ ဘယ်သောအခါမှ မဖြေနိုင်တော့မည့် နာကျည်းမှုတွေပြည့်နှက်နေခဲ့တာ သူ မသိလေရော့သလား။

"ကိုယ့်ကိုမင်းမုန်းပါ စိတ်မနာပါနဲ့ ကလေးရယ် ... ကိုကိုလေ မင်းတစ်ယောက်တည်းကိုပဲ နမ်းခဲ့ဖူးတာ ကိုကို့ဘဝမှာ မင်းကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးဘူး ... အဲဒါကို မယုံ

ဘူးဆိုရင်လည်း နေပါရတီဆိုတဲ့ မိန်းမနဲ့ ကိုယ့်ကိုမစွပ်စွဲပါနဲ့ ”

အသင်္ချေ မျက်နှာခနဲ့ ပြုံးနှင့် လှည့်လာသည် .... သူရင်နာသွားမိ၏။

“အဲဒီနေ့က ကိုယ့်ကင်မရာကို သူတမင်ယူသွားတာ မင်းထင်သလို အဲဒီထဲမှာ ဘယ်သူ့ပုံမှမပါပါဘူး အသင်္ချေရယ် .... ကိုယ်မညာပါဘူး .... အထဲမှာ ကိုယ်တို့ စီးပွားရေးနဲ့ ပတ်သက်တဲ့ လူတစ်ယောက်ရဲ့ ပုံပါနေတယ် အဲဒီ့ပုံက အရှုပ်တစ်ခုကိုရှင်းဖို့ အတွက် သိပ်အရေးပါတဲ့ပုံပါ ကင်မရာဘယ်မှာ ကျန်ခဲ့မှန်း မသိလို့ ထူပူနေတုန်း ... ရတီ့နာမည်နဲ့ မင်းလာပေးတော့မှ လမ်းမှာ သူ ကားတားစီးရင်း ယူသွားမှန်း သတိရတာ ... ကိုယ်တို့ တစ်ယောက်နဲ့ တစ်ယောက် အထင်တွေလွဲပြီး ဒေါသတွေနဲ့ ပေါက်ကွဲခဲ့ကြလို့ မှားကုန်ခဲ့ရတာပါ ကလေးရယ်

… ခွင့်မလွှတ်ရင်နေပါ ကိုယ့်ကိုမင်း စိတ်မနာလိုက်ပါနဲ့ ”

အသဇ္ဈေ မျက်နှာလွှဲပစ်လျက် နှုတ်ခမ်းလေးကို ဖိပိတ်ထား၏။

“ကိုယ့်ရင်ထဲကို မင်း ဝင်ကြည့်နိုင်ရင် မြင်မှာ ပါ အသဇ္ဈေ … အချစ်နဲ့ ပတ်သက်လို့ မင်းနဲ့ ဆုံဆည်းသေးတဲ့ အချိန်ထိ လုံးဝအဖြူထည် သက်သက်ပါ …. မင်းကို”

“တော်ပါတော့ … မပြောပါနဲ့ တော့ … ကျွန်မကိုပြန်ပို့ပေး”

အသဇ္ဈေမျက်ဝန်းမှာ မျက်ရည်တွေနဲ့ ပါလား … သူ အသဇ္ဈေလက်မောင်းလေးကို ဆွဲယူလိုက်၏

“အို … လွှတ်”

အသဇ္ဈေ သူ့ဘက်ကိုယိုင်ပါလာသည် အတ

င်းပြန်ရန်းနေတော့ သူမလွှတ်ဘဲ

"ကိုကို့မျက်နှာကိုမော့ကြည့်စမ်းပါ ... ကိုယ်တို့ မျက်လုံးချင်းစကားပြောရအောင် ... မော့ပါကလေးရယ်"

"အို ... မကိုင်နဲ့ ရှင် .... ရှင်လွှတ်နော်"

မော့ပါဆိုတော့ မမော့ဘဲ အသင်္ချေဖွတ်ရန်းနေ၏။

ထိုအခါမှာ အသင်္ချေရင်ထဲက တစ်စုံတစ်ရာကို ဂမ်းသာကြည်နူးဖွယ် အမိအရဖမ်းဆုပ်ထားမိရင်း

"မင်းရင်ထဲမှာ ကိုကိုရှိနေပါတယ် ကလေးရယ် မညာပါနဲ့ "

သူဟာ ငါ့ဘဝကို တစ်လျှောက်လုံး အနိုင်ကျင့်ချိုးနှိမ်ခဲ့တဲ့ သူ။

"ရှင် ... လွှတ်"

နာကျည်းစိတ်က ရှုံးခနဲထဖြစ်သည် ။ အားရှိပါးရှိ လွှဲရိုက်ချလိုက်မိသည် က ရန်သူ တစ်ယောက်ကို တုံ့ပြန်သလို မြန်ဆန်သွား၏

"အသချော်"

"အို ... မကိုင်နဲ့"

"မင်းကို ကိုကိုပြန်ပို့မှာ ပါ"

သူအသချော်လက်ကလေးကို ပြန်ဆွဲထားပြီး စက်နှိုးလိုက်၏။

ကား၏ ရွေ့လျားလိုက်မှုနှင့် အသချော်ကိုယ် လေး ရှိုက်သံကြောင့် တုန်ခါသွားခြင်း တစ်ထ ပ်တည်း ကျိန်းစပ်နာကျင်သွားသည့် လက်ဖဝါးကို ဖိအုပ်အံကြိတ်ထားရင်း နောက် ထပ်ရှိုက်သံမထွက်မိအောင် တားဆီးနေမိသ ည် ။

ဒီဂရီသည် ကားကိုခြံနားထိအောင် မောင်း

လာပြီးမှ ရပ်ပစ်လိုက်၏။

အသချော်က ချက်ချင်းလှည့်ဆင်းသည် ။

သို့သော်မြေပြင်မှာ ခြေချခဲ့ပြီးကာမှ ဒီဂရိက သူမလက်တစ်ဖက်ကို လှမ်းဆုပ်ထား၏။

"အသချော် ကိုကိုကျေနပ်တယ်"

မျက်လုံးခြင်းဆုံဖြစ်မိစဉ် အသချော်ငေးငိုင်သွားခဲ့မိသည် ။

ဒီမျက်နှာကို သူမစေ့စေ့မကြည့်ချင်ဘဲ ငေးနေခဲ့မိပြန်သည် ။

"မင်းကို ကိုကိုသိပ်ချစ်တယ်"

ဟု ပြောပြီးမှ လက်ကိုလွှတ်သည် ။

ချောမောသော မျက်နှာပေါ်သို့ အကြည့်ရောက်ကာ အသချော်မျက်နှာလွှဲမိလိုက်၏။

သူမခြံထဲဝင်လာခဲ့သည့် တောက်လျှောက်မှာ ကားကဒီအတိုင်း ရပ်ထားဆဲရှိနေတာကို

စိတ်ကသိနေသည် ။

ရှေ့မှာ တော့ ထက်မြက်စိုး၏ ကား။

ရှင်းရဖို့ တစ်ခုကတော့ သေချာနေပါပြီ။

*

## အခန်း (၂၅)

နှစ်ဘက်မိဘ စုံလင်နေကြသည့်အလယ်မှ ယှဉ်တွဲထိုင်နေရသော်လည်း အသင်္ချေဟာ သက်မဲ့ရုပ်လေးတစ်ရုပ်လိုပါ။

နှစ်ဖက်ညှိနှိုင်းလို့ ပြေလည်ကြတော့ မင်္ဂလာရက်ကိုရွေးကြ ရယ်ကြမောကြနှင့် အကြိုလက်ဖွဲ့ဆိုသော ရတနာဘူးတွေကအထပ်လိုက်။

မန္တလေးမှာ နေကြပေမယ့် မိုးကုတ်အဆက်တွေဖြစ်သော ရတနာကုန်သည် တွေချည်းမို့ မင်္ဂလာအခမ်းအနားမှာ စိန်ရွှေရတနာကို ဖယ်တောက်ကစားသလိုသုံးစွဲနိုင်ကြ၏။

ထိုအ ချိန် မှာ သူ့ထက်ငါအရည်အသွေးကောင်းသော ရတနာမျိုးစုံကို ဖွင့်လှစ်ယှဉ်ပြိုင်ကြသည် ဆိုလည်း မမှားပါ။

ဒေါ်မေဇင်မိုးကတော့ မြေးအတွက် ဂုဏ်ယူဝမ်းသာစိတ်နှင့် မျက်နှာကြီးပြုံးအိနေသည် ။ ဒီမြေးမလေး ကိုယ့်လက်ထဲမရောက်မချင်း ရင်တမမဖြစ်နေခဲ့ရသည် ။

သူ့အမေက မာနကြီးတတ်တာပဲရှိသည် သားသမီးတွေကို အုပ်ထိန်းမှုကျတော့ညံ့သည် ။ အကြီးနှစ်ကောင်က ယောကျ်ားလေးတွေမို့ အိမ်ထောင်ရေး ကံမကောင်းကြတာ ဖြေသာသေးသည် ။ မိန်းကလေးဆို ဘဝပျက်ပြီ။

အထူးသဖြင့် စီးပွားကျပြီဆိုကတည်းက မိန်းမလေးမှာ တန်ဖိုးတစ်ခုလျော့မည်။ မိဘ အထိန်းမတတ်လျှင် သွားပြီပေါ့။

မိသားစုတွေ ပြောင်းခဲ့ကြပါဆိုလည်း

မပြောင်း၊ ကလေးတွေကိုပို့လိုက်ပါပြောလည်း မရ၊ ခုကျမှ ဘာစိတ်ကူးတွေပေါက်ပြီး အသင်္ချိုင်းကို ကိုယ်တိုင်လာပို့သွားသည် မသိ။ ဘာပဲဖြစ်ဖြစ် ခုမှ ပဲ စိတ်အေးရတာပါ။

လှေခါးပေါ်မှ ခြေချော်ကျလာခဲ့သည် ဆိုသော နားကဒဏ်ရာကိုလည်း အထူးသမားတော်ကြီးများ နှင့် ကုသခဲ့ပြီးပြီ။

"ကျွန်မ စစ်ကိုင်းတောင်မှာ အဓိဋ္ဌာန်ဝင်မလို့ မေမေ အဆင်ပြေရင်လည်း ဟိုမှာ ပဲနေတော့မယ် .... မေမေ့မြေးကို မေမေနဲ့ ပဲထားခဲ့ပါရစေ .... သားနှစ်ယောက်ကိုလည်း သူတို့လိုချင်တာပေးခဲ့ပြီးပြီ"

မအေဖြစ်သူနှင့် ခွဲရတော့ မြေးလေးမျက်နှာမကောင်းရှာပါ။ ဒီနေ့အထိ တငူငူတငိုင်ငိုင်နဲ့ ဖြစ်နေသေးသည် ။

ထက်မြက်စိုးနှင့် စေ့စပ်ဖို့ ပြောတော့လည်း

ထူးဆန်းစွာခေါင်းညိတ်ခဲ့သည် ။

ထို့ကြောင့် ခေါင်းညိတ်လက်ခံနေတုန်း အမိအရ စီစဉ်လိုက်ရတာ ဖြစ်၏။

ဒါမှ လည်း ဘဝသစ်လေး ထူထောင်သလိုဖြစ်ပြီး သူမလည်း ပျော်ပျော်ရွှင်ရွှင်လေးဖြစ်သွားမည်။ နောင်ရေးလည်း စိတ်အေးသွားရမည်။

ထက်မြက်စိုးတို့ က ချမ်းသာကြွယ်ဝသလောက် အသချေကို မိဘတွေကရော ထက်မြက်စိုး ကိုယ်တိုင်ကပါ နှစ်သက်လိုလားနေကြတာမို့ ပို၍ စိတ်ချမ်းသာ၏။

ဒါပေမဲ့ အသချေကတော့ ပျော်ရွှင်ကြည်နူးပုံမျိုး ဖြစ်မလာသေးပါ။ ထို့ပြင် ဒီဂရီဆိုသည့် လူငယ်ပေါ်ပေါက်လာခဲ့ရသည့် ပြဿနာကြောင့် ခေါင်းခဲရတာကတစ်မျိုး ဒီတော့မှ မြေးလေး ငုိင်နေတာ ဒါတွေ အကြောင်းရှိခဲ့လို့ လားဟု

တွေးမိလာခဲ့သည် ။ ထက်မြက်စိုးကလည်း လွတ်လပ်ပေ့ါပါးစွာနေရာကနေ လက်ထပ်ပေးပါဟု ဇွတ်ဖြစ်လာခဲ့တာတွေးမရ။

ဒါပေမဲ့ လက်ထက်ဖို့ ကိုလည်း မြေးကခေါင်းညိတ်ခဲ့သည် ။ မင်္ဂလာရက်ကတော့ သတ်မှတ်ခဲ့ပြီ ဖြစ်၏။ ရယ်ကာပြောဆိုနေကြသံတွေကို နားဝင်မချိုသော်လည်း စိတ်မညစ်ခဲ့ပါ ။ အနားမှာ ထက်မြက်စိုးကပ်ပါ ပြောဆိုနေတာတွေကျတော့ ဖြစ်နိုင်လျှင် ဒီနေရာကနေ ထွက်ပြေးရှောင်ထွက်သွားချင်၏။

“မင်းကို ကိုယ်ကပြုံးပြုံးရယ်ရယ်လေး မြင်ချင်တာ လူမှုဆက်ဆံရေးတွေကြောင့် မင်းပြုံးနေတဲ့ အခါ ကိုယ်ငေးကြည့်ဖူးတယ် အသချော်သိပ်လှတာပဲ ... ထောင့်ချိုးလေးတွေပေါ်ပြီး အပေါ်နဲ့ အထူအပါးညီနေတဲ့ မင်းနှုတ်ခမ်းလေးတွေစေ့ပြီး ပြုံးနေတာကို ကိုယ်ကြည့်လို့

မဝဘူး … တကယ်လို့ သာ ကြည်ကြည်နူးနူး လွတ်လွတ်လပ်လပ်ရယ်နေမယ်ဆိုရင် ဘယ်လောက်လှသလဲ … မင်းရယ်တတ်တယ်မဟုတ်လားဟင်”

သူ့အကြောင်းမေးတာလား …. ရွှဲ့မေးတာလားမသိ။

ရန်စကားတစ်ခုကိုကြားလိုက်ရသလို အသချော်မျက်နှာလေး တင်းသွားသည် ။

စိတ်ကိုဖြေယူလိုက်ရသော ပင့်သက်ကိုချ၍ ရှေ့နားလေးမှာ ရှိသည့် နီးစွေးသောနှင်းဆီရိုးလေးဆီ ဖျတ်ခနဲလက်လှမ်းမိ၏။

ထက်မြက်စိုးက သူမထက်အရင် ပန်းဆီလှမ်းကာ သူမ မကိုင်မိအောင်ရိုးတံကို တစ်ဘက်သို့ တိမ်းပစ်လိုက်၏။

“ပန်းကိုမြတ်နိုးလို့ မဟုတ်ဘဲ ဒေါသနဲ့ မကိုင်ပါနဲ့ အသချော်ရယ် မင်းလက်ကို

ဆူးစူးသွားပါမယ် ... ခူးမှာ လား .... ကိုယ်ခူး ပေးမယ်”

အသချေ မျက်ဝန်းလေးတွေ စူးလက်သွား၏။

“ရှင် ကျွန်မကို ဂရုစိုက်နေတာလား ... စိုးမိုးချင်တာလား ကိုထက်”

“ရှင်မြတ်နိုးသလို ကျွန်မမြတ်နိုးဖို့ လိုတယ် ဆိုတာလည်း ရှင်ထည့်တွက်ပေါ့ ... ပေးချင်တိုင်းပေးလို့ မရဘူး ယူမယ့်သူရှိမှ ပေးလို့ ရတာ .... ရှင် ကျွန်မကို နားလည်ဖို့ အရင်ကြိုးစား”

“နားလည်နေလို့ မြန်မြန်ဆန်ဆန် လက်ထပ်ဖို့ ကြိုးစားတာလေ ...ဟိုတစ်နေ့က ဒီဂရီဆိုတဲ့ လူနဲ့ မင်းပါသွားတာ ကိုယ်ဘယ်လောက် ခံစားခဲ့ရသလဲ .... သူပြန်ပို့တဲ့ ကားထဲက မင်းဆင်းလာတာထိ ကိုယ်ငေးကြည့်နေခဲ့ရ မျိုသိပ်ထားခဲ့ရတာ မင်းကိုယ်ချင်းစာတတ်မှာ မဟု

တ်ဘူး ”

အသင်္ချေ ဆတ်ခနဲဖြစ်သွားသည် ။

ထိုနေ့က ရှင်းရ လင်းရတော့မည် ထင်ထားခဲ့သော်လည်း ထက်မြက်စိုးက ညှော်ခန်းထဲမှာ ပဲရှိနေကာ အသွားပဲ စိုးရိမ်တကြီး ပြေးလာမေးသည် ။

ဘယ်ထွက်သွားတာလဲ ဘာနဲ့ ပြန်လာသလဲ အသွားကတော့ တကယ်မသိတာဖြစ်မည်။ သူကတော့ မြင်လိုက်ပါရက်နဲ့ ဟန်ဆောင် မျိုသိပ်ထားခဲ့တာကိုး။

ထိုမှ တဆက်တည်း ချက်ချင်းကြီးလက်ထပ်ဖို့ ထဖြစ်ခဲ့သော မျိုသိပ်ကြံစည်မှုကိုပါ နားလည်သွားခဲ့၏။

အသင်္ချေ မျက်လုံးတွေကို ထက်မြက်စိုးက ဂရုမစိုက်စွာပြုံးသည် ။

"ဟုတ်တယ် အသချော် မင်းနဲ့ သူ့ကိုစွပ်စွဲပြီး ပေါက်ကွဲခွင့်ကိုယ့်မှာ မရှိဘူး ....သူနဲ့ မင်းဘယ်လိုပုံစံမျိုးနဲ့ ငြိခဲ့တာပဲဖြစ်ဖြစ် .... မင်းရဲ့ သိက္ခာကို လေးစားတဲ့ အတွက် ကိုယ့်ရင်ထဲမှာ ဘာမေးခွန်းမျှမရှိဘူး .... ဘာလုပ်သင့်သလဲဆိုတာပဲ စဉ်းစားတယ် .... အဲဒါဟာ မင်းကိုပိုင်အောင် လုပ်ဖို့ ပဲ"

အသချော်ရင်ထဲမှာ မွန်းကျပ်သွားသည် ။

ရှေ့ဆက်၍ တုပ်နှောင်ခံရတော့မည် အဖြစ်ကိုလည်း မြင်ယောင်လာမိသည် ။ ထက်မြက်စိုး၏ အရည်အချင်းကို လျှော့တွက်လို့ မရ။

"တောင်တောင်အီအီတွေ လျှောက်မတွေးနဲ့နော် ... မင်းကို ကိုယ်က ချုပ်ချယ်ဖို့ စိတ်ကူးမရှိပါဘူး ... မင်းဘက်က ကိုယ့်ရင်ခွင်ထဲကို ဗလာချည်းသက်သက် အသည်းနှလုံးနဲ့ ဝင်လာဖို့ ပဲလိုတာ ... ကျန်တာ ကိုယ်ဘယ်လိုပဲ ပေး

ဆပ်ရ ပေးဆပ်ရ”

ချစ်တတ်ခဲ့ဖူးတာကို ဖျောက်ပစ်လို့ ရမလား။

အသည်းမှာ ပါခဲ့တဲ့ ဒဏ်ရာကို အမာရွတ်မထင်စေချင်ဘူးဆိုတာ ဘယ်လိုလုပ်မလဲ။ သူဆိုလိုတာက သူ့လက်ထဲကို အကောင်းတိုင်းရောက်ဖို့ ။

“ဒီမှာ ကိုထက်”

“ပြောလေ”

“ရှင်တော်ပါတယ် .... ကြိုတင်ကြံစည်မှုကော ... ခန့်မှန်းပေါင်းလဒ်ပါ တကယ်တော်တယ် တစ်ခုတော့ရှိတယ် ရှင် ကျွန်မကို ဘာမှမပေးရင်တော့ အနာဂတ်မှာ အန္တရာယ်ရှိနိုင်တယ်”

ထက်မြက်စိုး မျက်နှာခနိသွားသည် ။

"အဲဒါ ကိုယ် မကြားချင်ဆုံးပဲ"

"ဒါဆို ရှင့်ရင်ထဲမှာ ခွင့်လွှတ်ချင်တာမဟုတ်ဘဲ တယုသန်ချုပ်ကိုင်ချင်တာလို့ ကျွန်မက စွပ်စွဲမှာ "

"ဘာကို ခွင့်လွှတ်ရမှာ လဲ ... မင်းမမှားခဲ့ဘူးလို့ ကိုယ်ကယုံကြည်ပေးခဲ့တာ"

အသချော်က စူးခနဲကြည့်၍ ဖားလျားချထားသည့် ဆံပင်တွေကိုတစ်ဖက်က သပ်ခါပစ်လိုက်၏။ နှစ်သက်ဖွယ်ကောင်းသော ခေါင်းလျှော်ရည်နံ့လေးတစ်ချက်လွင့်လာ၏။

ရနံ့ပေါင်းစုံမွှေးပျံ့နေသော ပန်းရနံ့များ ထက် တပ်မက်ဖို့ ကောင်းပါသည် ။ ပန်းရင့်ရောင်လေးဝတ်ထားသော အသချော်မျက်နှာလေးကလည်း ပန်းရောင်လေးပဲဖြစ်ကာ နှုတ်ခမ်းလေးတွေက စိုရဲနေ၏။

ထိုနှုတ်ခမ်းလေးများ သည် အရောင်ဖျော့

နေတာမျိုးမရှိ။ ခြောက်သွေ့တင်းရင်းမနေ နှုတ်ခမ်းနီဆိုးမထားတာလည်း သိသာနေကာ ဘယ်အချိန်ထကြည့်ကြည့် ဒီတိုင်းမပြောင်းလဲ သူရည်းစားထားဖူးသည် ။ ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ ဆိုတာမျိုး ခံစားခဲ့ဖူးသည် ။ ဒါပေမဲ့ အသင်္ချေကိုတွေ့သည့်အချိန်မှ စ၍ အားလုံးသော ချစ်ခြင်းများက အသေးအဖွဲ့တွေဖြစ်သွားခဲ့သည် ။

ထို့ကြောင့် အသင်္ချေဟာ ချစ်သူရှိခဲ့ဖူးသူဖြစ်နိုင်သော်လည်း သူမမေးခဲ့ပါ။ ချစ်သူဖြစ်ခဲ့ဖူးသူဟု ယူဆနိုင်သူကိုတွေ့နေရတာတောင် သူမမေးဘဲနေခဲ့သည် ။

အသင်္ချေနဲ့ သူ့ကြားမှာ ပဋိပက္ခကိုမလိုချင်ပါ။

ပြီးတော့ ချစ်သူရှိခဲ့ဖူးတာဟာ နားလည်ပေးသင့်သည့်အရာဟု ယူဆ၏။

ကိုယ်မပိုင်သေးပါဘဲ ပဋိပက္ခဖြစ်ကြပြီဆို ဘေးလွင့်သွားရမှာ က ကိုယ်

အသချော် မင်းဘာပြောချင်တာလဲ

သူမျိုသိပ်မထားနိုင်တော့ဘဲ မေးလိုက်မိ၏ ။

အသချော်က သူ့ကိုမကြည့်ဘဲ မျက်နှာလေး ကိုတင်း၍ ပန်းကလေးတွေကို စူးစိုက်ကြည့်နေ၏။

"ကျွန်မလိုချင်တာ ရှင့်ဆီက ဘာမှန်းညာမှန်းမသိဘဲ ယုံကြည်ပေးနေတာမျိုး မဟုတ်ဘူး နားလည်လို့ ယုံကြည်တာမျိုး"

သူဘာမှ မပြောဘဲ နားထောင်နေခဲ့သည် ။

"ဘာမှ မသိချင်ဘူးဆိုတာ ရှင်ရင်မဆိုင်ရဲ တာဘဲ အဲဒီနောက်မှာ ပါလာမယ့် ရှင့်ရဲ့ အတ္တ တွေကို ကျွန်မက လည်စင်းခံရတော့မယ့်အချိ

န်မှာ ကျွန်မဘက်မှာ ဘာလက်နက်မှ မရှိတော့ဘူး”

“အိမ်ထောင်ပြုကြတာ တိုက်ခိုက်ဖို့ မှ မဟုတ်ဘဲ အသင်ချေ”

“မတော်တဆတိုင်းဟာ တမင်တကာမှ မဟုတ်တာ ...လူတွေ ခလုတ်တိုက်ကြတာ တမင်တကာလုပ်ကြတာမှ မဟုတ်ဘဲ ... ရှင်နဲ့ ကျွန်မ ခလုတ်တိုက်မိတဲ့ တစ်နေ့ ကျွန်မ မရှုံးရအောင် ဒီဂရီဆိုတဲ့ လူကို ဘယ်လောက်ထိစွဲလမ်းခဲ့ဖူးတဲ့ အကြောင်းတွေ ရှင်သိထားမှ ဖြစ်မယ်”

“ကိုယ့်ဘက်က မလိုဘူး”

“ကျွန်မဘက်ကလိုတယ်”

“မင်္ဂလာကိစ္စကို ကလန်ကဆန်လုပ်ချင်တာလား အသင်ချေ”

"ကျွန်မ ခေါင်းညိတ်ခဲ့ပြီးသားပါ ရှင့်ရင်ထဲက အတိုင်းအဆမရှိ။ အုံဖွဲ့နေတဲ့ သဂန်တိုမှုတွေကို မြင်လို့ ခုတည်းက ပေါက်ကွဲကြဖို့ ကြေညာတာ ရှင်နဲ့ ကျွန်မ လက်ထပ်ပြီးရင် ဒါတွေ ပါမလာချင်ဘူး"

"အဲဒါ မင်းဘက်ကပဲလိုတာလေ မင်းရှင်းရင်ပြီးတာပဲ"

"ရှင်းရဲ့ လားလို့ ရှင်တွေးနေမှာ ကို ကျွန်မပြောတာ"

"မင်းနဲ့ ကိုယ် ဒီနားမှာ တင် ပတ်ရှုပ်နေပြီ"

အသချော်က သူ့ကိုရဲတင်းစွာမော့ကြည့်၍ တစ်လုံးချင်းပြော၏။

"မရှုပ်ပါဘူး ....ရှင်မရှင်းရဲတာ မကြားရဲတာ .... ဒီဂရီနဲ့ ကျွန်မရဲ့ ပတ်သက်မှုတွေကို ရှင့်ရင်ထဲမှာ အကြီးအကျယ် အုံဖွဲ့ထားတာ နားလည်ပေးတယ်ဆိုတာ တကယ်တော့ သိမ်းဆ

ည်းထားလိုက်တာပဲ အဲဒါ ရှင်နားလည်လား”

“မင်း သူ့ကို ချစ်နေသေးလို့ လား အသင်္ချေ ဒါမှ မဟုတ် ငြိစွန်းခဲ့တာရှိသလား”

အသင်္ချေမျက်နှာလေး ရဲခနဲဖြစ်သွားတော့ သူပျာသွား၏။

“ကိုယ် အဲဒီလို မမေးချင်ပါဘူး ဒါပေမဲ့ မင်း ယူဆနေတာတွေရှုပ်လာလို့ မေးမိတာပါ”

“အဲဒီနှစ်ခုကလွဲရင် ကိုယ်လက်ခံတယ် ဒီကိစ္စထပ်မဆွေးနွေးပါနဲ့ တော့”

အသင်္ချေက ဘာမှ မပြောဘဲ ကြည့်နေသည် ။

ထက်မြက်စိုးက ပြန်စိုက်ကြည့်၏။

သူမနေရာမှ ထွက်ခွာသွားဖို့ ပြန်လှည့်လိုက်သည် နှင့် ထက်မြက်စိုးက လက်ကိုဆွဲထားလိုက်၏။

"အသခင်ျ ကိုယ့်အပေါ် တစ်ခုခုဖြစ်သွားသလား"

အသခင်ျလက်ကို ရုန်းပစ်လိုက်၏။

"ကျွန်မသဘော ဘာမှ မပါဘူး .... ဒီမင်္ဂလာကိစ္စမှာ ခေါင်းညိတ်ခေါင်းခါ တစ်ခုပဲလိုတာ ကျွန်မခေါင်းညိတ်ခဲ့ပြီးပါပြီ"

ထက်မြက်စိုး ငိုင်ကျသွားသည် ။

တစ်ဘက်သက်ချစ်ရတာမလွယ်ပါလား မထက်မှတ်ဘဲပြိုင်ဘက်ရှိလာခဲ့သည် ။ သူ့အဖြစ်က ကြိုးတန်းပေါ် လမ်းလျှောက်နေသလိုပင် အောက်ကို အချိန်မရွေးပြုတ်ကျသွားနိုင်သည် ။

အသခင်ျဟာ သူ့ချစ်သူကိုရွဲ့နေတာလား ဒါဟာခဏတာ စိတ်ဖြေဖျောက်ခြင်းလား။

ဒါမှ မဟုတ် တစ်သက်တာနာကျည်းမုန်း

တီး၍ လာ၏။

အကယ်၍ ထိုနာကျည်းမှုဆိုတာလေးသာ ခဏတာအတွင်းမှာ ပြိုကျပျက်စီးသွားခဲ့လျှင်

*

## အခန်း (၂၆)

လာတာကတော့ ညှော်ခံပွဲကိုပဲဖြစ်သည် ။

မနက်က မင်္ဂလာဆောင်ကြသည့် ဇနီးမောင်နှံနှစ်ယောက်လုံးက မာမီတို့ နဲ့ ကော သူနဲ့ ပါ ရင်းနှီးကြ၏။

သို့သော် ကားက လမ်းထိပ်မှာ တင် တုံ့ခနဲ ရပ်တန့်သွား၏။ မင်္ဂလာပွဲရှိရာ လမ်းထဲက မောင်းထွက်လာသော အသင်္ချေကားလေးပါ။

လမ်းဘေးကမီးရောင်ဖြင့် ခပ်ဖြည်းဖြည်း လိမ့်ထွက်လာသည့် ကားထဲက အသင်္ချေမျက်နှာလေးကို သေချာမြင်လိုက်သည် ။

အသခ်ျ ကားလေးနောက်သို့ ကပ်လိုက်ခဲ့ပြီး ရှင်းလင်းသောတစ်နေရာမှာ ကားကိုကျော်တက်၍ ရှေ့ကပိတ်ရပ်လိုက်၏။

"အို"

အသခ်ျ လန့်ဖျန့်ကာ ဘရိတ်အုပ်ပစ်လိုက်ရသည် ။ အရှေ့ကားပေါ်ကဆင်းလာသူကို မြင်တော့ မျက်နှာမှာ ဒေါသရိပ်တို့ စွန်းထင်းလာသည် ။

"အသခ်ျ"

အနားရောက်လာသည် နှင့် သူမတံခါးနှစ်ဘက်လုံးကို သော့ချပစ်လိုက်သည် ။

ဒီဂရိက တံခါးကိုကိုင်၍ သူမကိုငုံ့ကြည့်၏။

"အသခ်ျ ခဏလောက်ဆင်းပါလားဟင် .... ကိုကို မင်းကို ပြောစရာရှိလို့ ပါ"

"မဆင်းနိုင်ဘူး ... ရှင့်ကားကို ရှေ့ကဖယ်

ပေးပါ”

“ခဏလေးပါ အသနော်ရယ် ကိုကိုပြောစရာ ရှိလို့ ပါ ရန်ကုန်က ကိုယ့်လေးလေးဆီက မနေ့က ဖုန်းလာတယ် ရတီနဲ့ သူတွေ့ပြီးပြီတဲ့ .... ကင်မရာကို သူ့ဘာသာသူ ခိုးယူသွားတာကော မင်းကို မဟုတ်တမ်းတရားပြောခဲ့တာတွေပါ သူဝန်ခံပေးမယ်လို့ ပြောတယ်တဲ့ .... အဲဒါ ရတီနဲ့ မင်းကို ကိုကိုတွေ့ပေးချင်တယ် ဒါမှ မဟုတ် ဖုန်းနဲ့ ဖြစ်ဖြစ်ကွာ အဲဒါ ...”

“မလိုတော့ဘူး ဒီမှာ ဦးဒိဂရီ ကျွန်မရှင့်ဆီကနေ ဖြေရှင်းချက်ကို စောင့်နေခဲ့တာ မဟုတ်ဘူး နားကျပ်တပ်ထားရတဲ့ ကျွန်မနားကို တစ်ခါကိုင်မိတိုင်း ရှင့်ကိုကျွန်မ စိတ်နာခဲ့တာ ဒဏ်ရာ မဟုတ်ဘူး အသည်းကနာတာ ရှင် ... ရှင်သွားပါတော့ ... ကျွန်မရှေ့က ဖယ်ပေးပါ”

သူတစ်စုံတစ်ရာထပ်ပြောဖို့ ကြိုးစားစဉ် အ

ဝေးဆီမှ ကားမီးတန်းတစ်ခုပြေးဝင်လာသည်
။

ကားသည်
အကြမ်းဗရမ်းမောင်းချလာတာဖြစ်ကာ သူ့ခရီးသူဆက်သည် မဟုတ်ဘဲ အနားရောက်မှ ဝေါခနဲဝိုက်ကွေ့ကာ သူ့ကား၏ ဖင်မြီးပိုင်းနားလောက်မှာ ဦးလွဲကာ အသချော်ကားနှင့် ယှဉ်ရပ်သွား၏။ ပုံစံသည် ရှေ့မှ အနည်းငယ် ကာရပ်ထားသည့် ဒီဂရီကားကို ရှောင်လွှဲမောင်းထွက်သွားနိုင်ရန် ဖြစ်သည် ။

ဆင်းလာကြသူတွေကို လှမ်းမြင်လိုက်လျှင် အသချော် ထိတ်ခနဲဖြစ်သွား၏။

ထက်မြက်စိုး

မြင်နေကျအတိုင်း ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီရှည်ကိုဝတ်ထားကာ သူ့နောက်မှာ သူနှင့်ဂိုက်တူဆိုက်တူသုံးယောက်။

လေးယောက်လုံး၏ မျက်နှာတို့ က အနည်းငယ်မျှသော မဲ့ပြုံးတောင်မှ မရှိ။ ထက်မြက်စိုး မျက်နှာက အံကြိတ်ထားမှန်းလည်း သိသာနေကာ အေးစက်ခက်ထန်နေ၏။

“ဘယ်လိုလဲ ဒီဂရီ မင်းခြေလှမ်းသွက်လှချေလား ... ဖုန်းဆက်တော့ အသချော်တစ်ယောက်တည်း ညှော့ခံပွဲထွက်သွားတယ်လို့ ကြားတာနဲ့ ငါလိုက်လာတာ ထင်တဲ့ အတိုင်းပဲ ဒီအခွင့်အရေးမျိုးကို မင်းဂံပုလွေချောင်းသလို ချောင်းနေခဲ့တာလား .... ယောက်ျားပဲကွ လိုချင်ရအောင်ယူခဲ့ပေါ့ မရမှန်းသိရင် နောက်ဆုတ်၊ ခိုးတာရှက်စရာကောင်းပါတယ်”

တစ်လှမ်းချင်း ခြေလှမ်းကျဲနှင့် လျှောက်လာကာ ဒီဂရီရှေ့မှာ ဂရုမစိုက်စွာ ကပ်ရပ်သည် ။

“မင်း မရှက်ဘူးလား”

ဟု မဲ့ပြုံးပြုံး၍ မေးသည်။

“ဘာလို့ ရှက်ရမှာ လဲ ငါကခိုးရအောင် ဘယ်သူ့ပိုင်နက်ထဲကို ဝင်ခဲ့လို့ လဲ အသချော်ကိုမင်းပိုင်ပြီလား”

“ငါလက်ထပ်မယ့်မိန်းကလေး”

“လက်ထပ်နိုင်အောင် မင်းကြိုးစားပါ ... မင်းလက်ထပ်ပြီးလို့ ငါကဘေးရောက်နေခဲ့ရင် မင်းပတ်ဝန်းကျင်မှာ ငါမရှိစေရဘူး”

“ဟော့ကောင် ရက်သတ်မှတ်ပြီးပြီ မင်းကပ်ဖိုးကပ်ဖဲ့ မပြောနဲ့”

ထက်မြက်စိုး ဒေါသသံနှင့်အော်သည်။

သူ့နောက်မှ သုံးယောက်က ဒီဂရီ့ကို ဝိုင်းပတ်ရပ်လိုက်၏။

“မင်းလိုခွေးသူခိုး နောက်ထပ်မမှန်းရဲအောင် ငါဆုံးမမယ်”

အပြောနှင့် တစ်ထပ်တည်းမှာ လှုပ်ရှားလိုက်သည် က လေးယောက်လုံး။

ဒီဂရီသည် ရုပ်ရှင်ထဲကမင်းသားမဟုတ်ပါပြီးတော့ သူ့မှာ ပုဆိုးနှင့်။

ထို့ပြင် သူ့နောက်ကျောမှာ အသခေျ်ကားဘေးမှာ သူ့ကား၏ နောက်မြီး။

တြိဂံပုံထောင့်ကျဉ်းတစ်ခုထဲမှာ သူညပ်နေခဲ့၏။

ထိုးနှက် ကန်ချက်များကို ခဏမျှသာ ရှောင်တိမ်းလိုက်နိုင်ကာ မျက်နှာပေါ်သို့ပြင်းထန်သော လက်သီးတစ်ချက်မိလိုက်ပြီး တစ်ဆက်တည်းဝင်လာသည့် လက်သီးချက်များကို လွတ်အောင်မရှောင်နိုင်တော့။

သူမ၏ ကားရှေ့ခေါင်းထက်သို့ ခွေခနဲမှောက်ကျသွားသည့် ဒီဂရီ့ကိုမြင်လျှင် အသခေျ် မျက်လုံးတွေကို မှိတ်ပစ်လိုက်သည် ။

"အသေမလုပ်နဲ့ "

ထက်မြက်စိုး၏ သတိပေးသံကြောင့် အသင်္ချေ မျက်လုံးတွေပြန်ဖွင့်ကြည့်သည် ။ မှောက်လျက်ပြိုကျနေသော ဒီဂရီ့ကို တစ်ယောက်က ဆွဲထူလိုက်သည် ။

သွေးတွေ ဒီဂရီ့ခေါင်းနှင့် ပါးစပ်တွင်းမှ သွေးတွေက မြင်မကောင်း အသင်္ချေ စတီယာရင်ကို ဆုပ်ကိုင်ထားမိသည့်လက်တို့ တဆတ်ဆတ်တုန်လာ၏ မျက်ရည်စက်တို့ က ပါးပြင်ထက်သို့ အလိုအလျောက် စီးမျောခြင်းဖြင့် တလိမ့်လိမ့် အဆက်မပြတ်ကျလာသည် ။

မခံစားနဲ့ ... သူနာပါစေ .... နင်နာခဲ့ရတုန်းက အပေါ်ယံအရေပြားတင် မဟုတ်ဘူး အသင်္ချေ အသည်းကော ဘဝပါပျက်ခဲ့ရတာ သူဒီလောက်တော့ ပြန်ရသင့်တယ်။

ခွပ်ခနဲ အင့်ခနဲ ထိုးကြိတ်သံတွေကို ကြား

နေရသည် ။ သူမ ကားစက်ပြန်နှိုးလိုက်သည် ။ နောက်ဆုံး အားလုံး၏ ခြေထောက်ကြားမှာ ဒီဂရီပုံကျသွားတာကို မကြည့်ဘဲမြင်သည် ။

မလုပ်နိုင်တော့သူကို ဝိုင်းဝန်းကန်ကြောက်နေကြတာလည်း မြင်လိုက်၏။ သူမ ကားကို တဖြည်းဖြည်း ဆုတ်၍ အားလုံးကို ရှောင်တိမ်းထွက်ခွာလာခဲ့သည် ။ တပေါက်ပေါက်ကျနေခဲ့သည့် မျက်ရည်တို့ကိုဖြင့် သူမ ချည်နှောင်ထား၍ မရပါ။

မငိုပါနဲ့ ... မငိုပါရစေနဲ့ ... အားလုံးနဲ့ ဝေးပါရစေ အားလုံးကိုမေ့ပါရစေ ... အချစ်ဆိုသော သန္ဓေတစ်စကို ထုတ်နှုတ်သင်္ဂြိုလ်ပစ်ပါရစေ။

*

## အခန်း (၂၇)

" မဟုတ်ဘူး .... ဒါဘာမှ မသိတဲ့ လူ မဖြစ်နိုင်ဘူး ... မာမို့ကိုပြောစမ်းသား ... မင်း သက်သက်မျိုသိပ်ဖုံးကွယ်ထားတာ မဟုတ်လား ဒီလောက်ထိ ဒဏ်ရာအနာတရဖြစ်အောင် ထိုးကြိတ် နှိပ်စက်သွားတာ တစ်ခုခုရန်ငြိုးရှိလို့ .... အငြိုးနဲ့ နှိပ်စက်သွားတာ"

"ဟုတ်တယ် ဒါ အသိသာကြီး"

ဒီဂရီ လက်ကာပြသည် မှ လွဲ၍ ဘာမှ မပြောနိုင်၊ ပြောလည်း မပြောချင်ပါ။

သူဘာမှ မသိတော့ဘဲ သတိလစ်မေ့မျောသွားချိန်မှာ အိမ်ပြန်ရောက်၏

။ ပြီးတော့ ဆေးရုံရောက်၏။

သူသတိရလာတော့ မာမီ အသည်းအသန်ငို ကြွေးနေခဲ့၏။

ဒယ်ဒီ တက်တစ်ခေါက်ခေါက်ဖြစ်နေသည် ။

"ပြောစမ်းပါသားရယ် အဲဒါဘယ်သူတွေလဲ ... သားသိကိုသိရမယ် မာမီလည်း ထင်နေတာ ရှိတယ် ဒါပေမယ့် သားပြောမှ ဖြစ်မှာ သားပြောတာနဲ့ အားလုံးကိုတန်းစီပြီး ထောင်ထဲသွင်းပစ်မယ်"

"ဟုတ်တယ် ... ငါ့သား ရန်သူတစ်ယောက်လောက်တော့ မှုမှာ မဟုတ်ဘူး ... ပြီးတော့ ဒဏ်ရာတွေ ဒီလောက်များ တာ တရားခံက ဘယ်လိုနည်းနဲ့ မှ တစ်ယောက်တည်း မဟုတ်နိုင်ဘူး အုပ်စုနဲ့ ဝိုင်းဆော်လိုက်တာ"

ဒယ်ဒီ့ခများ ... လူကမမာပေမယ့် သားအ

တွက်ခံပြင်းကာ လူနာခုတင်မှာ ထိုင်ပင်မထိုင်နိုင်ရှာ ... ဟိုလျှောက် ဒီလျှောက်နှင့် ကြိတ်မနိုင် ခဲမရဖြစ်နေ၏။ ဒီသားလေးကို ထိုးကြိတ်ဆုံးမဖို့ နေနေသာသာ သူဒေါသဖြစ်ဖို့ ပါးစပ်ပြင်တာနဲ့ အမေလုပ်သူက ရှေ့ကဂင်ပြီ

"မင်းအသာနေနော် .... ယောကျ်ားလေးမွေးထားတာ မနိုင်နင်းရင်ခက်မယ်"

ဟိုးငယ်ငယ်လေးကတည်းက သားလေးကို ပြောဆိုဆုံးမ မရမှာ စိုး၍ ဟိတ်ကြီးဟန်ကြီးတင်ကာ ရိုက်နှက်ဆုံးမဖို့ ကြိုးစားဖူးသည် ။

သားကလည်း တကယ့်ပေကပ်ကပ်လေးမို့ ဥာဉ်ဆိုးလေး ဖြစ်သွားမှာ စိုးရိမ်မိ၏ ဒါပေမဲ့ သားကိုရိုက်ဖို့ တုတ်ရှာရတာ ကိုင်ကြည့်လိုက်ဆကြည့်လိုက်နှင့် အရွယ်တော်မတော်

ရွေးရင်းနဲ့ ပဲ ဒေါ်သက ပြောသည် ။

အသားဖွေးဖွေးနုနုလေးပေါ်

စင်းရာထင်သွားမှာ စိုး၍ ရွယ်ပြီးမှ ပြန်ချလိုက်ရတာမျိုးတွေ။

ခုတော့ကြည့်စမ်း မင်္ဂလာဆည့်ခံပွဲကပြန်သည့် မိတ်ဆွေတစ်ဦးကတွေ့၍ ဖုန်းဆက်အကြောင်းကြားခဲ့၍ သာ။

သားသတိရလို့ မေးတော့ ဘယ်သူတွေမှန်း မသိဘူးဆိုသည့် အဖြေတစ်ခုကိုသာ မပြောင်းမလဲဖြေ၏။

ဆရာဝန် ဆရာမတွေကော တာဝန်ရှိသူတွေပါ ဥပဒေရှိသည့်အတိုင်း ဆောင်ရွက်ကြဖို့ အားခဲစောင့်နေခဲ့ရသမျှ တက်တခေါက်ခေါက်ဖြစ်ကုန်ကြသည် ။

"သားရယ် မင်း မိဘတွေကို ဘာမှတ်နေသလဲဟင် … ဒီကိစ္စ မာမီသိတယ် ဒါပေမဲ့ သားဂ

န်ခံမှ ဖြစ်မှာ ”

သူငြိမ်နေလို့ မရတော့မှာ ခေါင်းခါပစ်လိုက်ကာ

“မဟုတ်ပါဘူး မာမီရယ် ခါးပိုက်နှိုက်သူခိုးတွေဖြစ်မှာ ပါ လက်စွပ်နဲ့ နာရီ ချွတ်ယူသွားတာကြည့်ပါလား”

“အို … ဒါလုံလောက်တဲ့ ပြဿနာ မဟုတ်ဘူး ခါးပိုက်နှိုက်က ပစ္စည်းလိုချင်ရင် လူကို ဒီလောက်ထိ လုပ်နေမှာ မဟုတ်ဘူး ”

မာမီက ဘယ်လိုပြောပြောလက်မခံ။

“လူတစ်ယောက်ကို သတိလစ်အောင် တစ်ချက်တည်း ထိုးချလိုက်လို့ ရပါတယ်သားရယ် … အခုမင်းဒဏ်ရာတွေက ကျောရော ရင်ရော ဗိုက်ရော ဘယ်မှာ မှ ရစရာမရှိဘူး အကောင်းတိုင်း ပြန်ဖြစ်လာတာပဲ ကံကောင်း …. ရန်သူဝမ်းသာအောင် မင်းဘာဖြစ်လို့ ဖုံးကွယ်ပေး

တာလဲ”

ဒယ်ဒီကလည်း မကျေနပ်။

ခုတလော အသင်္ချေကိုတွေ့ရဖို့ သားခဏခဏ အပြင်ထွက်ဖုန်းတွေဆက် မူပျက်နေတာ သူတို့ သိသည် ။

“မင်း သားကိုလည်း ဂရုစိုက်ဦးသဇင် ... သတိလေးဘာလေးပေးထားဦး ထက်မြက်စိုး ဆိုတဲ့ ကောင်က လူဆိုးမဟုတ်ပေမယ့် သိပ်ကောင်းတာ မဟုတ်ဘူး ပေါင်းသမျှလူမိုက်တွေချည်းပဲ ... သားသမီး ဘာလုပ်လုပ် မိဘက မြှောက်ထားတာ ဒီကောင်မျိုးက ရန်လုပ်ဖြစ်ဖို့ မကောင်းတဲ့ ကောင်”

သူ ဇနီးဖြစ်သူကို သတိပေးနေဆဲ ပါးစပ်မပိတ်သေးပါ။

အဖြစ်နိုင်ဆုံး သူပဲရှိသည် ။

မင်္ဂလာပွဲသွားရင်း အသင်္ချေနဲ့ တွေ့တာလား ဒါမှ မဟုတ် ဒီကောင်တွေ သပ်သပ်ရန်စပြီး အုပ်စုနဲ့ ဝိုင်းဆော်ခဲ့တာလား ။

လက်စွပ်နဲ့ နာရီမပါလာတာကတော့ ကြားကာလမှာ သူများ ချွတ်ယူထားတာဖြစ်လိမ့်မည်။

ဒါမှ မဟုတ် သားကပဲယုတ္တိရှိအောင် ချွတ်ဖျောက်ပစ်တာလား ဖျောက်ပစ်ချိန်လည်း ရမည် မထင်ပါ။ သူတို့ ရောက်သွားတော့ သားသတိလစ်နေသည် ။

"နေပစေကို .... ဒီကိစ္စ အသင်္ချေကို သဇင်ကိုယ်တိုင်သွားမေးမယ်"

"မမေးနဲ့ မာမီ"

ဒီဂရီပျာပျာသလဲထထားတော့ သူတို့ ရင်ထဲက သံသယတို့ က ပိုမိုကြီးထွားလာကြ၏။

"မေးရမယ်သား ဒီကိစ္စ အဲဒီကနေ ဆင်းသက်လာတာ မာမီ သိပါတယ် ဒီလောက်ရက်စက်ယုတ်မာတာကို တစ်ခုခု မတုန့်ပြန်ရရင် မာမီဘယ်လိုမှ မကျေနပ်ဘူး"

"မလုပ်ပါနဲ့ မာမီ ကျွန်တော် ဝန်ခံပါတယ် အသချော်ကို မဆင်မခြင် ကျွန်တော်သွားတွေ့မိလို့ ဖြစ်ကြတာမှန်ပါတယ် .... ဒါက သူဆိုးကိုယ်ဆိုးပါ ကိုယ်ညံ့လို့ ရှုံးတာ သူ့မယားလိုလို့ သူ့လင်လုံနဲ့ ထိုးတာမျိုး ကျွန်တော်မလုပ်ချင်ဘူး .... တစ်ခုကို မရှင်းနိုင်သေးဘဲ နောက်ထပ်ဖွဲ့ချက်တွေ ထပ်ဖြစ်မလာပါစေနဲ့ ... အသချော်ရဲ့ ခွင့်လွှတ်မှုကိုရဖို့ ကျွန်တော်ကြိုးစားနေတုန်း သူ့ကိုထောင်ထဲပို့ မပစ်ချင်ဘူး"

"ဘာလဲ ဘာခွင့်လွှတ်မှုလဲသား .... မိန်းမဒီလောက်ရှားသလား .... မာမ့်သားလိုလူမျိုးက မိန်းမတစ်ယောက်ကို အဲဒီလိုပြိုင်ဆိုင် လုယူရ

လောက်အောင် ဖြစ်နေသင့်သလား"

သူစိတ်ညစ်သွားသည်။

မာမီပြောလိုရာပြောပါစေတော့ သူမျက်လုံးတွေမှိတ်ချပစ်လိုက်ရင်း

"ဘာပဲဖြစ်ဖြစ် ကျွန်တော်သူ့ကိုချစ်ခဲ့တုန်းက ဘာပြိုင်ဆိုင်မှုမှ မရှိခဲ့ဘူးမာမီ ခုလည်း သူ့ကိုချစ်နေတာတစ်ခုတည်းပါ ကျန်တာဘာမှ မပါဘူး ... ကျွန်တော့်ဝေဒနာကိုကျွန်တော် အေးအေးဆေးဆေးခံစားနေပါရစေ .... ထပ်ပြီးစိတ်မညစ်ပါရစေနဲ့ မာမီ တောင်းပါန်ပါတယ်"

သားမျက်နှာပေါ်က ဝေဒနာအတိမ်အနက်ကို ထိုင်ငေးကြည့်ဖို့ မလိုဘဲ နားလည်သွားကြသည်။ ဒေါ်သဇင် နှုတ်ခမ်းကို ဖိကိုက်လိုက်ရင်း မျက်ရည်သုတ်၏။

*

## အခန်း (၂၈)

အသချေ့ အခန်းထဲက မထွက်ဘဲနေလေ ဒေါ်မေဇင်မိုး ခြေမကိုင်မိလက်မကိုင်မိဖြစ်ရလေ .... လက်ထပ်ဖို့ ရက်ကနီးနေပြီ ခြံထဲမှာ ပန်းအလှဆင်ဖို့ အလှပြင်ဆရာမကို ဒိတ်လုပ်ဖို့ ဘာဆိုဘာမှ မစီစဉ်ရသေး။

ထို့ပြင် ဟိုကဖုန်းဆက်တော့လည်း မကိုင်။

အားလုံးစီစဉ်ပြီးနေကာမှ မြေးဘယ်လိုလုပ်တာလဲ ဟိုဘက်က လူတွေက နှယ်နှယ်ရရတွေမဟုတ် ... ကိုယ့်ဘက်ကမပြတ်သားလျှင် လက်ညှိုးထိုးစရာတွေ ဖြစ်လာတော့မည်။

ထိုစဉ် ထက်မြက်စိုးရောက်လာတော့ ပိုဆိုး

သွား၏။

"ကြီးကြီး အောက်မှာ ကိုကြီးထက် ရောက်နေတယ်"

"ဟင် .... အေး အေး"

ဒေါ်မေဇင်မိုး မြေးအခန်းရှိရာသို့ ကပျာကယာ သွားရပြန်သည် ။

"မြေး .... ထပါဦးမြေးရယ် ဘယ်လိုလုပ်နေတာလဲ မြေးဘွားကို ဆွေးနွေးစရာရှိရင်တောင် နောက်မှ ဆွေးနွေးကွယ် အခုထွက်တွေ့လိုက်ဦးနော် အောက်မှာ မောင်ထက်ရောက်နေတယ်"

ဒရင်းဘတ်မှာ လှဲနေသည့် အသချော်ကဘွားမျက်နှာကိုမော့ကြည့်၏။ စိတ်ထဲမှာ မကောင်းပါ မေမေပြောတော့ သူဟာသိပ်ကိုတိကျထက်မြက်တဲ့ မိန်းမတစ်ယောက်တဲ့

သူမအပေါ်မှာ တော့ နွေးထွေးစွာ ဂရုစိုက်ခဲ့သည် ။ အလျှော့ပေးခဲ့သည် ။ ဘာကိုဖြစ်ဖြစ် တင်းတင်းမာမာ ချုပ်ချယ်ခဲ့တာမျိုးမရှိ။

လိုချင်တာကို သေချာပြောပြနားချပြီးမှ ဘယ်လိုလဲမြေးဟု မေးတာမျိုး

သူမနေရာမှ ထလိုက်၏။

“မြေး ဘာဖြစ်လို့ လဲဟင်”

အတူပါလာပြန်တော့လည်း စိတ်မချစွာဆံပင်လေးသပ်၍ မေးပြန်သည် ။

“ဘာမှ မဖြစ်ဘူး ဘွား”

အသချေညာလိုက်သည် ။

သူမတို့ ၏ သုံးပွင့်ဆိုင်အဖြစ်တွေကို ဘယ်လူကြီးမှ မသိပါ။

ဒါမှ မဟုတ် သူမကသာဖုံးကွယ်ထားတာဖြစ်ပြီး ကိုထက်ဘက်ကတော့

သိနေကြတာမျိုးဖြစ်မလား။

ဒီလိုဖြစ်လည်း သူမဂရုမစိုက်ပါ။ မလိုအပ် ဘူးထင်၍ ပါးစပ်ထဲ မထည့်တော့တာပဲ ဒီအဖြစ် ဒီအကြောင်းတွေကို ထည့်လည်း မပြောချင် ခေါင်းထဲလည်း မထားချင်။

ကိုယ်ဟာ စိတ်ဓါတ်မာကျောသူဖြစ်ချင်သည် ။

သူ့အလှည့်တုန်းကလည်း ကိုယ်ပေးသမျှ အားလုံးကို လစ်လျူရှုခဲ့ပြီ ဘယ်တော့မှ အထင်ကြီးငဲ့ညှာမှာ မဟုတ်သောဥပေက္ခာများ သာ ထားခဲ့သူ

ကိုယ်ကဘာကို ဥပေက္ခာမထားရဲရမှာ လဲ

အသချော်နဲ့ ဘွားတို့ ဆင်းလာတာကို ထက်မြက်စိုးက မတ်တပ်ရပ်ပြီးပြုံးပြ၏။

"ဘွား .... ကျွန်တော်နဲ့ အသချော်မင်္ဂလာကိ

စွအတွက် ဒီနေ့ထွက်ကြဖို့ ပါ ... အဲဒါခွင့်ပြုပါ နော်”

“အေးလေ ... သွားစရာတွေရှိနေတဲ့ ဟာ သွားပေါ့ကွယ် မြေးကနေမကောင်းလို့ ဆိုပြီး လှဲနေတာနဲ့ ခုမှ သွားခေါ်လာတာ”

ပြောပြီး အသချေ်မြေးဖျားလေးကို ဆွဲမော့ကြည့်ကာ

“မြေး အဂတ်အစားလေးဖြစ်ဖြစ် သွားလဲ လိုက်ပါကွယ်”

“ဟင့်အင်း မလဲချင်ဘူးဘွား ဒီတိုင်းပဲရပါ တယ်”

“လှပါတယ် ဒီအတိုင်းပဲလှနေတာပဲဟာ သွားစို့”

သူတို့ ကားပေါ်ရောက်တဲ့ အထိ ဘွားက လှ မ်းကြည့်ကျန်ခဲ့၏။

ထက်မြက်စိုးက ကားမောင်းရင်း သူမကိုမှ န်ထဲကနေ တစ်ခါနှစ်ခါလှမ်းကြည့်ပြီး နှုတ်ခ မ်းစေ့ထားလိုက် စကားပြောတော့မလို ဟန်ပြ င်လိုက်နှင့် အတန်ကြာတိတ်ဆိတ်နေခဲ့၏။

ကားလေးမီးပွိုင့်မှာ ရပ်သွားမှ သူဘယ်လို မှ မအောင့်နိုင်တော့ဘဲ

"အသချို"

အသချို မျက်ဝန်းလေးတွေ သူ့ဘက်ကိုဝေ့ ခနဲလွင့်လာသော်လည်း မျက်နှာသို့မရောက်ခဲ့။

"ဟိုတစ်ညကကိစ္စကို တောင်းပန်ဖို့ လိုတ ယ်ဆိုရင် ကိုယ်တောင်းပန်ပါတယ် ... အဲဒီည က ကိုယ်သဝန်တိုသွားခဲ့တာကို ဝန်ခံပါတယ် သွေးထွက်သံယိုဖြစ်တဲ့ အထိ ပြုမူမိတာတော့ မရည်ရွယ်ပါဘူး သူလည်း ဒီလိုမကြိုးစားသင့် တော့ဘူးလို့ ထင်တယ်လေ"

"ကိုယ်မှန်တယ်ထင်ရင်ပြီးတာပဲ ကိုထက်

ကျန်ခဲ့တာကိုထားလိုက်ပါ”

မဟုတ်ဘူး လေ .... မင်းရဲ့ အမြင်မှာ ကိုယ်က

“ကျွန်မအမြင်က ကျွန်မရင်ထဲမှာ ရှိတယ် ရှင့်ကိုဖွင့်ဟဝေဖန်မလာဘဲ ရှင်ကထပ်ဆင့်ဝေဖန်တာ အဓိပ္ပါယ်တစ်မျိုးမျိုးဖြစ်သွားနိုင်တယ် ကျွန်မ မကြိုက်ဘူး”

“မဟုတ်ပါဘူး ကိုယ်က မင်းရင်ထဲမှာ ရှိတာကိုပဲ ပြောတာ မင်းကိုယ့်ကို ပွင့်လင်းလို့ ရပါတယ်”

“မလိုပါဘူး ကျွန်မရင်ထဲမှာ ဘာမှ မရှိဘူး”

သူအကြာကြီး ငိုင်သွားပြီးမှ ပြုံးလိုက်သည်။

မီးပွိုင့်စိမ်းသွားတော့ အသာလေးမောင်းထွက်လိုက်သည်။

တစ်နေ့ကုန် မင်္ဂလာကိစ္စကိုလိုအပ်သမျှ ဟို သွားဒီသွားနှင့် ညနေစောင်းမှ သူပြန်ပို့ပေး၏။ သွားစမ်း ဘယ်ခေါ်ခေါ်လိုက်ခဲ့သည် .... ဗိုက် ဆာလျှင် ဆိုင်တစ်ဆိုင်မှာ တစ်ခုခုဝင်စားလို က်သည် ဂရုတစိုက် ဘာလုပ်ပေးပေး ဘာပဲ ပေးပေး အသချော်လိုအပ်တာထက် ဘာမှ မပြော ခံစားမိပုံလည်း မပြ။

အိမ်ပြန်ရောက်တော့ ထက်မြက်စိုးက သူမ ကားပေါ်ကမဆင်းမီ လက်ဖမိုးပေါ်ကနေ ထပ် ဆုပ်ကိုင်လိုက်ပြီး

"အသချော်မင်းကိုယ့်ကိုဘယ်လိုပဲစိမ်းကားပြ ပြ ကိုယ်ဘယ်တော့မှ နောက်ဆုတ်မှာ မဟုတ် ဘူး ... မင်းပညာတွေသုံးပါ ... မင်္ဂလာဆောင်ပြီးတဲ့ အခါ တစ်ချက်လောက်ပြုံးပြရင် ကျေနပ်ပြီ"

အသချော်လှုပ်ရှားမှုကင်းမဲ့သော

မျက်ဝန်းများ ဖြင့် သူ့အပြုံးကို စူးစိုက်ကြည့်သည် ရင်ထဲမှာ ကျောက်သားပြင်တစ်ချပ်လို အေးခဲတင်းမာနေတာကို ဘာဖြစ်လို့ မြင်အောင်မကြည့်တတ်တာလဲ။

ဒီဘက်လှည့်လိုက်လျှင်နှုတ်ခမ်းမှာ အပြုံးလွန့်လွန့်ဖြင့် လှုပ်ရှားသွားခဲ့၏။

*

## အခန်း (၂၉)

အခန်းဝမှာ လူရိပ်တစ်ရိပ်ထင်လာတာကို သိသည်။

ဘွားပဲဖြစ်ဖြစ် မတိုးပဲဖြစ်ဖြစ် ဝင်လာမှာ ပဲ ဟု တွက်မိသော်လည်း ရှေ့ဆက်ဝင်မလာဘဲ ရပ်နေတော့ မလှည့်ကြည့်လိုက်မိသည်။

"အို"

ထိုင်နေရာကနေ သအခ၍ ဖျတ်ခနဲထရပ် လိုက်မိသည်။

ဒါ သူမ အိပ်ခန်း အပေါ်ထပ်မှာ ပါ .... သူ သူ ဒီထိဘယ်သူ့ခွင့်ပြုချက်နဲ့ တက်လာတာလဲ။

"အသချော်"

မျက်နှာသာနွမ်းယဲ့နေတာမဟုတ် .... သူ့လေသံကလည်း ပျော့ပျော့လေးပဲဖြစ်သည်။

"ကိုယ် ဘွားဆီမှာ ခွင့်တောင်းပြီးမှ လာတာပါ ခဏလေး စကားပြောပြီးရင်ပြန်မှာ ပါ ဝင်ခဲ့မယ်နော်"

ဒီဂရိုပါ ... သူရှေ့တိုးလာသည်။

အသချော် တုန်လှုပ်နေရာကနေ ဒေါသစိတ်များ တဖျင်းဖျင်းတက်လာခဲ့၏။

"ဒါ စကားပြောတဲ့ နေရာ မဟုတ်ဘူး ... ရှင် ခုထွက်သွားပါ ဘယ်သူ့ခွင့်ပြုပြု ရှင့်ကို ကျွန်မမတွေ့ချင်ဘူး"

" မဟုတ်ဘူး အသချော် မင်းဆီကို ရတီဖုန်းဆက်လိမ့်မယ် နားထောင်လိုက်ပါနော် နားထောင်ပေးဖို့ ကိုယ်လာပြောတာ

ကိုယ်တောင်းပန်ပါတယ် အသင်္ချေရယ် ဒီတစ်ခုပဲ မင်းလိုက်လျောပါ”

ပြော၍ သူကရေ့ကိုပဲ တိုးလာသည် ။

“ရှင် ... ရှင် ရှေ့မတိုးနဲ့ နော် ... သွား ... သွား ထွက်သွား”

အသင်္ချေ တအားအော်ကာ မှန်တင်ခုံဆီပြေး၍ ပေါင်ဒါဘူးရှည်ကြီးကို ဆွဲယူသည် ။ သူ့ထံတအားလွှဲပေါက်ပစ်လိုက်၏။

“သွား ... ထွက်သွား”

“မြေး ... မြေးလေး”

ကိုယ့်ကိုတစ်စုံတစ်ယောက်က လှုပ်ယမ်းနေတဲ့ ဆီ စိတ်ကရောက်လျက် မျက်လုံးတွေ ပွင့်လာခဲ့သည် ။

“ဘွား”

“အမလေး ချွေးတွေထွက်နေလိုက်တာ ဘာ

တွေအိပ်မက် မက်နေလဲမြေးရယ် ... ဘွားး ရင်တုန်းလိုက်တာ မတိုးအော်သံကော မြေးအော်သံကောကြားလို့ လက်ထဲကပုတီးတောင် လွှတ်ကျတယ်"

"ရှင်"

မော့ကြည့်လိုက်တော့ သူမအိပ်ရာဘေးမှာ မတိုးကဖန်ခွက်စတွေကို လိုက်ကောက်နေ၏။ ပြီးတော့ ကြမ်းပေါ်မှာ စိုရွှဲနေသော နို့တွေကဖွေးနေ၏။

"မတိုး နွားနို့လာပို့တုန်း မြေးကအိပ်ရာထဲကနေ လက်ယမ်းပစ်လိုက်တော့ အကုန်ကျကွဲကုန်တာပေါ့ ညနေစောင်းကြီးဘာဖြစ်လို့ အိပ်ရတာလဲမြေးရယ် ... ဘွားက စာဖတ်နေတယ်မှတ်တာ"

ဒေါ်မေဇင်မိုးက သူမ နဖူးဆံစလေးကို တယုတယသပ်ပေးရင်း ပဝါလေးနဲ့

ချွေးတွေကိုပါ သုတ်ပေး၏။

အသချော် ဘွားလက်ထဲကပဝါကို ပြောင်းယူပြီး ထထိုင်လိုက်၏။ မတိုးကိုလည်း တောင်းပန်သလို လှမ်းကြည့်လိုက်ပြီး

"ဆောရီးနော် မတိုး အိပ်မက်ဆိုးတွေမက်နေလို့ "

မတိုးက ဖန်ကွဲစတွေစုထည့်ပြီး ဂေါ်ပြားလေးကိုင်၍ ထရပ်ရင်းရယ်သည် ။

"ရပါတယ် မမရဲ့ ကျွန်မလန့်ဖြန့်သွားတာပဲ မမက တအားထအော်တာ " ပြောပြီး သူ့ဟာသူ ခစ်ခနဲရယ်ကာ ထွက်ခွာသွား၏။

"မြေး"

ဒေါ်မေဇင်မိုးက အသချော်မေးဖျားလေးကို ပင့်မော့စေပြီး မျက်ဝန်းလေးတွေကို သေချာစူးစိုက်ကြည့်သည် ။

"မြေး"

"ရှင် ဘွား"

"မြေးရင်ထဲမှာ ဘာတွေဖြစ်နေတာလဲ .... ဘွားကိုမပြောပေမယ့် ဘွားသိတယ် ဒီ့ထက်ပို သိချင်တယ်ကွယ် ဘွားကိုပြောပြစမ်းပါ"

"ဟင့်အင်း ဘာမှ မဖြစ်ပါဘူး"

ဒေါ်မေဇင်မိုးက နားလည်နေသော အပြုံးနှင့် ခေါင်းကိုခါယမ်းလိုက်၏။

"မြေးရယ် မြေးဒီကိုရောက်စက ပြုံးတာရယ်တာ ရှိပါသေးတယ် ဒီဂရီပေါ်လာတော့မှ လုံးဝအပြုံးအရယ်ကင်းမဲ့သွားတာ .... မြေး ... မြေးသူ့ကို ဘယ်လောက်ထိ စွဲလမ်းခဲ့သလဲ ဘာတွေဖြစ်ပျက်ပြီး ခုလိုဖြစ်ကုန်တာလဲ"

အသချော်မျက်ဝန်းများမှာ

မျက်ရည်ရောင်ကြောင့် ပြိုးပြက်လက်လာ၏။

မျက်ဝန်းထောင့်တွေက ရဲလာသည်။

နှာခေါင်းချွန်ချွန်အဖျားလေးတွေ နီရဲလာ၏။

သို့သော်

မငိုမိအောင်ထိန်းချုပ်ထားနိုင်ပုံမျိုးနှင့် သူမနှုတ်ခမ်းတွေကို စေ့ပိတ်ထား၏။

"ပြောပါမြေးရယ်၊ မြေးဘဝပျက်လောက်အောင် စိတ်ဆင်းရဲမယ်ဆိုရင် ဘွားဘာနဲ့ ပဲလဲယူရ ယူပေးမယ် ငွေ သိက္ခာ၊ မာနအားလုံးကို ဘွားပေးပစ်ရဲတယ် မြေး သဘောပေါက်ရဲ့လား။ ပြီးတော့ ဒီဂရီဆိုတာလည်း တစ်ချိန်က မြေးလေးအတွက် ရည်စူးခဲ့ဖူးတဲ့ လူငယ်တစ်ယောက်ပဲ ဘွား မကျေနပ်စရာ ဘာမှ မရှိဘူး။ မြေးဘာဖြစ်ချင်သလဲ ဘွားဘာလုပ်ပေးရမလဲ .... မြေး မျိုသိပ်ကြိတ်မှိတ်ထားတာကို ဘွား သိနေပါတယ် ...ဘွားကိုပြော ထက်မြက်စိုးရဲ့

ဇနီးဆိုတဲ့ ဘာဂ မရောက်ခင်အထိ ဘွားကြိုး စားပေးလို့ ရတယ် တစ်ခွန်းပဲ ဂန်ခံလိုက်မြေး”

အသင်္ချေ မျက်ရည်စက်တို့ ကို လွတ်လပ်ခွင့်ပေးခဲ့သည် သို့သော် နှလုံးသားတစ်ခုကို တော့ သူမချုပ်နှောင်ထားဆဲပါ။

“ဟုတ်တယ် ချစ်ခဲ့ဖူးတယ် ဒါပေမယ့် အခု သိပ်မုန်းတယ် အသင်္ချေ သူ့ကိုဘာမှ မပြတ်သားစရာမရှိဘူး ဘွား ...ဘွား စိတ်ဖြောင့်ဖြောင့်နေပါ ... တစ်နေ့နေ့တော့ အားလုံးအေးချမ်းသွားမှာ ပါ”

“မြေးရယ်”

“ကြီးကြီး ဖုန်းလာနေတယ်ရှင့်”

“အေး ... ဘယ်ကလဲ”

“မမနဲ့ စကားပြောချင်လို့ တဲ့ ”

အသင်္ချေ မျက်ခုံးလေးတွန့်သွားသည် ။

"ဘယ်သူတဲ့ လဲ"

ဟု လည်း သိချင်စိတ်နှင့် မေးလိုက်မိသည်
။

"မသိဘူး မမ ..."

ဆက်မမေးရသေးခင် မတိုးပြန်လှည့်သွား၏။ စောစောကမှ အိပ်စက်ခဲ့တာကို သတိရလိုက်မိသည် ။ ဒါတိုက်ဆိုင်တာလား တကယ်ပဲ ရတ္တိဆီကလား။

သူမ ဘွားကိုပင် မစောင့်တော့ဘဲ အောက်ထပ်ဆင်းလာခဲ့မိသည် ။ စားပွဲပေါ်မှာ ဖုန်းတစ်လုံးရှိသည် ။ ပျက်နေတာ နှစ်ရက်ရှိပြီမို့ဖုန်းလာတိုင်း အပေါ်ရောက်နေလျှင် ဒီလိုပဲ ကမန်းကတန်း ပြေးဆင်းရတတ်သည် ။

ဖုန်းနားရောက် လာလေ ခြေလှမ်းကနှေးသွားလေ

ရတီ့ဆီကဆို နင်ဘာလုပ်မလဲ

"ဟဲလို"

"အသချော် တို့ ပါ"

"ဘယ်သူ"

"ရတီလှိုင်"

"ဟင်"

အသချော် မျက်ဝန်းလေးတွေဝိုင်းသွားသည် ။ အိပ်မက်သည် ဘာကြောင့်ကြိုတင်နိမိတ်ဖြစ်နေခဲ့တာလဲ။ သူတကယ်ပဲ အသချော်ကို နားမထောင်မှာ စိုး၍ တောင်းပန်ချင်နေတာလား။

"အသချော်"

သူမ ပြန်မထူးပါ သို့သော် တွေဝေနေဆဲစိတ်ဖြင့် ဖုန်းကို ကိုင်ထားမိဆဲ ...

ရတီလှိုင်ကလည်း သူဖုန်းကိုင်ထားမှန်းသိသည် ။

"နားထောင်ပေးရင်လည်း ရပါတယ် တို့ ကသဘော်သားတစ်ယောက်နဲ့ အခုလက်ထပ်ပြီးပြီလေ မနက်ဖြန်ဆိုသူက သဘော်ထွက်မယ် တို့ ကစက်ာပူသွားမယ် သူပြန်ရောက်မယ့် ရက်လောက်ကျမှ တို့ က ပြန်လာမှာ ... မင်းတို့ ပြဿနာကို ကြားရတာတို့ တကယ် စိတ်မကောင်းပါဘူး"

"ဟွန်း ဒီလောက်ထိဖြစ်သွားမယ်လို့ တို့ "

အသချော် ဖုန်းကို စူးခနဲဖိကိုင်လိုက်ပြီး ချပစ်လိုက်သည် ။

"တောက်"

သူ့ဘဝမှာ ပြည့်စုံနေပြီဆိုမှ သနားသဖြင့်ပြောပေးနေတာမျိုး။

ညှာညှာတာတာလေး ပြောပြပေးနေရတာမျိုး။

ဒီလိုပြောလာရအောင် ဟိုတစ်ယောက်က ဘယ်လောက်ထိတောင်းပန်ခယခဲ့သလဲ။

"တောက်"

တက်ခေါက်လိုက် အံကြိတ်လိုက်နှင့် ရင်ထဲကမာနတရားများကြောင့် ဆူပွက်လာသည့်သွေးတို့ ကိုထိန်းချုပ်လို့ မရ။

"တီ ... တီ"

ဖုန်းသံက ထပ်မြည်လာ၏။

အသင်္ချေ ဖုန်းကိုယူကာ ဘေးချထားလိုက်သည် ။ ပြီးတော့ ထိုမျှနှင့်မကျေနပ်ဘဲ ပလပ်ပါဖြုတ်၍ ဖုန်းကိုပြန်တင်လိုက်သည် ။

ရတီဆို စိန်တောင်မှ ဝတ်ဖို့ စိတ်မကူးချင်လောက်အောင် နာကျည်းနေမိသည် ။

ရှင် ... နောက်ဘဝထိ ဖွဲကောင်းကောင်း နဲ့လိုက်ရှင်းနေလည်း အပိုပဲ ဒီဂရီ ... နောက်ဘ

ယ်တော့မှ သံယောဇဉ်ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး ။

*

## အခန်း (၃၈)

"ဘယ့်နှယ့်လဲ ကျေနပ်ရဲ့လား လိုအပ်သေး ထယ်ထင်ရင်ပြောနော်"

"ရပြီ"

အသချော်မျက်နှာကိုလည်း သိပ်ပြင်တာမကြိုက်။

လည်တိုင်မှာ လည်း စိန်ဆိုလုံးဂမပါဘဲ .... လည်ကုံးကိုထပ်ညပ်နေအောင်မဂတ်။

ထက်မြက်စိုး တတွတ်တွတ်ပြောနေသလို အနောက်တိုင်းဂတ်စုံလည်း မဂတ်ခဲ့တာကြောင့် အလှပြင်ခြင်းအလုပ်က သတ်မှတ်ချိန်ထက် အစောကြီးကြိုပြီး၏။

မင်္ဂလာဆောင်က အချိန်လိုသေးသည် ။

သူမ အလှပြင်ဆရာမကို ဘေးဖယ်ခိုင်းကာ ဂရန်တာမှာ တစ်ယောက်တည်း ထွက်ရပ်နေမိ၏။

"မြေးရေ ... ပြီးပြီဆို"

ဒေါ်မေဇင်မိုးက အားလုံးဂတ်စားပြီးပါပြီ။

ကြံရည်ရောင်ဖျော့ဖျော့နှင့် ပြောင်လက်နေသော ပါတိတ်ဂတ်စုံရွှေခြည်ထိုးပါဝါနှင့် တွဲဂတ်ထား၏။

အသက်ကြီးပေမယ့် ဘွားက စိန်ကုံးတွေ တဖျတ်ဖျတ်နှင့် ခန့်ညားနေဆဲပါ။

"လှလိုက်တာ မြေးရယ်"

နုံ့သာရောင် ပိုးချိတ်ဂတ်စုံနှင့် ဆံထုံးပွံ့ပွံ့လေးသာ ထုံးထားသော်လည်း နဖူးပြင်လေးကို အပြောင်သိမ်းပြီးမှ ဆံမြိတ်ပါးပါးလေးဖြန့်

ချထားသဖြင့် အသင်္ချေ မျက်နှာလေး ဝင်းအိနေသည် ။ ဆံထုံး၏ ဘေးမှာ သစ်ခွပန်းတွေ ပန်ထားပုံက ကဗျာဆန်၏။

“ပြီးပြီဆိုလည်း သွားလိုက်ရအောင်မြေးရယ် မင်္ဂလာအချိန်က လိုသေးပေမယ့် ကိုထက်က ဖုန်းခဏ ခဏဆက်နေတာ လာခေါ်လှည့်တော့လို့ ဘွားပြောလိုက်တော့မယ်”

“ဟင့်အင်း ဘွားရယ် အသင်္ချေ ဒီအချိန်လေးမှာ ပဲ လွတ်လွတ်လပ်လပ်နေရတော့မှာ တစ်ယောက်တည်းနေပါရစေနော် ရသမျှ အချိန်ယူနေချင်တယ် ... သူဖုန်းဆက်ရင် မပြီးသေးဘူးပဲ ပြောပေးပါ”

“ဪ ... ခက်ပါလား”

ဘွား စိတ်မကောင်းသလို တစ်ချက်ကြည့်ကာ ပြန်ဆင်းသွား၏

အေ ၁က ်ထ ပ ်မ ၂၁ မင်္ဂလာဆောင်ကို

လိုက်ကြမည့် အိမ်နီးချင်းတွေ အများကြီး ရှုပ်ယှက်ခတ်နေသည် ။

ကားတွေလည်း ညပ်နေ၏။

ခြံထဲမှာ လည်း ညဘက်ဧည့်ခံပွဲအတွက် ခုကတည်းက ပြင်ဆင်နေကြတာ လူတွေရှုပ်လို့ပါပဲ။ ရင်ထဲမှာ နာနာကျင်ကျင်ကြီး ခံစားနေရသည် ။

တစ်စုံတစ်ယောက်ဆီကို မဟုတ်ဘဲ ဤနေရာမှ ဦးတည်ရာမဲ့လျှောက်ပြေးနေချင်မိသည် ။

ဒီည ငါဟာ ကိုထက်ရဲ့ ဇနီးဖြစ်ရတော့မှာပါလား။

ထိုအခါ ကိုထက်ကို မကြည်သော မျက်ဝန်းများကို ရတ်သိမ်းရမည်။ စကားလုံးတို့ ကို ပြင်ဆင်ရမည် .. . သူဖြစ်စေချင်သမျှ သူမလိုက်လျောနိုင်ရမည်။

သူလိုချင်တာလည်း ဒါပဲဖြစ်သည် ။

ပိုင်ဆိုင်ဖို့ သာ ပထမအရေးကြီးသောအချက်အဖြစ် သူကိုယ်တိုင် ဝန်ခံထားသည် ။

သူမထံမှ အချစ်ကိုရဖို့ သူ၏ ပိုင်ဆိုင်ခြင်းဖြင့် ဘယ်လိုညှစ်ထုတ်တောင်းယူမှာ လဲ။

ထောက်ထား စာနာစွာလား။ အနိုင်ကျင့် ဖိနှိပ်၍ လား။

မျက်ရည်တို့ ကပြည့်သိပ် လာပြီး အသင်္ချေခြံထဲကလှုပ်ရှားနေကြသည့် မြင်ကွင်းတို့ ကိုငုံ့ကြည့်ရင်း တန်းကိုကျစ်နေအောင် ဖိဆုပ်ထားမိသည် ။

ငါ မှားသလား မမှားပါဘူး ....၊ ဘာဖြစ်လို့ နောင်တရရမှာ လဲ။

ဒါမှ နင်သူ့ကို အပြီးသတ်နိုင်တာ သူက "ဒီကောင်မလေး ငါ့ကိုကြိုက်နေတာ ငါ့ကိုမလွန်

ဆန်ဘူး" လို့ အပိုင်တွက်ထားလို့ သာ နင့်ကို ခုထိကြိုးစားနေတာပေါ့။

အဲဒါ ချစ်လွန်းလို့ မထင်နဲ့ အသချေ အထင်သေးနေတာ သူနင့်ကိုဘယ်တုန်းက အထင်တကြီးဖြစ်ခဲ့လို့ လဲ ... မငိုနဲ့ နင့်အတွက် ကိုထက်ကိုသာ အိမ်ထောင်ဘက်အဖြစ် ရဲရဲတင်းတင်းရွေးလိုက်ပါတော့။

"ချာတိတ် ဖုန်းလာနေတယ်ကွ"

မိတ်ကပ်ဆရာမက ဖုန်းကိုမြှောက်ပြပြီး ဘေးချထားလိုက်သည် ။

ပြီးတော့ အောက်ထပ်သို့ ဆင်းသွား၏။

ဘယ်ကဖုန်းလဲ အသချေ မှန်တင်ခုံရှေ့မှာ ကျကျနန ထိုင်လိုက်ပြီးမှ ဖုန်းကိုကောက်ယူလိုက်သည် ။

"ဟဲလို"

"အသချော် ကိုကိုပါ ဖုန်းမချနဲ့ နော် မင်းဖုန်းချလိုက်ရင် ကိုကို အဲဒီကိုလာမှာ မင်းကိုကို့ကိုရက်စက်ရဲတယ်ဆိုတာ သိပါတယ် ဒါပေမဲ့ ကိုယ်ရောက်လာရင်တော့ မင်းရဲ့ မင်္ဂလာပွဲ တစ်ခုခု ဖြစ်သွားနိုင်တယ်မို့လား"

အသချော် ဖုန်းကိုကျစ်နေအောင်ကိုင်၍ နားထောင်နေခဲ့၏။

"အသချော်"

သူ့ အသံက လှိုက်လှဲတုန်ခါနေသည် ။

"ကိုကိုအခုနိုင်ငံခြားသွားတော့မှာ ဘာဖြစ်လို့ လဲသိလားဟင်"

အသည်းကွဲကြတဲ့ လူတွေ ဒီလိုချည်းပါပဲ ... ဟွန်း .... ရှင် ခံသင့်တာပဲ။

အသချော် ခပ်မဲ့မဲ့ ပြုံးမိသည် ။ သို့သော် ဘယ်တုန်းကတည်းက ပြည့်အိုင်နေမှန်းမသိ

သော မျက်ရည်တို့ က ဘယ်ဘက်ပါးပြင်မှ နွေးခနဲ လိမ့်ဆင်းသွားခဲ့၏။

"အသချော် မင်းနားထောင်နေတယ်မို့လား ဟင် ... စကားမပြန်ချင်နေပါ ကိုယ့်ကိုအသံလေးတော့ပေးပါ မင်းနားထောင်နေရဲ့ လား"

"ပြောပါ ဦးဒီဂရီ ရှင်အသည်းကွဲတာကို နားထောင်ချင်ပါတယ်"

"အသချော်ရယ်"

သူများ ငိုနေသည် လား နောက်ထပ်မျက်ရည်တစ်စက်အကျမှာ သူမပြုံးမိပြန်သည် ။

"အသချော် ကိုကိုဘာဖြစ်လို့ နိုင်ငံခြားသွားမှာ လဲ သိလား ကိုကိုရဲ့ ဘယ်ဘက်မျက်လုံးတစ်ဖက် မျက်ရည်ပူတွေကျပြီး ဝေဝါးနေလို့ အရိပ်နဲ့ အရောင်ပဲသိတယ် မမြင်ရဘူး"

"ဟင်"

အသချော် နှုတ်ခမ်းလေးတွေ ဖွင့်ဟသွားဏ်

"မင်းရဲ့ ခင်ပွန်းလောင်းပေးခဲ့တဲ့ ဒဏ်ရာ ပေါ့ .... ဒါပေမဲ့ မင်းရဲ့ ရှေ့မှာ မင်းကျေကျေန ပ်နပ် မြင်သွားခဲ့တဲ့ ဒဏ်ရာမို့ ကိုကိုကျေနပ်တ ယ် ကျေပြီနော် မင်းရဲ့ ဘယ်ဘက်နားအတွက် ကိုကိုက မျက်လုံး တစ်ဖက် ဒါပေမဲ့ အသချော်ရ ယ် ... ကိုကိုက ပိုပါတယ် .... မင်းကို ကိုကို ထာဝရစွန့်လွှတ်လိုက်ရပြီ ... ဒါပါပဲ အသချော် ရယ် .... ထာဝရာ နှုတ်ဆက်ပါတယ် ... မင်း ပျော်ပါစေ"

သူ ဖုန်းချသွားပါပြီ။

အသချော် ဖုန်းကို မျက်နှာတစ်ခုလို သေချာပြန်ကြည့်ရင်း ဖုန်းခွက်လေးထဲမှာ ပုံရိ ပ်တွေ ထင်လာခဲ့သည် ။

ကိုယ့်ရှေ့သို့ ငိုက်ခနဲ စိုက်ကျသွားသော

သွေးတို့ ဖြင့်နီရဲနေသည့်မျက်နှာ ပြီးတော့ ပြန်ဆွဲလှန် ထိုးချ ခြေထောက်တွေကြားမှာ ခွေခနဲ လဲကျသွားခဲ့သော ပုံရိပ်တွေ။

အလွန်မာနကြီး၍ သန့်စင်ခဲ့သောသူသည် အများ တကာ၏ ခြေထောက်တို့ ဖြင့် ကန်ကြောက်ခြင်းကို အလူးအလဲခံစားရင်း ...

သူ ..... သူ မျက်စိမမြင်တော့ဘူး။

အသင်္ချေလက်ထဲက ဖုန်းကိုလွှတ်ချကာ မှန်တင်ခုံပေါ်မှာ မျက်နှာမှောက်ခဲ့လိုက်သည် ။

သူမသည် သည်းထန်စွာရှိုက်ငိုခြင်းဖြင့် အကျပ်အတည်းတို့ ကြားတွင်

*

## အခန်း (၃၁)

ဆိုဖာပေါ်မှာ ထိုင်ရင်း ကားပေါ်ကို ပစ္စည်းတွေတင်နေသည် ကို သူငေးနေမိသည် ။ ပြီးတော့ နေရာမှ ထလာကာ ပြတင်းပေါက်မှာ ရပ်ရင်းမြင်ကွင်းကို ကျောခိုင်းထားလိုက်မိ၏။

"ကျော်မော် မင်း ငါ့သားကိုဂရုစိုက်နော် ... အခြေအနေကို နေ့စဉ်ဖုန်းဆက်ပြော မင်းအဒေါ်ကိုလည်း ဂရုစိုက် သူကသိပ်စိတ်ပူတတ်တာ"

"ဟုတ်ကဲ့ပါ ဦးရဲ့ စိတ်ချပါ"

ဒယ်ဒီ စိတ်မချစွာ မှာ နေသံကိုလည်း ကြားရ၏။ ဆေးမကုဘူး လုပ်နေ၍ ဘယ်လိုမှ

နားချလို့ မရခဲ့ပေ။

အသချေ မင်္ဂလာဆောင်တော့မည်ဆိုမှ နိုင်ငံခြားသွားမည်ဟု ထဖြစ်လာ၏။ ဟိုမှာ ပဲ ဆေးကုဖို့ ကိုလည်း မနည်းပြောယူရသည် ။

ဘာပဲဖြစ်ဖြစ် အသေးအမွှားလောက်ကနေ စကုမှ သက်သာမည်။ ကြီးထွားလာမှ ဆို အချိန်ကြာမည် လူဆင်းရဲမည်။

"သား"

ဒေါ်မေဇင်မိုးက သားဖြစ်သူကိုခေါ်၍ လက်မောင်းမှ ဆုပ်ကိုင်လိုက်သည် ။ ဘေးကနေ စောင့်မော့ကြည့်လိုက်တော့ သားမျက်ဝန်းမှာ မျက်ရည်တွေနှင့်။

"သားရယ် မာမီ စိတ်မကောင်းလိုက်တာ မျက်လုံးမှာ လည်း ဒဏ်ရာနဲ့ ဘာဖြစ်လို့ ဒီလောက်ထိခံစားနေရတာလဲဟင် ... မာမီ ဘာလုပ်ပေးရမလဲ .... ဖယ်ယူလို့ ရတဲ့ အရာသဆို မာ

မို့စည်းစိမ်နဲ့ ဖြစ်ဖြစ်လဲပစ်လိုက်ပြီ သိလား"

"မာမီ"

သူ မာမီမျက်ရည်ဝဲလာတာကို မမြင်ရက်ပါ ။

"မငိုပါနဲ့ မာမီ ကျွန်တော့်ကြောင့် သောက မများ ပါနဲ့ .... ချစ်သူ တစ်ပါးသူနဲ့ မင်္ဂလာ ဆောင်တဲ့ နေ့မှာ ကျွန်တော့်ကို ဒီလောက် တော့ ခံစားခွင့်ပေးပါမာမီရယ်"

"သားလေးရယ် သားမှာ ဒဏ်ရာနဲ့ မို့ မာမီပြောနေတာ ပိုဆိုးကုန်မှာ စိုးလို့ ပါ သားစိ တ်ကိုလျှော့လိုက်ပါတော့"

"တော်ပါပြီမာမီ ကျွန်တော်ကြိုးစားပါ့မယ် ဖြစ်နိုင်ရင် မာမီလည်း မလိုက်ပါနဲ့ ကျွန်တော် နဲ့ ကိုကျော်ပဲသွားမယ် ဆေးကုဖို့ သပ်သပ်မဟု တ်ဘဲ ဟိုမှာ ပျော်သလောက်နေချင်တယ်"

"အို … မသွားရဘူးသား"

ဒေါ်သဇင်မိုး ပျာပျာသလဲငြင်းသည် ။ သားဖြစ်သူမျက်နှာကို သူမလက်ဖဝါးနှစ်ဖက်နှင့် အုပ်ကိုင်၍

"သား … အဲဒီလို နေမှာ စိုးလို့ မာမီလိုက်မှာ မာမီ့ကို ရင်ကွဲအောင် မလုပ်ပါနဲ့ သားရယ် မာမီလိုက်မယ် အားလုံးပဲ စီစဉ်ပြီး နေပြီ ကားပေါ်ပဲတက်ကြတော့မှာ သားရယ် …. ကဲ သွားရအောင် စောစောရောက်တော့လည်း ဟိုမှာ အေးအေးဆေးဆေး နားရတာပေါ့"

သူ ဒယ်ဒီ့ကိုကန်တော့သည် ။

ကိုယ့်ကြောင့်မိဘတွေပါ ဒုက္ခများ ရသည့် အဖြစ်ကို သူနားလည်သည် မို့ ဒယ်ဒီ့ကိုကန်တော့ရင်း အားလုံးအတွက် တောင်းပန်လိုက်မိသည် ။

"အေးပါသားရယ် မင်းမျက်လုံးကိုသာ ဂရု

တစိုက်ကုသပါ ဒါဆို ဒယ်ဒီကျေနပ်ပြီ အချစ်ဆိုတာ သိပ်ပူလောင်တယ်ကွ ဒါပေမဲ့ အပြင်ထန်ဆုံးဖြစ်ပြီးရင် နောက်တော့ပြန်ကျသွားတာ ဒါမမွှတာပဲ ကြာတော့လည်း ဒီလိုနဲ့ မေ့မိန်သွားတာပါပဲ ယောကျ်ားပဲကွာ ကိုယ်ဘဝပျက်တဲ့ အထိ ပျော့ညံ့ဖို့ မလိုပါဘူး”

“ဟုတ်ကဲ့ ကျွန်တော် နားလည်ပါတယ် ဒယ်ဒီ”

ကိုကျော်မော်က ကားပေါ်ရောက်နေသည်။

မာမီက ကားပေါ်မတက်သေး။

သူ ဒယ်ဒီ့ကိုကန်တော့ပြီး ထွက်လာခဲ့စဉ် ခြံထဲသို့ ကားလေးတစ်စီးမောင်းဝင်လာ၏။

ကားပေါ်က ဆင်းလာသူကိုမြင်လျှင် အားလုံးပါးစပ်ဟောင်းလောင်းဖြစ်ကုန်ကြ၏။

အသချော်သည် နံ့သာရောင် မင်္ဂလာဝတ်စုံလေးနှင့်ဖြစ်သော်လည်း ဆံပင်တွေကို ဖားလျားဖြန့်ချထား၏။

လည်တိုင်မှာ လည်ကုံးတွေနှင့် အားလုံးသည် ပြင်ဆင်ထားသည့်အတိုင်းပင်။

သူ အိပ်မက်မက်နေတာလား မျက်လုံးထဲမှာ စွဲလမ်းနေလို့ အထင်မှားနေတာလား

ရှေ့ကိုခပ်သွက်သွက်လျှောက်ခဲ့ရင်းမှ

"အသချော်"

"ကို ... ကို ..."

အသချော်သည် နှုတ်ခမ်းလှုပ်ရုံလေးခေါ်ကာ ရှေ့ကို တရွေ့ရွေ့တိုးလာ၏။

သူမ မျက်ဝန်းမှ ရေပူစမ်းတို့ သည် ပြိုးခနဲ ပြတ်ခနဲလက်ရင်း ပါးပြင်ထက်သို့ လိမ့်ဆင်း

လာနေ၏။

"အသချော် ... မင်း"

"ကိုကို"

သူ့အသချော်ဆီပြေးသွားမိသည် ။ အနားရောက်သော် အသချော်သည် သူ့ရင်ခွင်တွင်းသို့ တိုးဝင်ကာ ရှိုက်ကြီးတငင်ငိုချလိုက်၏။

"ကလေးရယ် ကိုကိုဝမ်းသာလိုက်တာ"

သူ့ပါးပြင်မှာ လည်း မျက်ရည်စက်တို့ ကြွေဆင်းလာသည် ။

သို့သော် ဝမ်းနည်း၍ မဟုတ်ဘဲ ဝမ်းသာခြင်းကြောင့်ဖြစ်လေသည် ။

"ကိုကို ... ကိုကို သွားတော့မှာ ပေါ့နော် ... အသချော်ကို မထားခဲ့ပါနဲ့ ကိုကိုရယ် အသချော် ကိုကို့ကို မခွဲနိုင်ဘူးသိလား ... မာနတွေထားခဲ့မိတာ အသချော်ကို ခွင့်လွှတ်ပါ"

ဒေါ်မေဇင်မိုး မျက်နှာကြီးပြုံးချိုသွားသည်
။

ကျော်မော်က ရယ်နေ၏။ ဒယ်ဒီက တံခါးဝ
မှာ ရပ်ကြည့်ရင်း ပြန်လှည့်ဝင်သွား၏။

"ကိုကို"

"ဟင်"

"အချစ်ဆိုတာ ဖုံးဖိလိမ်လည်ဖို့ မလွယ်ပါ
ဘူး အခု အသေချာသိပါပြီ ... ကိုကိုအနာတရဖြ
စ်ခဲ့တဲ့ အတွက် ခွင့်လွှတ်ပေးပါ"

"အသေချာရယ် ... ကိုကိုက အဲဒါကိုပဲ ကျေ
နပ်ခဲ့တာ ဆေးကုဖို့ တောင်မှ ကိုကိုစိတ်မကူး
ခဲ့ဘူး အခု မင်း မင်္ဂလာဆောင်တာကို ရှောင်
လွှဲချင်လို့ စီစဉ်ခဲ့တာသိလား .... မင်း ... မင်း
ကိုကို့ဆီ ရောက်လာမယ်လို့ လုံးဝမထင်ခဲ့ဘူး
ကိုကိုဝမ်းသာလိုက်တာ"

အနားမှာ လည်း ဘယ်သူမှ မရှိကြတော့ပါ ။

သူအသချော်ကို ခါးလေးမှ သိမ်းကျုံးဖက်ထားကာ မြတ်မြတ်နိုးနိုး နမ်းမိသည် ။

ဆုံးရှုံးလိုက်ရပြီထင်ခဲ့သော အချစ်ကို ပြန်လည်ရရှိပိုင်ဆိုင်လိုက်ရခြင်းဟာ အိပ်မက်တစ်ခုလိုပါလား။

ဒါဟာ အိပ်မက်ဆိုလျှင် အသချော် ပြန်လည်ပြေးထွက်မသွားအောင် သူမလွှတ်တမ်း ဖက်ထားပါတော့မည်။

အသချော်သည် သူ၏ တပ်မက်မြတ်နိုးသော အနမ်းတို့ ကို ကြည်ဖြူစွာခံယူလျက် မျက်ရည်စက်တို့ စီးသွယ်နေဆဲ။

ဝမ်းသာကြည်နူးစွာပဲ ဖြစ်ပါလိမ့်မည်။

ချစ်သူဟာ နားတစ်ဖက် သူကမျက်လုံးတစ်

လုံး။

သူပေးဆပ်မည်ဆိုလျှင်ရော ကျေနပ်ရဲ့လား ဒါမှ မဟုတ်တန်ဖိုး ပေးဆပ်ခဲ့၍ ချစ်သူကို ပြန်လည်ပိုင်ဆိုင်ခွင့်ရခဲ့တာလား။

ဒါဆို မျက်လုံးအလင်းပြန်ရအောင် ကုသမည့် သူ့အစီအစဉ်က တရားပါ့မလား

ဆေးမကုတော့ဘူးဟု ပြောလိုက်လျှင်ကော ချစ်သူမှ စ၍ အားလုံးသော သူတို့ သူတို့ကဲ့ရဲ့ ကြမည်လား။

ရင်ထဲမှာ ပျော်ရွှင်ခြင်းတွေရော အချစ်အတွက် မတရားမဖြစ်ချင်သော ဆန္ဒများ ပါ ရှုပ်ယှက်ခတ်ပြေးလွှားနေခဲ့၏။

သို့သော် အနမ်းများ စွာကို ပေးဝေနေသော်လည်း ချစ်သူမျက်ရည်မစဲသေးပါ။

"ကိုကို့ကိုချစ်တယ်" သူမတိုးတိုးပြော၍ သူ့

မေးဖျားလေးကို မော့နမ်းသည် ။ ရင်ထဲမှာ လ အစင်းတစ်ရာသာသွားပါ၏။

ချစ်သူ၏ လက်တစဖက်ကိုဆုပ်၍ ဘဝကိုရင်ဆိုင်ရန် သူ့မှာ အင်အားရှိမှ ဖြစ်မည်။

ချစ်သူကျေနပ်မှာ ပါ။

"အသချို"

"ကိုကို"

"ကိုကို မျက်လုံးကုမယ်ဆိုရင် တရားပ့ါမလားဟင်"

"ကိုကိုရယ် ... အသချိုကို တစ်ဘဝလုံးငိုနေရအောင် မလုပ်ပါနဲ့ "

ဟု ပြောကာ ရင်ခွင်ထဲမှာ ပါးလေးအပ်၏

သူ ချစ်သူမျက်ရည်တို့ ကို သုတ်ပေးရင်း

"မင်းဟာ ကိုယ့်ဘဝပါ ကလေးရယ်"